MYANMAR MEITI Extractive Industries Transparency Initiative

ပဉ္စမအကြိမ်

# MEITI အစီရင်ခံစာ အနှစ်ချုပ်

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်



BDO

## ပုံနှိပ်မှတ်တမ်း

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ။

ပုံနှိပ်တိုက် - DC Group Company Limited
အမှတ် (၅၇၅/ခ) ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
မှတ်ပုံတင်အမှတ် (၁၂၁၁၂၃၁၄၂)

အုပ်ရေ - ၁၀၀၀

လိပ်စာ - မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး
အမှတ် (၁၃ /A) မြရတနာလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။

စာအုပ်အပြင်အဆင် - mmlwin, Kenneth Mg

USAID
အမေရိကန် နိုင်ငံသားများမှ

ပဉ္စမအကြိမ် MEITI အစီရင်ခံစာ ဘာသာပြန်ဆိုခြင်းနှင့် ပုံနှိပ်ထုတ်ဝေခြင်းကို အမေရိကန်ပြည်ထောင်စု နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) Transparency and Inclusive Growth Activity မှ တစ်ဆင့် အမေရိကန်နိုင်ငံသားများမှ ကူညီပံ့ပိုးသည်။ ဤအစီရင်ခံစာအနှစ်ချုပ်တွင် ဖော်ပြထားသောတွေ့ရှိချက်များ၊ အနက်ကောက်ယူမှုများနှင့် ကောက်ချက်များသည် စာရေးသူ၏ အမြင်များသာဖြစ်ပြီး အထက်တွင်ဖော်ပြထားသောအဖွဲ့အစည်းများ သို့မဟုတ် ယင်းတို့ကိုယ်စားပြုသောအစိုးရများ၏ အမြင်ကိုထင်ဟပ်ခြင်းမရှိပါ။

မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ ထုတ်ဝေဖြန့်ချိသည်။

# မာတိကာ


၁။ အစီရင်ခံစာအနှစ်ချုပ် ၅

၁.၁။ အစီရင်ခံသည့် နယ်ပယ်အတိုင်းအတာ အကန့်အသတ်များ ၅

၁.၂။ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍမှ ဘဏ္ဍာဝင်ငွေရရှိမှု ၅

၁.၃။ ထုတ်လုပ်မှုနှင့် တင်ပို့မှုများ ၁၁

၁.၄။ ဒေတာအချက်အလက် ကောက်ယူခြင်းနှင့် တိုက်ဆိုင်ညှိနိုင်ခြင်း နယ်ပယ်အတိုင်းအတာ ၁၆

၁.၅။ ဒေတာအချက်အလက်များ၏ ပြည့်စုံခြင်ုံမှုနှင့် ယုံကြည်ကိုးစားနိုင်မှု ၁၇

၁.၆။ တိုက်ဆိုင်ညှိနိုင်းခြင်း ရလဒ်များ၏ အနှစ်ချုပ် ၂၁

၁.၇။ တွေ့ရှိချက်များနှင့် အကြံပြုချက်များ ၃၆

၂။ အကြံပြုချက်များ ၃၇

၂.၁ ယခုနှစ် အကြံပြုချက်များ ၃၇

၂.၁.၁. အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုသတင်းအချက်အလက်များရရှိနိုင်မှု ၃၇

၂.၁.၂ ချေးငွေစာချုပ်များအား ထုတ်ပြန်ကြေညာခြင်း ၃၉

၂.၁.၃ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (MPA) အား နယ်ပယ်အတိုင်းအတာအတွင်း ထည့်သွင်း ဆောင်ရွက်ခြင်း ၄၁

၂.၁.၄ မြန်မာနိုင်ငံရှိ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းလိုင်စင်များချထား ပေးခြင်းနှင့် လွှဲပြောင်းခြင်း လုပ်ငန်းစဥ်များတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အချက်အလက် များဖွင့်ဟ ဖော်ထုတ်ခြင်းအား မဖြစ်မနေလုပ်ရသော အရာအဖြစ် ထည့်သွင်းဆောင်ရွက်ခြင်း ၄၁

၂.၁.၅ EITI သတင်းအချက်အလက်များအား စနစ်တကျ ဖွင့်ဟဖော်ထုတ်ခြင်းအား အကောင် အထည် ဖော်ဆောင်ရွက်ခြင်း ၄၂

၂.၁.၆ အစီရင်ခံစာ ပုံစံများအား တင်သွင်းခြင်း ၄၃

၂.၁.၇ ရေနံနှင့် သဘာဝဓါတ်ငွေ့ လက်ယက်တွင်းကဏ္ဍနှင့်ပတ်သက်သည့် သတင်းအချက် အလက်များ မရရှိနိုင်ခြင်း ၄၄

၂.၁.၈ သီးခြားစာရင်းရှင်(Other Account)များ များခွဲဝေသုံးစွဲခြင်းနှင့် လူမှုအကျိုးစီးပွား တာဝန်ယူမှု CSR အသုံး စရိတ်များအား တွက်ချက်ခြင်း ၄၅

၂.၁.၉ ၂၀၁၉ ခုနှစ် EITI စံချိန်စံနှုန်းများအား အကောင်အထည်ဖော်ခြင်း ၄၆

၂.၂ ယခင်နှစ် အစီရင်ခံစာများပါ အကြံပြုချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေ ၄၈

# ၁။ အစီရင်ခံစာ အနှစ်ချုပ်

ဤအစီရင်ခံစာတွင် EITI ၏ လုပ်ငန်းစဉ်တစ်ခုအဖြစ် မြန်မာနိုင်ငံ၏ တွင်းထွက် သယံဇာတတူးဖော် ထုတ်လုပ်ရေး လုပ်ငန်းများမှရရှိသည့် အခွန်နှင့် အခွန်မဟုတ်သော ဘဏ္ဍာငွေများအား တိုက်ဆိုင်ညှိနှိုင်းသည့် အချက်အလက်များအား အနှစ်ချုပ်တင်ပြ ထားသည်။ ထို့အပြင် ဤအစီရင်ခံစာတွင် တွင်းထွက်သယံဇာတတူးဖော် ထုတ်လုပ်ရေး ကုမ္ပဏီများထံမှ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (SOE) များက ကောက်ခံရရှိသော ဘဏ္ဍာငွေများနှင့် ၎င်းလုပ်ငန်းများမှ ပြည်ထောင်စု ဘတ်ဂျက်သို့ အကျိုးပြုထည့်ဝင်သည့် ငွေစီးဆင်းမှုတို့ကို တိုက်ဆိုင်ညှိနှိုင်း တင်ပြချက်များလည်းပါဝင်သည်။

မြန်မာနိုင်ငံ EITI MSG သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က ၂၅ ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေးတွင် သဘောတူညီခဲ့သည့်အတိုင်း လက်ရှိတိုက်ဆိုင် ညှိနှိုင်းခြင်းလုပ်ငန်းစဉ်တွင် ရေနံနှင့် သဘာဝဓါတ်ငွေ့ ကဏ္ဍခွဲ (၃) ခု၊ ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍ၊ အခြားတွင်း ထွက်သတ္တုများနှင့်ပုလဲ စသည့် ကဏ္ဍများအား လွှမ်းခြုံထားပါသည်။

## ၁.၁။ အစီရင်ခံသည့် နယ်ပယ်အတိုင်းအတာ အကန့်အသတ်များ

- ဤအစီရင်ခံစာသည် ဓါတ်သတ္တုကဏ္ဍနှင့် ရေနံနှင့်သဘာဝဓါတ်ငွေ့ထုတ်လုပ်မှုအဆင့် (upstream)၊ သယ်ယူပို့ဆောင်ခြင်းအဆင့် (midstream) စသည့်အချက်အလက်များ ဖော်ပြထားပြီး အရောင်းကာလ (downstream) ဆိုင်ရာ ကဏ္ဍကိုမူ ဤအစီရင်ခံစာပြီးနောက် ထုတ်ပြန်မည့် ပထမကြိမ်ကုန်ပစ္စည်း ကူးသန်းရောင်းဝယ်ရေး အစီရင်ခံစာ (Commodity Trading Report) တွင် ဖော်ပြသွားမည် ဖြစ်သည်။
- မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ဆုံးဖြတ်ချက်အရ အကျိုးအမြတ် ရရှိ ပိုင်ဆိုင်မှုသတင်းအချက်အလက်များကောက်ယူခြင်းကို အခြားလုပ်ငန်းစဉ် တစ်ရပ်အနေ ဖြင့်လုပ်ဆောင်ခဲ့ပြီး ယင်းလုပ်ငန်းစဉ်၏အဓိက သုံးသပ်ချက်များ ကို ဤအစီရင်ခံစာ၏ အပိုင်း ၃.၇ တွင် ဖော်ပြထားသည်။
- Unilateral Disclosure ကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (Myanmar Gems Enterprise – MGE) မှတင်ပြခဲ့ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (Office of Auditor General – OAG) မှ ထပ်ချုပ်စိစစ်ခဲ့သော်လည်း မိမိတို့အနေဖြင့် ဤအစီရင်ခံစာတွင် တစ်ဖက်သတ်ထုတ်ပြန် တင်ပြချက်များကို ကုမ္ပဏီတစ်ခုခြင်းစီအလိုက် ထည့်သွင်းတင်ပြနိုင်ခြင်းမရှိခဲ့ပါ။ ယင်းသတင်း ချက်အလက်များကို MGE မှ ပြည့်စုံစွာ အစီရင်ခံစာ တင်ပြခဲ့ခြင်းမရှိပါ။
- MPRL E&P နှင့်လုပ်ငန်းဝန်ဆောင်မှုအပေါ်အကျိုးခံစားရေးစာချုပ် (Performance Compensation Contract – PCC) စာချုပ်၏ ဘဏ္ဍာရေးသက်တမ်းဖော်ပြချက်နှင့်စပ်လျဉ်း၍ ကောက်နှုတ်တင်ပြချက်ကို မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း (Myanmar Oil and Gas Enterprise – MOGE) နှင့် ကုမ္ပဏီမှတင်ပြချက်ဖြင့် ပြုစုပြင်ဆင်ခဲ့သည်။ ယင်းတင်ပြချက်အား ကုမ္ပဏီဘက်မှအတည်ပြုချက်ကို မူမရရှိခဲ့ပါ။

## ၁.၂။ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍမှ ဘဏ္ဍာဝင် ငွေရရှိမှု

၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်နေ့အတွင်း အစိုးရဌာနဆိုင်ရာများမှ အစီရင်ခံတင်ပြသည့် လက်ခံရရှိငွေများကို တိုက်ဆိုင်ညှိနှိုင်းပြီးနောက် အောက်ပါအတိုင်း ခြုံငုံဖော်ပြနိုင်သည်။

### တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများ၏ အခွန်ငွေများ


၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွက်တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများမှကောက်ခံရရှိသော စုစုပေါင်းအခွန်ဘဏ္ဍာငွေသည် ကျပ် ၁,၉၃၅,၉၄၅ သန်း ရှိခဲ့သည်။ တွင်းထွက် သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍမှ အခွန်စီးဆင်းမှု သည် ရေနံနှင့်သဘာဝဓါတ်ငွေ့ ကဏ္ဍခွဲ (ရေနံနှင့် သဘာဝဓါတ်ငွေ့ သယ်ယူပို့ဆောင်ခြင်း အပါအဝင်) မှ အခွန်ငွေ ၇၂.၁၉% ရှိပြီး သတ္တုတွင်းကဏ္ဍမှ အခွန်ငွေ ၂၇.၈၁% ကိုယ် စားပြုပါဝင်သည်။ ယင်းအခွန်ငွေစီးဆင်းမှုများ အသေးစိတ်ကို အောက်ဖော် ပြပါဇယား တွင် ဖော်ပြထားသည်။

*ဇယား ၁ - ကောက်ခံရရှိသောစုစုပေါင်းအခွန်ဘဏ္ဍာငွေ*

ကိန်းဂဏန်းကို မြန်မာကျပ်ငွေသန်းပေါင်းဖြင့် ဖော်ပြထားသည်

| ကဏ္ဍခွဲ | ကောက်ခံရရှိသော စုစုပေါင်း အခွန် ဘဏ္ဍာငွေ | လူမှုရေးဆိုင်ရာ ပေး ချေမှုများ | စုစုပေါင်း အ ခွန်ဘဏ္ဍာငွေ | % |
|---|---|---|---|---|
| သယ်ယူပို့ဆောင်ခြင်း အပါအဝင် ရေနံနှင့် သဘာ ဝဓါတ်ငွေ့ ကဏ္ဍ | ၁,၃၈၆,၉၅၉ | ၁၀,၅၀၈ | ၁,၃၉၇,၄၆၇ | ၇၂.၁၉% |
| သတ္တု ကဏ္ဍ | ၅၂၈,၇၅၈ | ၉,၇၂၀ | ၅၃၈,၄၇၉ | ၂၇.၈၁% |
| စုစုပေါင်း | ၁,၉၁၅,၇၁၇ | ၂၀,၂၂၈ | ၁,၉၃၅,၉၄၆ | ၁၀၀% |

တွင်းထွက်သယံဇာတအခွန်ဘဏ္ဍာများ ခွဲခြမ်းစိတ်ဖြာချက်




## ရေနံနှင့် သဘာဝဓါတ်ငွေ့ ကဏ္ဍခွဲမှ အခွန်ဝင်ငွေ

### ငွေသားအလိုက် အခွန်ဘဏ္ဍာငွေ

အစိုးရဌာနဆိုင်ရာများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ အစီရင်ခံသော ဒေတာအချက်အလက်များအရ ရေနံနှင့်သဘာဝဓါတ်ငွေ့ အခွန်ငွေများအား သယ်ယူပို့ဆောင်ရေးကဏ္ဍမှအပါအဝင် ချိန်ညှိပြီးနောက် ပမာဏများကို အောက်ပါအတိုင်း အသေးစိတ် ဖော်ပြနိုင်သည်။

ဇယား ၂ – ကဏ္ဍခွဲအလိုက် စုစုပေါင်းအခွန်ဘဏ္ဍာငွေ

ကိန်းဂဏန်းကိုမြန်မာ ကျပ်ငွေသန်းပေါင်းဖြင့် ဖော်ပြထားသည်

| ကဏ္ဍခွဲ | ကောက်ခံရရှိသော စုစုပေါင်း အခွန်ဘဏ္ဍာငွေ | လူမှုရေးဆိုင်ရာ ပေးချေမှုများ | စုစုပေါင်း အခွန်ဘဏ္ဍာငွေ | % |
|---|---|---|---|---|
| ရေနံနှင့် သဘာဝဓါတ်ငွေ့ ကုမ္ပဏီများမှ ကောက်ခံရ ရှိသော အခွန်ငွေများ | ၉၈၅,၇၁၄ | ၅,၉၄၈ | ၉၉၁,၆၆၂ | ၇၁% |
| ရေနံနှင့် သဘာဝဓါတ်ငွေ့ သယ်ယူပို့ဆောင်ခြင်း | ၄၀၁,၂၄၅ | ၄,၅၆၁ | ၄၀၅,၈၀၆ | ၂၉% |
| စုစုပေါင်း | ၁,၃၈၆,၉၅၉ | ၁၀,၅၀၈ | ၁,၃၉၇,၄၆၈ | ၁၀၀% |

ရင်းမြစ် : ချိန်ညှိပြီးနောက် အစိုးရ ဒေတာအချက်အလက်

ရေနံနှင့်သဘာဝဓါတ်ငွေ့ ကုမ္ပဏီများမှ ကောက်ခံရရှိသောအခွန်ငွေများသည် MOGE မှ ရေနံနှင့် သဘာဝဓါတ်ငွေ့ ကုမ္ပဏီများထံပေးချေမှုများအား ဖယ်နှုတ်ပြီးနောက် အသားတင် ငွေကျပ်သန်းပေါင်း ၉၈၅,၇၁၄ သန်း ရှိသည်။ ဖယ်နှုတ်ခြင်းများတွင် ပြည်တွင်း ဓါတ်ငွေ့များ ကမ်းလွန်ပြင်တွင် ဝယ်ယူ ခြင်းနှင့် ကမ်းပေါ် တွင် ကုမ္ပဏီများ၏ ရေနံ/ဓါတ်ငွေ့ အစုရှယ်ယာဝယ်ယူခြင်းတို့ပါဝင်သည်။

## ပစ္စည်းဖြင့်ပေးချေမှု အခွန်ဘဏ္ဍာငွေ (In-kind revenue)

ရေနံနှင့်သဘာဝဓါတ်ငွေ့မှပစ္စည်းဖြင့်ပေးချေမှုအခွန်ဘဏ္ဍာငွေများကိုအောက်ပါအတိုင်းပေးချေမှုအလိုက်အသေးစိတ်ဖော်ပြနိုင်သည်။

ဇယား ၃ – စုစုပေါင်းပစ္စည်းဖြင့်ပေးချေမှု အခွန်ဘဏ္ဍာငွေ

| ကုန်စည်ပစ္စည်းအလိုက် ပေးချေမှု အမျိုးအစား | Barrel ဖြင့် ရေနံ စုဆောင်းရရှိမှုများ | Mmscf ဖြင့် ဓါတ်ငွေ့ စုဆောင်းရရှိမှုများ |
|---|---|---|
| နဂိုပေးချေမှု (baseline payments) များ | ၆၁၃,၂၇၂ | ၆၁၆ |
| Cost recovery ကုန်ကျစရိတ်ပြန်ကာမိခြင်း | ၃၁၆,၉၉၂ | ၆၁ |
| နိုင်ငံတော်အကျိုးအမြတ်ခွဲဝေမှု (State profit share) | ၇၃,၅၈၅ | |
| ဘဏ္ဍာတော်ကြေးပေးချေမှု (Royalties paymentɑ များ | ၄၃,၄၅၁ | |
| Risk compensation | ၃၈,၄၀၉ | ၂၉ |
| စုစုပေါင်း | ၁,၀၈၅,၇၀၉ | ၇၀၆ |

ရင်းမြစ် : ချိန်ညှိပြီးနောက် အစိုးရဒေတာအချက်အလက်များ

## ဓါတ်သတ္တုကဏ္ဍခွဲမှ အခွန်ဘဏ္ဍာငွေများ

အစိုးရဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ အစီရင်ခံတင်ပြသော ဒေတာအချက်အလက် များအရ ကျောက်မျက်နှင့်ကျောက်စိမ်း၊ ပုလဲနှင့်အခြားဓါတ်သတ္တုတွင်းထွက်ပစ္စည်းများအပါအဝင် ချိန်ညှိမှုများအပြီး သတ္တုတွင်းကဏ္ဍခွဲမှ အခွန်ဘဏ္ဍာငွေများအသေးစိတ်မှာဖော်ပြပါအတိုင်းဖြစ် သည်။

ဇယား ၄ – ကဏ္ဍခွဲအလိုက် သတ္တုတွင်း အခွန်ဘဏ္ဍာငွေ စုစုပေါင်း


ကိန်းဂဏန်းကို မြန်မာကျပ်ငွေသန်းပေါင်းဖြင့် ဖော်ပြထားသည်

| ကဏ္ဍခွဲ | ကောက်ခံရရှိသော စုစုပေါင်း အခွန်ဘဏ္ဍာငွေ | လူမှုရေးဆိုင်ရာ ပေးချေမှုများ | တစ်ဖက်သက် ထုတ်ပြန်တင်ပြချက် | စုစုပေါင်း အခွန်ဘဏ္ဍာငွေ | % |
|---|---|---|---|---|---|
| ကျောက်မျက်နှင့်ကျောက်စိမ်း ကုမ္ပဏီများမှ ကောက်ခံရရှိသည့် အခွန်များ | ၃၄၉,၂၆၄ | ၃၈၁ | ၆၂,၁၀၆ | ၄၁၁,၇၅၁ | ၇၆% |
| အခြား သတ္တုတွင်းထွက်ပစ္စည်း ကုမ္ပဏီများမှ ပေးချေမှု များ | ၁၁၀,၇၃၃ | ၈,၆၉၅ | ၄,၈၀၂ | ၁၂၄,၂၃၀ | ၂၃% |
| ပုလဲ ကုမ္ပဏီများမှ ကောက်ခံ ရရှိသည့် အခွန်များ | ၁,၈၅၃ | ၆၄၄ | - | ၂,၄၉၇ | ၀% |
| စုစုပေါင်း | ၄၆၁,၈၅၀ | ၉,၇၂၀ | ၆၆,၉၀၈ | ၅၃၈,၄၇၈ | ၁၀၀% |

ရင်းမြစ် : ချိန်ညှိပြီးနောက် အစိုးရ ဒေတာအချက်အလက်

အောက်ဖော်ပြပါ ကားချပ်သည် ဓါတ်သတ္တုကဏ္ဍကို ကဏ္ဍခွဲအလိုက် ခွဲခြမ်းစိတ်ဖြာဖော်ပြထားမှု ဖြစ်သည်။

ကဏ္ဍခွဲအလိုက် သတ္တုတွင်းအခွန်ဘဏ္ဍာငွေ ခွဲခြမ်းစိတ်ဖြာချက်



EITI ကိန်းဂဏန်းများသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဓါတ်သတ္တုကဏ္ဍသည် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးမှ စုစုပေါင်းအခွန်ဘဏ္ဍာငွေ၏ ၂၇.၈၁% ကိုကိုယ်စားပြုနေကြောင်း ဖော်ပြသည်။ အဓိက ပမာဏသည် ကျောက်မျက်နှင့်ကျောက်စိမ်း ကဏ္ဍခွဲမှ စီးဆင်းလာခြင်းဖြစ်ပြီး ကျပ်ကုဋေပေါင်း ၄၁၁ ကုဋေရှိကာ အခြားဓါတ်သတ္တုကဏ္ဍခွဲမှ ကျပ်ကုဋေပေါင်း ၁၂၄ ကုဋေရှိသည်။

**ကောက်ခံသည့် အသင်းအဖွဲ့ဌာနအလိုက် အခွန်ဘဏ္ဍာခွဲခြမ်းစိတ်ဖြာချက် (အစိုးရဌာန သို့မဟုတ် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း)**

ကောက်ခံသည့် အသင်းအဖွဲ့ဌာနအလိုက် တွင်းထွက်သယံဇာတ အခွန်ဘဏ္ဍာငွေများအသေးစိတ်ကို အောက်ပါဇယားတွင် ဖော်ပြထားသည်။

အစီရင်ခံထားသည့် ကိန်းဂဏန်းများမှာ တိုက်ဆိုင်ညှိနှိုင်းပြီးမှတင်ပြထားခြင်းဖြစ်ပြီး နိုင်ငံပိုင်စီး ပွားရေးလုပ်ငန်းများမှ ပေးချေမှုများပါဝင်သည်။

ဇယား ၅ – ကောက်ခံသည့် အသင်းအဖွဲ့ဌာနအလိုက် စုစုပေါင်းအခွန်ဘဏ္ဍာငွေများ

| ကောက်ခံသည့် အသင်းအဖွဲ့ဌာန | ရေနံနှင့် သဘာဝဓါတ်ငွေ့ ကုမ္ပဏီများ | ရေနံနှင့် သဘာဝဓါတ်ငွေ့ သယ်ယူပို့ဆောင်ခြင်း | ပုလဲကဏ္ဍ | ကျောက်မျက်နှင့် ကျောက်စိမ်း ကဏ္ဍ | အခြား ဓါတ်သတ္တုများ | စုစုပေါင်း | % |
|---|---|---|---|---|---|---|---|
| နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SOE) | ၉၃၇,၀၁၂ | ၂၀၈,၃၇၅ | ၄၅ | ၃၇၆,၁၅၇ | ၁၇,၇၄၂ | ၁,၅၃၉,၃၃၁ | ၇၉.၅၁% |
| ပြည်တွင်းအခွန် များဦးစီးဌာန (IRD) | ၄၈,၅၁၀ | ၁၈၄,၆၈၂ | ၁,၀၆၇ | ၃၂,၄၈၈ | ၈၇,၂၉၆ | ၃၅၄,၀၄၅ | ၁၈.၂၉% |
| မြန်မာအကောက်ခွန်ဦးစီး ဌာန (MCD) | ၁၉၁ | ၃,၆၂၈ | ၃၉ | ၂,၇၂၅ | ၄,၆၉၂ | ၁၁,၂၇၆ | ၀.၅၈% |
| သတ္တုတွင်းဦးစီးဌာန (DoM) | - | - | ၇၀၂ | - | ၅,၃၉၀ | ၆,၀၉၂ | ၀.၃၁% |
| ကုန်သွယ်ရေးဦးစီးဌာန (DoT) | - | ၄,၅၅၉ | - | - | - | ၄၅၅၉ | ၀.၂၄% |
| သစ်တောဦးစီးဌာန (FD) | - | - | - | - | ၄၁၀ | ၄၁၀ | ၀.၀၂% |
| ဘူမိဗေဒလေ့လာရေး နှင့် ဓါတ်သတ္တုရှာဖွေရေး ဦးစီးဌာန (DGSE) | - | - | - | - | ၅ | ၅ | ၀.၀၀% |
| အမျိုးမျိုးသောအကျိုးအမြတ်ခံစားခွင့် (လူမှုရေးဆိုင်ရာ ပေးချေမှု များ) | ၅,၉၄၈ | ၄,၅၆၁ | ၆၄၄ | ၃၈၀ | ၈,၆၉၅ | ၂၀,၂၂၈ | ၁.၀၄% |
| စုစုပေါင်း | ၉၉၁,၆၆၁ | ၄၀၅,၈၀၅ | ၂,၄၉၈ | ၄၁၁,၇၅၁ | ၁၂၄,၂၃၀ | ၁,၉၃၅,၉၄၆ | ၁၀၀.၀၀% |

ရင်းမြစ် : ချိန်ညှိပြီးနောက် အစိုးရဒေတာအချက်အလက်

တွင်းထွက်သယံဇာတမှ ဘဏ္ဍာငွေ ၇၉% ကျော်ခန့်တို့ကို နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှကောက်ခံ ရရှိသည်ဟု ကောက်နုတ်ချက်ချနိုင်သည်။ ဒုတိယ အသင်းအဖွဲ့ဌာနများတွင် ပြည်တွင်းအခွန်များဦးစီး ဌာန IRD နှင့် အကောက်ခွန်ဦးစီးဌာန MCD တို့မှတဆင့် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနက ပါဝင်သည်။ တွင်းထွက်သယံဇာတမှ ဘဏ္ဍာငွေ ၁.၀၄% တို့သည် လူမှုရေးဆိုင်ရာပေးချေမှုများဖြစ်သည်။

တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများမှ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသို့ ပေးချေမှုများတွင် အခွန်မဟုတ်သောဘဏ္ဍာငွေများ (လက်မှတ်ထိုးဆုကြေးစာချုပ်နှင့် ထုတ်လုပ်မှုပိုင်းဆိုင်ရာ အပိုအကျိုးခံစားခွင့်များ၊ ရောင်းချမှုအပေါ်အခွန်များ၊ ထုတ်လုပ်မှုအပေါ်အခွန်များ၊ ထုတ် လုပ်မှု အချိုးကျခွဲတမ်းများ၊ ရောင်းချမှုအပေါ်ခွဲတမ်းများ၊ လိုင်စင် အခများ၊ ဒေတာအချက်အ လက်အဖိုးအခများ) ပါဝင်သည်။

တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများမှ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးချေမှုများတွင် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ပင်ရင်းမှနှုတ်ယူပေးသွင်းသည့်ခွန်၊ အထူးကုန်စည်ခွန်နှင့် တံဆိပ်ခေါင်းခွန်များပါဝင်ပြီး အကောက်ခွန်ဦးစီးဌာနသို့ပေးချေမှုများတွင်မူ ပြည်တွင်းအခွန်များဦးစီးဌာနသို့ လွှဲပြောင်းပေးမည့် အကောက်ခွန်များ၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်များပါဝင်သည်။

သတ္တုတွင်းဦးစီးဌာနသို့ပေးချေမှုများတွင် သတ္တုခွန်များ၊ လက်မှတ်ထိုးဆုကြေးများ/လျှောက်ထားခများ၊ မြေငှား ရမ်းခများနှင့် လိုင်စင်ခများပါဝင်ပြီး သစ်တောဦးစီးဌာနသို့ ပေးချေမှုများတွင်မူ မြေငှားရမ်းခများနှင့် ပတ်ဝန်းကျင်/စိုက် ခင်းခများပါဝင်သည်။

သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍမှရရှိသည့် အခွန်ဘဏ္ဍာများအား အခွန်ဘဏ္ဍာစီးဆင်းမှုလမ်း ကြောင်းများနှင့် ကုမ္ပဏီများ အမျိုးအစားအလိုက် ခွဲခြမ်းစိတ်ဖြာထားချက်ကို ဤအစီရင်ခံစာ၏ အပိုင်း ၅ တွင် တင်ပြထား သည်။ ကုမ္ပဏီများမှ တိုက်ဆိုင်ညှိနှိုင်းလွှာများကို ဤအစီရင်ခံစာ၏ နောက်ဆက်တွဲ ၁၂ တွင် ဖော်ပြထားသည်။

## မြန်မာ့စီးပွားရေးအတွက် အရေးပါမှု

ဗဟိုစာရင်းအင်းအဖွဲ့ (CSO)၏ သတင်းအချက်အလက်များအရ ၂၀၁၇–၂၀၁၈ ခုနှစ်အတွက် တွင်းထွက် သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍမှ ပြည်တွင်းထုတ်ကုန် (Gross Domestic Product – GDP) သို့ထည့် ဝင်မှုများသည် ကျပ်သန်း ပေါင်း ၄,၃၂၄,၈၁၀ သို့မဟုတ် နိုင်ငံတော် GDP ၏ ၄.၇၈% ခန့်ရှိခဲ့သည်။


နိုင်ငံတော်အခွန်ဘဏ္ဍာသို့ တွင်းထွက်သယံဇာတကဏ္ဍမှ ထည့်ဝင်မှုသည် ၂၀၁၇–၂၀၁၈ ခုနှစ်တွင် ကျပ်သန်း ပေါင်း ၃၈၃,၃၃၀ (၅.၁၆%) )(ပြည်ထောင်စု၏ စုစုပေါင်းအခွန်ဘဏ္ဍာသည် ကျပ်သန်း ပေါင်း ၇,၄၂၃,၅၂၀ သန်း) ရှိခဲ့သည်။

ဗဟိုစာရင်းအင်းအဖွဲ့၏ သတင်းအချက်အလက်များအရ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍမှ တင်ပို့ကုန်များ၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅,၂၇၁.၅ သန်းရှိခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၁၄,၈၅၀.၇ သန်းရှိ နိုင်ငံ တော် မှ စုစုပေါင်းတင်ပို့ကုန်၏ ၃၅.၅% ကို ကိုယ်စားပြုသည်။

ကုမ္ပဏီများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် အစိုးရဌာနများမှ စုဆောင်းရရှိသော ဒေတာအချက်အလက်များ အရ တွင်းထွက်သယံဇာတကဏ္ဍတွင် အလုပ်သမားခန့်အပ်ထားရှိမှုသည် မြန်မာနိုင်ငံ၏ ၂၀၁၇–၂၀၁၈ ခုနှစ် စုစုပေါင်း လုပ် သားအင်အား၏ ၀.၂၅% အား ကိုယ်စားပြုခဲ့သည်။

အောက်ဖော်ပြပါကားချပ်များသည် ၂၀၁၇–၂၀၁၈ ခုနှစ်အတွက် တွင်းထွက်သယံဇာတကဏ္ဍမှ GDP သို့ ထည့်ဝင် ပါဝင်မှုများ၊ နိုင်ငံတော်၏အခွန်ဘဏ္ဍာငွေများနှင့် တင်ပို့ကုန်များ၏ ကိန်းဂဏန်း အချက်အလက်များဖြစ်သည်။ အသေး စိတ်ကို ဤအစီရင်ခံစာ၏ အပိုင်း ၆.၆ တွင်ဖော်ပြထားသည်။

တွင်းထွက်သယံဇာတကဏ္ဍ (၂၀၁၇-၂၀၁၈) အတွက် မက်ခရိုစီးပွားရေး (Macro-economic) အညွှန်းကိန်းများ




အထက်တွင်ဖော်ပြထားသော အညွှန်းကိန်းများအတွက်တွက်ချက်မှုအသေးစိတ်ကို အပိုင်း ၆.၆ တွင် ဖော်ပြထားသည်။

## ၁.၃ ထုတ်လုပ်မှုနှင့် တင်ပို့မှုများ

### ရေနံနှင့် သဘာဝဓါတ်ငွေ့

MOGE မှ အစီရင်ခံသော အချက်အလက်များအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကမ်းလွန်လုပ်ကွက်များမှ လေဆီပေါင်း ၁,၆၀၃,၇၈၃ နှင့် သဘာဝဓါတ်ငွေ့ ကုဗပေသန်းပေါင်း ၆၄၉,၇၀၄ (mmscf) ထုတ်လုပ်ခဲ့ပြီး ကုန်းတွင်းလုပ်ကွက်များမှ ရေနံစိမ်းဆီပေါင်း ၁,၃၁၇,၀၃၉ နှင့် သဘာဝ ဓါတ်ငွေ့ကုဗပေသန်းပေါင်း ၇၀၆.၈၅၃ (mmscf) ထုတ်လုပ်ခဲ့သည်။

တင်ပို့သည့် ရေနံနှင့်သဘာဝဓါတ်ငွေ့ တန်ဖိုးသည် မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) မှ ရယူလက်လှမ်းမှီနိုင်အောင်ထုတ် ပြန်ထားသည့် အချက်အလက်များအရ ကျပ်သန်းပေါင်း ၁၄၄,၇၁၉ နှင့် ကျပ်သန်းပေါင်း ၄,၀၆၅,၃၈၀ အသီးသီးဖြစ်သည်။

ဇယား ၆ – ရေနံနှင့် သဘာဝဓါတ်ငွေ့ ထုတ်လုပ်မှုနှင့် တင်ပို့မှု

| | | ထုတ်လုပ်မှု | | | တင်ပို့မှု | | |
|---|---|---|---|---|---|---|---|
| | | ထုထည် | ယူနစ် | တန်ဖိုး (ကျပ်သန်းပေါင်း) | ထုထည် | ယူနစ် | တန်ဖိုး (မြန်မာကျပ်ငွေသန်းပေါင်း) |
| ကမ်းလွန်လုပ်ကွက်များ | လေဆီ | ၁,၆၀၃,၇၈၃ | Barrels | ၁၂၇,၁၉၀ | ၁,၈၂၄,၈၀၆ | Barrels | ၁၄၄,၇၁၉ |
| | သဘာဝဓါတ်ငွေ့ | ၆၄၉,၇၀၄ | Mmscf | ၅,၁၅၃,၈၄၂၅(*) | ၅၁၂,၄၉၀ | Mmscf | ၄,၀၆၅,၃၈၀ |
| ကုန်းတွင်းလုပ်ကွက်များ | ရေနံ | ၁,၃၁၇,၀၃၉ | Barrels | ၉၆,၇၄၂ | - | | - |
| | သဘာဝဓါတ်ငွေ့ | ၇၀၇ | Mmscf | ၁,၅၈၄ | - | | - |
| စုစုပေါင်း | | | | ၅,၃၇၉,၃၅၈ | | | ၄,၂၁၀,၀၉၉ |

(*) တင်ပို့ကုန်ဈေးနှုန်းပေါ်မူတည်၍ တန်ဖိုးကိုတွက်ချက်ထားသည်

## ကျောက်မျက်နှင့်ကျောက်စိမ်း

MGE မှ အစီရင်ခံထားသော အချက်အလက်များအရ ၂၀၁၇–၂၀၁၈ ခုနှစ်တွင် ၆,၉၄၉,၃၃၁ ကာရက်၊ ၄.၉ တန် တန်ချိန်ရှိ ကျောက်မျက်များကို အောက်ပါအတိုင်းထုတ်လုပ်ခဲ့ကြောင်းဖော်ပြထားသည်။

ဇယား ၇ – ကျောက်မျက်ထုတ်လုပ်မှု

| သတ္တုအမျိုးအစား | နယ်ပယ်အတိုင်းအတာအတွင်း/ပြင်ပ | အကျိုးတူ/ပုဂ္ဂလိက | ယူနစ် | ထုတ်လုပ်မှုပမာဏ | ထုတ်လုပ်မှုတန်ဖိုး မြန်မာကျပ်ငွေသန်းပေါင်း |
|---|---|---|---|---|---|
| ကျောက်မျက်များ | နယ်ပယ်အတိုင်းအတာအတွင်း | အကျိုးတူ | ကာရက် | ၂၇၄,၉၉၁ | ၈၂.၈ |
| | | | ကီလို | ၂၇ | |
| | | ပုဂ္ဂလိက | ကာရက် | ၃၂၄,၁၂၉ | ၆၃.၁ |
| | | | ကီလို | ၆ | |
| | နယ်ပယ်အတိုင်းအတာပြင်ပ | ပုဂ္ဂလိက | ကာရက် | ၆,၃၅၀,၂၁၁ | ၁,၄၃၇.၆ |
| | | | ကီလို | ၄,၈၈၂ | |
| | | အကျိုးတူ | ကာရက် | - | - |
| | | | ကီလို | - | |
| စုစုပေါင်းကျောက်မျက် ထုတ်လုပ်မှု | | | ကာရက် | ၆,၉၄၉,၃၃၀ | ၁,၅၈၃.၅ |
| | | | ကီလို | ၄,၉၁၅ | |

ရင်းမြစ် : MGE ဒေတာအချက်အလက်

(*) ထုတ်လုပ်မှုအတွက် အသုံးပြုသောတန်ဖိုးဖြတ်ခြင်းနည်းလမ်းကို အပိုင်း ၃.၃.၁၄ တွင်ဖော်ပြထားသည်။

အစီရင်ခံစာတွင် တင်ပြသည့်နယ်ပယ်အတိုင်းအတာအတွင်း မပါဝင်သည့် ကျောက်မျက်ထုတ်လုပ်မှုများကို နောက်ဆက်တွဲ ၁၄ တွင် ကုမ္ပဏီအလိုက်အသေးစိတ် ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၇–၂၀၁၈ ခုနှစ်အတွင်း စုစုပေါင်းတန်ဖိုး ကျပ်သန်းပေါင်း ၁၁၈,၀၉၀ သန်းရှိ ကျောက်စိမ်း တန်ချိန်ပေါင်း ၃၁,၆၇၇.၇ တန် ကိုဖော်ပြပါဇယားအတိုင်း ထုတ်လုပ်ခဲ့သည်။

ဇယား ၈ – ကျောက်စိမ်းထုတ်လုပ်မှု

| သတ္တုအမျိုးအစား | နယ်ပယ်အတိုင်းအဆအတွင်း/ပြင်ပ | အကျိုးတူ/ပုဂ္ဂလိက | ယူနစ် | ထုတ်လုပ်မှုပမာဏ | ထုတ်လုပ်မှုတန်ဖိုး မြန်မာကျပ်ငွေသန်းပေါင်း |
|---|---|---|---|---|---|
| **ကျောက်စိမ်း** | နယ်ပယ်အတိုင်းအတာအတွင်း | ပုဂ္ဂလိက | ကီလို | ၁၀,၂၅၇,၀၈၅ | ၃၉,၈၇၆ |
| | | အကျိုးတူ | ကီလို | ၁၁,၆၈၅,၀၂၇ | ၄၄,၉၆၃ |
| | နယ်ပယ်အတိုင်းအတာပြင်ပ | ပုဂ္ဂလိက | ကီလို | ၉,၃၉၆,၁၈၃ | ၃၁,၉၉၅ |
| | | အကျိုးတူ | ကီလို | ၃၃၉,၄၇၈ | ၁,၂၅၆ |
| **စုစုပေါင်း ကျောက်စိမ်းထုတ်လုပ်မှု** | | | | **၃၁,၆၇၇,၇၇၃** | **၁၁၈,၀၉၀** |

ရင်းမြစ် : MGE ဒေတာအချက်အလက်

(*) ထုတ်လုပ်မှုအတွက် တန်ဖိုးဖြတ်သည့်နည်းလမ်းကို အပိုင်း ၃.၃.၁၄တွင် အသေးစိတ်ဖော်ပြထားသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (MGE) မှ အစီရင်ခံသည့် ဒေတာအချက်အလက်များအရ ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချမှု နှင့် တင်ပို့မှုများကိုအောက်ပါအတိုင်းအ သေးစိတ်ဖော်ပြနိုင်သည်။

### ဇယား ၉ – ကဏ္ဍ၏ ကျောက်မျက်ကျောက်စိမ်းတင်ပို့မှုများ

| ရောင်းချမှု | သတ္တုတွင်းထွက်အမျိုးအစား | ယူရို | | | မြန်မာကျပ် | | | အမေရိကန်ဒေါ်လာ | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ပမာဏ | | ယူရိုဖြင့် စုစုပေါင်းရောင်းချမှု | ပမာဏ | | မြန်မာကျပ်ငွေဖြင့် စုစုပေါင်းရောင်းချမှု | ပမာဏ | | အမေရိကန်ဒေါ်လာဖြင့် စုစုပေါင်းတင်ပို့မှု | စုစုပေါင်း (မြန်မာကျပ်ငွေသန်းပေါင်း) |
| | | ကာရက် | ကီလို | | ကာရက် | ကီလို | | ကာရက် | ကီလို | | |
| ကျောက်မျက်ရတနာပြပွဲ၌ရောင်းချမှု | ကျောက်မျက် | ၆၇၉,၄၂၇.၇၀ | ၂၄၆.၉၁ | ၃,၉၈၂,၅၉၃.၀၀ | ၇၅၆,၉၃၂.၉၀ | ၄၅.၇၄ | ၅,၉၇၄.၉၀ | - | - | - | - |
| | ကျောက်စိမ်း | | ၅,၄၃၇,၂၃၁ | ၈၂၁,၁၈၄,၆၁၃ | | ၃,၉၈၄,၆၃၅ | ၄၄,၂၁၄ | - | - | - | - |
| ကျောက်မျက်ရတနာပြပွဲမှတင်ပို့မှု | ကျောက်မျက် | ၄,၉၅၀.၈၀ | ၉၆.၃၈ | ၉၃၃,၀၉၁.၀၀ | - | - | - | - | - | - | - |
| | ကျောက်စိမ်း | | ၃,၇၃၈,၂၉၄ | ၇၃၄,၃၁၆,၅၇၅ | | | | | | | |
| ကျောက်မျက်ရတနာပြပွဲပြင်ပမှတင်ပို့ မှု | ကျောက်မျက် | | | | | | | ၂၃,၄၈၅ | | ၁,၀၅၅,၈၁၂ | |
| | ကျောက်စိမ်း (အတုံးအခဲများ) | | | | | | | ၂,၀၃၆,၇၃၆ | | | ၂၈၀ |
| | ကျောက်စိမ်း (ထုပ်ပိုးမှုများ) | - | - | - | - | - | - | ၅,၀၉၄ | | | |

ရင်းမြစ် : MGE ဒေတာအချက်အလက်

MGE မှ ပေးပို့သည့် ဒေတာအချက်အလက်များအရ ကျောက်မျက်ရတနာပြပွဲ၏ပြင်ပဖြစ်သည့် တင်ပို့ကုန်များသည် ကျောက်မျက်ရတနာအချောထည်များ (ကျောက်မျက်ရတနာပြပွဲ၏ပြင်ပတင်ပို့ ကုန်များကို ကျောက်မျက်အတုံးအခဲအဖြစ် ရေတွက်သည်) ဖြစ်ကြောင်း မိမိတို့အနေဖြင့် နားလည်သည်။

ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချသည့်စနစ်၊ တန်ဖိုးတွက်ချက်ပုံနှင့် ခွဲဝေပုံတို့ကို အပိုင်း ၃.၁.၁၄ တွင် အသေးစိတ်ဖော်ပြထားသည်။

## အခြားတွင်းထွက်ဓါတ်သတ္တုများ

အခြားတွင်းထွက်သတ္တုများအတွက် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (အမှတ်–၁ နှင့် အမှတ်–၂ သတ္တုတွင်းလုပ်ငန်း – ME1 နှင့် ME2) မှ ကြေညာထားသည့် ထုတ်လုပ်မှုနှင့်တင်ပို့မှုများတန်ဖိုးသည် ကျပ်သန်းပေါင်း ၄၉၀,၇၈၁ သန်းနှင့် ၂၅,၀၉၈ သန်း အသီးသီးဖြစ်သည်။ အောက်ပါဇယားသည် သတ္တုပစ္စည်းအမျိုးအစားတစ်ခုစီ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် အခြားတွင်းထွက်သတ္တုများ ကဏ္ဍခွဲ၏တင်ပို့မှုနှင့် စပ်လျဉ်း၍ ဘဏ္ဍာငွေထည့်ဝင် စီးဆင်း မှုကိုဖော်ပြထားပါသည်။

ဇယား ၁၀ – အခြားတွင်းထွက်သတ္တုများ ထုတ်လုပ်မှုနှင့် တင်ပို့မှု

| သတ္တုအမျိုးအစားများ | ထုတ်လုပ်မှု တန်ဖိုး (ကျပ် သန်းပေါင်း) | % ဖြင့် | တင်ပို့မှု တန် ဖိုး (ကျပ် သန်းပေါင်း) | % ဖြင့် |
|---|---|---|---|---|
| Lead, Zinc, Copper, Iron, Chromium, Antimony, Coal, Manganese, Nickel, Barite, Limestone, Gypsum (ME 1 မှ တင်ပြချက်) | ၃၉၈,၁၉၉ | ၈၁.၁၄% | ၁၄,၉၉၂ | ၅၉.၇၅% |
| Gold, Tin and Refined Tin (ME 2 မှ တင် ပြချက် | ၉၂,၅၈၂ | ၁၈.၈၆% | ၁၀,၀၉၈ | ၄၀.၂၅% |
| စုစုပေါင်း | ၄၉၀,၇၈၁ | ၁၀၀.၀၀% | ၂၅,၀၉၀ | ၁၀၀.၀၀% |

ရင်းမြစ် : ME 1 နှင့် ME 2 ဒေတာအချက်အလက်

သတ္တုအမျိုးအစားများအား ထုတ်လုပ်မှု ထုထည်ပမာဏနှင့် တင်ပို့မှုအလိုက် ခွဲခြမ်းစိတ်ဖြာချက်ကို အစီရင်ခံစာ၏ နောက်ဆက်တွဲ ၁၃ တွင်ဖော်ပြထားသည်။

## ပုလဲကဏ္ဍ

မြန်မာ့ပုလဲရောင်းဝယ်ရေးလုပ်ငန်း (MPE) မှ အစီရင်ခံတင်ပြသော စုစုပေါင်း ပုလဲထုတ်လုပ်မှု ကိုအောက်ဖော်ပြပါဇယားတွင် အသေး စိတ်ဖော်ပြထားသည်။

ဇယား ၁၁ – ပုလဲထုတ်လုပ်မှု

| လိုင်စင် | ထုတ်လုပ်မှု ပမာဏ | ယူနစ် | မြန်မာကျပ် ငွေသန်း ပေါင်းဖြင့် ထုတ်လုပ်မှုတန်ဖိုး |
|---|---|---|---|
| MPE ထုတ်လုပ်မှု | ၈၀,၁၈၆ | momme | ၃,၇၂၂ |
| Myanmar Tasaki Co.,Ltd | ၁၆၀,၇၀၂ | momme | ၁၀,၉၃၇ |
| Myanmar Atlantic Co.,Ltd | ၃၄,၉၅၁ | momme | ၁,၅၃၀ |
| Myanmar Andman Co.,Ltd | ၄၇,၂၃၁ | momme | ၃,၁၄၄ |
| Belpearl Myanmar Co.,Ltd | ၇,၄၁၃ | momme | ၃၆၄ |
| Nino Pearl Culturing Co.,Ltd | ၂၇,၄၇၇ | momme | ၁,၆၀၁ |
| Orient Pearl Co.,Ltd (Zinyaw) | ၆၇,၈၈၀ | momme | ၄,၀၉၂ |
| Orient Pearl Co.,Ltd (Jalan) | ၁၄,၈၁၁ | momme | ၈၈၉ |
| Annawar Peaarl Co.,Ltd (Marine Pearl Company) | | momme | - |
| Pyae Sone Htet Myint Co.,Ltd | | momme | - |

| လိုင်စင် | ထုတ်လုပ်မှု ပမာဏ | ယူနစ် | မြန်မာကျပ် ငွေသန်း ပေါင်းဖြင့် ထုတ်လုပ်မှုတန်ဖိုး |
|---|---|---|---|
| Aquagold Myanmar Co.,Ltd | ၂,၄၈၅ | momme | ၉၆ |
| Pyae Phyo Tun Co.,Ltd | | momme | - |
| Total Production | ၄၄၃,၁၃၆ | momme | ၂၆,၃၄၅ |

ရင်းမြစ် :MPE

(*) ထုတ်လုပ်မှုအတွက် တန်ဖိုးဖြတ်သည့်နည်းလမ်းကို အပိုင်း ၃.၃.၁၄တွင် အသေးစိတ်ဖော်ပြထားသည်။

MPE မှ အစီရင်ခံတင်ပြထားသော ရောင်းချမှု ပမာဏနှင့် တန်ဖိုးကို အောက်ပါဇယားတွင် အသေးစိတ်ဖော်ပြထားသည်။

ဇယား ၁၂ – ပုလဲတင်ပို့မှုများ

| စဉ် | ကုမ္ပဏီအမည် | SOE Momme ဖြင့် တင်ပို့သည့် ပမာဏ | USD တန်ဖိုး |
|---|---|---|---|
| ၁ | MPE တင်ပို့မှုများ | ၅၈,၆၀၆ | ၇,၅၀၁,၇၆၃ |
| ၂ | Myanmar Tasaki Co.,Ltd | ၁၂၀,၅၂၆ | ၆,၀၅၀,၁၁၅ |
| ၃ | Myanmar Atlantic Co,.Ltd | ၂၆,၂၁၃ | ၈၄၆,၃၁၂ |
| ၄ | Myanmar Andman Co.,Ltd | ၃၅,၄၂၃ | ၁,၇၂၂,၄၂၆ |
| ၅ | Belpearl Myanmar Co.,Ltd | ၅,၅၆၀ | ၂၀၁,၄၄၆ |
| ၆ | Nino Pearl Culturing Co.,Ltd | ၂၄,၇၉၆ | ၁,၀၇၄,၈၉၃ |
| ၇ | Orient Pearl Co,.Ltd (Zinyaw) | ၈၂,၆၉၁ | ၃,၆၇၃,၇၀၅ |
| ၈ | Orient Pearl Co.,Ltd (Jalan) | | |
| စုစုပေါင်း | | ၃၅၃,၈၁၅ | ၂၁,၀၇၀,၆၆၀ |

ရင်းမြစ် : MPE ဒေတာအချက်အလက်

(*) ထုတ်လုပ်မှုအတွက် တန်ဖိုးဖြတ်သည့်နည်းလမ်းကို အပိုင်း ၃.၃.၁၄တွင် အသေးစိတ်ဖော်ပြထားသည်။

MPEမှအစီရင်ခံတင်ပြချက်အရ ဒေသတွင်း ရောင်းချမှုများသည် စုစုပေါင်း ၄၅,၇၀၅ momme၊ အမေရိကန်ဒေါ်လာ ၂,၁၆၅,၁၁၀ တန်ဖိုး ရှိခဲ့သည်။

အရောင်းတန်ဖိုးဖြတ်မှုယန္တရားစနစ်နှင့် တန်ကြေးသတ်မှတ်ခြင်းနည်းလမ်းကို အစီရင်ခံစာ၏ အပိုင်း ၃.၃.၁၄ တွင် အသေးစိတ်ဖော်ပြထားသည်။

# ၁.၄။ ဒေတာအချက်အလက်ကောက်ယူခြင်းနှင့် တိုက်ဆိုင်ညှိနှိုင်းခြင်း နယ်ပယ်အတိုင်းအတာ

## အစီရင်ခံထားသော ပေးချေငွေစီးဆင်းမှုများနှင့် ဒေတာအချက်အလက်များ

EITI အစီရင်ခံစာအလို့ငှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံအတွင်းရှိ တွင်း ထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍမှ ကောက်ခံရရှိသော အခွန်ဘဏ္ဍာငွေများအနေဖြင့် အောက်ပါကဏ္ဍများမှပါဝင်သင့်ကြောင်း သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့က သဘောတူခဲ့သည်။

- ရေနံနှင့် သဘာဝဓါတ်ငွေ့ နှင့် ၎င်းအားသယ်ယူပို့ဆောင်ခြင်းအပါအဝင်နှင့်
- သတ္တုတွင်း (ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာများ၊ အခြားတွင်းထွက်သတ္တုများနှင့် ပုလဲကဏ္ဍ)

တိုက်ဆိုင်ညှိနှိုင်းခြင်းအတွက်ပါဝင်သော အခွန်ဘဏ္ဍာငွေစီးဆင်းမှုအတိုင်းအတာတွင် -

- နယ်ပယ်အတိုင်းအတာအတွင်းပါဝင်ရန် ရွေးချယ်ထားသော ကုမ္ပဏီများမှ ပေးချေလိုက်သော သို့မဟုတ် အစီရင်ခံတင်ပြထားသော အခွန်ပေးချေမှုများ၊ အခွန်မဟုတ်သောပေးချေမှုများ၊ ကုန် စသည် ပစ္စည်းအလိုက် (In-kind) ပေးချေမှုများအားလုံးနှင့်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အတွင်း အစိုးရဌာနများမှ လက်ခံရရှိသော သို့မဟုတ် အစီရင်ခံတင်ပြထားသော အခွန်ဘဏ္ဍာများ အားလုံး
- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှပေးဆောင်သော သို့မဟုတ် အစီရင်ခံတင်ပြထားသော ပေးချေမှုများ၊ လွှဲပြောင်းပေးမှုများနှင့်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အတွင်း အစိုးရဌာနများမှ လက်ခံရရှိသော သို့မဟုတ် အစီရင်ခံတင်ပြထားသော အခွန်ဘဏ္ဍာများအားလုံး

နယ်ပယ်အတိုင်းအတာအတွင်းပါဝင်ရန်ရွေးချယ်မထားသော ကုမ္ပဏီများ၏ ပေးချေမှုများနှင့် လူမှုရေးဆိုင်ရာပေးချေမှုများကို ကုမ္ပဏီများဘက်မှတစ်ဖက်သက်ထုတ်ပြန်တင်ပြထားပြီး ၎င်းတို့သည် တိုင်ဆိုင် စစ်ဆေးခြင်းလုပ်ငန်းစဉ်တစ်ရပ်အဖြစ်မပါဝင်ပါ။

## တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများ

သတ္တုတွင်းကဏ္ဍအတွက်မူ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ ငါးကြိမ်မြောက် EITI အစီရင်ခံစာအတွက် တိုက်ဆိုင် ညှိနှိုင်းခြင်းလုပ်ငန်းစဉ်တွင်ပါဝင်ရန် ကုမ္ပဏီပေါင်း ၃၈၄ ခု ကိုဖော်ထုတ်ခဲ့သည်။ အစီရင်ခံစာ၏ အပိုင်း ၄.၃ တွင် စာရင်းပြုစုထားသော ကုမ္ပဏီများသည် ကျောက်မျက်နှင့် ကျောက်စိမ်းနှင့်၊ အခြားသတ္တုတွင်းထွက် ကဏ္ဍများအတွက် အနည်းဆုံးစံကိန်းဂဏန်းပိုင်းဖြတ်သတ်မှတ်မှု (Materiality Threshold) တန်ဖိုး ကျပ်သန်းပေါင်း ၅ သန်း ပြည့်မီသည်။

ကုမ္ပဏီများရွေးချယ်ရန် ချဉ်းကပ်ပုံအသေးစိတ်ကို ဤအစီရင်ခံစာ၏ အပိုင်း ၄ တွင် အသေးစိတ်ဖော်ပြထားသည်။

ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍနှင့်စပ်လျဉ်း၍ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် မည်သည့် ကိန်းဂဏန်းပိုင်းဖြတ်မှုမျိုးကိုမျှ ထည့်သွင်းမစဉ်းစားပဲ ရေနံနှင့်သဘာဝဓါတ်ငွေ့ ထုတ်လုပ်ရေးပိုင်းရှိ လုပ်ငန်းများအားလုံးနှင့် ဓါတ်သတ္တု စမ်းသပ်တူးဖော်ရေး ကုမ္ပဏီများအားလုံးပါဝင်ရန် သဘောတူညီခဲ့သည်။ ယင်းကုမ္ပဏီများကို အစီရင်ခံစာ၏ အပိုင်း ၄.၃ တွင်စာရင်းဖော်ပြထားသည်။

၂၀၁၇-၂၀၁၈ ခုနှစ် နယ်ပယ်အတိုင်းအတာအတွင်းပါဝင်ခဲ့သည့် ကုမ္ပဏီများအရေအတွက်အသေးစိတ်ကို အောက်ပါဇယားတွင်ဖော်ပြထားသည်။

ဇယား ၁၃ – ကဏ္ဍခွဲအလိုက် ခြုံငုံပါဝင်မှု

| EITI နယ်ပယ်အတိုင်းအတာ | ခြုံငုံပါဝင်မှု | | | | | |
|---|---|---|---|---|---|---|
| ကဏ္ဍ | ရေနံနှင့် သဘာဝ ဓါတ်ငွေ့ | ရေနံနှင့် သဘာဝ ဓါတ်ငွေ့ သယ်ယူပို့ ဆောင်ခြင်း | ကျောက်မျက်နှင့် ကျောက်စိမ်း | သတ္တုတွင်း | ပုလဲ | MEC နှင့် MEHPCL နှင့် သက် ဆိုင်သော ကုမ္ပဏီများ |
| ရွေးချယ်ထားသော ကုမ္ပဏီအရေအတွက် | ၅၆ | ၅ | ၂၀၉ | ၉၄ | ၁၁ | ၉ |
| အနည်းဆုံးစံကိန်းဂဏန်းပိုင်းဖြတ်မှု | ကုမ္ပဏီများ အားလုံး | ကုမ္ပဏီများ အားလုံး | ကျပ် ငါးသန်း | ကျပ် ငါးသန်း | ကုမ္ပဏီများ အားလုံး | ကုမ္ပဏီများ အားလုံး |
| ကဏ္ဍခွဲအလိုက် စင်စစ် ခြုံငုံပါဝင်မှု | ၁၀၀% | ၁၀၀% | ၈၅% | ၉၆% | ၁၀၀% | ၁၀၀% |
| စင်စစ် အချုပ် တိုက်ဆိုင်ညှိနှိုင်း ခြင်း ခြုံငုံပါဝင်မှု | **၉၇%** | | | | | |

ရင်းမြစ် : တိုက်ဆိုင်ညှိနှိုင်းပြီး EITI ဒေတာ

### အစိုးရဌာနဆိုင်ရာများ

ကုမ္ပဏီများထံမှ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးနှင့်စပ်လျဉ်းသည့် အခွန်ဘဏ္ဍာငွေ ရရှိသော အစိုးရဌာန ဆိုင်ရာများအားလုံးသည် တိုက်ဆိုင်ညှိနှိုင်းခြင်း နယ်ပယ်အတိုင်းအတာတွင်ပါဝင် သင့်ကြောင်း သုံးပွင့်ဆိုင်ညွန့်ပေါင်း အဖွဲ့မှ သဘောတူညီကြသည်။ သို့ဖြစ်ရာ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သည် ပါဝင်ရမည့် အစိုးရဌာနဆိုင်ရာ ၁၆ ခုကို အစီရင်ခံစာ၏အပိုင်း ၄.၄ တွင် စာရင်းဖော်ပြ ထားသည့်အတိုင်း ဖော်ထုတ်ခဲ့သည်။

## ၁.၅။ ဒေတာအချက်အလက်များ၏ ပြည့်စုံခြုံငုံမှုနှင့် ယုံကြည်ကိုးစားနိုင်မှု

### စုဆောင်းထားသော ဒေတာအချက်အလက်များ၏ ပြည့်စုံခြုံငုံမှု

**အစိုးရ**

အစိုးရဌာနဆိုင်ရာများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအားလုံး ၎င်းတို့၏ အစီရင်ခံပုံစံများကို တင်ပြခဲ့သည်။

**ကုမ္ပဏီများ**

ဒေတာအချက်အလက်တင်ပြလာမှု အသေးစိတ်ကို အောက်ပါဇယားတွင်ဖော်ပြထားသည်။

ဇယား ၁၄ – ဒေတာအချက်အလက်တင်ပြခြင်း လိုက်လံစိစစ်မှု

| ကဏ္ဍ | နယ်ပယ်အတိုင်း အတာ အတွင်းပါဝင်ရန် ရွေးချယ်ထားသည့် ကုမ္ပဏီ | ကိန်းဂဏန်းအချက်အလက် ဖြည့်သွင်းပေးပို့ခဲ့သော ကုမ္ပဏီ |
|---|---|---|
| ရေနံနှင့် သဘာဝဓါတ်ငွေ့ | ၅၆ | ၁၉ |
| ရေနံနှင့်သဘာဝဓါတ်ငွေ့ သယ်ယူပို့ဆောင်ခြင်း | ၅ | ၅ |

| ကဏ္ဍ | နယ်ပယ်အတိုင်း အတာ အတွင်းပါဝင်ရန် ရွေးချယ်ထားသည့် ကုမ္ပဏီ | ကိန်းဂဏန်းအချက်အလက် ဖြည့်သွင်းပေးပို့ခဲ့သော ကုမ္ပဏီ |
|---|---|---|
| အခြား တွင်းထွက် သတ္တုများ | ၉၄ | ၇၉ |
| ပုလဲ | ၁၁ | ၁၁ |
| စုစုပေါင်း | ၃၇၅ | ၃၁၉ |

ရင်းမြစ် : တိုက်ဆိုင်ညှိနှိုင်းပြီး EITI ဒေတာအချက်အလက်

အောက်ပါ ခြွင်းချက်များမှအပ တိုက်ဆိုင်ညှိနှိုင်းသည့်နယ်ပယ်အတိုင်းအတာအတွင်းပါဝင်သည့် ကုမ္ပဏီများအားလုံးသည် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ အတည်ပြုထားသော အစီရင်ခံရန်ညွှန်ကြားချက်များနှင့်အညီ ၎င်းတို့၏ အစီရင်ခံစာပုံစံများကို ဖြည့်သွင်းပေးပို့ခဲ့ပြီးဖြစ်သည်။

- အစိုးရဌာနများသို့ ပေးချေသော ရေနံနှင့် သဘာဝဓါတ်ငွေ့ ကုမ္ပဏီ (၃၆) ခု တို့ကို အပိုင်း ၅.၁.၄ တွင် အသေးစိတ်ဖော်ပြထားသည်။
- ကျောက်မျက်နှင့်ကျောက်စိမ်းကုမ္ပဏီ ၄ ခု ( A K&K, Phar Kant Sai Bon, Palaung National, Myat Myittar Mon (G&J) Co,.Ltd)။ အစိုးရဌာနများမှ တင်ပြသောဒေတာအ ချက်အလက်များအရ အောက်ပါတို့မှအပ ယင်းကုမ္ပဏီများသည် ပေးချေမှုများမရှိခဲ့ပါ။
    - ပေးဆောင်ရန်သတ္တုခွန် ကျပ်ငွေ ၄၃,၈၅၇,၃၄၀ ရှိသည်ဟု MGE မှ အစီရင်ခံထားသည့် A K&K
    - စုစုပေါင်း ပေးချေမှု ကျပ်ငွေ ၁၂,၀၅၃,၂၆၅ ရှိသည်ဟု MGE မှ အစီရင်ခံထားသည့် Phar Kant Sai Bon
- အခြား တွင်းထွက်သတ္တုကုမ္ပဏီ ၁၅ ခု။ အစိုးရဌာနများမှ တင်ပြသော ဒေတာအချက်အလက်များအရ ယင်းကုမ္ပဏီများမှ အစိုးရဌာနများသို့ပေးချေမှုများကို အပိုင်း ၅.၃.၅ တွင် ဖော်ပြထားသည်။

ပုလဲနှင့် သယ်ယူပို့ဆောင်ရေး ကုမ္ပဏီများအားလုံးသည် ၎င်းတို့၏ အစီရင်ခံစာပုံစံများကို ဖြည့်သွင်းပေးပို့ခဲ့သည်။

**အစီရင်ခံစာပုံစံများအား ဖြည့်သွင်းပေးပို့ခြင်းမရှိသောကြောင့် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍ အခွန်ဘဏ္ဍာများ အချက်အလက်ပြည့်စုံခြင်းမှုအပေါ် အကျိုးသက်ရောက်မှု**

အစီရင်ခံစာပုံစံများဖြည့်သွင်းပေးပို့မှုမရှိခြင်း၏သက်ရောက်မှုကို အောက်ပါအတိုင်းဖော်ပြထားသည်။

ဇယား ၁၅ – တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍ အခွန်ဘဏ္ဍာ၏ အချက်အလက် ပြည့်စုံခြင်းမှု

| ကဏ္ဍခွဲ | ချိန်ညှိပြီးနောက် ကျပ် သန်းပေါင်း အားဖြင့် အစိုးရ အခွန်ဘဏ္ဍာ | ဖြည့်သွင်းပေးပို့ခြင်းမရှိသည့် ကုမ္ပ ဏီစုစုပေါင်း မှ ကျပ် သန်းပေါင်း | % |
|---|---|---|---|
| ရေနံနှင့် သဘာဝဓါတ်ငွေ့ ကဏ္ဍ | ၉၉၁,၆၆၁ | ၁၅,၂၃၄ | ၂% |
| ရေနံနှင့် သဘာဝဓါတ်ငွေ့ သယ်ယူပို့ဆောင်ရေး ကဏ္ဍ | ၄၀၅,၈၀၆ | - | ၀% |

| ကဏ္ဍခွဲ | ချိန်ညှိပြီးနောက် ကျပ်သန်းပေါင်း အားဖြင့် အစိုးရ အခွန်ဘဏ္ဍာ | ဖြည့်သွင်းပေးပို့ခြင်းမရှိသည့် ကုမ္ပဏီစုစုပေါင်း မှ ကျပ်သန်းပေါင်း | % |
|---|---|---|---|
| ကျောက်မျက်နှင့် ကျောက်စိမ်း ကဏ္ဍ | ၄၁၁,၇၅၁ | ၅၆ | ၀% |
| အခြား တွင်းထွက်သတ္တုများ ကဏ္ဍ | ၁၂၄,၂၃၀ | ၃,၃၅၈ | ၃% |
| ပုလဲ ကဏ္ဍ | ၂,၄၉၈ | - | ၀% |
| စုစုပေါင်း | ၁,၉၃၅,၉၄၆ | ၁၈,၆၄၈ | ၁% |

ရင်းမြစ် : တိုက်ဆိုင်ညှိနှိုင်းပြီး EITI ဒေတာအချက်အလက်

အထက်ပါအရ ဖြည့်သွင်းပေးပို့မှုမရှိခြင်းသည် လွတ်လပ်သောတိုက်ဆိုင်ညှိနှိုင်းစစ်ဆေးသူ (IA) ၏ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍ အခွန်ဘဏ္ဍာအချက်အလက် ထင်မြင်ယူဆချက် အပေါ်သက်ရောက်မှုမရှိကြောင်း ကောက်ချက်ချနိုင်သည်။

## တင်ပြသောဒေတာအချက်အလက်များ၏ ယုံကြည်စိတ်ချနိုင်မှု

### ကုမ္ပဏီများ

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ ဆုံးဖြတ်ချက်အတိုင်း ဖြည့်သွင်းပေးပို့ခဲ့သည့်အစီရင်ခံစာပုံစံများကို ကုမ္ပဏီ၏တရားဝင်တာ ဝန်ရှိသူမှ အတည်ပြုရမည်ဖြစ်သည်။

အောက်ပါတို့မှလွဲ၍ ရေနံနှင့် သဘာဝဓါတ်ငွေ့ သယ်ယူပို့ဆောင်ရေးကုမ္ပဏီများအားလုံးနှင့်၊ အခြားကဏ္ဍမှ ကုမ္ပဏီအများစုတို့သည် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ တောင်းဆိုသည့် ယင်းပုံစံအတိုင်း ဖြည့်သွင်းပေးပို့သည့်အစီရင်ခံစာ ပုံစံများကို တာဝန်ရှိသူအရာရှိမှလက်မှတ်ရေးထိုးပြီး တင်ပြခဲ့သည်။

- ရေနံနှင့်သဘာဝဓါတ်ငွေ့ ကဏ္ဍအတွက် -အစီရင်ခံစာပုံစံများကို တင်ပြခဲ့သည့် ကုမ္ပဏီ ၁၉ ခုအနက် “CFG Energy Pte Ltd” တစ်ခုတည်းသာ ကုမ္ပဏီ၏ တရားဝင်အရာရှိမှအတည်ပြု ပေးသော အစီရင်ခံစာပုံစံများ မတင်သွင်းခဲ့ခြင်းဖြစ်သည်။

  “Gold Petrol Joint Operating Company Inc., (GJOC Inc.)” နှင့် “CFG Energy Pte Ltd.,” အမည်ရ ကုမ္ပဏီနှစ်ခုသည် ၎င်းတို့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အတွက် စာရင်းစစ်ထားသည့် ဘဏ္ဍာရေးရှင်းတမ်းများအား တင်ပြခဲ့ခြင်းမရှိပါ။

- ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍအတွက် - အစီရင်ခံစာပုံစံများကို ဖြည့်သွင်းပေးပို့ခဲ့သည့် ကုမ္ပဏီ ၂၀၅ ခု အနက် ကုမ္ပဏီ ၅၄ ခုတို့သည် ၎င်းတို့၏ ကိန်းဂဏန်းအချက်အလက်များအား ကုမ္ပဏီ၏ တရားဝင်အရာရှိမှအတည်ပြုခဲ့ခြင်းမရှိပါ။

  ထို့အပြင် ကုမ္ပဏီ ၁၀၁ ခုတို့သည် ၎င်းတို့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးရှင်းတမ်းများ၏ စာရင်းစစ်အစီရင်ခံစာအား ကို တင်ပြခဲ့ခြင်းမရှိပါ။

- အခြားတွင်းထွက် သတ္တု ကဏ္ဍအတွက် - အစီရင်ခံစာပုံစံများကို ဖြည့်သွင်းပေးပို့ခဲ့သည့် ကုမ္ပဏီ ၆၇ ခုအနက် ၁၂

ခုတို့သည် ၎င်းတို့၏ ကိန်းဂဏန်းအချက်အလက်များအား ကုမ္ပဏီ၏ တရားဝင်အရာရှိမှအတည်ပြုခဲ့ခြင်းမရှိပါ။

ထို့အပြင် ကုမ္ပဏီ ၅၁ တို့သည် ၎င်းတို့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးရှင်းတမ်းများ၏ စာရင်းစစ် အစီရင်ခံစာအား တင်ပြခဲ့ခြင်းမရှိပါ။

- ပုလဲကဏ္ဍအတွက် -အစီရင်ခံစာပုံစံများကို ဖြည့်သွင်းပေးပို့ခဲ့သည့် ကုမ္ပဏီ ၁၁ ခုအနက် "Belpearl Myanmar Co.,Ltd" နှင့် "Pyae Phyo Tun Co.,Ltd" နှစ်ခုတို့သည် ၎င်းတို့၏ကိန်းဂဏန်းအချက်အလက်များအားကုမ္ပဏီ၏ တရားဝင်အရာရှိမှအတည်ပြုခဲ့ခြင်းမရှိပါ။

  ထို့အပြင် "Pyae Phyo Tun Co.,Ltd" သည် ၎င်း၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ဘဏ္ဍာရေးရှင်းတမ်းများ၏ စာရင်းစစ်အစီရင်ခံစာအား တင်ပြခဲ့ခြင်းမရှိပါ။

  ယင်းကုမ္ပဏီများ၏အသေးစိတ်အချက်အလက်များကို နောက်ဆက်တွဲ ၇ - ကုမ္ပဏီများ၏ သတင်းအချက်အလက်များတွင် ဖော်ပြထားသည်။

**အစီရင်ခံစာပုံစံများအား အတည်ပြုလက်မှတ်ရေးထိုးထားမှုမရှိခြင်း၏ တွင်းထွက်သယံဇာတများ တူးဖော်ထုတ်လုပ်ရေး ကဏ္ဍ အခွန်ဘဏ္ဍာ အချက်အလက် ယုံကြည်ကိုးစားနိုင်မှုအပေါ် အကျိုးသက်ရောက်မှု**

အစီရင်ခံစာပုံစံများကိုဖြည့်သွင်းပေးပို့ရန် ပျက်ကွက်ခြင်း၏ သက်ရောက်မှုများကို အောက်ပါတွင်ဖော်ပြထားသည်။

ဇယား ၁၆ – တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍ အခွန်ဘဏ္ဍာ၏ ယုံကြည် ကိုးစားနိုင်မှု

| ကဏ္ဍခွဲ | ချိန်ညှိပြီးနောက် မြန်မာကျပ် သန်းပေါင်းဖြင့် အစိုးရ အခွန် ဘဏ္ဍာ | လက်မှတ်မရေးထိုး ထားသော အစီရင်ခံ စာ မှုအောင်ကျပ်သန်းပေါင်း | % |
|---|---|---|---|
| ရေနံနှင့် သဘာဝဓါတ်ငွေ့ ကဏ္ဍ | ၉၉၁,၆၆၁ | ၁,၃၅၆ | ၀% |
| ရေနံနှင့် သဘာဝဓါတ်ငွေ့ သယ်ယူပို့ဆောင်ရေး ကဏ္ဍ | ၄၀၅,၈၀၆ | - | ၀% |
| ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍ | ၄၁၁,၇၅၁ | ၅၅,၃၂၂ | ၁၃% |
| အခြား တွင်းထွက်သတ္တုပစ္စည်း ကဏ္ဍ | ၁၂၄,၂၃၀ | ၆,၀၀၃ | ၅% |
| ပုလဲ ကဏ္ဍ | ၂,၄၉၈ | ၃၈ | ၂% |
| စုစုပေါင်း | ၁,၉၃၅,၉၄၆ | ၆၂,၇၁၈ | ၃% |

ရင်းမြစ် : တိုက်ဆိုင်ညှိနှိုင်းပြီး EITI ဒေတာအချက်အလက်

အထက်ပါဇယားအရကိန်းဂဏန်းအချက်အလက်များအား အတည်ပြုလက်မှတ်ရေးထိုးမထားပဲ တင်ပြလာသည့် ကုမ္ပဏီ များ၏ စုစုပေါင်းပေးချေမှုများသည် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍမှ အခွန်ဘဏ္ဍာငွေ၏ ၃% ကို ကိုယ်စားပြုပြီး သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ ဆုံးဖြတ်ခဲ့သည့် ကိန်းဂဏန်းပိုင်းဖြတ်ခြင်း ထက်အနည်းငယ် (၂%) ပိုများနေသည်။ သို့သော်လည်း ယင်းသို့ပိုများနေမှု၏ အကျိုးသက်ရောက်မှုကို အောက်ပါအချက်များဖြင့် လျော့ပါးသက်သာစေနိုင်ပါသည်။

- တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍ အခွန်ဘဏ္ဍာ၏ ပြည့်စုံခြင်းမှုနှင့်
- နောက်အပိုင်းတွင်အသေးစိတ်ဖော်ပြထားသည့် ကုမ္ပဏီများ၊ အစိုးရဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အကြားပေးချေမှုများအားတိုက်ဆိုင်ညှိနှိုင်းခြင်းလုပ်ငန်းစဉ်အတွင်းတွေ့ရှိခဲ့သည့်သိသာမထင်ရှားသောကွဲပြားခြားနားမှု

### အစိုးရဌာနများ

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအပါအဝင် အစိုးရဌာနများမှာမူအစီရင်ခံစာပုံစံများကို သက်ဆိုင်ရာ တာဝန်ရှိအရာရှိမှ လက်မှတ်ရေးထိုးပြီး ပြည်ထောင်စု စာရင်းစစ်ချုပ် (OAG) မှ ထပ်ချုပ်စိစစ်အတည်ပြု ရသည်ဖြစ်သည်။

၎င်းအချက်ကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ တစ်ဖက်သတ် ထုတ်ပြန်တင်ပြချက်မှ လွဲ၍ တိုက်ဆိုင်ညှိနှိုင်းခြင်း နယ်ပယ်အတိုင်းအတာအတွင်းပါဝင်ရန်ရွေးချယ်ခဲ့သည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် အစိုးရဌာနများအားလုံးကလိုက်နာဆောင်ရွက်ခဲ့ပါသည်။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ် ရေးလုပ်ငန်း၏ နယ်ပယ်အတိုင်းအတာတွင် ပါဝင်သည့် ကုမ္ပဏီများ၏ ထပ်ချုပ်စိစစ်ထားသည့် ကိန်းဂဏန်းအချက်အလက် များကိုသာလက်ခံရရှိခဲ့ပါသည်။

အစိုးရဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ အစီရင်ခံတင်ပြခဲ့သည့် တိုက်ဆိုင်ညှိနှိုင်းထားသော အခွန်ဘဏ္ဍာငွေများကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ (OAG) မှ ထပ်ချုပ်စိစစ်အတည်ပြုခဲ့သည်။

## အခွန်ဘဏ္ဍာငွေအချက်အလက်များ၏ ပြည့်စုံခြင်းမှုနှင့် ယုံကြည်စိတ်ချနိုင်မှုအပေါ် လွတ်လပ်သော အစီရင်ခံစာပြုစုသူ IA ၏ ထင်မြင်ယူဆချက်

အထက်ပါအချက်အလက်များအရ ကုမ္ပဏီများ၊ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများနှင့် အစိုးရဌာနများထံမှ တိုက်ဆိုင်ညှိနှိုင်းထားသည့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ၏ ယေဘုယျ ဘက်စုံပြည့်စုံနိုင်မှုနှင့် ယုံကြည့်စိတ်ချနိုင်မှုအပေါ် နောက်ဆုံးအကဲဖြတ်ဆန်းစစ်ချက်သည် ကျေနပ်ဖွယ် အဆင့်ရှိသည်ဟု IA မှ သုံးသပ်ထားပါသည်။

## ၁.၆။ တိုက်ဆိုင်ညှိနှိုင်းခြင်း ရလဒ်များ၏ အနှစ်ချုပ်

အစိုးရဌာနများမှ ကြေညာထားသည့် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍ ကုမ္ပဏီများထံမှ လက်ခံရရှိသည့် စုစုပေါင်း အခွန်ဘဏ္ဍာငွေသည် အစီရင်ခံစာအကျုံးဝင်သည့် ကာလအတွင်း မြန်မာငွေကျပ်သန်းပေါင်း ၁,၉၃၅,၉၄၅ သန်း ရှိသည်။ အောက်ပါဇယားနှင့် ကိန်းဂဏန်းများသည် တိုက် ဆိုင်ညှိနှိုင်းထားသော အခွန်ဘဏ္ဍာငွေများနှင့် တိုက်ဆိုင်ညှိနှိုင်းခြင်း နယ်ပယ်အတိုင်းအတာနှင့်အညီ အစိုးရမှ တစ်ဖက်သတ်ထုတ်ပြန်တင်ပြထားသည့် အခွန်ဘဏ္ဍာများကို အနှစ်ချုပ် ဖော်ပြထားပါသည်။

ဇယား ၁၇ – တွင်းထွက်သယံဇာတ ကဏ္ဍ၏ အခွန်ဘဏ္ဍာ

ကိန်းဂဏန်းများကိုမြန်မာငွေ ကျပ်သန်းပေါင်းဖြင့် ဖော်ပြထားသည်

| ကဏ္ဍခွဲ | တိုက်ဆိုင်ညှိနှိုင်းထားသည့် အခွန်ဘဏ္ဍာငွေ | တိုက်ဆိုင်ညှိနှိုင်းခြင်း နယ်ပယ်အတိုင်းအတာ အတွင်းမပါဝင်သည့် ကုမ္ပဏီများထံမှ ပေးချေမှုများ | လူမှုရေးဆိုင်ရာ ထည့်ဝင်မှုများ | စုစုပေါင်း အခွန်ဘဏ္ဍာ |
|---|---|---|---|---|
| ရေနံနှင့် သဘာဝဓါတ်ငွေ့ | ၉၈၅,၇၁၄ | - | ၅,၉၄၈ | ၉၉၁,၆၆၁ |
| ရေနံနှင့် သဘာဝဓါတ်ငွေ့ သယ်ယူပို့ဆောင်ခြင်း | ၄၀၁,၂၄၅ | - | ၄,၅၆၁ | ၄၀၅,၈၀၆ |
| ကျောက်မျက်နှင့် ကျောက်စိမ်း (တပ်မတော် လက်အောက်ခံကုမ္ပဏီများမပါ) | ၃၄၉,၂၆၄ | ၆၂,၁၀၆ | ၃၈၁ | ၄၁၁,၇၅၁ |
| အခြားတွင်းထွက် သတ္တုများ | ၁၁၀,၇၃၃ | ၄,၈၀၂ | ၈,၆၉၅ | ၁၂၄,၂၃၀ |
| ပုလဲ | ၁,၈၅၃ | - | ၆၄၄ | ၂,၄၉၈ |
| စုစုပေါင်း | ၁,၈၄၈,၈၀၉ | ၆၆,၉၀၈ | ၂၀,၂၂၉ | ၁,၉၃၅,၉၄၆ |
| % | ၉၅.၅၂% | ၃.၄၆% | ၁.၀၂% | ၁၀၀.၀၀% |

ရင်းမြစ် : တိုက်ဆိုင်ညှိနှိုင်းပြီးEITI ဒေတာအချက်အလက်

## အစိုးရဌာနများသို့ ပေးချေမှုများအား တိုက်ဆိုင်ညှိနှိုင်းခြင်း

(BDO LLP)အနေဖြင့် တွင်းထွက်သယံဇာတကုမ္ပဏီများနှင့် အစိုးရဌာနများမှ ထုတ်ပြန်ကြေညာချက်များတွင် အစီရင်ခံတင်ပြထားသည့်ပေးချေမှုများ၌ဖြစ်နိုင်ခြေရှိသောမည်သည့်ကွာဟမှုများကိုဖော်ထုတ်ရန်နှင့်ရှင်းလင်းရန်အလို့ငှာ ၎င်းတို့မှ အစီရင်ခံသည့် အခွန်များအား တိုက်ဆိုင်ညှိနှိုင်းရန်အတွက် စာချုပ်ချုပ်ဆိုထားခြင်းဖြစ်ပါသည်။ အမျိုးအစားအလိုက်ခွဲခြားဖော်ပြထားသော အစီရင်ခံချက်ကို ဤအစီရင်ခံစာ၏အပိုင်း ၅ တွင် အသေးစိတ်ဖော်ပြထားသည်။

ဇယား ၁၈ – ကဏ္ဍခွဲအလိုက် တိုက်ဆိုင်ညှိနှိုင်းခြင်း ရလဒ်

ကျပ်သန်းပေါင်း

| ကဏ္ဍခွဲ | တွင်းထွက်သယံဇာတတူးဖော်ရေး ကုမ္ပဏီများ | အစိုးရ | အပေါင်းပြ ကွာဟချက် | | အနှုတ်ပြ ကွာဟချက် | | အသားတင် ကွာဟချက် | |
|---|---|---|---|---|---|---|---|---|
| | | | ပမာဏ | % | ပမာဏ | % | ပမာဏ | % |
| ရေနံနှင့် သဘာဝဓါတ် ငွေ့ | ၉၇၀,၅၈၂.၇ | ၉၈၅,၇၁၄.၀ | ၁၂၆.၂ | ၀.၀၁ | (၁၅,၂၅၇.၅) | (၁.၅၅) | (၁၅,၁၃၁.၃) | (၁.၅၄) |
| ကျောက်မျက်နှင့် ကျောက်စိမ်း | ၃၄၅,၃၅၄.၅ | ၃၄၉,၂၆၄.၂ | ၈၅.၀ | ၀.၀၂ | (၃,၉၉၄.၇) | (၁.၁၄) | (၃,၉၀၉.၇) | (၁.၁၂) |
| ကျောက်မျက်နှင့် ကျောက်စိမ်း (တပ်မတော်လက်အောက်ခံ ကုမ္ပဏီများ) | ၈၇၀.၆ | ၈၄၆.၈ | ၂၃.၈ | ၂.၈၁ | (၀.၀) | ၀.၀၀ | ၂၃.၈ | ၂.၈၁ |

| ကဏ္ဍခွဲ | တွင်းထွက်သယံဇာတတူးဖော်ရေး ကုမ္ပဏီများ | အစိုးရ | အပေါင်းပြ ကွာဟချက် | | အနုတ်ပြ ကွာဟချက် | | အသားတင် ကွာဟချက် | |
|---|---|---|---|---|---|---|---|---|
| | | | ပမာဏ | % | ပမာဏ | % | ပမာဏ | % |
| အခြားတွင်းထွက်သတ္တုများ | ၁၀၆,၁၀၀.၈ | ၁၁၀,၇၃၂.၉ | ၃၄၀.၃ | ၀.၃၁ | (၄,၉၇၂.၄) | (၄.၄၉) | (၄,၆၃၂.၁) | ၄.၁၈ |
| ရေနံနှင့်သဘာဝဓါတ် ငွေ့ သယ်ယူပို့ဆောင်ခြင်း | ၄၀၃,၄၁၀.၄ | ၄၀၁,၂၄၄.၇ | ၂,၁၆၅.၈ | ၀.၅၄ | - | ၀.၀၀ | ၂,၁၆၅.၈ | ၀.၅၄ |
| ပုလဲ | ၁,၈၆၀.၅ | ၁,၈၅၃.၄ | ၇.၅ | ၀.၄၀ | (၀.၃) | (၀.၀၂) | ၇.၂ | ၀.၃၉ |
| စုစုပေါင်း | ၁,၈၂၈,၁၇၉.၄၉ | ၁,၈၄၉,၆၅၅.၉၅ | ၂,၇၄၈.၄၃ | ၀.၁၅ | (၂၄,၂၂၄.၈၉) | (၁.၃၁) | (၂၁,၄၇၆,၄၆) | (၁.၁၆) |

EITI အစီရင်ခံစာအတွက်အကျုံးမဝင်သည့် အသင်းအဖွဲ့ဌာနများနှင့်သက်ဆိုင်သည့် ဒေတာအချက် အလက်များ မပါဝင်ပါ

တိုက်ဆိုင်ညှိနှိုင်းမထားသော ကွာခြားချက် (၁.၁၆%) သည် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ သတ်မှတ် ထားသော အစိုးရဌာနများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ကြေညာထားသည့် စုစုပေါင်းအခွန် ဘ ဏ္ဍာ၏ နောက်ဆုံးလက်ခံနိုင်သော ကွာခြားချက် Threshold ၂% အောက်တွင် ရှိနေသည်။

ကဏ္ဍအလိုက် တိုက်ဆိုင်ညှိနှိုင်းမထားသောကွာခြားချက်အား ခွဲခြမ်းစိတ်ဖြာချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

### ရေနံနှင့်သဘာဝဓါတ်ငွေ့ ကဏ္ဍ

တိုက်ဆိုင်ညှိနှိုင်း မထားသော ကွာဟမှုစုစုပေါင်းမှာ ကျပ်သန်းပေါင်း (၁၅,၁၃၁.၃) သန်း ရှိခဲ့ပြီး အစိုးရဌာနများ မှအစီရင်ခံတင်ပြသည့် စုစုပေါင်းပေးချေမှုများ၏ (၁.၅၄%) ကို ကိုယ်စားပြုကာ နောက်ဆုံးလက်ခံနိုင်သည့် ကွာဟမှု Threshold ၂% ၏ အောက် လျော့နည်းခဲ့သည်။ ၎င်းသည် အပေါင်းပြ ကွာခြားချက် ကျပ်သန်းပါင်း ၁၂၆.၂ သန်းနှင့် အနုတ်ပြ ကွာခြားချက် ကျပ်သန်းပေါင်း (၁၅,၂၅၇.၅) သန်း တို့ကိုပေါင်းခြင်း၏ရလဒ်ဖြစ်သည်။ ယင်း တိုက်ဆိုင်ညှိနှိုင်း မထားသော ကွာဟမှုကို အောက်ပါဇယားတွင် အချုပ်ဖော်ပြထားသည်။

ဇယား ၁၉ – ရေနံနှင့် သဘာဝဓါတ်ငွေ့ ကဏ္ဍ : ထွက်ပေါ်လာသော ကွာခြားချက်များ

| ကွာခြားချက်အကြောင်းအရင်း | ကျပ်သန်းပေါင်း ပမာဏ |
|---|---|
| သယံဇာတတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီမှ ကိန်းဂဏန်းအချက်အလက်များတင်ပြမှုမရှိခြင်း (က) | (၁၅,၂၃၄.၂၆) |
| သယံဇာတတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီမှ အခွန်အခများကို မတင်ပြခြင်း (ခ) | (၄၂.၁) |
| အစိုးရဌာနမှ အခွန်အခများကိုမတင်ပြခြင်း | ၁၄၅.၁ |
| Material ကွာခြားချက်မဟုတ်ခြင်း | ၀.၀၅ |
| **စုစုပေါင်း** | **(၁၅,၁၃၁.၃)** |

ရင်းမြစ် : တိုက်ဆိုင်ညှိနှိုင်းပြီး EITI ဒေတာအချက်အလက်

### (က) သယံဇာတတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီမှ မတင်ပြခဲ့သောအစီရင်ခံစာပုံစံများ

ဤကွာခြားချက်သည် အစိုးရဌာနများမှ အစီရင်ခံတင်ပြသည့် အခွန်များနှင့်ဆက်စပ်သည်။ သို့သော်လည်း ကုမ္ပဏီများသည် ယင်းပေးချေမှုများကို ၎င်းတို့၏ အစီရင်ခံစာပုံစံများတွင် ထည့်သွင်းဖော်ပြခြင်းမရှိခဲ့ပါ။

အစိုးရဌာနများမှပေးချေမှုများကို တင်ပြထားသော်လည်း ကုမ္ပဏီ ၈ ခုတို့သည် ၎င်းတို့၏ အစီရင်ခံစာပုံစံများကို တင်ပြခဲ့ခြင်းမရှိပါ။ အဆိုပါကုမ္ပဏီများမှာ –

ကျပ်သန်းပေါင်း

| ကုမ္ပဏီ | အစိုးရဌာနများမှ အစီရင်ခံတင်ပြထားသည့် ပမာဏ |
|---|---|
| CNPC International Ltd. | (၉,၀၈၀.၆) |
| Nippon Oil Exploration (Myanmar) Ltd | (၄,၃၀၇.၂) |
| Eden Group Co.,Ltd | (၁,၁၆၆.၈) |
| Gall JJ India Ltd | (၅၀၀.၈) |
| Smart Technical services Ltd. | (၁၁၀.၇) |
| Machinery and solutions Co.,Ltd | (၄၉.၇) |
| Royal Marine Engineering Co.,Ltd | (၁၆.၂) |
| ONGC Videsh Ltd., | (၂.၀) |
| စုစုပေါင်း | (၁၅,၂၃၄.၂) |

ရင်းမြစ် : တိုက်ဆိုင်ညှိနှိုင်းပြီး EITI ဒေတာအချက်အလက်

### (ခ) တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီများမှ အစီရင်ခံတင်ပြမထားသည့် အခွန်

ဤကွာခြားချက်မှာ ပြည်တွင်းအခွန်များဦးစီးဌာနမှ အစီရင်ခံသော်လည်း ပုဂ္ဂိုလ်စုဝင်ငွေခွန် (corporate Income Tax) နှင့် တံဆိပ်ခေါင်းခွန် (Stamp Duties) များအပါအဝင် သယံဇာတတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီများမှအစီရင်မခံသော အခွန်များနှင့် ဆက်စပ်သည်။

## ကျောက်မျက်နှင့်ကျောက်စိမ်း

တိုက်ဆိုင်ညှိနှိုင်းမထားသော စုစုပေါင်းကွာခြားချက်သည် ကျပ်သန်းပေါင်း (၃,၉၀၉.၇) သန်းရှိပြီး အစိုးရဌာနများမှ အစီရင်ခံသည့် စုစုပေါင်းပေးချေမှု၏ (၁.၁၂%) ကို ကိုယ်စားပြုကာ နောက်ဆုံး လက်ခံနိုင်သည့် ကွာဟမှုThreshold ၂% အောက် လျော့နည်းသည်။ ၎င်းသည် အပေါင်းပြသောကွာခြားချက် ကျပ်သန်းပေါင်း ၈၅ သန်းနှင့် အနုတ်ပြသောကွာခြားချက် ကျပ်သန်းပေါင်း (၃,၉၉၄.၇) သန်း တို့၏ပေါင်းခြင်းဖြစ်သည်။ တိုက်ဆိုင်မညှိနှိုင်းထားသော ယင်းကွာခြားချက်များကို အောက်ပါအတိုင်းအချုပ်ဖော်ပြထားသည်။

ဇယား ၂၀ – ကျောက်မျက်နှင့်ကျောက်စိမ်း ကဏ္ဍ : ထွက်ပေါ်လာသော ကွာခြားချက်များ

| ကွာခြားချက်အကြောင်းအရင်း | စုစုပေါင်း ပေးချေမှု (ကျပ်) |
|---|---|
| တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီမှ အစီရင်ခံမထားသော အခွန် | (၄,၆၁၆,၃၇၇,၉၀၀) |
| အစိုးရဌာနမှ အစီရင်ခံမထားသော အခွန် | ၇၈၉,၈၀၂,၈၉၈ |
| တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီမှ တင်ပြမထားသော ကိန်းဂဏန်းအချက်အလက်များ | (၅၆,၀၁၀,၆၀၅) |
| Material မဟုတ်သောကွာခြားချက် < ၁.၅ သန်းကျပ် | (၂၉,၁၄၀,၀၂၁) |
| အစိုးရဌာနမှ တင်ပြမထားသော ကိန်းဂဏန်းအချက်အလက်များ | ၂,၀၀၀,၀၀၀ |
| စုစုပေါင်း ကွာခြားချက် | (၃,၉၀၉,၇၂၅,၆၂၈) |

တိုက်ဆိုင်ညှိနှိုင်းပြီး EITI ဒေတာအချက်အလက်

### (က) တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများမှ အစီရင်ခံတင်ပြမထားသည့် အခွန်

ယင်းကွာခြားချက်မှာ ကျောက်မျက်နှင့် ကျောက်စိမ်းကုမ္ပဏီများမှ ပေးချေမှုများအဖြစ် အစိုးရဌာနများမှ ကြေညာထားသည့် အခွန်များနှင့် ဆက်စပ်သည်။ သို့သော်လည်း ကုမ္ပဏီများသည် ယင်း ပေးချေမှုများကို ၎င်းတို့၏ အစီရင်ခံစာများ တွင်ထည့်သွင်းဖော်ပြရန် ပျက်ကွက်ခဲ့သည်။ ယင်းကွာခြားချက်သည် တိုက်ဆိုင်ညှိနှိုင်းခြင်းလုပ်ဆောင်ချက်အပြီး နောက်ဆုံးရှင်းလင်းထားခြင်းမရှိသော ကွာခြားချက်ကို ကိုယ်စားပြုသည်။

ကုမ္ပဏီနှင့် အခွန်အမျိုးအစားအလိုက် ယင်းကွာခြားချက် အသေးစိတ်အား အစီရင်ခံစာ၏ အပိုင်း ၅.၂.၄ တွင် ဖော်ပြထားသည်။

### (ခ) အစိုးရဌာနများမှ အစီရင်ခံတင်ပြမထားသောအခွန်

ယင်းကွာခြားချက်သည် ကျောက်မျက်နှင့်ကျောက်စိမ်းကုမ္ပဏီများမှ အစိုးရဌာနများသို့ ပေးချေမှုများအဖြစ် ကြေညာထားသည့် အခွန်များနှင့် ဆက်စပ်သည်။ သို့သော်လည်း အစိုးရဌာနများသည် ယင်းပေးချေမှုများကို ၎င်းတို့၏ ကိန်းဂဏန်းအချက်အလက်များတွင်ဖော်ပြခဲ့ခြင်းမရှိပါ။ ယင်းကွာခြားမှုသည် တိုက်ဆိုင်ညှိနှိုင်းခြင်းလုပ်ဆောင်ချက်နှင့် အတည်ပြုထားသည့် ပြင်ဆင်ချက်များထည့်သွင်းတွက်ချက်ပြီးနောက် နောက်ဆုံးရှင်းလင်းမဖော်ပြနိုင်သောကွာခြားချက်ကို ကိုယ်စားပြုသည်။

### (ဂ) တွင်းထွက်သယံဇာတကုမ္ပဏီများမှ တင်ပြမထားသည့် ကိန်းဂဏန်းအချက်အလက်များ

ဤကွာခြားမှုသည် အစိုးရဌာနများမှ ကိန်းဂဏန်းအချက်အလက်များ တင်ပြမထားသည့်ကုမ္ပဏီများအတွက် ကြေညာထားသည့် အခွန်များနှင့် ဆက်စပ်သည်။

### (ဃ) Immaterial ကွာခြားချက်များ < ၁.၅ သန်းကျပ်

ယင်းကွာခြားချက်များသည် အထက်ပါ အပိုင်း ၂.၃ တွင်ဖော်ပြထားသည့် Material Threshold သတ်မှတ်ချက် ကျပ်သန်းပေါင်း ၁,၅၀၀,၀၀၀ အောက်ကျရောက်သည့် Immaterial ကွာခြားချက်များနှင့် ဆက်စပ်သည်။

## အခြားတွင်းထွက်သတ္တုများ

စာရင်းတိုက်ဆိုင်ညှိနှိုင်းမထားသော ကွာဟချက်များသည် ကျပ်သန်းပေါင်း (၄,၆၃၂.၁) သန်းရှိပြီး အစိုးရဌာနများမှ အစီရင်ခံသည့် စုစုပေါင်းပေးချေမှု၏ (၄.၁၈%) ကို ကိုယ်စားပြုကာ နောက်ဆုံး လက်ခံနိုင်သည့် ကွာဟမှုThreshold ၂ % ထက်ပိုသည်။ ၎င်းသည် အပေါင်း ကွာဟချက် ကျပ်သန်းပေါင်း ၃၄၀.၃ သန်းနှင့် အနှုတ်ကွာဟချက် ကျပ်သန်းပေါင်း (၄,၉၇၂.၄) သန်းတို့၏ ပေါင်းခြင်းဖြစ်သည်။ ယင်း စာရင်းတိုက်ဆိုင်ညှိနှိုင်းမထားသော ကွာခြားချက်များကိုအောက်ပါ ဇယား အတိုင်း အချုပ်ဖော်ပြထားသည်။

ဇယား ၂၁ – အခြား တွင်းထွက်သတ္တုများကဏ္ဍ : ပေါ်ပေါက်လာသော ကွာခြားချက်များ

| နောက်ဆုံးကွာဟချက်များ အမျိုးအစားအလိုက် ခွဲခြမ်းဖော်ပြချက် | ကျပ်သန်းပေါင်း |
|---|---|
| တွင်းထွက်သယံဇာတထုတ်လုပ်ရေးကုမ္ပဏီများမှ တင်ပြမထားသည့် ကိန်းဂဏန်းအချက်အလက်များ | (၃,၃၅၇,၆၄၈,၄၄၅) |
| တွင်းထွက်သယံဇာတထုတ်လုပ်ရေးကုမ္ပဏီများမှ အစီရင်ခံမထားသည့် အခွန်များ | (၂,၀၃၁,၂၅၀,၆၉၆) |
| အစိုးရဌာနများမှ အစီရင်ခံမထား သည့် အခွန်များ | ၇၆၇,၁၃၅,၈၀၅ |
| နိုင်ငံခြားငွေလဲလှယ်နှုန်း ကွာခြားချက်များ | (၁၁,၁၃၀,၄၆၃) |
| Non Material ကွာခြားချက် < မြန်မာကျပ် ၅ သန်း | ၇၇၉,၀၄၇ |
| **စုစုပေါင်းကွာခြားချက်များ** | **(၄,၆၃၂,၁၁၄,၇၅၁)** |

တိုက်ဆိုင်ညှိနှိုင်းပြီး EITI ဒေတာအချက်အလက်

### (က) တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများမှ တင်ပြမထားသည့် ကိန်းဂဏန်းအချက်အလက်များ

ယင်းကွာခြားချက်များသည် အစိုးရဌာနများမှအစီရင်ခံတင်ပြထားသော်လည်း ကုမ္ပဏီများမှအစီ ရင်ခံတင်ပြမထားသည့် အခွန်များနှင့် ဆက်စပ်သည်။

ယင်းကွာခြားချက်အသေးစိတ်ကို အစီရင်ခံစာ၏ အပိုင်း ၆.၃.၃ တွင် ကုမ္ပဏီနှင့် အခွန်အမျိုးအစားအလိုက်ဖော်ပြထားသည်။

### (ခ) တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများမှ အစီရင်ခံတင်ပြမထားသည့် အခွန်များ

ဤကွာခြားမှုများသည် အစိုးရဌာနများမှ အခြားတွင်းထွက်သတ္တုကုမ္ပဏီများထံမှလက်ခံရရှိသော ပေးချေမှုများ အဖြစ်ကြေညာထားသည့် အခွန်များနှင့် ဆက်စပ်သည်။ သို့သော်လည်း ကုမ္ပဏီများအနေဖြင့် ယင်းပေးချေမှုများကို ၎င်းတို့

၏ အစီရင်ခံစာပုံစံများတွင် ထည့်သွင်းတင်ပြရန်ပျက်ကွက် ခဲ့သည်။ ယင်းကွာခြားမှုသည် တိုက်ဆိုင်ညှိနှိုင်းခြင်း လုပ်ဆောင်ချက်နှင့် အတည်ပြုပြင်ဆင်ချက်များ ထည့်သွင်းတွက်ချက်ပြီးနောက် နောက်ဆုံးရှင်းလင်းမဖော်ပြနိုင်သော ကွာခြားချက်ကို ကိုယ်စားပြုသည်။

## (ဂ) အစိုးရဌာနများမှ အစီရင်ခံတင်ပြခြင်းမရှိသည့် အခွန်များ

ဤကွာခြားချက်များသည် အခြားတွင်းထွက်သတ္တုပစ္စည်းကုမ္ပဏီများမှ အစိုးရဌာနများကို ပေးချေမှု များအဖြစ် ကြေညာထားသည့် အခွန်များနှင့် သက်ဆိုင်သည်။ သို့သော်လည်း အစိုးရဌာနများသည် ယင်းပေးချေမှုများကို ၎င်းတို့၏ အစီရင်ခံစာပုံစံများတွင် ထည့်သွင်းရန်ပျက်ကွက်ခဲ့သည်။ ယင်း ကွာခြားမှုသည် တိုက်ဆိုင်ညှိနှိုင်းခြင်းလုပ်ဆောင်ချက်နှင့် အတည်ပြုပြင်ဆင်ချက်များ ထည့်သွင်းတွက်ချက်ပြီးနောက် နောက်ဆုံးရှင်းလင်းမဖော်ပြနိုင်သော ကွာခြားချက်ကို ကိုယ်စားပြုသည်။

## (ဃ) နိုင်ငံခြားငွေလဲလှယ်နှုန်းကွာခြားချက်များ

ဤကွာခြားချက်များသည် အခြားတွင်းထွက်သတ္တုပစ္စည်းများကုမ္ပဏီမှ မြန်မာကျပ်ငွေဖြင့် ကြေညာသည့်အခွန်များနှင့် အစိုးရဌာနများမှ အမေရိကန်ဒေါ်လာဖြင့် အစီရင်ခံတင်ပြသည့် အခွန်များအကြား သက်ဆိုင်သည်။ အစိုးရဌာနများမှကြေညာသည့် ပမာဏကို နှစ်စဉ်ပျမ်းမျှ နိုင်ငံခြားငွေလဲလှယ်နှုန်း မြန်မာကျပ်/အမေရိကန်ဒေါ်လာဖြင့် ပြောင်းလဲတွက်ချက်ခဲ့ခြင်းဖြစ်သည်။

ယင်းကွာခြားချက်အသေးစိတ်ကို ကုမ္ပဏီနှင့် အခွန်အမျိုးအစားအလိုက် အစီရင်ခံစာ၏အပိုင်း ၆.၃.၃ တွင် ဖော်ပြထားသည်။

# ရေနံနှင့်သဘာဝဓါတ်ငွေ့ သယ်ယူပို့ဆောင်ခြင်း

စာရင်းတိုက်ဆိုင်မညှိနှိုင်းထားသော ကွာဟချက်မှ စုစုပေါင်း ကျပ်သန်းပေါင်း ၂,၁၆၅.၇ သန်းရှိပြီး အစိုးရဌာနမှ အစီရင်ခံထားသော စုစုပေါင်းပေးချေမှု၏ ၀.၅% ရှိကာ နောက်ဆုံး လက်ခံနိုင်သည့် အနည်းဆုံးစံသတ်မှတ်ချက် Threshold ၂% အောက်လျော့နည်းနေသည်။ စာရင်းတိုက်ဆိုင် ညှိနှိုင်းမထားသော ကွာဟချက်များကို အောက်ပါဇယားတွင် အချုပ်ဖော်ပြထားသည်။

ဇယား ၂၂ – ရေနံနှင့်သဘာဝဓါတ်ငွေ့သယ်ယူပို့ဆောင်ရေးကဏ္ဍ : ပေါ်ပေါက်လာသော ကွာဟချက်များ

| ကွာခြားချက်အကြောင်းအရင်းများ | စာရင်းတိုက်ဆိုင်ညှိနှိုင်းမထားသော ကွာခြားချက် (မြန်မာကျပ်) |
|---|---|
| နိုင်ငံခြားငွေလဲလှယ်နှုန်းကွာခြားမှုများ (က) | ၁,၂၀၉,၅၅၃,၅၄၆ |
| အစိုးရဌာနများမှ အစီရင်ခံမတင်ပြနိုင်သောအခွန်များ (ခ) | ၉၅၆,၁၈၉,၂၇၂ |
| Immaterial differences | ၂၃,၅၃၁ |
| စုစုပေါင်းကွာခြားချက်များ | ၂,၁၆၅,၇၆၆,၃၄၉ |

(က) နိုင်ငံခြားငွေလဲလှယ်နှုန်းကွာဟချက်များ

ယင်းကွာခြားချက်များသည် ပြည်တွင်းအခွန်များဦးစီးဌာနမှ အသုံးပြုသည့်ငွေလဲလှယ်နှုန်းနှင့် ကုမ္ပဏီများမှပေးချေမှုများကို အမေရိကန်ဒေါ်လာအဖြစ်ဖော်ပြသရန်ပြောင်းတွက်ရာတွင်သုံးသည့် ငွေလဲလှယ်နှုန်းအကြား ကွာခြားခြင်းရလဒ် ဖြစ်သည်။

(ခ) အစိုးရဌာနများမှအစီရင်ခံမတင်ပြနိုင်သောအခွန်များ

ဤကွာခြားမှုများသည် အစိုးရဌာနများထံသို့ပေးချေကြောင်း ကုမ္ပဏီများမှကြေညာထားသည့် အခွန်များနှင့် သက်ဆိုင်သည်။ သို့သော်လည်း အစိုးရဌာနများသည် ယင်းပေးချေမှုများကို ၎င်းတို့၏အစီရင်ခံစာပုံစံများတွင်ထည့်သွင်းဖော်ပြရန် ပျက်ကွက်ခဲ့သည်။ ကွာခြားချက်များကို ကုမ္ပဏီနှင့် အခွန်အမျိုးအစားလိုက် အောက်ပါဇယားတွင်အသေးစိတ်ဖော်ပြထားသည်။

| ကုမ္ပဏီ | SEAGP မြန်မာကျပ် | SEAOP မြန်မာကျပ် | စုစုပေါင်း မြန်မာကျပ် |
|---|---|---|---|
| MCD မှ ကောက်ခံရရှိသည့် ပိုက်လိုင်းဖြတ်သန်းခ များ | ၉၃၁,၈၄၀,၁၇၂ | | ၉၃၁,၈၄၀,၁၇၂ |
| တံဆိပ်ခေါင်းခွန် | ၁၄,၅၃၁,၂၀၀ | ၉,၈၁၇,၉၀၀ | ၂၄,၃၄၉,၁၀၀ |
| စုစုပေါင်း ကွာခြားချက်များ | ၉၄၆,၃၇၁,၃၇၂ | ၉,၈၁၇,၉၀၀ | ၉၅၆,၁၈၉,၂၇၂ |

## ပုလဲ

စာရင်းတိုက်ဆိုင်မညှိနှိုင်းထားသည့် စုစုပေါင်းကွာဟချက်များသည် ကျပ်သန်းပေါင်း ၇.၂ သန်းရှိပြီး အစိုးရဌာနများမှ အစီရင်ခံတင်ပြသည့် စုစုပေါင်းပေးချေမှုများ၏ ၀.၃၉% ရှိကာ နောက်ဆုံးလက်ခံနိုင်သည့် ကွာဟမှုThreshold ၂% အောက်လျော့နည်းသည်။ စာရင်းတိုက်ဆိုင်မညှိနှိုင်းထားသော ယင်းကွာခြားချက်များကို အောက်ပါဇယားတွင် အချုပ်ဖော်ပြထားသည်။

ဇယား ၂၃ – ပုလဲကဏ္ဍ : ပေါ်ပေါက်လာသော ကွာခြားချက်များ

| ကွာခြားချက်အကြောင်းအရင်းများ | စာရင်းတိုက်ဆိုင်ညှိနှိုင်းမထားသော ကွာခြားချက်များ (မြန်မာကျပ်) |
|---|---|
| အစိုးရဌာနဆိုင်ရာများမှ အစီရင်ခံမတင်ပြနိုင်သော အခွန်များ (က) | ၇,၄၆၅,၆၃၂ |
| သယံဇာတတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများမှ အစီရင်ခံမ တင်ပြနိုင်သော အခွန်များ | (၂၉၉,၅၄၄) |
| Immaterial Differences | (၁၁) |
| စုစုပေါင်းကွာခြားချက်များ | ၇,၁၆၆,၀၇၇ |

(က) အစိုးရဌာနများမှ အစီရင်ခံမတင်ပြနိုင်သော အခွန်များ

ဤကွာခြားချက်များသည် အစိုးရဌာနများထံသို့ပေးချေမှုများအဖြစ် ကုမ္ပဏီများမှကြေညာထားသည့် အခွန်များနှင့်သက်ဆိုင်သည်။သို့သော်အစိုးရဌာနများသည်ယင်းပေးချေမှုများကို၎င်းတို့၏အစီရင်ခံစာပုံစံများတွင် ထည့်သွင်းတင်ပြ

ရန်ပျက်ကွက်ခဲ့သည်။ အခွန်အလိုက်ကွာခြားချက်များ အသေးစိတ်ကို အောက်ပါဇယားတွင်ဖော်ပြထားသည်။

| ပေးချေငွေစီးဆင်းမှုများ | မြန်မာကျပ်ငွေဖြင့် ပမာဏ |
|---|---|
| အကောက်ခွန်များ | ၄.၆၈ |
| ပင်ရင်းမှနှုတ်ယူပေးသွင်းသည့်အခွန် | ၁.၈၆ |
| တံဆိပ်ခေါင်းခွန် | ၀.၈၀ |
| အခြားအဖိုးအခများ | ၀.၁၃ |
| **စုစုပေါင်း** | **၇.၄၇** |

**အစိုးရဌာနများကို ပစ္စည်းဖြင့် (In-kind) ပေးချေမှုများအား တိုက်ဆိုင်ညှိနှိုင်း စစ်ဆေးခြင်း**

မိမိတို့အနေဖြင့်တိုက်ဆိုင်ညှိနှိုင်းခြင်းနယ်ပယ်အတိုင်းအတာအတွင်းပါဝင်ရန်ရွေးချယ်ထားသည့်သယံဇာတတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများမှ ပေးချေသည့်ပစ္စည်းဖြင့် In-kind ပေးချေမှုများကို အစိုးရဌာနများမှလက်ခံရရှိသည့် ကုန်စည်များနှင့် တိုက်ဆိုင်စစ်ဆေးခဲ့ပြီး ကွာခြားချက်များကို အောက်ပါဇယားအတိုင်း မှတ်သားခဲ့သည်။

ဇယား ၂၄ – ပစ္စည်းအမျိုးအစားအလိုက် In-kind ပေးချေမှုများအား တိုက်ဆိုင်ညှိနှိုင်းခြင်း

| ပစ္စည်းအမျိုးအစားအလိုက် ပေးချေမှု | အစိုးရဌာန | သယံဇာတတူးဖော် ထုတ်လုပ်ရေး ကုမ္ပဏီများ | အစိုးရ | ကွာခြားချက်များ |
|---|---|---|---|---|
| ရေနံနှင့်သဘာဝဓါတ်ငွေ့ ကဏ္ဍ | | | | |
| ပစ္စည်းဖြင့် ပေးချေမှု (Barrels) | MOGE | ၁,၀၈၄,၂၃၃ | ၁,၀၈၅,၇၀၈ | (၁,၄၇၅) |
| ပစ္စည်းဖြင့် ပေးချေမှု (MMscf) | MOGE | ၇၀၆.၈၅၃ | ၇၀၆.၈၅၃ | - |
| ကျောက်မျက်နှင့်ကျောက်စိမ်း ကဏ္ဍ | | | | |
| ပစ္စည်းဖြင့်ပေး ချေမှု (ကျောက်စိမ်း ကီလို အလေးချိန်ပေါင်း) | MGE | ၁,၉၁၉ | ၅၉,၀၉၂ | (၅၇,၁၇၃) |
| သတ္တု ကဏ္ဍခွဲ | | | | |
| Gold ToZ ဖြင့် | ME(2) | ၇,၇၀၇ | ၈,၃၇၁ | (၆၆၃) |
| Tin MT ဖြင့် | ME( 2 ) | ၃၉၆ | ၄၀၀ | (၄) |
| Copper MT ဖြင့် | DOM | ၁၄,၇၀၉ | ၁၄,၇၀၉ | - |
| Nickel MT ဖြင့် | ME(1) | ၅၃၁ | ၅၃၁ | - |
| Nickel MT ဖြင့် | DOM | - | ၈၆၇ | (၈၆၇) |
| Barite MT ဖြင့် | ME(1) | ၅၁၄ | - | ၅၁၄ |
| ပုလဲကဏ္ဍခွဲ | | | | |
| ပုလဲ ကာရက်ဖြင့် | MPE | ၆၂,၅၇၂ | ၆၂,၅၇၂ | - |

## ထုတ်လုပ်မှုနှင့် တင်ပို့မှုများအား တိုက်ဆိုင်ညှိနှိုင်းခြင်း

မိမိတို့အနေဖြင့် တိုက်ဆိုင်ညှိနှိုင်းရန် နယ်ပယ်အတိုင်းအတာအတွင်းပါဝင်ရန် ရွေးချယ်ထားသော သယံဇာတတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများမှ ကြေညာ ထားသည့် ထုတ်လုပ်မှုနှင့် တင်ပို့မှု ကိန်းဂဏန်းများအား အစိုးရဌာနများမှ ကြေညာထားသည့် ကိန်းဂဏန်းများနှင့် စာရင်းတိုက်ဆိုင်ညှိနှိုင်းခဲ့ပြီး ကွာ ခြားချက်များကို အောက်ပါအတိုင်း မှတ်သားခဲ့သည်။

ဇယား ၂၅ – ရေနံနှင့် လေဆီ ထုတ်လုပ်မှု စာရင်းတိုက်ဆိုင်ညှိနှိုင်းခြင်း

| ကုမ္ပဏီ အမည် | ကုမ္ပဏီ | | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း | | ကွာခြားချက် | |
|---|---|---|---|---|---|---|
| | BBL ဖြင့် ထုတ်လုပ်သည့် ပမာဏ | အမေရိကန်ဒေါ်လာ တန်ဖိုး | BBL ဖြင့် ထုတ်လုပ် သည့် ပမာဏ | အမေရိကန် ဒေါ်လာ တန်ဖိုး | BBL ဖြင့် ထုတ်လုပ် သည့် ပမာဏ | အမေရိကန် ဒေါ်လာ တန်ဖိုး |
| GOLDPETROL JOC. Inc. | ၈၂၉,၅၄၉ | ၄၅,၄၈၈,၉၆၃ | ၈၂၉,၅၄၉ | ၄၅,၄၈၈,၉၆၃ | - | - |
| MPRL E&P | ၄၈၇,၄၉၀ | ၂၅,၈၆၄,၃၀၈ | ၄၈၇,၄၉၀ | ၂၅,၈၆၄,၃၀၈ | - | - |
| PC Myanmar (Hongkong) Limited | ၁,၆၀၃,၇၈၃ | Nc | ၁,၆၀၃,၇၈၃ | Nc | - | Nc |
| စုစုပေါင်း | ၂,၉၂၀,၈၂၂ | ၇၁,၃၅၃,၂၇၀ | ၂,၉၂၀,၈၂၂ | ၇၁,၃၅၃,၂၇၀ | - | - |

ရင်းမြစ် : EITI ဒေတာအချက်အလက်

ဇယား ၂၆ – သဘာဝဓါတ်ငွေ့ထုတ်လုပ်မှု စာရင်းတိုက်ဆိုင်ညှိနှိုင်းခြင်း

| ကုမ္ပဏီ အမည် | ကုမ္ပဏီ | | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း | | ကွာခြားချက် | |
|---|---|---|---|---|---|---|
| | Mmscf ဖြင့် ထုတ်လုပ်သည့် ပမာဏ | အမေရိကန် ဒေါ်လာ တန်ဖိုး | Mmscf ဖြင့် ထုတ်လုပ် သည့် ပမာဏ | အမေရိကန် ဒေါ်လာ တန်ဖိုး | Mmscf ဖြင့် ထုတ်လုပ် သည့် ပမာဏ | အမေရိကန် ဒေါ်လာ တန်ဖိုး |
| GOLDPETROL JOC. Inc. | | | | | - | - |
| MPRL E&P | ၇၀၇ | ၁,၁၆၈,၄၂၉ | ၇၀၇ | ၁,၁၆၈,၄၂၉ | - | - |
| PC Myanmar (Hongkong) Limited | ၈၁,၄၀၇ | | ၈၁,၄၀၇ | | - | - |
| Posco Daewoo Corporation (Myanmar E&P Office) | ၁၇၂,၀၂၃ | | ၁၇၂,၀၂၃ | | - | - |
| PTTEP International Ltd. | ၁၁၀,၇၄၈ | ၇၀၃,၉၂၁,၃၀၆ | ၁၁၄,၄၉၂ | Nc | (၃,၇၄၄) | Na |
| Total E&P Myanmar | ၂၈၁,၇၈၂ | ၁,၄၂၂,၈၆၁,၁၁၃ | ၂၈၁,၇၈၂ | Nc | - | Na |
| စုစုပေါင်း | ၆၄၆,၆၆၇ | ၂,၁၂၇,၉၅၀,၈၄၉ | ၆၅၀,၄၁၁ | ၁,၁၆၈,၄၂၉ | (၃,၇၄၄) | - |

ရင်းမြစ် : EITI ဒေတာအချက်အလက်

**(က) ရေနံနှင့် သဘာဝဓါတ်ငွေ့ ရောင်းချမှုများ**

အောက်ပါဇယားသည် ရေနံနှင့်သဘာဝဓါတ်ငွေ့ကုမ္ပဏီများနှင့် မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) အကြား အစီရင်ခံတင်ပြသော ရောင်းချမှု ကွာဟချက်များကို ဖော်ပြသည်။

ဇယား ၂၇ – ရေနံရောင်းချမှု စာရင်းတိုက်ဆိုင်ညှိနှိုင်းခြင်း

| ကုမ္ပဏီ အမည် | ရောင်းချမှု အမျိုးအစား | ကုမ္ပဏီ | | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း | | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | BBL ဖြင့် ရောင်းချသည့် ပမာဏ | အမေရိကန်ဒေါ်လာ တန်ဖိုး | BBL ဖြင့် ရောင်းချ သည့် ပမာဏ | အမေရိကန် ဒေါ်လာ တန်ဖိုး | BBL ဖြင့် ရောင်းချ သည့် ပမာဏ | အမေရိကန် ဒေါ်လာ တန်ဖိုး |
| GOLDPETROL JOC. Inc. | ပြည်တွင်း ရောင်းချမှုများ | ၅,၉၀၀ | ၃၂၃,၈၄၅ | ၅,၉၀၀ | ၃၂၃,၈၄၅ | - | - |
| PC Myanmar (Hongkong) Limited | ပြည်ပတင်ပို့ | ၁,၈၂၄,၈၀၆ | ၁၀၆,၇၃၉,၃၄၃ | ၁,၈၂၄,၈၀၆ | ၁၀၆,၇၃၉,၃၄၃ | - | - |
| စုစုပေါင်း | | ၁,၈၃၀,၇၀၆ | ၂,၁၂၇,၉၅၀,၈၄၉ | ၁,၈၃၀,၇၀၆ | ၁၀၇,၀၆၃,၁၈၈ | - | - |

ရင်းမြစ် : EITI ဒေတာအချက်အလက်

ဇယား ၂၈ – သဘာဝဓါတ်ငွေ့ တင်ပို့မှု စာရင်းတိုက်ဆိုင်ညှိနှိုင်းခြင်း

| ကုမ္ပဏီ အမည် | ရောင်းချမှု အမျိုးအစား | ကုမ္ပဏီ | | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း | | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | Mmscf ဖြင့် ရောင်းချသည့် ပမာဏ | အမေရိကန် ဒေါ်လာ တန်ဖိုး | Mmscf ဖြင့် ရောင်းချ သည့် ပမာဏ | အမေရိကန် ဒေါ်လာ တန်ဖိုး | Mmscf ဖြင့် ရောင်းချ သည့် ပမာဏ | အမေရိကန် ဒေါ်လာ တန်ဖိုး |
| PC Myanmar (Hongkong) Limited | ပြည်ပတင်ပို့ | ၇၄,၄၄၇ | ၄၈၂,၇၄၉,၆၂၁ | ၇၄,၄၄၇ | ၄၈၂,၇၄၉,၆၂၁ | - | - |
| Posco Daewoo Corporation (Myanmar E&P Office) | ပြည်ပတင်ပို့ | ၁၃၉,၉၄၀ | ၉၁၆,၂၅၅,၉၁၀ | ၁၃၉,၉၄၀ | ၉၁၆,၂၅၅,၉၁၀ | - | - |
| PTTEP International Ltd. | ပြည်ပတင်ပို့ | ၈၇,၁၇၇ | ၅၇၂,၉၆၅,၆၇၁ | ၈၇,၁၇၇ | ၅၇၂,၉၆၅,၆၇၁ | | |
| Total E&P Myanmar | ပြည်ပတင်ပို့ | ၂၁၀,၉၂၆ | ၁,၀၂၆,၄၉၄,၄၇၀ | ၂၁၀,၉၂၆ | ၁,၀၂၆,၄၉၄,၄၇၀ | | |
| စုစုပေါင်း | | ၅၁၂,၄၈၉ | ၂,၉၉၈,၄၆၅,၆၇၂ | ၅၁၂,၄၉၀ | ၂,၉၉၈,၄၆၅,၆၇၂ | - | - |

ရင်းမြစ် : EITI ဒေတာအချက်အလက်

## ပြည်တွင်း သဘာဝဓါတ်ငွေ့ ရောင်းချမှု စာရင်းတိုက်ဆိုင်ညှိနှိုင်းခြင်း

ဇယား ၂၉ – ပြည်တွင်း သဘာဝဓါတ်ငွေ့ ရောင်းချမှု စာရင်းတိုက်ဆိုင်ညှိနှိုင်းခြင်း

| ကုမ္ပဏီ အမည် | ရောင်းချမှု အမျိုးအစား | ကုမ္ပဏီ | | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း | | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | Mmscf ဖြင့် ရောင်းချသည့် ပမာဏ | တန်ဖိုး | Mmscf ဖြင့် ရောင်းချ သည့် ပမာဏ | တန်ဖိုး | တင်ပို့သည့် ပမာဏ | အမေရိကန် ဒေါ်လာ တန်ဖိုး |
| Posco Daewoo Corporation (Myanmar E&P Office) | ပြည်တွင်းရောင်းချမှု | ၂၆,၁၅၉ | ၁၇၀,၄၃၂,၂၉၈ | ၂၆,၁၅၉ | ၁၇၀,၄၃၂,၂၉၈ | - | - |
| PTTEP International Ltd. | ပြည်တွင်းရောင်းချမှု | ၂၃,၅၇၁ | ၁၃၀,၉၅၅,၆၃၅ | ၂၃,၅၇၁ | ၁၃၀,၉၅၅,၆၃၅ | - | - |
| Total E&P Myanmar | ပြည်တွင်းရောင်းချမှု | ၆၄,၈၈၈ | ၂၀၄,၇၃၆,၈၆၆ | ၆၄,၈၈၉ | ၂၀၄,၇၃၆,၈၆၆ | | |
| စုစုပေါင်း | | ၁၁၄,၆၁၈ | ၅၀၆,၁၂၄,၇၉၉ | ၁၁၄,၆၁၉ | ၅၀၆,၁၂၄,၇၉၉ | - | - |

## အမှန်တကယ် MGE, ကျောက်မျက်နှင့် ကျောက်စိမ်း ထုတ်လုပ်မှု

ဇယား ၃၀ – ကျောက်မျက်နှင့်ကျောက်စိမ်းထုတ်လုပ်မှု

| ထုတ်လုပ်မှု | ကုမ္ပဏီ | | MGE | | ကွာဟချက် | |
|---|---|---|---|---|---|---|
| | ပမာဏ | ယူနစ် | ပမာဏ | ယူနစ် | ပမာဏ | ယူနစ် |
| ကျောက်မျက် | ၂၃၁,၉၈၂ | ကာရက် | ၅၉၉,၁၁၉ | ကာရက် | (၃၆၇,၁၃၈) | ကာရက် |
| | ၁၇၄,၅၇၉ | ကီလိုဂရမ် | ၃၃ | ကီလိုဂရမ် | ၁၇၄,၅၄၇ | ကီလိုဂရမ် |
| ကျောက်စိမ်း | ၁၅,၅၀၄,၂၃၇ | ကီလိုဂရမ် | ၂၁,၉၄၂,၁၁၂ | ကီလိုဂရမ် | (၆,၄၃၇,၈၇၅) | ကီလိုဂရမ် |

ရင်းမြစ် : EITI ဒေတာအချက်အလက်

# အမှန်တကယ် MGE, ကျောက်မျက်နှင့် ကျောက်စိမ်း အရောင်းပြပွဲရောင်းချရမှုများ

ဇယား ၃၁ – ကျောက်မျက်နှင့်ကျောက်စိမ်း အရောင်းပြပွဲရောင်းချရမှုများ

| ရောင်းချမှု | | ကုမ္ပဏီအလိုက် | | | | အစိုးရ အလိုက် | | | | နောက်ဆုံး ကွာခြားချက် | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ယူရိုဖြင့် ရောင်းချမှု | | မြန်မာကျပ်ဖြင့်ရောင်းချမှု | | ယူရိုဖြင့် ရောင်းချမှု | | မြန်မာကျပ်ဖြင့်ရောင်းချမှု | | ယူရိုဖြင့် ရောင်းချမှု | | မြန်မာကျပ်ဖြင့်ရောင်းချမှု | |
| | | ထုထည် | တန်ဖိုး | ထုထည် | တန်ဖိုး | ထုထည် | တန်ဖိုး | ထုထည် | တန်ဖိုး | ထုထည် | တန်ဖိုး | ထုထည် | တန်ဖိုး |
| ကျောက်မျက် | ကာရက်ဖြင့် | ၆၉,၉၈၅ | ၇၄၉,၅၉၈ | ၂၃၄,၆၃၀ | ၃,၇၃၂,၂၈၅,၆၇၉ | ၄၃၀,၁၃၄ | ၁,၁၈၈,၂၀၆ | ၂၈၀,၃၈၅ | ၃,၅၃၇,၇၂၅,၆၁၃ | -၃၆၀,၁၄၉ | -၄၃၈,၆၀၈ | -၄၆,၇၅၄ | ၁၉၄,၆၆၀,၀၆၆ |
| | ကီလိုဖြင့် | ၁၈၅ | ၃၅၃,၃၉၂ | ၂၇,၇၅၆ | ၁,၂၆၇,၀၄၃,၇၇၄ | ၁၅၄ | ၅၈၆,၉၇၄ | ၄ | - | ၃၀ | -၂၃၃,၅၈၂ | ၂၇,၇၅၂ | ၁,၂၆၇,၀၄၃,၇၇၄ |
| ကျောက်စိမ်း | ကီလိုဖြင့် | ၂,၉၅၄,၇၇၀ | ၁,၁၉၃,၇၁၁,၈၂၉ | ၃,၂၅၄,၀၄၈ | ၇၀,၁၄၉,၀၉၅,၀၉၅ | ၃,၆၄၁,၆၂၇ | ၆၄၆,၇၃၃,၇၂၃ | ၂,၇၄၉,၄၃၄ | ၂၇,၃၈၄,၁၇၈,၀၉၄ | -၆၈၆,၈၅၇ | ၅၄၆,၉၇၈,၁၀၆ | ၅၀၄,၆၁၄ | ၄၂,၇၆၄,၉၁၇,၀၀၁ |

ရင်းမြစ် : EITI ဒေတာအချက်အလက်

# အခြား တွင်းထွက်သတ္တုထုတ်လုပ်မှု

ဇယား ၃၂ – အခြား တွင်းထွက် ဓါတ်သတ္တုထုတ်လုပ်မှု

| ထုတ်လုပ်သော သတ္တုအမျိုးအစား | ကုမ္ပဏီ | | MONERC | | ကွာခြားချက် | |
|---|---|---|---|---|---|---|
| | ပမာဏ | ယူနစ် | ပမာဏ | ယူနစ် | ပမာဏ | ယူနစ် |
| Bauxite | | MT | ၁၃၄,၄၃၇ | MT | -၁၃၄,၄၃၇ | MT |
| Cathode Copper | ၁၄၁,၅၁၂ | MT | ၁၂၄,၇၃၀ | MT | ၁၆,၇၈၂ | MT |
| Clay | | MT | ၉၇,၄၉၀ | MT | -၉၇,၄၉၀ | MT |
| Coal | ၄၁၃,၉၅၁ | MT | ၆၈၉,၉၈၂ | MT | -၂၇၆,၀၃၁ | MT |
| Copper one | ၁,၃၈၀ | MT | ၂,၃၈၀ | MT | -၁,၀၀၀ | MT |
| FERRONICKEL | ၆၁,၂၉၂ | MT | ၆၂,၃၆၇ | MT | -၁,၀၇၅ | MT |
| Gold | ၁၈,၈၉၆ | MT | ၄၄,၄၆၅ | MT | -၂၅,၅၆၉ | Toz |
| Granite | | MT | ၃၃၀ | MT | -၃၃၀ | MT |
| Gypsum | ၃,၅၀၀ | MT | ၂၈၄,၈၀၈ | MT | -၂၈၁,၃၀၈ | MT |
| Iron ore | | MT | ၉၅၀ | MT | -၉၅၀ | MT |
| Lead ore | ၂၅,၉၅၄ | MT | ၃၅,၂၇၃ | MT | -၉,၃၁၉ | MT |
| Limestone | ၂,၈၂၉,၉၁၂ | MT | ၇,၇၃၄,၃၇၄ | MT | -၄,၉၀၄,၄၆၂ | MT |
| Marble | ၃,၇၃၀ | MT | ၉,၆၈၀ | MT | -၅,၉၅၀ | MT |

| ထုတ်လုပ်သော သတ္တုအမျိုးအစား | ကုမ္ပဏီ | | MONERC | | ကွာခြားချက် | |
|---|---|---|---|---|---|---|
| | ပမာဏ | ယူနစ် | ပမာဏ | ယူနစ် | ပမာဏ | ယူနစ် |
| Tin & tungsten | ၉၁၇ | MT | ၁,၂၃၈ | MT | -၃၂၀ | MT |
| Zinc | ၁၈,၀၆၉ | MT | ၁၃,၃၈၅ | MT | ၄,၆၈၄ | MT |

ရင်းမြစ် : EITI ဒေတာအချက်အလက်

## အခြား တွင်းထွက်ဓါတ်သတ္တုတင်ပို့မှုများ

ဇယား ၃၃ – အခြားတွင်းထွက်ဓါတ်သတ္တုတင်ပို့မှုများ

| သတ္တုအမျိုးအစား | ကုမ္ပဏီ | | | | MONREC | | | | ကွာခြားချက်များ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | ပမာဏ | ယူနစ် | တန်ဖိုး | ငွေသား | ပမာဏ | ယူနစ် | တန်ဖိုး | ငွေသား | ပမာဏ | တန်ဖိုး | ငွေသား |
| Antimoni Concentrate | | | | USD | ၃၃၀ | MT | ၃၄၀,၃၈၀ | USD | -၃၃၀ | -၃၄၀,၃၈၀ | USD |
| Cathode Copper | ၁၀၀,၆၈၂ | MT | ၆၁၉,၄၂၉,၂၈၈ | USD | ၉၅,၄၀၀ | Mt | ၅၉၈,၃၈၉,၃၅၀ | USD | ၅,၂၈၂ | -၂၁,၀၃၉,၉၃၈ | USD |
| Coal | ၂,၂၁၅ | MT | ၇၉,၇၄၀ | USD | | | | | ၂,၂၁၅ | ၇၉,၇၄၀,၀၀၀ | USD |
| FERRONICKEL | ၈၀,၅၂၇ | MT | ၂၉၁,၉၅၈,၂၄၉ | USD | ၈၃,၇၄၈ | MT | ၈၅၃,၉၇၉,၃၅၉ | USD | -၃,၂၂၁ | -၅၆၂,၀၂၁,၁၁၀ | USD |
| Iron ore | | | | USD | ၁၀,၈၃၀ | MT | ၄၈၆,၀၇၀ | USD | -၁၀,၈၃၀ | -၄၈၆,၀၇၀ | USD |
| Lead | ၁၈,၄၄၀ | MT | ၃,၁၂၁,၆၉၃ | USD | ၄၄,၀၃၃ | MT | ၄,၄၁၆,၄၄၀ | USD | -၂၅,၅၉၃ | -၁,၂၉၄,၇၄၇ | USD |
| Marble | ၁,၂၆၇ | MT | ၆၈၇,၃၄၀ | USD | ၁,၂၈၉ | MT | ၆၉၀,၉၅၄ | USD | -၂၂ | -၃,၆၁၄ | USD |
| Tin & Tungsten | ၂၈၂ | MT | ၁,၉၂၂,၁၄၀ | USD | ၈၇၀ | MT | ၃,၂၅၅ | MMK | -၅၈၈ | N/A | N/A |
| Zinc | ၂၇,၅၈၈ | MT | ၁,၀၁၄,၂၄၈,၃၇၈ | USD | ၂၇,၅၈၈ | MT | ၁,၀၁၄,၂၄၈,၃၇၈ | USD | - | - | USD |

ရင်းမြစ် : EITI ဒေတာအချက်အလက်

ကုမ္ပဏီနှင့် အခွန် အမျိုးအစားအလိုက် တိုက်ဆိုင်ညှိနှိုင်းချက်နှင့် ပြင်ဆင်ချက်အသေးစိတ်များကို အစီရင်ခံစာ၏ အပိုင်း ၆ တွင် ဖော်ပြထားသည်။

## နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ အစိုးရဌာနများသို့ ပေးချေမှုများနှင့် လွှဲပြောင်းမှုများအား တိုက်ဆိုင်ညှိနှိုင်းခြင်း

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ အစိုးရဌာနများသို့ ပေးချေမှုများနှင့် လွှဲပြောင်းမှုများအား လိုက်လံစိစစ်ရာတွင် မိမိတို့အနေဖြင့် ပေးချေမှုစုစုပေါင်း ၏ (၀.၁၂၇%) ကို ကိုယ်စားပြုသည့် စုစုပေါင်းကွာခြားချက် ကျပ်သန်းပေါင်း ၈၄၉.၉ သန်း နှင့် စုစုပေါင်းလွှဲပြောင်းမှု၏ ၀.၀၀၀၆၂% ကို ကိုယ်စားပြုသည့် ကွာ ခြားချက်သန်းပေါင်း ၈.၅ သန်း တို့ကို တွေ့ရှိခဲ့သည်။

ဇယား ၃၄ – နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပေးချေမှုနှင့် လွှဲပြောင်းမှုများအား တိုက်ဆိုင်ညှိနှိုင်းခြင်း

| | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအလိုက် | | | အစိုးရ အလိုက် | | | နောက်ဆုံးကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | မူရင်း | ချိန်ညှိ | နောက်ဆုံး | မူရင်း | ချိန်ညှိ | နောက်ဆုံး | | % |
| စုစုပေါင်း ငွေသား ပေးချေမှု | ၆၈၃,၈၂၆,၇၉၁,၉၂၀ | (၁၆,၇၉၈,၂၂၄,၁၅၂) | ၆၆၇,၀၂၈,၅၆၇,၇၆၈ | ၆၆၇,၈၇၈,၅၃၅,၃၄၉ | - | ၆၆၇,၈၇၈,၅၃၅,၃၄၉ | (၈၄၉,၉၆၇,၅၈၁) | (၀.၁၂၇%) |
| အကောက်ခွန်ဦးစီး ဌာန (MCD) | ၂၆,၅၄၁,၇၀၈,၂၁၆ | (၁၆,၇၉၈,၂၂၄,၁၅၂) | ၉,၇၄၃,၄၈၄,၀၆၄ | ၉,၉၆၅,၈၄၆,၇၄၃ | - | ၉,၉၆၅,၈၄၆,၇၄၃ | (၂၂၂,၃၆၂,၆၇၉) | - |
| အကောက်ခွန်များ | ၉,၇၄၃,၄၈၄,၀၆၄ | | ၉,၇၄၃,၄၈၄,၀၆၄ | ၉,၉၆၅,၈၄၆,၇၄၃ | | ၉,၉၆၅,၈၄၆,၇၄၃ | (၂၂၂,၃၆၂,၆၇၉) | |
| ကုန်သွယ်ခွန် | ၁၆,၇၉၈,၂၂၄,၁၅၂ | (၁၆,၇၉၈,၂၂၄,၁၅၂) | - | - | | - | - | |
| ပြည်တွင်းအခွန်ဦးစီး ဌာန (IRD) | ၆၅၇,၂၈၅,၀၈၃,၇၀၄ | - | ၆၅၇,၂၈၅,၀၈၃,၇၀၄ | ၆၅၇,၉၁၂,၆၈၈,၆၀၆ | - | ၆၅၇,၉၁၂,၆၈၈,၆၀၆ | (၆၂၇,၆၀၄,၉၀၂) | - |
| ပုဂ္ဂိုလ်စုဝင်ငွေခွန် | ၂၁၁,၁၈၈,၃၇၉,၀၀၀ | | ၂၁၁,၁၈၈,၃၇၉,၀၀၀ | ၂၁၁,၁၈၈,၆၁၀,၆၅၀ | | ၂၁၁,၁၈၈,၆၁၀,၆၅၀ | (၂၃၁,၆၅၀) | |
| MOGE နှင့်စာချုပ်ချုပ်ဆိုထားသူများ ရောင်းချမှုအတွက် ကုန်သွယ်ခွန် | ၁၅၂,၅၈၉,၈၅၂,၂၃၇ | | ၁၅၂,၅၈၉,၈၅၂,၂၃၇ | ၁၅၃,၆၅၅,၆၀၉,၃၉၆ | | ၁၅၃,၆၅၅,၆၀၉,၃၉၆ | (၁,၀၆၅,၇၅၇,၁၅၉) | |
| အထူးကုန်စည်ခွန် | ၂၉၃,၅၀၃,၈၃၆,၄၇၇ | | ၂၉၃,၅၀၃,၈၃၆,၄၇၇ | ၂၉၃,၀၆၅,၄၅၂,၅၇၀ | | ၂၉၃,၀၆၅,၄၅၂,၅၇၀ | ၄၃၈,၃၈၃,၉၀၇ | |
| အခြေပစ္စည်းမှ မြတ်စွန်းငွေပေါ်အခွန် | ၃,၀၁၅,၉၉၀ | | ၃,၀၁၅,၉၉၀ | ၃,၀၁၅,၉၉၀ | | ၃,၀၁၅,၉၉၀ | - | |
| လူမှုရေးဆိုင်ရာ ပေးချေမှုများ | ၃,၄၀၈,၀၄၇,၈၄၄ | | ၃,၄၀၈,၀၄၇,၈၄၄ | | | - | | |
| မိမိဆန္ဒအလျောက် လူမှုအကျိုးစီးပွား တာဝန်ယူ မှုများ | ၃,၄၀၈,၀၄၇,၈၄၄ | | ၃,၄၀၈,၀၄၇,၈၄၄ | | | - | | |
| -လွှဲပြောင်းမှုများ | ၁,၂၉၉,၄၈၉,၆၅၉,၄၂၀ | - | ၁,၂၉၉,၄၈၉,၆၅၉,၄၂၀ | ၁,၂၉၉,၄၉၇,၇၁၄,၇၂၃ | - | ၁,၂၉၉,၄၉၇,၇၁၄,၇၂၃ | (၈,၀၅၅,၃၀၃) | ၀.၀၀၀၆၂% |
| OGDP ထံ လွှဲပြောင်းမှုများ | ၃၅၂,၈၇၄,၄၃၅,၇၂၃ | | ၃၅၂,၈၇၄,၄၃၅,၇၂၃ | ၃၅၂,၈၇၄,၄၃၅,၇၂၃ | | ၃၅၂,၈၇၄,၄၃၅,၇၂၃ | - | |
| ငွေတိုက်ဦးစီးဌာနသို့ လွှဲပြောင်းပေးမှု (နိုင်ငံတော်သို့ ထည့်ဝင်ငွေ ၂၀%) | ၁၇၁,၉၃၇,၆၀၂,၀၀၀ | | ၁၇၁,၉၃၇,၆၀၂,၀၀၀ | ၁၇၁,၉၃၇,၆၀၂,၀၀၀ | | ၁၇၁,၉၃၇,၆၀၂,၀၀၀ | - | |
| UFA အခြားအကောင့်များသို့ လွှဲပြောင်းပေးမှုများ | ၇၇၄,၆၇၇,၆၂၁,၆၉၇ | | ၇၇၄,၆၇၇,၆၂၁,၆၉၇ | ၇၇၄,၆၈၅,၆၇၇,၀၀၀ | | ၇၇၄,၆၈၅,၆၇၇,၀၀၀ | (၈,၀၅၅,၃၀၃) | |
| UFA OA အဖွင့်စာရင်း ကျန်ငွေ | ၆,၄၉၀,၂၃၇,၆၄၄,၈၂၅ | | ၆,၄၉၀,၂၃၇,၆၄၄,၈၂၅ | ၆,၄၈၉,၉၉၀,၁၄၅,၃၆၁ | | ၆,၄၈၉,၉၉၀,၁၄၅,၃၆၁ | ၂၄၇,၄၉၉,၄၆၄ | |

ရင်းမြစ် : ချိန်ညှိပြီး SOE နှင့် BD ဒေတာအချက်အလက်

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအလိုက် အသေးစိတ်ဖော်ပြထားသော တိုက်ဆိုင်ညှိနှိုင်းထားချက်ကို အစီရင်ခံစာ၏ အပိုင်း ၆.၆ တွင်ဖော်ပြထားသည်

## ၁.၇။ တွေ့ရှိချက်များနှင့် အကြံပြုချက်များ

မိမိတို့အနေဖြင့် တွေ့ရှိချက်များဖော်ထုတ်ခဲ့ပြီး မြန်မာနိုင်ငံရှိ EITI လုပ်ငန်းစဉ်နှင့် တွင်းထွက်သယံဇာတတူး ဖော်ထုတ်လုပ်ရေး ကဏ္ဍ၏ စီမံအုပ်ချုပ်မှုနှင့် အခွန်ဘဏ္ဍာ စီမံခန့်ခွဲမှုတို့ တိုးတက်ကောင်းမွန်လာစေ ရန် မျှော်မှန်း၍ အကြံပြုချက်များအားဖော်ပြထားပါသည်။ တွေ့ရှိချက်များကို အောက်ပါအတိုင်း အချုပ်ဖော်ပြထားပါသည်။

ယင်းတွေ့ရှိချက်များနှင့် ဆက်စပ်သောအကြံပြုချက်များကို ဤအစီရင်ခံစာ၏ အပိုင်း ၇ တွင် အသေးစိတ် ဖော်ပြ ထားပါသည်။

| စဉ် | တွေ့ရှိချက် ခေါင်းစဉ်များ |
|---|---|
| ၁ | အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု သတင်းအချက်အလက်ပြည့်စုံမှု |
| ၂ | ချေးငွေစာချုပ်များ ထုတ်ပြန်ကြေညာခြင်း |
| ၃ | မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (MPA) ကို နယ်ပယ်အတိုင်းအတာအတွင်းပါဝင်ထည့်သွင်း ခြင်း |
| ၄ | မြန်မာနိုင်ငံအတွင်းရှိ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းလိုင်စင်များ ချထားပေးခြင်းနှင့် လွှဲပြောင်းပေးခြင်းလုပ်ငန်းစဥ်များတွင် အ ကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အချက်အလက်များဖွင့်ဟဖော်ထုတ်ခြင်း အား မဖြစ်မနေလုပ်ရသော အရာအဖြစ် ထည့်သွင်းဆောင်ရွက်ခြင်း |
| ၅ | EITI သတင်းအချက်အလက်များအား စနစ်တကျ ဖွင့်ဟဖော်ထုတ်ခြင်း အား အကောင် အထည်ဖော်ဆောင်ရွက်ခြင်း |
| ၆ | အစီရင်ခံစာပုံစံများ အား တင်သွင်းခြင်း |
| ၇ | ရေနံနှင့် သဘာဝဓါတ်ငွေ့ အသေးစားတစ်နိုင်တစ်ပိုင် (ရေနံလက်ယက်တွင်း)ကဏ္ဍနှင့်ပတ်သက်သည့် သတင်းအချက် အလက် များ မရရှိနိုင်ခြင်း |
| ၈ | သီးခြားငွေစာရင်းများ (OA) များခွဲဝေသုံးစွဲခြင်းနှင့် လူမှုအကျိုးစီးပွားတာဝန်ယူမှု CSR အသုံးစရိတ်များ တွက် ချက်ခြင်း : |
| ၉ | ၂၀၁၉ EITI စံနှုန်းများအား အကောင်အထည်ဖော်ခြင်း |

Tim Woodward

Partner

BDO LLP

30 March 2020

# ၂။ အကြံပြုချက်များ

အောက်ပါအကြံပြုချက်များသည် ၂၀၁၇-၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ EITI အစီရင်ခံစာ အားပြုစုရေးသားရန်အတွက် နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းနှင့် တိုက်ဆိုင်ညှိနှိုင်းခြင်းအဆင့်များတွင် မိမိတို့လေ့လာတွေ့ ရှိခဲ့သည့်တွေ့ရှိချက်များနှင့် အားနည်းချက်များပေါ်တွင် အခြေခံသည်။ တစ်ချိန်တည်း၌ပင် မြန်မာနိုင်ငံအတွင်းတွင် ပြုပြင်ပြောင်းလဲရေးအမြောက်အများကိုအကောင်အထည်ဖော်လျက်ရှိပြီး အချို့တို့မှာ အောက်တွင်အသေးစိတ်ဖော်ပြထားသော အကြံပြုချက်များအတွက် ပြုပြင်ဆောင်ရွက်ခြင်း ဖြစ်နိုင်သည်။ အကောင်အထည်ဖော်ပြီးစီးသောနှင့် ဆက်လက်အကောင်အထည်ဖော်လျက်ရှိသော ပြုပြင်ပြောင်းလဲခြင်းများအကြောင်း အသေးစိတ်ကို အစီရင်ခံစာ၏ အပိုင်း ၃.၄ တွင် ဖော်ပြထားသည်။ ထို့ကြောင့် အောက်ဖော်ပြပါ အကြံပြုချက်များကို အကောင်အထည်ဖော်လျက်ရှိသော ပြုပြင်ပြောင်းလဲရေး အမျိုးမျိုးနှင့် ဆက်စပ်စဉ်းစားကာ အကောင်အထည်ဖော်ရမည်ဖြစ်သည်။

## ၂.၁။ ယခုနှစ် အကြံပြုချက်များ

မိမိတို့အနေဖြင့် အချို့အရာများကိုတွေ့ရှိခဲ့ပြီး မြန်မာနိုင်ငံအတွင်းရှိ EITI လုပ်ငန်းစဉ်နှင့် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍ၏စီမံအုပ်ချုပ်မှုနှင့် အခွန်ဘဏ္ဍာစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရန် မျှော်မှန်း၍ အကြံပြုချက်များပေးအပ်ပါသည်။ တွေ့ရှိချက်များကို အောက်ဖော်ပြပါအတိုင်း အနှစ်ချုပ်ဖော်ပြနိုင်သည်။

### ၂.၁.၁။ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုသတင်းအချက်အလက်များရရှိနိုင်မှု

EITI လိုအပ်ချက် ၃.၁၁ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု - "အကောင်အထည်ဖော်သောနိုင်ငံများအနေဖြင့် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ယှဉ်ပြိုင်သည့်၊ လုပ်ငန်းလုပ်ကိုင်သည့် သို့မဟုတ် ရင်းနှီးမြှုပ်နှံသည့် ကော်ပိုရိတ်စီးပွားရေး အသင်းအဖွဲ့(များ)၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများအား မည်သူမည်ဝါ(များ) ဖြစ်သည်နှင့် အကျိုးအမြတ်ပိုင်ဆိုင်မှုအဆင့်တို့ကို မှတ်ပုံတင်ထားသည့်အချက်အလက်များအား အများပြည်သူရယူလက်လှမ်းမီနိုင်အောင် စီစဉ်ထားရှိရန်အကြံပြုသည်။ သတင်းအချက်အလက်များ၊ ဥပမာ - ကော်ပိုရိတ်စီးပွားရေးလုပ်ငန်း စည်းမျဉ်းချမှတ်သူများနှင့် စတော့အိတ်ချိန်းများသို့ ဖိုင်တွဲအချက်အလက်များဖြည့်သွင်းခြင်းမှတဆင့်ကို အများပြည်သူ လက်လှမ်းမီနိုင်ပြီးဖြစ်လျှင် EITI အစီရင်ခံစာသည် ယင်းသတင်းအချက်အလက်အား မည်သို့ရယူနိုင်ကြောင်း လမ်းညွှန်ချက်ပါဝင်သင့်သည်"။

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ သည် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သော ၂၅ ကြိမ်မြောက်သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ဆောက်ရွက်ချက်တို့ကို သဘာတူညီခဲ့သည်။

- ❖ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုသတင်းအချက်အလက်ကောက်ယူခြင်း အဆင့် ၁ မှ ကုမ္ပဏီများ အနေဖြင့် ၎င်းတို့၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုသတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီ ပြင်ဆင်ရန်နှင့်၊
- ❖ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုသတင်းအချက်အလက်ကောက်ယူခြင်း အဆင့် ၁ တွင်မပါဝင်ခဲ့ သော ၅ ကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာ နယ်ပယ်အတိုင်းအတာအတွင်းမှ ထပ်တိုးကုမ္ပဏီများအတွက် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု သတင်းအချက်အလက်များ အားကောက်ယူရန်။

ဆိုလိုသည်မှာ နယ်ပယ်အတိုင်းအတာအတွင်းပါဝင်သည့် ကုမ္ပဏီများအနေဖြင့် ဖြည့်သွင်းပေးပို့ရန်လိုအပ်သည့် ကိန်းဂဏန်းအချက်အလက်များတွင် ယင်းအချက်အလက်များကို မတောင်းခံခဲ့သော်လည်း ယင်းအတွက်သီးသန့် ပြုစုခဲ့

သည့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အစီရင်ခံစာမှ ကောက်နုတ်ဖော်ပြမည်ဖြစ်ပါသည်။

အတိုင်ပင်ခံ Charlotte Boyer ပြုစုသည့်၂၀၂၀ ခုနှစ် ဇန်နဝါရီလ ရက်စွဲပါ ပထမအကြိမ်မြန်မာနိုင်ငံ EITI အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ ဖော်ဆောင်ရေးလုပ်ငန်းစဉ်မှရရှိလာသည့် အချက်အလက်များအပေါ်သုံးသပ်ချက်အား မိမိတို့အနေဖြင့် လက်ခံရရှိပြီးဖြစ်သည်။ ယင်းအစီရင်ခံစာတွင် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာ (၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်)၏ နယ်ပယ်အတိုင်းအတာအတွင်း ပါဝင်သည့်ကုမ္ပဏီပေါင်း ၁၆၂ ခု တို့ထံမှ ၎င်းတို့၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများအား အွန်လိုင်းပုံစံမှတဆင့် ၂၀၁၉ခုနှစ်အောက်တိုဘာ ၂၈ ရက်နေ့နှင့် နိုဝင်ဘာလ ၈ ရက်နေ့အတွင်းထုတ်ဖော်ပေးရန်တောင်းခံခဲ့ပါသည်။

ဖေဖော်ဝါရီလ ၂၀ ရက်စွဲပါ Charlotte ၏ နောက်ဆုံးအစီရင်ခံစာတွင် “ကုမ္ပဏီ ၁၂၁ ခု သို့မဟုတ် ၇၄% တို့သည် ၎င်းတို့၏ ဖောင်ပုံစံများကို အချိန်မီဖြည့်စွက်တင်သွင်းခဲ့သည်။ တင်သွင်းလာသော ဖောင်များတွင် ၈၀ ခု တို့သည် ရှေ့နောက်ဆီလျော်မှုနက်နမှုရှိသော သတင်းအချက်အလက်များဖြင့် အပြည့်အစုံဖြည့်စွက်ထားပြီး ၁၀ ခုတို့မှာ အသေးစားအမှားများသို့ချန်လှပ်ခြင်းများပါဝင်သည့် အမျိုးအစားအဖြစ်လည်းကောင်း၊ ၃၁ ခုတို့မှာ ဒေတာအချက်အလက်များ၏ ယုံကြည်စိတ်ချနိုင်မှု လျော့နည်းစေသော သို့မဟုတ် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ လိုအပ်ချက်များအား ကောင်းမွန်စွာ နားလည်သဘောမပေါက်ကြောင်းထင်ဟပ်စေသည့် သိသာထင်ရှားသောလစ်လပ်ချက်များ ပါဝင်သည့် အမျိုးအစားအဖြစ်လည်းကောင်းတွေ့ရသည်။ စုစုပေါင်းအားဖြင့် အကျိုးအမြတ်ရရှိပိုင်ဆိုင် သူ ၂၇၀ ဦး တို့ကို အစီရင်ခံထားပြီး ၂၆၁ ဦးတို့မှာ လူပုဂ္ဂိုလ်များဖြစ်ကြသည်။ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ၏ ၉၀% သည်လူပုဂ္ဂိုလ်များဖြစ်ကြပြီး အစုရှယ်ယာတိုက်ရိုက်ပိုင်ဆိုင်ခြင်းမှတစ်ဆင့် ၎င်းတို့၏ကုမ္ပဏီများကိုထိန်းချုပ်ထားပါသည်။ ကုမ္ပဏီအများစုမှာ လွယ်ကူရှင်းလင်းသောပုံစံဖြင့် ဖွဲ့စည်းထားပြီး အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများသည် အစုရှယ်ယာပိုင်ရှင်များဖြစ်ကြောင်း။ “ ဟုဖော်ပြထားသည်။ အောက်ပါဇယားသည် ကဏ္ဍအလိုက် ကုမ္ပဏီများ တင်ပြချက်များ၏ အခြေအနေကို ဖော်ပြသည်။

| ကဏ္ဍခွဲ | တင်ပြမထားသော အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု | တင်ပြထားသော အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု | စုစုပေါင်း | % |
|---|---|---|---|---|
| ကျောက်မျက်နှင့် ကျောက်စိမ်း | ၁၅ | ၆၈ | ၈၃ | ၈၁% |
| သတ္တုတွင်း | ၁၀ | ၂၀ | ၃၀ | ၆၈% |
| ရေနံနှင့် သဘာဝဓါတ်ငွေ့ | ၁၂ | ၁၉ | ၃၁ | ၆၁% |
| ရေနံနှင့် သဘာဝဓါတ်ငွေ့ သယ်ယူပို့ဆောင် ရေး | ၃ | ၁ | ၄ | ၂၅% |
| ပုလဲ | ၁ | ၉ | ၁၀ | ၉၀% |
| နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း | ၁ | ၄ | ၅ | ၈၀% |
| စုစုပေါင်း | ၄၂ | ၁၂၁ | ၁၆၃ | ၇၄% |

ပထမအကြိမ် မြန်မာနိုင်ငံ EITI အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ ထုတ်ပြန်ဖွင့်ဟချက်ကို ဆန်းစစ်ပြီး နောက်တွင် ၂၀၁၇–၂၀၁၈ ခုနှစ် နယ်ပယ်အတိုင်းအတာအတွင်းမှ ကုမ္ပဏီပေါင်း ၂၄၀ ခုတို့ သည် ပထမအကြိမ် ထုတ်ပြန်ဖွင့်ဟချက်တွင် မပါဝင်ကြောင်းတွေ့ရှိခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ပထမအကြိမ်အကျိုးအမြတ်ထုတ်ပြန်ရာတွင် သတ်မှတ်သည့် နယ်ပယ်အတိုင်းအတာအတွင်း မပါဝင်သောကြောင့်ဖြစ်ပါသည်။

### အကြံပြုချက်

သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အနေဖြင့်နယ်ပယ်အတိုင်းအတာအတွင်းပါဝင်သော ကုမ္ပဏီများ၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုများနှင့် စပ်လျဥ်းသည့် သတင်းအချက်အလက်များကို ကောက်ယူရန် အတွက်သယံ ဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍရှိ အမျိုးမျိုးသောပါဝင်သက်ဆိုင်သူများအား ဖိတ်ကြားရန် အကြံပြုသည်။

## ၂.၁.၂။ ချေးငွေစာချုပ်များအား ထုတ်ပြန်ကြေညာခြင်း

EITI စံနှုန်းလိုအပ်ချက် ၄.၁ အရ EITI အစီရင်ခံစာတွင် အဆောက်အဦထောက်ပံ့ပေးခြင်းနှင့် ကုန်သွယ်ဖလှယ်မှုစီစဥ်ထားရှိမှုများအား ခြုံငုံအကျုံးဝင်စေမည့် အခွန်များနှင့် အခွန်ဘဏ္ဍာငွေများ သတ်မှတ်ခြင်းကို "သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့နှင့် လွတ်လပ်သောအစီရင်ခံစာပြုစုသူအနေဖြင့် ချေးငွေများ (loans)၊ ရန်ပုံငွေများ (grants) များနှင့် အဆောက်အဦ (infrastructure) လုပ်ငန်းများအပါအဝင် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများပေးအပ်ခြင်းနှင့် ပတ်သက်သည့် သဘောတူညီချက်များ၊ သို့မဟုတ် သဘောတူညီချက်အစုံများ ရှိမရှိကိုထည့်သွင်း စဥ်းစားရန်လိုအပ်သည်။ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အနေဖြင့် ယင်းသဘောတူညီချက်များသည် အထင်ကရကြီးမားသည်(Material) ဟုကောက်ချက်ချက်ပါက သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့နှင့် လွတ်လပ်သောအစီရင်ခံစာပြုစုသူတို့သည် EITI အစီရင်ခံစာတွင် ယင်းသဘောတူညီချက်များကို ထည့်သွင်းဖော်ပြပြီး အခြားပေးချေမှုများနှင့် အခွန်ဘဏ္ဍာစီးဆင်းမှုများအား ထုတ်ပြန်ဖွင့်ဟခြင်းနှင့် စာရင်းတိုက်ဆိုင်ညှိနှိုင်းခြင်းတို့နှင့် ကိုက်ညီသည့် အသေးစိတ်မှုနှင့် ပွင့်လင်းမြင်သာမှုအတိုင်းအတာတစ်ခုဖြင့် ပံ့ပိုးပေးကြောင်း သေချာအောင်ဆောင် ရွက်ရန်လိုအပ်သည်။ အဓိကလုပ်ငန်းဆောင်ရွက်ချက်များအား စာရင်းတိုက်ဆိုင်ညှိနှိုင်းရန်မဖြစ်နိုင်ပါက သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အနေဖြင့် EITI အစီရင်ခံစာတွင်ထည့်သွင်းရန်အတွက် ပါဝင်သက်ဆိုင်သည့် အသင်းအဖွဲ့များမှ တစ်ဖက်သတ်ထုတ်ပြန်တင်ပြချက် (Unilateral disclosure) နည်းနာနိဿယအား သဘောတူညီချက်(များ)အား သဘောတူညီ ရမည်"ဟုဖော်ပြထားသည်။

နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ ကိန်းဂဏန်းအချက်အလက်များအား လက်ခံရရှိပြီးနောက် မိမိတို့အနေဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) နှင့် အမှတ် – ၁ သတ္တုတွင်းလုပ်ငန်း (ME1) တို့မှ ချုပ်ဆိုထားသည့် အောက်ပါချေးငွေစာချုပ်များ၏သတင်းအချက်အလက်များကို တွေ့ရှိရပါသည်။

### MOGE:

ကျပ်သန်းပေါင်းပမာဏ

| စာချုပ်အမျိုးအစား သဘာဝ | ငွေသား | စုစုပေါင်း ချေးငွေအာမခံချက် ပမာဏ | လုပ်ငန်းလုပ်ဆောင်ခြင်း သတ်မှတ်ချက်များ | | | |
|---|---|---|---|---|---|---|
| | | | သဘာတူညီချက် ရက်စွဲ | ပြန်လည်ပေး ဆပ်ရမည့် ကာလ | အတိုး နှုန်း | ၃၁/၀၃/၂၀၁၈ ခုနှစ်တွင် ကျန်ရှိသော ပမာဏ |
| **၁။ China Loan** | **USD**<br>**Euro**<br>**RMB** | **၈၁**<br>**၆၃၈**<br>**၇,၃၅၈** | | | | **၃၆**<br>**၅၀၂**<br>**၄,၇၅၁** |
| (၁) Drilling Rigs & Oil field Equipment & Materials project | USD | ၈၁ | ၂၇/၀၉/၂၀၀၇ | ၁၅(၅) | ၃% | ၃၆ |
| (၂) Yadana-Yangon 24th Natural Gas Pipeline | Euro | ၁၈၆ | ၂၀/၁၂/၂၀၀၉ | ၂၀(၅) | ၄.၅၀% | ၁၅၀ |

| စာချုပ်အမျိုးအစား သဘာဝ | ငွေသား | စုစုပေါင်း ချေးငွေအာမခံချက် ပမာဏ | လုပ်ငန်းလုပ်ဆောင်ခြင်း သတ်မှတ်ချက်များ | | | |
|---|---|---|---|---|---|---|
| | | | သဘောတူညီချက် ရက်စွဲ | ပြန်လည်ပေး ဆပ်ရမည့် ကာလ | အတိုး နှုန်း | ၃၁/၀၃/၂၀၁၈ ခုနှစ်တွင် ကျန်ရှိသော ပမာဏ |
| (၃) Offshore natural gas pipeline Shwe project | Euro | ၃၃၄ | ၃၀/၁၁/၂၀၁၀ | ၂၀(၅) | ၄.၅၀% | ၂၈၀ |
| (၄) Onshore Natural Gas Pipeline Shwe project | Euro | ၁၁၆ | ၃၀/၁၁/၂၀၁၀ | ၂၀(၅) | ၄.၅၀% | ၇၂ |
| (၅) Oil Pipeline Project | RMB | ၇,၃၅၈ | ၃၀/၁၁/၂၀၁၀ | ၂၀(၅) | ၄.၅၀% | ၄,၇၅၁ |
| **၂။ Japan Loan** | **JPY** | **၁၁,၆၃၀** | | | | **၁၁,၆၂၄** |
| (၁) The Offshore Petroleum Exploration & Oil Development Project (MY-C1, JICA) | JPY | ၁၁,၆၃၀ | ၁၅/၀၁/၂၀၁၃ | ၄၀(၁၀) | ၀.၀၁% | ၁၁,၆၂၄ |

**ME1:**

| အကျိုးအမြတ် ရရှိသူ | ကဏ္ဍ | ငွေ ကြေး | စုစုပေါင်း ချေးငွေပမာဏ | လုပ်ငန်းလုပ်ဆောင်ခြင်း သတ်မှတ်ချက်များ | | | |
|---|---|---|---|---|---|---|---|
| | | | | သဘောတူညီချက် ရက်စွဲ | ပြန်လည်ပေး ဆပ်ရမည့် ကာလ | အတိုး နှုန်း | ၃၁/၀၃/၂၀၁၈ ခုနှစ်တွင် ကျန်ရှိသော ပမာဏ |
| ၁. အမှတ်(၁) သတ္တုတွင်းလုပ်ငန်း | | | | | | | |
| (၁) Japan Loan | | | | | | | |
| ၁) Steel Mill Renovation (MY-C1, JICA) | | JPY | ၃,၀၅၁ | ၁၅/၀၁/၂၀၁၃ | ၄၀(၁၀) | ၀.၀၁% | ၃,၀၅၀ |
| စုစုပေါင်း | | JPY | ၃,၀၅၁ | | | | ၃,၀၅၀ |

ယင်းချေးငွေစာချုပ်များကို အများပြည်သူသိရှိရန်အတွက်သက်ဆိုင်ရာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ဝက်ဘ်ဆိုက်ပေါ်တွင် ထုတ်ပြန်ကြေညာထားခြင်းမရှိပဲ မိမိတို့အနေဖြင့် စာချုပ်များ၏မိတ္တူများကို မရရှိခဲ့ပါ။

### အကြံပြုချက်

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအနေဖြင့် ချေးငွေစာချုပ်များထုတ်ပြန်အသိပေးခြင်းအား ပွင့်လင်းမြင်သာမှုရှိကြောင်း အာမခံချက်ရှိစေရန် သင့်လျော်သည်များဆောင်ရွက်ရန်အတွက် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စီမံခန့်ခွဲမှု အဆင့်များ အပါအဝင် အမျိုးမျိုးသော ပါဝင်သက်ဆိုင်သူများအား ဖိတ်ခေါ် လုပ်ဆောင်ရန် မိမိတို့အနေဖြင့် အကြံပြုအပ်ပါသည်။

## ၂.၁.၃။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (MPA) အား နယ်ပယ်အတိုင်းအတာအတွင်း ထည့်သွင်းဆောင်ရွက်ခြင်း

EITI လိုအပ်ချက် ၄.၂ တွင် “EITI အစီရင်ခံစာသည် သဘောတူညီထားသော နယ်ပယ်အတိုင်းအတာ (လိုအပ်ချက် ၄.၁) အရ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ နှင့် ယင်းလုပ်ငန်းများသို့ ပေးချေမှုများအ ပါအဝင် အစိုးရအခွန်ဘဏ္ဍာငွေများနှင့် ကုမ္ပဏီများ၏ ပေးချေမှုများကို ဘက်စုံခြုံငုံသော စာရင်းတိုက်ဆိုင်ညှိနှိုင်းခြင်းဖြင့် ပံ့ပိုးပေးရမည်။ အစိုးရသို့ အထင်ကရ ကြီးမားသော (Material) ပေးချေမှုများပြုလုပ်သည့် ကုမ္ပဏီ များသည် ယင်းပေးချေမှုများကို ပြည့်စုံခြုံငုံစွာထုတ်ပြန်အသိပေးရန်လိုအပ်သည်။ ၎င်း၏ပေးချေမှုများနှင့် အခွန်ဘဏ္ဍာများသည် အထင်ကရကြီးမားသည့် (material) ပမာဏ မဟုတ်ကြောင်း ပြသနိုင်မှသာ အစီရင်ခံ မတင်ပြရန် ခြွင်းချက်ထားနိုင်သည်။ အထင်ကရကြီးမားသည့် (Material) အခွန်ဘဏ္ဍာငွေများ လက်ခံရရှိသည့် အစိုးရဌာနဆိုင်ရာ အသင်းအဖွဲ့အားလုံးတို့သည် ယင်းအခွန်ဘဏ္ဍာများကို သဘာတူညီထားသော နယ်ပယ်အတိုင်းအတာအရ ပြည့်စုံခြုံငုံစွာထုတ်ပြန်အသိပေးရန်လိုအပ်သည်” ဟုဖော်ပြထားသည်။

စာရင်းတိုက်ဆိုင်ညှိနှိုင်းခြင်းအဆင့်နှင့် ကုမ္ပဏီများ၊ အစိုးရဌာနဆိုင်ရာများနှင့် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများမှ ကိန်းဂဏန်းအချက်အလက်များလက်ခံရရှိခြင်းတို့ကို လိုက်လံစိစစ်ပြီးနောက်၊ ရေနံနှင့်သဘာဝဓါတ်ငွေ့သယ်ယူပို့ဆောင်ရေးကဏ္ဍမှပေးဆောင်သည့် သိသာထင်ရှားသောပိုက်လိုက်ဖြတ်သန်းခ(Right of away) ပမာဏ တို့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှကောက်ခံပြီး အစီရင်ခံစာ၏ နယ်ပယ်အတိုင်းအတာအတွင်းတွင်ပါဝင်မှုမရှိကြောင်း တွေ့ရှိရပါသည်။

### အကြံပြုချက်

သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍ သတင်းအချက်အလက်များနှင့် တိုက်ဆိုင်ညှိနှိုင်းထားသော အခွန်ဘဏ္ဍာ စာရင်းများ ပြည့်စုံကြောင်းသေချာစေရန် အတွက်လာမည့် EITI အစီရင်ခံစာများတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကိုအစီရင်ခံစာ နယ်ပယ်အတိုင်းအတာတွင်ပါဝင်ရန် မိမိတို့အနေဖြင့် အကြံပြုပါသည်။

## ၂.၁.၄။ မြန်မာနိုင်ငံရှိ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းလိုင်စင်များ ချထားပေးခြင်းနှင့် လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များတွင် မလုပ်မနေရ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အချက်အလက်များ ဖွင့်ဟဖော်ထုတ်ခြင်းအား မဖြစ်မနေ လုပ်ရသောအရာအဖြစ် ထည့်သွင်းဆောင်ရွက်ခြင်း

မြန်မာနိုင်ငံတွင် ရေနံလုပ်ကွက်များအား ချထားပေးခြင်း၊ လွှဲပြောင်းခြင်းနှင့် ပိတ်သိမ်းခြင်းတို့ကို ၁၉၃၄ ခုနှစ် ရေနံဥပဒေ၊ ရေနံနည်းဥပဒေ (အပိုင်း ၃.၂.၂ ကို ကြည့်ပါ) ဖြင့် ထိန်းကျောင်းထားသည်။ ထို့အပြင် သတ္တုတွင်းလိုင်စင်များ ချထားခြင်းကို ၂၀၁၅ ခုနှစ်တွင် ပြင်ဆင်ခဲ့သည့် ၁၉၉၄ ခုနှစ် သတ္တုတွင်းဥပဒေ နှင့် ၂၀၁၈ ခုနှစ် သတ္တုတွင်းနည်းဥပဒေများဖြင့်လည်းကောင်း၊ ကျောက်မျက်ကဏ္ဍကိုမူ ၂၀၁၉ ခုနှစ် ကျောက်မျက်ဥပဒေဖြင့်လည်းကောင်း အသီးသီးထိန်းကျောင်းထားသည်။

အထက်ပါဥပဒေများနှင့် ဥပဒေသစည်းမျဉ်းများသည် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များကို ဖွင့်ဟထုတ် ပြန်ခြင်းနှင့်စပ်လျဉ်းသည့် တိကျသောပြဋ္ဌာန်းချက်များမပါဝင်သည့်အပြင် မြန်မာနိုင်ငံအတွင်း တွင်းထွက် သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းလိုင်စင်ချထားခြင်း သို့မဟုတ် လွှဲပြောင်းခြင်း သို့မဟုတ် ပိတ်သိမ်းခြင်းတို့ မတိုင်မီ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များကို မဖြစ်မနေ ဖွင့်ဟဖော်ထုတ်ရန်မလိုအပ်ပါ။

သို့သော်လည်း အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု လုပ်ငန်းအဖွဲ့ (BO task force) အား ယင်းသတင်းအချက်အလက်များ ကောက်ယူနိုင်ရန်အတွက် လုပ်ပိုင်ခွင့်အာဏာပေးခဲ့သည့် ကပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ(GUOM)မှ အမိန့်ကြေညာ ချက်မှတဆင့် သယံဇာတတူးဖော် ထုတ်လုပ်ရေးကုမ္ပဏီများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် ၂၀၂၀ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးထားပြီး အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုအချက်အလက်များကို ဖွင့်ဟထုတ်ပြန်ရန် လိုအပ်ကြောင်း မိမိ တို့အနေဖြင့် နားလည်ထားသည်။ သယံဇာတတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီများမှ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု (BO) ဆိုင် ရာ သတင်းအချက်အလက်များကို EITI လုပ်ငန်းစဉ်နှင့် ၂၀၁၈ ခုနှစ်တွင်ထုတ်ပြန်ခဲ့သော အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုရှေ့ ပြေးအစီရင်ခံစာ (BO Pilot report) မှတဆင့် ပိုမိုတိကျ စွာ ကောက်ယူခဲ့ပါသည်။

သို့သော်လည်း ကောက်ယူခဲ့သည့် ရှေ့ပြေးအစီရင်ခံစာတွင်ပါရှိသော အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဆိုင်ရာသတင်း အချက်အလက်များသည် ပြည့်စုံခြုံငုံမှုနှင့် အရည်အသွေးများ လိုအပ်ချက်များ ရှိနေခဲ့သည်။ ထို့အပြင် ၂၀၁၇–၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်၊ မြန်မာနိုင်ငံ EITI အစီရင်ခံစာအတွင် စာရင်းတိုက်ဆိုင်ညှိနှိုင်းစစ်ဆေးခြင်း နယ်ပယ်အတိုင်းအတာအတွင်း ပါဝင်သောကုမ္ပဏီအမြောက်အများတို့သည် ရှေ့ပြေး BO စီမံကိန်းတွင် မပါဝင်ခဲ့သဖြင့် ၎င်းတို့၏အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု သတင်းအချက်အလက်များကို အစီရင်ခံမတင်ပြခဲ့ပါ။ (အပိုင်း ၃.၇.၅ တွင်ကြည့်ပါ။)

## အကြံပြုချက်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (MOEE) နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန (MONREC) အနေဖြင့် မြန်မာနိုင်ငံရှိ သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းလိုင်စင်များ လျှောက်ထားခြင်းအတွက် ထုတ်ပြန်ဖွင့်ဟရန်လိုအပ်ချက်များတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင် မှုသတင်းအချက်အလက် ဖွင့်ဟထုတ်ပြန်စေခြင်းကို ထည့်သွင်းလုပ်ဆောင်ရန် အကြံပြုအပ်ပါသည်။ ထို့ကြောင့် သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း လိုင်စင်ရရှိရန် လျှောက်ထားလိုသူများအနေဖြင့် ၎င်း၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူကို ဖွင့်ဟထုတ်ပြန်ရန် လိုအပ်သွားမည်ဖြစ်သည်။ ယင်းသို့ ဖွင့်ဟထုတ်ပြန်ခြင်းသည် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ အတည်ပြုထားသည့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု၏ အဓိပ္ပါယ်နှင့် ကိုက်ညီရမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းလိုင်စင် လွှဲပြောင်းခြင်းနှင့် ပိတ်သိမ်းခြင်းများအတွက် လည်း အလားတူလိုအပ်ချက်ဖြင့် လုပ်ဆောင်စေရမည်ဖြစ်သည်။

## ၂.၁.၅။ EITI သတင်းအချက်အလက်များအား စနစ်တကျ ဖွင့်ဟဖော်ထုတ်ခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း ပွင့်လင်းမြင်သာမှုသည် EITI အစီရင်ခံစာအတွက်သာ မကန့်သတ်သင့် ဘဲ အစိုးရများအနေဖြင့် ၎င်းတို့၏ သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍကို မည်သို့စီမံခန့်ခွဲသည်ဟူသည့် အစိတ်အပိုင်း တစ်ခုအဖြစ် တစ်သားတည်းဖြစ်သင့်ပါသည်။

EITI အကောင်အထည်ဖော်သည့်နိုင်ငံများအနေဖြင့် ပွင့်လင်းမြင်သာမှုကိုဆောင်ကျဉ်းရန် EITI စံချိန်စံနှုန်းများ အရလိုအပ်သောသတင်းအချက်အလက်များကို EITI အစီရင်ခံစာအပါတွင် မှီခိုမည့်အစား အစိုးရနှင့် ကော်ပိုရိတ်စီးပွား

ရေးလုပ်ငန်းများအစီရင်ခံသည့်နည်းစနစ်များ (ဒေတာဘေ့စ်၊ ဝက်ဘ်ဆိုက်များ၊ နှစ်စဉ်တိုးတက်မှုအစီရင်ခံစာ၊ portal များ အစရှိသည်) တို့မှတဆင့် ရယူနိုင်အောင် ပိုမိုလုပ်ဆောင်လာနေကြသည်။

ပွင့်လင်းမြင်သာမှုကို ၎င်းတို့၏ စီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုစနစ်များ၏ အစိတ်အပိုင်းနှင့် လုပ်မြဲလုပ် ငန်းစဉ်အင်္ဂါ ရပ်တစ်ခုအဖြစ်လုပ်ဆောင်နေသည့် နိုင်ငံများအား အားပေးခြင်းနှင့် အသိအမှတ်ပြုခြင်းသည် ပိုမိုရေပန်းစားအောင်လုပ် ဆောင်ခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ ရေပန်းစားအောင်လုပ်ဆောင်ခြင်းကို လိုက်လံဆန်းစစ်ရာတွင် EITI သတင်းအ ချက်အလက်များ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စာချုပ်များ၊ ဘဏ္ဍာရေးပြန်တမ်းများ) ကို အများပြည်သူမှရယူနိုင်မှုမရှိကြောင်း မိမိတို့အနေဖြင့် တွေ့ရှိခဲ့ရသည်။

## အကြံပြုချက်

စနစ်တကျဖွင့်ဟထုတ်ပြန်မှုကိုလေ့လာပြင်ဆင်ရန်နှင့် EITI သတင်းအချက်အလက်များ အများပြည်သူ ရယူလက်လှမ်းမီနိုင်ရေးအပေါ်အကြံပြုချက်များပေးနိုင်ရန် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် အမျိုးမျိုးသော ပါဝင်သက်ဆိုင်သူများအား ဖိတ်ခေါ်လုပ်ဆောင်ရန် အကြံပြုအပ်ပါသည်။

## ၂.၁.၆။ အစီရင်ခံစာပုံစံများ အားတင်သွင်းခြင်း

အစီရင်ခံစာပုံစံများအား ဖြည့်သွင်းပေးပို့ခြင်းအတွက် လမ်းညွှန်ချက်များအရ –

(က) ပုဂ္ဂလိကကုမ္ပဏီများအတွက် – မူရင်းလက်မှတ်ထိုးထားသည့် စာရွက်စာတမ်းမိတ္တူများနှင့် စာရင်းစစ် အစီရင်ခံစာ မိတ္တူတို့ကို မြန်မာနိုင်ငံEITI ညှိနှိုင်းရေးမှူး (NCS) ရုံးသို့ အလုံပိတ်ထားသောစာအိတ်ဖြင့်ပေး ပို့ရမည်ဖြစ်ပြီး၊ ပုဂ္ဂလိက ကုမ္ပဏီများမှ တင်သွင်းလာသော အစီရင်ခံစာပုံစံများကို ကုမ္ပဏီအား ကိုယ်စားပြုခွင့်ရှိသောတာဝန်ရှိပုဂ္ဂိုလ် (ဘဏ္ဍာရေးအရာအရှိ အကြီးအကဲ သို့မဟုတ် အလုပ်အမှုဆောင်အရာရှိအကြီးအကဲ/ဒါရိုက်တာ) တို့မှလက်မှတ်ရေး ထိုးထားရမည်။

(ခ) အစိုးရဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ တင်သွင်းသည့် အစီရင်ခံစာပုံစံများကို အစိုးရဌာနအားကိုယ်စားပြုခွင့်ရှိသောပုဂ္ဂိုလ်မှလက်မှတ်ရေးထိုးထားရမည်ဖြစ်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (OAG) မှ ထပ်ချုပ်စိစစ် အတည်ပြုထားပြီးဖြစ်ရမည်။

(ဂ) ကုမ္ပဏီ ၅၅ ခုတို့သည် ၎င်းတို့၏အစီရင်ခံစာပုံစံများကို မတင်သွင်းခဲ့ကြပဲ ၎င်းအတွက် အစိုးရမှအစီရင်ခံသည့် စုစုပေါင်း ပေးချေမှုများသည် စာရင်းတိုက်ဆိုင်ညှိနှိုင်းထားသော အခွန်ဘဏ္ဍာစုစုပေါင်းစာရင်းတွင် ၁.၀၁% ကိုကိုယ်စားပြုကာ အောက်ပါအတိုင်း အသေးစိတ် ဖော်ပြထားပါသည်။

| ကဏ္ဍခွဲ | ကုမ္ပဏီအရေအတွက် | ချိန်ညှိပြီးနောက် အစိုးရ အခွန်ဘဏ္ဍာငွေ | စုစုပေါင်း မတင်သွင်းသည့် ကုမ္ပဏီ | % |
|---|---|---|---|---|
| ရေနံနှင့် သဘာဝဓါတ်ငွေ့ ကဏ္ဍ | ၃၆ | ၉၉၁,၆၆၁ | ၁၅,၂၃၄ | ၂% |
| ရေနံနှင့်သဘာဝဓါတ်ငွေ့ သယ်ယူပို့ဆောင်ရေး ကဏ္ဍ | - | ၄၀၅,၈၀၆ | - | ၀% |
| ကျောက်မျက်နှင့်ကျောက်စိမ်းကဏ္ဍ | ၄ | ၄၁၁,၇၅၁ | ၅၆ | ၀% |
| အခြား တွင်းထွက်သတ္တု ကဏ္ဍ | ၁၅ | ၁၂၄,၂၃၀ | ၃,၃၅၈ | ၃% |
| ပုလဲ ကဏ္ဍ | - | ၂,၄၉၈ | - | ၀% |
| စုစုပေါင်း | ၅၅ | ၁,၉၃၅,၉၄၆ | ၁၈,၆၄၈ | ၁% |

ထို့အတူ ကုမ္ပဏီများမှအစီရင်ခံတင်ပြသည့် စုစုပေါင်းအခွန်ဘဏ္ဍာငွေ၏၃%ကိုကိုယ်စားပြုသောကုမ္ပဏီများထံမှ လက်ခံရရှိသည့် ကိန်းဂဏန်းအချက်အလက်များသည် ကုမ္ပဏီတာဝန်ရှိသူများမှ စိစစ် အတည်ပြုထားခြင်းမရှိပဲ အချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

| ကဏ္ဍခွဲ | ချိန်ညှိပြီးနောက်အစိုးရဘဏ္ဍာငွေ | စိစစ်အတည်ပြုထားခြင်း မရှိသည့် ကိန်းဂဏန်း အချက်အလက်များ | % |
|---|---|---|---|
| ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ | ၉၉၁,၆၆၁ | ၁,၃၅၆ | ၀% |
| ရေနံနှင့်သဘာဝဓါတ်ငွေ့ သယ်ယူပို့ဆောင် ရေး ကဏ္ဍ | ၄၀၅,၈၀၆ | - | ၀% |
| ကျောက်မျက်နှင့်ကျောက်စိမ်းကဏ္ဍ | ၄၁၁,၇၅၁ | ၅၅,၃၂၂ | ၁၃% |
| အခြား တွင်းထွက်သတ္တု ကဏ္ဍ | ၁၂၄,၂၃၀ | ၆,၀၀၃ | ၅% |
| ပုလဲ ကဏ္ဍ | ၂,၄၉၈ | ၃၈ | ၂% |
| စုစုပေါင်း | ၁,၉၃၅,၉၄၆ | ၆၂,၇၁၈ | ၃% |

နောက်ဆုံးအနေဖြင့် စာရင်းတိုက်ဆိုင်ညှိနှိုင်းထားသည့် အစိုးရဌာနများနှင့် နိုင်ငံပိုင်စီးပွား ရေးလုပ်ငန်းများမှ အစီရင်ခံသည့် အခွန်ဘဏ္ဍာငွေများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (OAG) မှ ထပ်ချုပ်စိစစ်အတည်ပြုထားကြောင်း မိမိတို့အနေဖြင့်တွေ့ရှိရသည်။

## အကြံပြုချက်

သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အနေဖြင့် အစီရင်ခံစာပုံစံများ ဖြည့်သွင်းတင်သွင်းသော ကုမ္ပဏီများပိုမိုကျယ်ပြန့်စွာ ခြုံငုံမိစေရန်နှင့် သေချာစွာအတည်ပြုထားသော ကိန်းဂဏန်းအချက်အလက်များတင်သွင်းလာစေရန်အလို့ငှာ လိုအပ်သည် များစီစဥ်ဆောင်ရွက်ရန် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍအတွင်းရှိ အမျိုးမျိုးသော ပါဝင်သက်ဆိုင်သူ များနှင့် ပါဝင်ပူးပေါင်းသူများအား ဖိတ်ခေါ်ရန် အကြံပြု အပ်ပါသည်။

## ၂.၁.၇။ ရေနံနှင့် သဘာဝဓါတ်ငွေ့ လက်ယက်တွင်းကဏ္ဍနှင့်ပတ်သက်သည့် သတင်း အချက်အလက်များ မရရှိနိုင်ခြင်း

လိုအပ်ချက် ၆.၃ အရ - "အကောင်အထည်ဖော်သော နိုင်ငံများသည် EITI အစီရင်ခံစာအတွက် အကျုံးဝင်သည့် ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံ၏စီးပွားရေးသို့ တွင်းထွက်သယံဇာတကဏ္ဍမှ ဘဏ္ဍာငွေစီးဆင်းထည့်ဝင်မှုများအကြောင်း သတင်းအချက်အလက်များကို ရနိုင်ပါက ဖွင့်ဟဖော်ထုတ်ရမည်ဖြစ်ပါသည်။ ယင်းသတင်း အချက်အလက်များတွင် သယံဇာ တ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၏ အရွယ်အစားကို ကိန်းပြည့်အားဖြင့် လည်းကောင်းနှင့် စုစုပေါင်း ပြည်တွင်းထုတ် ကုန် (GDP) ၏ ရာခိုင်နှုန်း အားဖြင့်လည်းကောင်းပါဝင်အောင် ထည့်သွင်းရမည်ဖြစ်ပြီး၊ ၎င်းတို့ချည်းသာဖြစ်ရမည်ဟု ကန့် သတ်မထားသည့် တစ်နိုင်တစ်ပိုင်လက်လုပ်လက်စား(ရေနံလက်ယက်တွင်း)နှင့် အသေးစားတူး ဖော်ခြင်းလုပ်ငန်းများ စသည့် သမာရိုးကျမဟုတ်သော လုပ်ဆောင်ချက်များ၏ ခန့်မှန်းအချက်အလက်တို့ပါ ပါဝင်ရမည်။"

သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍ စာရွက်စာတမ်းများကို အကဲဖြတ်ဆန်းစစ်ပြီးနောက်၊ အသေးစားတစ် နိုင် တစ်ပိုင်တူးဖော်ထုတ်လုပ်ရေးကဏ္ဍ အကြောင်း၊ အထူးသဖြင့် အပူပိုင်းဇုန်များမှ ကုန်းတွင်းတစ်နိုင်တစ်ပိုင် ရေနံထုတ် လုပ်ရေး(လက်ယက်တွင်းမှရေနံထုတ်လုပ်ခြင်း)နှင့် မြန်မာ့စီးပွားရေးသို့၎င်းကဏ္ဍ၏ ထည့်ဝင်မှုများအကြောင်း - လေ့လာမှု

များနှင့် သတင်းအချက်အလက်များကို မိမိတို့အနေဖြင့် မတွေ့ရှိခဲ့ပါ။

### အကြံပြုချက်

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် မြန်မာနိုင်ငံစီးပွားရေးသို့ တစ်နိုင်တစ်ပိုင်သယံဇာတတူးဖော်ထုတ်လုပ်ရေး ကဏ္ဍ၏ ထည့်ဝင်အကျိုး ပြုမှုများကို ဖွင့်ဟထုတ်ပြန်ရန် ၎င်းကဏ္ဍအကြောင်း၊ အထူးသဖြင့် အပူပိုင်းဇုန်များမှ ကုန်းတွင်း တစ်နိုင်တစ်ပိုင်ရေနံထုတ်လုပ်ရေးအကြောင်း၊ လေ့လာမှုများနှင့် ခန့်မှန်းချက်များ ပြုစုပြင်ဆင်ရန်အတွက် တွင်းထွက် သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍအတွင်းရှိ အမျိုးမျိုးသော ပါဝင်သက်ဆိုင်သူများအား ဖိတ်ခေါ်ရန် အကြံပြုအပ်ပါသည်။

## ၂.၁.၈။ သီးခြားငွေစာရင်းများ OA များခွဲဝေသုံးစွဲခြင်းနှင့် လူမှုအကျိုးစီးပွားတာဝန်ယူမှု CSR အသုံးစရိတ်များအား တွက်ချက်ခြင်း

စာအမှတ် ဘ-၄/ ရသုံးမှန်းခြေဘတ်ဂျတ်/(၅/၂၀၁၅) တွင် ပြဋ္ဌာန်းထားသော တွက်ချက်မှုစည်းမျဉ်းများအရ မိမိတို့အအနေဖြင့် OA သို့လွှဲပြောင်းရမည့်နှင့် အခြားသောလွှဲပြောင်းမှု ပမာဏများကိုတွက်ချက်ခဲ့သည်။ ရလဒ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

မြန်မာကျပ်ငွေသန်းပေါင်း

| | | |
|---|---|---|
| **အခွန်ဘဏ္ဍာများ** | **၂,၃၇၆,၇၅၀** | |
| Less : အသုံးစရိတ်များ | | |
| င) ကမ်းလွန်လုပ်ငန်းလည် ပတ်စရိတ်အတွက် Cash Call | **(၂၈၃,၂၅၈)** | |
| စ) အခြားကုန်ကျစရိတ်များ (လခ၊ ပင်စင်၊ ကွဲပြားစရိတ် Variable cost၊ ပုံသေကုန်ကျစရိတ် Fixed cost) | **(၂၇၁,၃၉၈)** | |
| ဆ) OGPD သို့ လွှဲပြောင်းမှု (အခွန်တော်နှင့် အပိုဆု ကြေး) | | |
| ပေါင်းထည့် Add : အခြားဝင်ငွေ | **(၃၅၂,၈၇၄)** | |
| | **-** | |
| အကျိုးအမြတ် | ၁,၄၆၉,၂၂၀ | |
| က) ၅% ကုန်သွယ်ခွန် | (၂၃၃,၆၇၁) | |
| ခ) ၈% အထူးကုန်စည်ခွန် | (၂၉၃,၃၂၆) | |
| အခွန်မဆောင်ခင်အမြတ် | ၉၄၂,၂၂၃ | က |
| ဝင်ငွေ (၂၅% x က) | (၂၃၅,၅၅၆) | |
| နိုင်ငံတော်သို့ထည့်ဝင်ငွေ (၂၀% x က) | (၁၈၈,၄၄၅) | |
| သီးခြားစာရင်းရှင်(OA) – (၅၅% x က) | **၅၁၈,၂၂၃** | |

ဤပြန်တွက်ချက်ခြင်းနှင့် MOGE မှအစီရင်ခံချက်တို့ကို စိစစ်သည့်အခါ မိမိတို့အနေဖြင့် ကွာခြားချက်ကို အောက်ပါတွင်ဖော်ပြထားသည့်အသေးစိတ်အတိုင်းတွေ့ရှိရသည်။

| စာရင်း | MOGE မှ မြန်မာကျပ် သန်းပေါင်းဖြင့် ကိန်းဂဏန်း | BDO မှ မြန်မာကျပ် သန်းပေါင်းဖြင့် ပြန်လည်တွက်ချက်ခြင်း | မြန်မာကျပ်သန်းပေါင်း ဖြင့် ကွာခြားချက် |
|---|---|---|---|
| နိုင်ငံတော်ထည့်ဝင်ငွေ | ၁၁၄,၈၃၂ | ၁၈၈,၄၄၅ | (၇၃,၆၁၃) |
| ဝင်ငွေခွန် | ၁၄၃,၅၄၀ | ၂၃၅,၅၅၆ | (၉၂,၀၁၆) |
| သီးခြားစားရင်းရှင်သို့ လွှဲပြောင်းခြင်း | ၆၈၃,၈၅၁ | ၅၁၈,၂၂၃ | ၁၆၅,၆၂၈ |
| စုစုပေါင်း | ၉၄၂,၂၂၄ | ၉၄၂,၂၂၄ | - |

ပြန်တွက်ချက်ခြင်းမှတဆင့် ကျွန်ုပ်တို့အနေဖြင့် အောက်ပါတို့ကို ကောက်နှုတ်ချက်ချသည်။

ကွာခြားချက်များမှာ အမျိုးမျိုးသော ခွဲဝေသုံးစွဲသည့် လွှဲပြောင်းခြင်းများကြောင့် ကွဲပြားခြင်းဖြစ်ပြီး ၂၀%SC-၂၅% IT-၅၅%OA တွက်ချက် စည်းမျဉ်းများကို မလိုက်နာခဲ့ပါ။ ငွေခွဲဝေသုံးစွဲမှုများကို အောက်တွင်ဖော်ပြထားသော ရာခိုင်နှုန်းဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

| စာရင်း | MOGE မှအသုံးပြုသော % | BOD ပြန်လည် တွက်ချက်ခြင်း | ကွာခြားချက် |
|---|---|---|---|
| နိုင်ငံတော်သို့ထည့်ဝင်ငွေ | ၁၂% | ၂၀% | -၈% |
| ဝင်ငွေခွန် | ၁၅% | ၂၅% | -၁၀% |
| သီးခြားစာရင်းရှင်သို့ လွှဲပြောင်းငွေ | ၇၃% | ၅၅% | ၁၈% |
| စုစုပေါင်း | ၁၀၀% | ၁၀၀% | ၀% |

ထို့အပြင် ရေနံနှင့် သဘာဝဓါတ်ငွေ့ MOGE မှ ရရှိသောသတင်းအချက်အလက်များအရ CSR ချထားပေးခြင်းကို စုစုပေါင်း အသားတင်ရလဒ်၏ ၂% ဟု တွက်ချက်ထားကြောင်းဆိုသည်။ MOGE မှ အစီရင်ခံတင်ပြသည့် ကျပ်သန်းပေါင်း ၃,၄၀၈ သန်းသည် အသားတင်ရလဒ်၏ ၀.၃၆% ကို ကိုယ်စားပြုသည်။

### အကြံပြုချက်

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် အစိုးရဌာနများကို လွှဲပြောင်းမှုအမျိုးမျိုးတို့ကို တွက်ချက်ခြင်းအတွက် အသုံးပြုသည့် ရာခိုင်နှုန်းနှင့် အခြေအနေရပ်များကိုရှင်းလင်းရန် MOGE ကို ဖိတ်ခေါ်ရန် မိမိ တို့အနေဖြင့် အကြံပြုအပ်ပါသည်။

## ၂.၁.၉။ ၂၀၁၉ ခုနှစ် EITI စံနှုန်းများအား အကောင်အထည်ဖော်ခြင်း

၂၀၁၉ ခုနှစ် စံနှုန်းများသည် ၂၀၁၉ ခုနှစ် ဧပြီလမှစ၍ ချက်ချင်းအသက်ဝင်လာရမည်ဟု EITI ဘုတ်အဖွဲ့မှ သဘောတူညီခဲ့သည်။ အကောင်အထည်ဖော်သောနိုင်ငံများအား စံနှုန်းအသစ်ကို တတ်နိုင်သမျှစောစီးစွာ လိုက်နာလုပ်ဆောင်ရန် တိုက်တွန်းပါသည်။ လက်ရှိတွင် EITI အစီရင်ခံစာပြင်ဆင်ရန်နှင့် စစ်ဆေးအတည်ပြုခြင်းမှ နည်းလမ်းမှန်ပြင်ဆင်ဆောင်ရွက်ချက်များလုပ်ဆောင်ရန် ကြိုးပမ်းနေသည့် နိုင်ငံများအနေဖြင့် ၂၀၁၆ ခုနှစ် စံနှုန်းအောက်တွင် ဆက်လက်လုပ်ဆောင်နိုင်ပါသည်။

လက်ရှိအစီရင်ခံစာပြုစုရေးသားရာတွင် ၂၀၁၉ ခုနှစ် EITI စံနှုန်းများအား (မဖြစ်မနေအကောင်အထည်ဖော်ရန်

တာဝန်မရှိသော်လည်း) ထည့်သွင်းကျင့်သုံးရန် မျှော်မှန်းထားသည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် အောက်ပါစိန်ခေါ်မှုများကို ကြုံတွေ့ရပါသည်။

- ❖ စီမံကိန်းအလိုက် အသေးစိတ် သတင်းအချက်အလက်များအား အစီရင်ခံရာတွင် အခက်အခဲရှိခြင်း
- ❖ စာချုပ်များအား အများပြည်သူသိရှိရန်အတွက် မထုတ်ပြန်ခြင်းနှင့်
- ❖ အစီရင်ခံတင်ပြသည့် အသင်းအဖွဲ့များအကြားတွင် အသိအမြင်ဖွင့်မှုအားနည်းခြင်း

## အကြံပြုချက်

သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အနေဖြင့် အောက်ပါအချက်များကိုလုပ်ဆောင်ပြီး လာမည့်အစီရင်ခံစာတွင် ၂၀၁၉ ခုနှစ် EITI စံနှုန်းများကို အကောင်အထည်ဖော်ရန် ပြင်ဆင်ရန်အကြံပြုအပ်ပါသည်။

၁။ **စီမံကိန်းအလိုက် အစီရင်ခံခြင်းကိုအကောင်အထည်ဖော်ရန်–** သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သည် အောက်ပါနည်းလမ်းကို လိုက်နာသင့်သည်။

- ❖ **"စီမံကိန်း(ပရောဂျက်)" ဟူသောစကားလုံး၏ လက်တွေ့ကျသောအဓိပ္ပါယ်ကို ဖော်ဆောင်ခြင်း–** သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အနေဖြင့် "စီမံကိန်း" ဟူသောစကားလုံး၏ အဓိပ္ပါယ်မူကြမ်းကိုဖွင့်ဆိုရန် အကြံပြုပါသည်။ ယင်းအဓိပ္ပါယ်ကို မြန်မာနိုင်ငံ နောက်ခံအနေအထားနှင့် နိုင်ငံ့သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍ၏ သဘောသဘာဝအပေါ်မူတည်၍ ဖွင့်ဆိုသင့်ပါသည်။
- ❖ **အစီရင်ခံသောအသင်းအဖွဲ့များနှင့်တိုင်ပင်ဆွေးနွေးခြင်း–**သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သည်ပါဝင်သက်ဆိုင်သူများနှင့် စကားလုံး၏အဓိပ္ပါယ်ကို အသုံးပြုနိုင်မှု၊ အဆိုပါအတိုင်း သတင်းအချက်အလက်များကို အစီရင်ခံနိုင်ခြင်းရှိမှုမရှိမှုတို့ကို ဆွေးနွေးသင့်သည်။
- ❖ **သဘောထားမှတ်ချက်များတောင်းခံခြင်း–** အစီရင်ခံသည့် အသင်းအဖွဲ့များထံမှ သဘောထားမှတ်ချက်များတောင်းခံပြီးလျှင် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သည် အဆိုပြုထားသော အဓိပ္ပါယ်ကို အစီရင်ခံသည့်အသင်းအဖွဲ့များအနေအထားနှင့် သတင်းအချက်အလက်များရယူနိုင်မှုနှင့်အညီဖြစ်အောင် ချိန်ညှိသင့်သည်။
- ❖ **အဓိပ္ပါယ်အား လက်ခံကျင့်သုံးခြင်း–** သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သည် လာမည့် EITI အစီရင်ခံစာများ၏ ကိန်းဂဏန်းအချက်အလက်များတွင်အသုံးပြုမည့် ယင်းပြင်ဆင်ထားသော အဓိပ္ပါယ်ကို လက်ခံကျင့်သုံးသင့်သည်။

၂။ **ကျား/မရေးရာအလိုက် အလုပ်အကိုင်ခန့်အားထားရှိမှု အားဖွင့်ဟထုတ်ပြန်ခြင်းကို အကောင်အထည်ဖော်ခြင်း–** သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သည် ယင်းသတင်းအချက်အလက်များဖွင့်ဟထုတ်ပြန်ခြင်း၏ အရေးပါပုံကို ပိုမိုတိုးတက်အောင်ဆောင်ရွက်သင့်သည် (အသိအမြင်ဖွင့်လုပ်ငန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ စသည်)။

၃။ **စာချုပ်စာတမ်းများအား ဖွင့်ဟထုတ်ပြန်ခြင်း–** သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် အစိုးရဌာနများအား စာချုပ်စာတမ်းများ ရယူလက်လှမ်းမီနိုင်အောင်လုပ်ဆောင်ရန် ဖိတ်ခေါ်သည့်ကြိုးပမ်းချက်များကို ဆက်လက်ဆောင်ရွက်သင့်သည်။

၄။ စနစ်တကျ ဖွင့်ဟထုတ်ပြန်ခြင်းကိုအကောင်အထည်ဖော်ခြင်း၏ အရေးပါပုံကို အလေးထားဂရုပြုသင့်သည်။

## ၂.၂။ ယခင်နှစ်အစီရင်ခံစာများပါအကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေ

ကျွန်ုပ်တို့အနေဖြင့် ယခင်နှစ်အစီရင်ခံစာများပါ အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေနေကို မြန်မာဘာသာဖြင့် လက်ခံရရှိခဲ့ပြီး ဘာသာပြန်ဆိုချက်ကို ဤနောက်ဆုံးအစီရင်ခံစာတွင် ထည့်သွင်း ဖော်ပြထားပါသည်။

### ၁ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

#### ၂၀၁၃-၂၀၁၄ ခုနှစ် ပထမအကြိမ်အစီရင်ခံစာ

#### အကြံပြုချက်များ

**အစီရင်ခံစာထဲတွင် ထည့်သွင်းဖော်ပြထားသော အချက်အလက်များအား ယုံကြည်စိတ်ချနိုင်မှု**

(Reliability of the Data Reported)

EITI ၏ သတ်မှတ်ချက်များအရ အချက်အလက်များ၏ ယုံကြည်စိတ်ချနိုင်မှုသည် နိုင်ငံတစ်နိုင်ငံ၏ ပွင့်လင်းမြင်သာမှုကို အကဲဖြတ် သုံးသပ်ရာတွင် အဓိကကျသော အချက်များထဲမှ တစ်ခုဖြစ်ပြီး EITI စည်ကမ်းများနှင့် ကိုက်ညီမှုရှိ ဆုံးဖြတ်သည့် လုပ်ငန်းစဉ်တွင်လည်း ထည့်သွင်း စဉ်းစားရသော အရေးကြီးသည့် အချက်တစ်ခုလည်း ဖြစ်ပါသည်။

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသည် အစိုးရဌာနများအား စာရင်းစစ်မှုများနှင့် ပတ်သက်၍ မည်သည့် အစီရင်ခံစာကိုမျှ ပုံနှိပ်ထုတ်ဝေခြင်းမရှိပါ။ တွင်းထွက် သယံဇာတတူးဖော်ရေး စက်မှုကဏ္ဍတွင် ပါဝင်လုပ်ကိုင်နေသော အစိုးရဌာနဆိုင်ရာများနှင့် ပတ်သက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးထံမှ စာရင်းစစ် အစီရင်ခံစာများကို တောင်းခံခဲ့ပြီး ဤအစီရင်ခံစာများသည် အများပြည်သူအတွက် ဖတ်ရှုလေ့လာ၍ မရပေ။

နိုင်ငံတကာစံနှုန်းများနှင့်အညီ တွင်းထွက်သယံဇာတ တူးဖော်ရေး စက်မှုကဏ္ဍနှင့် စပ်လျဉ်းသည့် ဘဏ္ဍာရေးအချက်အလက်များ၏ ယုံကြည်စိတ်ချနိုင်မှု ရရှိစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ ထုတ်ပြန်သည့် အစီရင်ခံစာများကို အများပြည်သူများ အလွယ်တကူရရှိနိုင်ရန် စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေများကို ပြန်လည်သုံးသပ်ပါရန် အကြံပြုတိုက်တွန်းပါသည်။ သို့မှသာလျှင် မြန်မာနိုင်ငံအတွင်းရှိ တွင်းထွက်သယံဇာတ တူးဖော်ရေး စက်မှုကဏ္ဍနှင့် ပတ်သက်၍ အသိအမြင် ပိုဖွင့်ပေးနိုင်မည်ဖြစ်ပြီး ယင်းကဏ္ဍ၏ အရေးကြီးမှုကိုလည်း ပိုမိုသိရှိလာမည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ဒုတိယ နှင့် တတိယအကြိမ်မြောက် EITI အစီရင်ခံစာတွင် ပါဝင်သည့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ မှတ်ချက်များ**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှနေ၍ ၂၀၁၄-၁၅ နှင့် ၂၀၁၅-၁၆ ခု ဘဏ္ဍာရေးနှစ်များအတွက် EITI လုပ်ငန်းစဉ်တွင်ပါဝင်သော အစိုးရဌာနများနှင့် နိုင်ငံပိုင်စီပွားရေးလုပ်ငန်းများ၏ စာရင်းစစ်အစီရင်ခံစာများကို ပို့ပေးခဲ့ပါသည်။

သို့ရာတွင် ဤအစီရင်ခံစာများသည် အများပြည်သူများ အနေဖြင့် ဖတ်ရှုလေ့လာနိုင်ခြင်း မရှိပေ။

**စတုတ္ထအကြိမ်မြောက် EITI အစီရင်ခံစာတွင် ပါဝင်သည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ မှတ်ချက်များ**

ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၁ (က) အရ နိုင်ငံတော်၏ အရ-အသုံးစာရင်းများ စစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော်သို့မဟုတ် အမျိုးသားလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်တင်ပြခြင်း၊ ထူးခြားသော အခြေအနေများကို အခါအားလျော်စွာ တင်ပြပါသည်။

ပုဒ်မ ၁၁ (ဏ) အရ စစ်ဆေးဆောင်ရွက်ချက်များကို နိုင်ငံတော်သမ္မတထံတင်ပြသည်နှင့် တစ်ပြိုင်တည်း ပြည်ထောင်စုလွှတ်တော်သို့အစီရင်ခံတင်ပြရပါသည်။

ဤရုံးအနေဖြင့် စစ်ဆေးတွေ့ရှိချက်များကို ပြည်သူများသို့ တိုက်ရိုက်တင်ပြမှုမပြုသော်လည်း ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကောက်မတီက ဤရုံးမှတင်ပြသော စစ်ဆေးတွေ့ရှိချက်ကို အခြေခံ၍စိစစ်သုံးသပ်ချက်များနှင့်တကွ PAC Website ဖြစ်သည့် https://pyidaungsu.hluttaw.mm/reports တွင် တင်ပြထားပါသည်။

တိုင်းဒေသကြီး/ပြည်နယ်စာရင်းတွေ့ရှိချက်များသည် ဆောင်ရွက်ချက်၊ စစ်ဆေးတွေ့ရှိချက်အစီရင်ခံ စာကို ပြည်နယ်/တိုင်း ဝန်ကြီးချုပ်ထံအစီရင်ခံတင်ပြသည့်နှင့် တပြိုင်တည်း တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်သို့အစီရင်ခံတင်ပြရသည်။ OAG သည် တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့် အညီသာ ဆောင်ရွက်ရပါသည်။

၂၀၁၀ ခုနှစ် ပြည်ထောင်စုစာရင်း စစ်ချုပ်ဥပဒေကို ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခု နှစ်တို့တွင်ပြင်ဆင်ခဲ့ပြီး၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ဥပဒေ အားပြင်ဆင်ချက် အပိုဒ် ၁၁ (က) နှင့် (ဏ)၊ ၂၅(က) နှင့် ၂၅(ဃ) တို့ ကိုပြင်ဆင်ခဲ့သည်။

ထို့အတူ အခါအားလျော်စွာ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်အစီရင်ခံစာများကို တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်နှင့် လွှတ်တော်သို့လည်း တင်ပြအစီရင်ခံပါသည်။

EITI လုပ်ငန်းစဉ်တွင်ပါဝင်သော အစိုးရဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများသို့ မိမိတို့၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို ပေးပို့ပါသည်။ OAG အနေဖြင့် စစ်ဆေးတွေ့ရှိချက်များကို ပြည်သူများသို့ တိုက်ရိုက်တင်ပြမှုမပြုသော်လည်း ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ပုံမှန်အစီရင်ခံပြီး PAC မှ ၎င်း၏ ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ပါသည်။ OAG ရုံးအနေဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို သတင်းစာရှင်းလင်းပွဲများတွင် ဆွေးနွေးဖော်ပြပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

**တစ်စိတ် တစ်ပိုင်း အကောင်အထည်ဖော်ပြီး**

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထား မှတ်ချက်များ

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး(OAG)၏သဘောထားမှတ်ချက်များ**

ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၁(က)အရ နိုင်ငံတော်၏ အရအသုံးစာရင်းများ စစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်တင်ပြခြင်း၊ ထူးခြားသောအခြေအနေများကို အခါအားလျော်စွာ တင်ပြခြင်းများဆောင်ရွက်လျက်ရှိပြီး ပုဒ်မ(၁၁)ဏ အရ စစ်ဆေးဆောင်ရွက်ချက်များကို နိုင်ငံတော်သမ္မတထံ တင်ပြသည်နှင့်တစ်ပြိုင်တည်း ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာတင်ပြရပါသည်။ဤ ရုံးအနေဖြင့် စစ်ဆေးတွေ့ရှိချက်များကို ပြည်သူများသို့ တိုက်ရိုက်တင်ပြမှုမပြု သော်လည်း ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက ဤရုံးမှတင်ပြသော စစ်ဆေးတွေ့ရှိချက်ကိုအခြေခံသည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာတွင် စိစစ်သုံးသပ်ချက်၊ အကြံပြုချက်များနှင့်တကွ PAC website တွင်တင်ပြထားပါသည်။

၎င်းအပြင် ဤရုံးအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို မီဒီယာမှတစ်ဆင့် ပြည်သူများသို့ တင်ပြခြင်းများရှိပါကြောင်း ရှင်းလင်းတင်ပြပါသည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် EITI လုပ်ငန်းစဉ်တွင် ပါဝင်သော အစိုးရဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖြည့်သွင်းပေး ပို့လာသော EITI Template များကို ထပ်ချုပ်စိစစ်မှု(Verify)ပြုလုပ်၍ စာရင်းစစ်ထောက်ခံချက်များ ပေးပို့ခဲ့ပါသည်။

# ၂ ပြည်တွင်းအခွန်များဦးစီးဌာန

## ၂၀၁၃-၂၀၁၄ ခုနှစ် ပထမအကြိမ်အစီရင်ခံစာ

**ကုမ္ပဏီဝင်ငွေခွန် ပြေစာများကို ထုတ်ပေးရာတွင် နှောင်နှေးကြန့်ကြာမှု**

**(Delay in issuing CIT payment receipts)**

ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ကုမ္ပဏီဝင်ငွေခွန်ပြေစာများကို ထုတ်ပေးသည်မှာ အတော်ပင် နှောင်နှေးကြန့်ကြာပါသည်။ အမှန်စင်စစ် တွင်းထွက်သယံဇာတတူးဖော်သော ကုမ္ပဏီများသည် ငွေလွှဲလိုက်သော်လည်း ပြေစာများမရကြပေ။ ပြည်တွင်းအခွန်များဦးစီးဌာနမှ ပြေစာထုတ်ပေးရာတွင် ကြန့်ကြာမှုသည် တစ်လအထိရှိနိုင်သည်။

တွင်းထွက်သယံဇာတ တူးဖော်သော ကုမ္ပဏီများမှ ငွေပေးချေသော/ ငွေလွှဲပေးသောရက်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ စာရင်းမှတ်တမ်းများအကြား ကွာခြားမှုသည်လည်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြသောအချက်အလက်များအတွင်း ကြီးမားသော ခြားနားမှုများကို ဖြစ်စေပါသည်။ ကုမ္ပဏီအချို့မှ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီဝင်ငွေခွန် နောက်ဆုံးပေးချေမှုကို ပြုလုပ်ခဲ့ကြောင်း အစီရင်ခံခဲ့ကြပြီး ၂၀၁၄ခုနှစ် မတ်လအတွင်း ငွေလွှဲပေးခဲ့ကြောင်း သက်သေအထောက်အထားများ တင်ပြခဲ့ကြပါသည်။ ဤပေးချေမှုများ၏ ပြေစာများကို ၂၀၁၄ ခုနှစ် ဧပြီလမှာ ထုတ်ပေးသဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနကမူ ဤပေးချေမှုများအတွက် ပြေစာများကို စာရင်းတိုက်ဆိုင် စစ်ဆေးသောကာလ ကျော်လွန်သော ၂၀၁၄ခုနှစ် ဧပြီလမှ ထုတ်ပေးခဲ့သဖြင့် အစီရင်ခံစာတွင် မထည့်သွင်းခဲ့ပေ။

ကုမ္ပဏီများမှ ငွေလွှဲမှုရရှိသည်နှင့် တစ်ပြိုင်နက် ကုမ္ပဏီဝင်ငွေခွန် ပြေစာများကို ထုတ်ပေးရန် အကြံပြုလိုပါသည်။ ဤသို့ဆောင်ရွက်ခြင်းအားဖြင့် အစီရင်ခံစာတွင်ပါဝင်သည့် အချက်အလက်များကို မည်သည့်အထိပါဝင်မည်ဟု သတ်မှတ်ရာတွင် မှားယွင်းမှု ပြဿနာများကို ရှောင်ရှားနိုင်မည်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့်လည်း လုပ်ငန်းစဉ်ကို ပြန်လည် သုံးသပ်သင့်ပြီး ပြေစာများထုတ်ပေးရာတွင် ကြန့်ကြာမှုဖြစ်စေသည့် အားနည်းချက်များကို ဖော်ထုတ်သင့်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

### ဒုတိယအကြိမ်နှင့်တတိယအကြိမ် အစီရင်ခံစာများတွင် ပါဝင်သည့် မှတ်ချက်များ

ပြည်တွင်းအခွန်များဦးစီးဌာနသည် ဝင်ငွေခွန်ပေးမှုနှင့် ဆက်စပ်သည့်ပြေစာများ နှောင့်နှေးမှု ပြဿနာကို ဖြေရှင်းရန် အချို့သော လုပ်ဆောင်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ဤလုပ်ဆောင်ချက်များကို ပြည်တွင်းအခွန်များဦးစီးဌာနမှ ပေးပို့လာသည့် မှတ်ချက်ထဲတွင် ထည့်သွင်းဖော်ပြ ထားပါသည် -

ပြည်တွင်းအခွန်များ ဦးစီးဌာန၏ မှတ်ချက် -

ကုမ္ပဏီများအနေဖြင့် အခွန်များကို စည်းကမ်းနှင့်အညီ လိုက်နာပေးသွင်းရန် အောက်ပါအချက်များကို ကြိုးစားလုပ်ဆောင်ထားပါသည် -

- ❖ ဝင်ငွေကြေညာလွှာ တင်သွင်းရန် အသိပေးခဲ့သည်၊
- ❖ နှစ်စဉ်အခွန်ဆောင်ခြင်းနှင့် ပတ်သက်၍ မေးမြန်းစုံစမ်းနိုင်ရန် ဖိတ်ခေါ်ခဲ့သည်၊
- ❖ တင်သွင်းလာသောကြေညာလွှာများကို စစ်ဆေးခဲ့ပါသည်၊
- ❖ လိုအပ်ပါက ထပ်ပြီး အချက်အလက်များပေးပါရန် တောင်းခဲ့ပါသည်၊
- ❖ အချက်အလက်များ ပြည့်စုံပါက ပေးရမည့်အခွန်ပမာဏကို တွက်ချက်ပေးခဲ့ပါသည်၊ (ဤအဆင့်တွင် ဌာနဆိုင်ရာအဆင့်ဆင့်ကို ဖြတ်သွားရန်လိုပါသည်၊)
- ❖ အခွန်ဆောင်ရမည့် ပမာဏကို တွက်ချက်ပြီးပါက မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်၊ e-RTS တွင် ထည့်သွင်း၊ ဝင်ငွေခွန်ဥပဒေပုဒ်မ (၅၃)အရ(ပတခ ၀င - ၈) အခွန်တောင်းခံလွှာနှင့် အခွန်ဆောင်ရန် သုံးခေါက်ချိုးချလန်ကို ထုတ်ပေးခဲ့သည်၊
- ❖ ကုမ္ပဏီများသည် ချလန်ရသည်နှင့် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် အခွန်များကို ပေးဆောင်ရမည်။

ချလန်တစ်ရွက်ကို အခွန်ထမ်းသူမှ သိမ်းထားရန် ဖြစ်ပြီး အခြားတစ်ရွက်ကို သက်ဆိုင်ရာ ဘဏ်နှင့် ကျန်သည်ကို သက်ဆိုင်ရာ ပြည်တွင်းအခွန်များဦးစီးဌာနရုံးမှ သိမ်းဆည်းရမည်ဖြစ်ပါသည်။

အခွန်ထမ်းသည် ၂၀၁၃-၁၄ နှစ်အတွင်း နိုင်ငံခြားငွေဖြင့် အခွန်ဆောင်ခဲ့ပါက ၎င်းတို့သည် မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB)ဖြစ်စေ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဘဏ် (MICB)တွင် ဖြစ်စေ အခွန်ဆောင်ခဲ့ရသည်။ ထို့နောက် P.O ကို သက်ဆိုင်ရာ အခွန်ဦးစီးရုံးများသို့ ဆက်လက်၍ ပို့ပေးခဲ့ရသည်။ ဤသို့ ဆောင်ရွက်ခဲ့ရသည်မှာ ထိုစဉ်က သက်ဆိုင်ရာ အခွန်ဦးစီးရုံးများတွင် နိုင်ငံခြား ငွေကြေးငွေစာရင်းများ မဖွင့်နိုင်ခဲ့သောကြောင့် ဖြစ်ပါသည်။ P.O ရမှသာလျှင် ပြည်တွင်းအခွန်များဦးစီးဌာနရုံးမှ ဆောင်ရမည့် ကုမ္ပဏီဝင်ငွေခွန်ကို တန်ဖိုးညီမျှသောကျပ်ဖြင့် ဖော်ပြထားသော ချလန်ထုတ်ပေးသည်။ ထိုအခါ အခွန်ထမ်းသည် ချလန်မှာပါသည့်အတိုင်း အခွန်ပမာဏကို နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် ဆောင်နိုင်ပါသည်။ ဤသည်မှာ အမှန်တကယ် အခွန်ဆောင်သည့်ရက်နှင့် ချလန်ထုတ်ပေးသည့် ရက်တို့ ကွဲပြားရသော အဓိကအကြောင်းရင်းဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ အကြီးစားအခွန်ထမ်းများရုံးကို ၂၀၁၅ခုနှစ်တွင် တည်ထောင်ခဲ့သည့်နောက် အခွန်ထမ်းများအနေဖြင့် အလွယ်တကူ အခွန်ဆောင်နိုင်ရန် မလိုအပ်သော ဗျူရိုကရေစီဆန်သော လုပ်ထုံးလုပ်နည်းများကို ဖြတ်ပစ်လျက်ရှိပါသည်။

**စတုတ္ထအကြိမ်မြောက် EITI အစီရင်ခံစာတွင် ပါဝင်သည့် ပြည်တွင်းအခွန်များဦးစီးဌာနမှ သဘောထားမှတ်ချက်များ**

၂၀၁၉ ခုနှစ် မတ်လ update :

ပြည်တွင်းအခွန်များဦးစီးဌာန (IRD) အတွင်း လက်ရှိစွမ်းဆောင်ရည် အဆင့်သည် အချိန်နှင့်တပြေးညီ လက်ခံလုပ်ဆောင်ခြင်းအတွက် စိန်ခေါ်မှုများရှိနေသေးသည်။ ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက် မှစက်တင်ဘာလ ၃၀ရက် အထိ အခွန်ဘဏ္ဍာနှစ် ၆ လ အပြောင်းအလဲပြုလုပ်လိုက် ခြင်း၏ရလဒ်ကြောင့် လွှဲပြောင်းမှုပမာဏအား နှစ်ကြိမ်ခွဲဆောင်ရခြင်းက ၎င်းအခြေအနေကို ပိုမိုအဟန့်အတားဖြစ်စေနိုင်သည်။ ၂၀၂၀ ခုနှစ်တွင် စတင်အသက်ဝင်မည့် IT စနစ်အသစ်ကို လုပ်ဆောင်ရန်ကြိုးပမ်းဆောင် ရွက်ချက်များကြောင့် ပိုမိုအကျိုး ဖြစ်ထွန်းမှုရှိသောနှင့် အချိန်နှင့် တပြေးညီလုပ်ဆောင်နိုင်မှုပိုမို ကောင်းမွန်သော IRD လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများအားပြင် ဆင်မှုအများစုကို ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။ သို့သော်လည်း ၎င်းသည် ကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ် (Self-Assessment System) အောက်တွင် လုပ်ဆောင်နေသော အခွန်ပေးဆောင်သူများအတွက် လက်ငင်းအကျိုး ဖြစ်ထွန်းမှုများဖြစ်ပေါ်စေမည်ဖြစ်သည်။ ၂၀၂၀-၂၀၂၂ ခုနှစ် ကာလများအတွင်း ပိုမိုများပြားလာ မည်ဖြစ်ပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

**ဆက်လက်အကောင်အထည်ဖော်ဆဲ**

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

၂၀၂၀ update

ယခင်အစီရင်ခံစာတွင် လုပ်ဆောင် ရန်ရှိသည်ဟုဖော်ပြထားသော IT စနစ်အသစ် အကောင် အထည်ဖော်ခြင်းသည် ၂၀၂၄ မတိုင်မီအထိ အပြည့်အဝအသက်ဝင်လာမည် မဟုတ်ဟူသော အချက်မှလွဲ၍ မည် သည့်ပြောင်းလဲမှုမှ

မရှိပါ။ ယင်းအချိန်မတိုင်မီတွင် အခွန်ပေးဆောင်သူ အရေအတွက် ၄,၀၀၀ တို့သည် ၂၀၂၀ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ Self-assessment system စနစ်အတွင်းသို့ဝင်ရောက် ပါဝင်လာရန် ရှိသည်။

# ၃ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန

## ၂၀၁၃-၂၀၁၄ ခုနှစ် ပထမအကြိမ်အစီရင်ခံစာ

### အကြံပြုချက်များ

**အစီရင်ခံစာတင်ပို့ရန် နောက်ဆုံးရက် သတ်မှတ်ချက်များ**

**(Reporting deadlines)**

အစီရင်ခံစာ တင်သွင်းရမည့် အဖွဲ့အစည်းများအတွက် အစီရင်ခံစာပုံစံ တင်သွင်းရန်နောက်ဆုံးရက်ကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၆)ရက်ဟု သတ်မှတ်ခဲ့ပါသည်။ တွင်းထွက်သယံဇာတ တူးဖော်ရေးကုမ္ပဏီ (၄) ခုနှင့် အစိုးရဌာန (၂) ခု (ပြည်တွင်းအခွန်များ ဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာန)တို့သည် ၎င်းတို့၏ အစီရင်ခံစာ ပုံစံများကို အချိန်မီမတင်ပေး နိုင်ခဲ့ကြပေ။

ဤအခြေအနေကြောင့် စာရင်းတိုက်ဆိုင်စစ်ဆေးသော လုပ်ငန်းစဉ်တွင်အတော်ကြီးမားသော နှောင့်နှေးကြန့်ကြာမှုများ ဖြစ်စေခဲ့ပြီး အဖွဲ့အစည်းများကို ဆက်သွယ်ရန်နှင့် အစီရင်ခံစာပုံစံများကို ကောက်ခံရန် ထပ်လောင်း၍ ရင်းမြစ်များကို သုံးစွဲခဲ့ရသည့်အထိ ရောက်ခဲ့ပါသည်။

အစီရင်ခံစာတင်သွင်းမည့် အဖွဲ့အစည်းများအတွက် အစီရင်ခံစာပုံစံများတင်သွင်းရန် နောက်ဆုံးရက် အချိန်နည်းမှုကို ရှောင်ရှားရန်နှင့် ယင်းတို့၏ အစီရင်ခံစာပုံစံများ ကြိုတင်ပြင်ဆင်ရန် လုံလောက်သော အချိန်ရစေ ရန် စာရင်း တိုက်ဆိုင်စစ်ဆေးမှု လုပ်ငန်းစဉ်အတွက် အချိန်ဇယားကို သေသေချာချာ ကြိုတင်စီစဉ်ရန်အကြံပြုလိုက်ပါသည်။ ဤသို့လုပ်မှသာလျှင် အစီရင်ခံစာတင်သွင်းရမည့် အဖွဲ့အစည်းများဘက်မှ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းခြင်းကို မြင့်မားစေပြီး စာရင်းတိုက်ဆိုင် စစ်ဆေးမည့်သူများအား ပိုမို ကောင်းမွန်သော ပံ့ပိုးမှုပေးနိုင်ပေမည်။

### ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ဒုတိယအကြိမ် နှင့် တတိယအကြိမ် အစီရင်ခံစာများတွင် ပါဝင်သည့် မှတ်ချက်များ**

ယေဘုယျအားဖြင့် ၂၀၁၄-၁၅နှင့် ၂၀၁၅-၁၆ EITI အစီရင်ခံစာများအတွက် အစီရင်ခံစာပုံစံများ ပေးအပ်ရမည့် သက်မှတ်ထားသည့် နောက်ဆုံးရက်များကို လိုက်နာခဲ့ကြပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန၏ မှတ်ချက်**

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် MEITI အစီရင်ခံစာပုံစံပါ အချက်အလက်များကို အချိန်မီ မပေးနိုင်သည်မှာ အောက်ပါအကြောင်းရင်းများကြောင့် ဖြစ်ပါသည် –

(က) ဝင်ငွေခွန်ဥပဒေပုဒ်မ(၄၉)ပါ ပြဋ္ဌာန်းချက်အရ ပြည်တွင်းအခွန်များ ဦးစီးဌာနသည် ပုဒ်မ(၄၉)ကို လိုက်နာရပါသည်။

ထိုဝင်ငွေခွန် ပုဒ်မ (၄၉)မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

*"ဤဥပဒေအရ ဆောင်ရွက်ရသော အမှုတွဲများတွင်ပါရှိသည့်အကြောင်း အချက်များအားလုံးကို လျှို့ဝှက်ကိစ္စအဖြစ် မှတ်ယူရမည်။ ထို့အပြင် သက်သေခံ ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ မည်သည့်တရားစီရင်ရေးအဖွဲ့ကမှ အဆိုပါအကြောင်းအချက်များကို တင်ပြစေရန် (သို့မဟုတ်) ယင်းတို့နှင့် စပ်လျဉ်း၍ သက်သေခံစေရန် ပြည်သူ့ဝန်ထမ်းတစ်ဦးအား ဆင့်ဆိုပိုင်ခွင့် မရှိစေရ။"*

သို့ရာတွင် ပြည်ထောင်စု အစိုးရက တရားလို (သို့မဟုတ်) တရားပြိုင်အဖြစ်ပါဝင်သည့် အမှုအတွက် ပြည်ထောင်စု အစိုးရက ဤကိစ္စအတွက် တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့က သဘောတူညီလျှင် ဆင့်ဆိုပိုင်ခွင့်ရှိသည်။

(ခ) ပြည်သူ့ဝန်ထမ်းတစ်ဦးသည် အဆိုပါ အကြောင်းအချက်များကို ပြည်ထောင်စု အစိုးရကိစ္စမှအပ ထုတ်ဖော်ခြင်း မပြုရ။

(ဂ) ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်သော ပြည်သူ့ဝန်ထမ်းအား တရားစွဲဆို၍ ပြစ်မှုထင်ရှားကြောင်း ဆုံးဖြတ်လျှင်(၆)လအထိ ထောင်ဒဏ် အပြစ်ပေးနိုင်သည်။

ထို့အပြင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ (၅၃)တွင် ပြဋ္ဌာန်းထားသည်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

*"ဤဥပဒေအရ ဆောင်ရွက်ရသည့် အမှုတွဲများတွင် ပါရှိသည့် အကြောင်းအချက်အားလုံးကို လျှို့ဝှက်ကိစ္စအဖြစ်မှတ်ယူရမည့်အပြင် ထိုလျှို့ဝှက်ထားရမည့် အကြောင်းအချက်များကို တင်ပြစေရန်၊ ယင်းတို့နှင့် စပ်လျဉ်း၍ ပြည်သူ့ဝန်ထမ်းတစ်ဦးအား တင်ပြစေရန်ခိုင်းစေခြင်း၊ ပြည်သူ့ဝန်ထမ်းတစ်ဦးအား သက်သေခံစေရန် ဆင့်ဆိုခြင်းတို့နှင့် စပ်လျဉ်း၍ ဝင်ငွေခွန်ဥပဒေပုဒ်မ(၄၉)သည်ဤဥပဒေအပေါ်လည်း သက်ရောက်ရမည်။"*

အထက်ပါအချက်များအရ ပြည်တွင်းအခွန်များဦးစီးဌာနသည် MEITI မှတောင်းသော အကြောင်းအချက်များကို ပေးအပ်ရန် တာဝန်ရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ ပိုမိုကောင်းမွန်သည့် တိကျမှန်ကန်မှုအတွက် ထိုအကြောင်းအချက်များကို အချို့သောဌာနတွင်း လုပ်ထုံးလုပ်နည်းများနှင့်စစ်ဆေးရန် လိုအပ်ခြင်းကြောင့် အချိန်မီ ယင်းတို့ကို မပေးအပ်နိုင်ခဲ့ခြင်းဖြစ်ပေသည်။

**အကောက်ခွန်ဦးစီးဌာန၏ မှတ်ချက် –**

သတ်မှတ်ထားသည့် MEITI အစီရင်ခံစာ ပုံစံကိုအကြံပြုချက် ၇.၃ တွင်ပါဝင်သည့် အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနမှ အချိန်မီ မတင်သွင်းကြောင်းဖော်ပြထားပါသည်။ အစီရင်ခံစာပုံစံ နောက်ဆုံးထား ပေးပို့ရမည့် ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် မတိုင်မီ အကောက်ခွန်ဦးစီးဌာနသည် ဌာနနှင့် စပ်လျဉ်းသော အကြံပြုချက် ၇.၃ အား အကောင်အထည်ဖော်ဆောင်မှုအခြေအနေကို အချိန်မီမပေးပို့ခဲ့ကြောင်း ဖော်ပြထားပါသည်။

ထိုအစီရင်ခံစာပုံစံတွင် ဖြည့်သွင်းရမည်မှာ ကျောက်မျက်နှင့် ကျောက်စိမ်း ကုမ္ပဏီများ၊ သတ္တုတူးဖော်ရေး ကုမ္ပဏီများနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ကုမ္ပဏီများ၏ ပြည်ပပို့ကုန်၊ သွင်းကုန်များနှင့် ပတ်သက်သော အချက်အလက်များကို ဖြည့်ရန်သာ ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ အချက်အလက်တောင်းသောစာထဲတွင် ထိုကုမ္ပဏီများနှင့်ပတ်သက်၍ လိုအပ်သော အသေးစိတ် အချက်အလက်များကို မပါရှိသဖြင့် အစီရင်ခံစာ ပုံစံကိုဖြည့်ရန်လိုအပ်သော အချက်အလက်များကို ကြိုတင်ပြင်ဆင်ရာတွင် ဌာနအတွက်အခက်အခဲ ဖြစ်စေခဲ့ပါသည်။ ထို့ကြောင့်ထိုအချက်အလက်များကို ထိုစဉ်ကာလ ပေးအပ်ရန် နှောင့်နှေးကြန့်ကြာမှုဖြစ်ခဲ့ပါသည်။

တောင်းလာပါက အကောက်ခွန်ဦးစီးဌာနဆိုင်ရာ အချက်အလက်များကို ပေးရန်၊ MEITI အစည်းအဝေးများတွင် အကောက်ခွန်ဦးစီးဌာန ကိုယ်စားပြု၍ တက်ရောက်ရန်၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေး ကဏ္ဍများနှင့် စပ်လျဉ်းသောမေးခွန်းများကို ဖြေကြားပေးရန်၂၀၁၇ခုနှစ်၊ ဇူလိုင်လ ၂၁ရက် နေ့စွဲပါ ဌာနဆိုင်ရာ အမိန့်အမှတ် ၃၃၅/၂၀၁၇ဖြင့် MEITIအတွက် အကောက်ခွန်ကော်မတီတစ်ခုကို ဖွဲ့စည်းထားပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် MEITI အကောက်ခွန်ကော်မတီမှ အဖွဲ့ဝင်များသည် မြန်မာနိုင်ငံသို့ EITI အစီရင်ခံစာရေးသားခြင်းနှင့် ပတ်သက်၍ နယ်ပယ်သတ်မှတ်မှု သုတေသနများဆိုင်ရာ လေ့လာမှုခရီးစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် လွတ်လပ်သော စာရင်းစစ်ဆေးသူအဖွဲ့မှ ကိုယ်စားလှယ်များနှင့် အစည်းအဝေးကို ၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့တွင်လက်ခံကျင်းပခဲ့ရာ အကောက်ခွန်ဦးစီးဌာနမှ အစီရင်ခံစာအတွက် ပေးပို့ရမည့်သတင်းအချက်အလက်များကိုလည်း ဆွေးနွေးခဲ့ပါသည်။ လက်ရှိကာလတွင် အကောက်ခွန်ဦးစီးဌာနသည် ကျောက်မျက်နှင့်ကျောက်စိမ်းကုမ္ပဏီပေါင်း(၁၀၁၈)ခု၊ သတ္တုတူးဖော်ရေး ကုမ္ပဏီ (၁၂၀၃)ခု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီ (၈၆)ခု တို့၏ ကိန်းဂဏန်းများနှင့် အကြောင်းအချက်များကို၂၀၁၄-၂၀၁၅နှင့်၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များအတွက် တောင်းခံထားသည့်အတိုင်း ထိုအချက် အလက်များနှင့် ကိန်းဂဏန်းများကို အချိန်မီ ပေးပို့နိုင်ရန် ပြင်ဆင်နေပါသည်။

နိဂုံးချုပ်အားဖြင့် အကောက်ခွန်ဦးစီးဌာနသည် ပထမ MEITI အစီရင်ခံစာ၏ အကြံပြုချက်များအပေါ် အကောင်အထည် ဖော်ဆောင်မှုအခြေအနေ၊ တောင်းထားသော ကိန်းဂဏာန်းများနှင့် အချက်အလက်များကိုအချိန်မီ ပေးပို့နိုင်ရန် လက်ရှိ ဆောင်ရွက်နေပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

**ဆက်လက်အကောင်အထည်ဖော်ဆဲ**

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

-

# ၄ သုံးသပ်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင်များ

၂၀၁၃-၂၀၁၄ ခုနှစ် ပထမအကြိမ်အစီရင်ခံစာ

## အကြံပြုချက်များ

**EITI၏ အနာဂတ် နယ်ပယ် သတ်မှတ်မှု (Future EITI scope)**

EITI စည်းကမ်းချက်(၄)အရ ပြည့်စုံလွှမ်းခြုံသော EITI အစီရင်ခံစာများ ထုတ်နိုင်ရန် အစိုးရမှ တွင်းထွက်သယံဇာတ တူးဖော်ရေးလုပ်ငန်း စက်မှုကဏ္ဍ ဝင်ငွေများကို အပြည့်အဝ ထုတ်ပြန်ကြေညာခြင်းနှင့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေး ကုမ္ပဏီများမှ အစိုးရသို့ ပေးရသော ထုတ်ကုန်ပစ္စည်းများ ပေးချေမှုအားလုံးကို ထုတ်ဖော်ကြေညာပေးရန် လိုအပ်ပါသည်။

မြန်မာ EITIမှ ဤအခြေအနေတွင် အောက်ပါအကြံပြုချက်များကို ထည့်သွင်းစဉ်းစားရန် အကြံပြုလိုက်ပါသည် -

- ❖ စာရင်းတိုက်ဆိုင် ညှိနှိုင်းခြင်းလုပ်ငန်းစဉ်တွင် ထုတ်လုပ်မှုအချက်အလက်များကို ထည့်သွင်းရန်၊
- ❖ ကျောက်မျက်အရောင်းပြပွဲမှရသော ဝင်ငွေများသာ မဟုတ်ဘဲ ကောက်ယူရရှိသော ဝင်ငွေများအားလုံးကို ထည့်သွင်းခြင်းအားဖြင့် ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍခွဲတွင် ဝင်ငွေများ လွှမ်းခြုံမှုကို မြှင့်တင်ရန်နှင့် ရေအားလျှပ်စစ်၊ သစ်တော၊ ရေလုပ်ငန်းနှင့် အခြားလုပ်ငန်းများ ထည့်သွင်းနိုင်ခြေကိုပါ သုတေသနပြုလေ့လာသွားရန်၊
- ❖ ကုမ္ပဏီများထံမှ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ရရှိသည့် ဝင်ငွေများနှင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများမှ ဘဏ္ဍာရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးသည့် ငွေပမာဏများအကြား စာရင်းတိုက်ဆိုင် စစ်ဆေးပေးရန်၊
- ❖ ကိန်းဂဏန်း ပိုင်းဖြတ်မှုများကို လျှော့ချခြင်းနှင့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် အခြား သတ္တုများအတွက် အခြား ဆက်စပ်မှုရှိသော စံသတ်မှတ်ချက်များကို ထည့်သွင်း စဉ်းစားခြင်းအားဖြင့် အစီရင်ခံစာ၏ လွှမ်းခြုံမှုကို တိုးမြှင့်ရန်၊
- ❖ စာရင်းတိုက်ဆိုင်စစ်ဆေးသော အဆင့်တွင် ရေနံနှင့် သဘာဝ ဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းခြင်း/သယ်ယူပို့ဆောင်ရေး ဝင်ငွေများပါထည့်သွင်းရန်နှင့်
- ❖ စီမံကိန်းအလိုက် လူမှုရေးအတွက် ထည့်ဝင်သော ကုန်ကျစရိတ်များကို စီမံကိန်းအလိုက်နှင့် အကျိုးခံစားသူအလိုက် ခွဲခြားဖော်ပြရန်။

နှစ်စဉ်လုပ်ငန်းအစီအစဉ် ရေးဆွဲသောအခါ MEITIသည် သယံဇာတ ကဏ္ဍတစ်ရပ်လုံးကို အပြည့်အဝ လွှမ်းခြုံနိုင်ရန်နှင့် EITI နယ်ပယ် လေ့လာသတ်မှတ်မှုမှာလည်း အရှိန်အဟုန်ဖြင့်တရွေ့ရွေ့ တိုးတက်မှုရှိစေရန်ထည့်သွင်းစဉ်းစားသင့်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ဒုတိယအကြိမ်နှင့်တတိယအကြိမ် အစီရင်ခံစာများတွင်ပါဝင်သည့် မှတ်ချက်များ**

မြန်မာနိုင်ငံ၏ ဒုတိယနှင့် တတိယ EITI အစီရင်ခံစာများ၏ နယ်ပယ်သတ်မှတ်မှုကို ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍတွင် ကျောက်မျက်ပြပွဲထက် ကျော်လွန်၍ ငွေပေးချေမှုများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်း၊ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီများကိုထည့်သွင်းခြင်းနှင့် ကုန်ထုတ်လုပ်မှုနှင့်ပြည်ပသို့တင်ပို့ရောင်းချမှုအချက်အလက်များကို စာရင်းတိုက်ဆိုင် စစ်ဆေးခြင်းတို့ကြောင့် ပိုမိုကျယ်ပြန့်စေခဲ့ပါသည်။ မြန်မာနိုင်ငံသည်ပထမအကြိမ် EITI သစ်တောအစီရင်ခံစာကို ပြင်ဆင်နေကြောင်းလည်း သိရပါသည်။

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

စတုတ္ထအကြိမ် EITI အစီရင်ခံစာတွင်လုပ်ကွက်ချထားမှု၊ တူးဖော်ထုတ်လုပ်မှု၊ ရတနာခွန်ပေးဆောင်မှု၊ ရတနာပြပွဲတွင် တင်ပြရောင်းချမှု၊ ခွင့်ပြုမိန့် (လက်ဝယ်ပိုင်ဆိုင်မှု)၊ Inkind ခွဲဝေမှု၊ လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်မှု၊ ဝင်ငွေခွန်ပေးဆောင်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်မှုတို့ အပြင် UFA (OA) စာရင်း၏ ဝင်ငွေနှင့်အသုံးစရိတ်အသေးစိတ်စာရင်းကို နယ် ပယ်ချဲ့ထွင်၍ Reporting Template တွင် ဖြည့်သွင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

တစ်စိတ်တစ်ပိုင်းအကောင်အထည်ဖော်ပြီး

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**မြန်မာ့ကျောက်မျက်ရတနာရောင်း ဝယ်ရေးလုပ်ငန်း (MGE)၏ သဘောထားမှတ်ချက်များ**

စတုတ္ထအကြိမ် EITI အစီရင်ခံစာတွင်လုပ်ကွက်ချထားမှု၊ တူးဖော်ထုတ်လုပ်မှု၊ ရတနာခွန်ပေးဆောင်မှု၊ ရတနာပြပွဲတွင် တင်ပြရောင်းချမှုနှင့် ရောင်းရငွေအပေါ် အခွန်ပေးဆောင်မှု၊ ခွင့်ပြုမိန့်(လက်ဝယ်ပိုင် ဆိုင်မှု)၊ Inkind ခွဲဝေမှု၊ လူမှုအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်မှု၊ ဝင်ငွေခွန်ပေးဆောင်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဆောင်ရွက်မှုတို့အပြင် UFA (OA)စာရင်း၏ ဝင်ငွေနှင့် အသုံးစရိတ်အသေးစိတ် စာရင်းကို နယ်ပယ်ချဲ့ထွင်၍ Reporting Template တွင် ဖြည့်သွင်းဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာနှစ်၊ ပဉ္စမအကြိမ်အစီရင်ခံစာတွင် Gems & Jade Sector မှ ကုမ္ပဏီ (၂၀၉)ခု၏ အချက် အလက်များကို Template ဖြည့်သွင်း ဆောင်ရွက်ခဲ့ပြီးပြပွဲဗဟိုကော်မတီရန်ပုံငွေစာရင်း၏ Data များကို သီးခြား Template ဖြည့်သွင်းခဲ့ပါသည်။

# ၅ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင်များ

၂၀၁၃-၂၀၁၄ ခုနှစ် ပထမအကြိမ်အစီရင်ခံစာ

## အကြံပြုချက်များ

**အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု အဓိပ္ပာယ် ဖွင့်ဆိုခြင်း (Definition of the Beneficial Ownership)**

၂၀၁၃ခုနှစ် EITI စည်းကမ်းချက်များအရ သယံဇာတ စက်မှုလုပ်ငန်းများတွင် ဝင်ရောက်၍ လေလံဆွဲ၊ လုပ်ငန်းဆောင်ရွက်၊ (သို့မဟုတ်/နှင့်) ရင်းနှီးမြှုပ်နှံသော ကုမ္ပဏီများ၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများကို အများပြည်သူ သိရှိအောင် ထုတ်ဖော်ကြေငြာရန် အကြံပြုထားပါသည်။ (အောက်တွင်ဖော်ပြထားသော အကျိုးအမြတ်ရရှိ ပိုင်ဆိုင်မှုဆိုင်ရာ EITI စံနှုန်းသတ်မှတ်ချက်များကို လေ့လာနိုင်ပါသည်။) ဤသည်မှာ အစိုးရနှင့် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများအတွက် မဖြစ်မနေ လုပ်ဆောင်ရမည့် စည်းကမ်းချက်ဖြစ်ပြီး ၂၀၁၆ ခုနှစ်မှ စ၍ဖက်စပ်လုပ်ငန်းများမှ မိတ်ဖက်များအပါအဝင် ပုဂ္ဂလိက (သို့မဟုတ်) စတော့ရှယ်ယာ ဈေးကွက်တွင် စာရင်းမသွင်းထားသောအများပိုင် ကုမ္ပဏီများအတွက်လည်း စည်းကမ်းချက်တစ်ခု ဖြစ်လာနိုင်ပါသည်။

လက်ရှိကာလတွင် မြန်မာနိုင်ငံ၌ အဖိုးတန်သယံဇာတ ပိုင်ဆိုင်မှုများတွင် လေလံဝင်ပြိုင်သော၊ လုပ်ငန်းဆောင်ရွက်သော (သို့မဟုတ်) ရင်းနှီးမြှုပ်နှံသော ကုမ္ပဏီများ၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများကို အများပြည်သူ သိရှိစေရန် စာရင်းသွင်း မှတ်ပုံတင်ထားခြင်း မရှိပါ။ MEITI ၏ နယ်ပယ်လေ့လာသတ်မှတ်ရေး အစည်းအဝေးတွင် ဦးဆောင်ကော်မတီ အဖွဲ့ဝင်များသို့ အဆိုပြုထားသည့် "အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု"နှင့် "နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူများ" အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အကျဉ်းချုံးတင်ပြမှုအား မျှဝေပေးခဲ့ပြီးသော်လည်း ကော်မတီအဆင့်တွင် အကျယ်တဝင့်ဆွေးနွေးရန် ကျန်နေပါသေးသည်။

နယ်ပယ်လေ့လာသတ်မှတ်ရေး အစီရင်ခံစာထဲတွင် အဆိုပြုထားသည့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်၏ သင့်တော်လျော်ကန်မှုကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ကြီးမှ ဆုံးဖြတ်ရပါမည်။ ကုမ္ပဏီတစ်ခုတွင် လူတစ်ယောက်အား အကျိုးအမြတ် ရရှိပိုင်ဆိုင်သူအဖြစ် သတ်မှတ်ရေးအတွက် ထိုသူပိုင်ဆိုင် (သို့မဟုတ်) ထိန်းချုပ်ရမည့် အစုရှယ်ယာရာခိုင်နှုန်းကို သတ်မှတ်ရန်နှင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုကို အစီရင်ခံရမည့် လုပ်ငန်းစဉ်အကောင်အထည်ဖော်ရာတွင် လိုအပ်သော ဆောင်ရွက်ချက်များကို ဆောင်ရွက်ရန်ကို သဘောတူညီကြောင်း EITI ဘက်စုံ အကျိုးသက်ဆိုင်သူများ အားလုံး၏ ထင်မြင်မှုများကို ပေးပြီးသည့်အပေါ်အခြေခံ၍ ဆွေးနွေးဆုံးဖြတ်ရပါမည်။ သုံးပွင့်ဆိုင် ညွှန်ပေါင်းအဖွဲ့သည် အကျိုးအမြတ်အတွက် နိုင်ငံရေးအရ လွှမ်းမိုးနိုင်သည့် ပုဂ္ဂိုလ်များ၊ ကုမ္ပဏီမှ အခြားအကြောင်းကြောင်းဖြင့် ငွေကြေး အကျိုးအမြတ်ရသူများကိုလည်းအကျိုးအမြတ် ရရှိပိုင်ဆိုင်သူများအဖြစ် စဉ်းစားမည်ဟုတ်၊ မဟုတ်ကို သဘောတူညီချက် ယူရမည်။

ဤချိတ်ဆက်မှုအရ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ယင်းကိုမည်သို့ အစီရင်ခံတင်ပြရမည်ဟူသော လုပ်ငန်းစဉ်ကို သဘောတူပြီးသောအခါတွင် MEITI ညှိနှိုင်းရေးမှူးရုံးသည် အစီရင်ခံစာတင်သွင်းမည့် အဖွဲ့အစည်းများမှ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ကြေညာချက်၏ အရေးကြီးပုံကို သိရှိအောင် သေချာစွာလုပ်ဆောင်ပေးရန် အကြံပြုလိုက်ပါသည်။ စတော့ရှယ်ယာဈေးကွက်တွင် စာရင်းမသွင်းထားသည့် ကုမ္ပဏီများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ မပိုင်ဆိုင်သော ကုမ္ပဏီများ၏ ပိုင်ဆိုင်မှုကိုအထူးဂရုပြုသင့်ပါသည်။

ထို့အပြင် ကုမ္ပဏီများအား အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုကို အစီရင်ခံရန် စည်းကမ်းချက်များကို သင်တန်းတစ်ခုပေးရန် အရေးကြီးကြောင်း အထူးအကြံပြုလိုက်ရပါသည်။ သင်တန်းပေးသည့် အခါတွင်လည်း အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အစီရင်ခံစာ ပုံစံကိုလည်းတင်ပြပြီး အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ထုတ်ပြန်ကြေညာချက်အတွက် ကြိုတင်ပြင်ဆင်ရန် ညွှန်ကြားချက်များနှင့် လမ်းညွှန်မှတ်စုများကိုလည်း ပေးအပ်သင့်ပါသည်။

ထို့အတူ EITI စံနှုန်းလိုအပ်ချက် ၃.၁၁ နှင့်အညီအကျိုးအမြတ် ရရှိပိုင်ဆိုင်မှု အကြောင်းအချက်များကို ထုတ်ဖော်ချပြ၊ အခိုင်အမာဖော်ပြ၊ နောက်ဆုံးရလာသည့် အချက်အလက်များကို မွမ်းမံပြင်ဆင်ထည့်သွင်းရန် ကုမ္ပဏီများအတွက် စံနှုန်းပြည့်မီသော ပုံစံတစ်ခုကို သဘောတူညီမှု ရရှိရေးအတွက် သယံဇာတ တူးဖော်ရေးကဏ္ဍ ကုမ္ပဏီများနှင့်အတူ အစိုးရနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ စတင်ဆောင်ရွက်ရန်လည်း အကြံပြုလိုက်ရပါသည်။ ဤရည်ရွယ်ချက်အတွက် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့သည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စည်းကြပ်သူ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ ကျွမ်းကျင်ပညာရှင်များနှင့် အခြားသောအကျိုးသက်ဆိုင်သူများကို ကိုယ်စားပြုမည့် ကော်မတီခွဲတစ်ခုကို တည်ထောင်ရန် စဉ်းစားသင့်ပါသည်။ ဤကော်မတီသည် ထုတ်ဖော်ဖွင့်ဟ ကြေညာချက် စည်းမျဉ်းနှင့် စည်းကမ်းများ၏ ထိရောက်မှုနှင့် ရှေ့ဆက်ဖော်ထုတ်ရမည့် စည်းမျဉ်း၊ စည်းကမ်းများ၏ အချက်အလက်များကို ဖလှယ်နိုင်ရန် ပံ့ပိုးပေးပါမည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

### ဒုတိယအကြိမ် နှင့် တတိယအကြိမ် အစီရင်ခံစာများတွင် ပါဝင်သည့် မှတ်ချက်များ

အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများနှင့် နိုင်ငံရေးအရ သြဇာတိက္ကမရှိသူများ (PEP) ၏အဓိပ္ပာယ်ဖွင့်ဆိုချက်များကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ EITI ဒုတိယနှင့် တတိယ အစီရင်ခံစာများအတွက် ရေးဆွဲထားပါသည်။ ဤအစီရင်ခံစာများ၏ စာရင်းတိုက်ဆိုင်ညှိနှိုင်းမှုတွင် ပါဝင်သည့် သယံဇာတကုမ္ပဏီများအား အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများနှင့် အကျိုးအမြတ်အတွက် နိုင်ငံရေးအရ လွှမ်းမိုးနိုင်သောသူများနှင့် ပတ်သက်၍ သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာပေးရန် တောင်းဆိုခဲ့ပါသည်။ သို့သော်လည်း သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှဤသို့ ထုတ်ဖော်ကြေငြာချက်သည် မိမိတို့ သဘောဆန္ဒ အလျောက်သာ လုပ်ရန်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

အားလုံးသောကုမ္ပဏီများသည် (သက်ဆိုင်သော အခါ) အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများနှင့် နိုင်ငံရေးအရ သြဇာတိက္ကမရှိသူများ ကိုငင်းတို့၏အစီရင်ခံစာ ပုံစံများထဲတွင် မထည့်သွင်း၊မဖော်ပြကြကြောင်း မှတ်သားခဲ့ရပါသည်။

မြန်မာနိုင်ငံတွင်လည်း အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများ မှတ်ပုံတင်စာရင်း ဟူ၍မရှိပါ။

### မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မှတ်ချက် –

၂၀၁၇ခုနှစ်၊မတ်လ (၂၃)နှင့်(၂၄)ရက်နေ့များတွင်နိုဗိုတယ်ဟိုတယ်၌ ညှိနှိုင်းတိုင်ပင်ဆွေးနွေးသော အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပခဲ့ပြီး နိုင်ငံတကာ ကုမ္ပဏီများအား အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ ၎င်းတို့အနေဖြင့် ဆောင်ရွက်ရန် စိတ်ဝင်စားမှုရှိပါက စိတ်ဝင်စားကြောင်း လျှောက်လွှာတင်ပေးရန်လည်း ဖိတ်ခေါ်ခဲ့ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီညွှန်ကြားမှုဦးစီးဌာန၏ မှတ်ချက်**

- ❖ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးမှနေ၍ စီမံကိန်းတစ်ခုကို အတည်ပြုပြီးသည်နှင့် ၂၄ နာရီ အတွင်း www.dica.gov.mm ဝဘ်ဆိုဒ်တွင် အတည်ပြုလိုက်သော ရင်းနှီးမြှုပ်နှံမှု စီမံကိန်းနှင့် ပတ်သက်သည့် အချက်အလက်များကို ထုတ်ဖော် ကြေငြာခြင်း၊ သတင်းစာ ရှင်းလင်းပွဲ ကျင်းပခြင်းနှင့် ဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံမှု သတင်းအချက်အလက်များကို ကဏ္ဍအလိုက်သာမက နိုင်ငံအလိုက်ပါ တင်ပေးထားပါသည်။

- ❖ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် အမည်စာရင်း သွင်းထားသော ကုမ္ပဏီများ၏စာရင်းကို ဌာန၏ ဝက်ဘ်ဆိုဒ် (www.dica.gov.mm)တွင် တင်ပေးထားပါသည်။

- ❖ GIZ ၏ ကျေးဇူးတင်ထိုက်သော ပံ့ပိုးမှုများဖြင့် ဌာန၏ ဝဘ်ဆိုဒ်ကို ပိုမို ကောင်းမွန်အောင် Mspiral International Design and Web Development Agency နှင့် ပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

- ❖ လက်ရှိ ဌာနတွင် ကုမ္ပဏီများ၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများကို အမည်စာရင်းသွင်း မှတ်ပုံတင်ရန် အတွက် သီးခြားကဏ္ဍ ခွဲခြားထားခြင်း မရှိသေးပါ။

- ❖ ၂၀၁၇ခုနှစ်မတ်လ (၃၀)ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ၏ ပုဒ်မ (၃၈)အရ ရင်းနှီးမြှုပ်နှံသူတစ်ဦး (သို့မဟုတ်) ရင်းနှီးမြှုပ်နှံသူနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးစီးပွား သိသာထင်ရှားစွာ ပါဝင်သော အခြားပုဂ္ဂိုလ်များကို ပါဝင်ရမည် (သို့မဟုတ်) ကော်မရှင်မှ အခါအားလျော်စွာ သတ်မှတ်သည် အခြားသတင်းအချက်အလက်များကို နည်းဥပဒေ ၃၆(ဂ) အရတင်ပြသောအဆိုပြုသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအကျဉ်းချုပ်တွင် ပါဝင်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။

- ❖ ထို့အတူ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ(၄၅)အရ ကော်မရှင်သည် အဆိုပြုချက် အကျဉ်းချုပ်ကို အများပြည်သူ သိရှိနိုင်ရန် ထုတ်ပြန်နိုင်သည်ဟုလည်း ပြဋ္ဌာန်းထားပါသည်။

- ❖ ထို့အပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ပုဒ်မ (၁၉၉) အရ ရင်းနှီးမြှုပ်နှံသူတစ်ဦး တင်ပြသော နှစ်စဉ် အစီရင်ခံစာကို ကော်မရှင်ထံ တင်ပြသည့်နေ့မှစ၍ သုံးရက်အတွင်း ရင်းနှီးမြှုပ်နှံသူ၏ ဝက်ဘ်ဆိုဒ်တွင်ဖြစ်စေ၊ ဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်တွင်ဖြစ်စေ၊ အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရန် ပြဋ္ဌာန်းထားပါသည်။

**သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မှတ်ချက် –**

၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် နိုင်ငံတကာ EITI အထွေထွေအတွင်းရေးမှူးရုံးသို့ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု (beneficial ownership– BO)လမ်းပြမြေပုံတစ်ခုကို ပေးပို့ရန် နိုင်ငံတော်အစိုးရ၊ အရပ်ဖက်လူမှုအဖွဲ့ အစည်းများ (MATA)၊ ပုဂ္ဂလိကကဏ္ဍ(MFMA)နှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှု အင်စတီကျူ(NRGI)တို့ တက်ရောက်သော အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုကို ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့တွင် နေပြည်တော်ရှိ Royal ACE Hotel၌ ကျင်းပ၍ လမ်းပြမြေပုံတစ်ခုကိုမူကြမ်းရေးဆွဲခဲ့ပါသည်။ ထို အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုလမ်းပြမြေပုံ မူကြမ်းကို လွန်ခဲ့သော မတ်လ (၂၀၁၇ခုနှစ်၊ မတ်လ (၂၃) မှ(၂၄)ရက်) တွင်ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ နှစ်ရက်တာ ပြန်လည်သုံးသပ်ဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပ၍ အစိုးရ၊ MATA၊ MFMA နှင့် NRGI ကဲ့သို့ အရေးကြီးသည့် အကျိုးသက်ဆိုင်သူများနှင့်အတူ EITI အထွေထွေအတွင်းရေးမှူးရုံးမှ Ms. Gay နှင့် World Bank မှ Ms. Shona တို့လည်း တက်ရောက်ခဲ့ကြပြီးလမ်းပြမြေပုံကို အပြီးသတ်ရေးဆွဲနိုင်ရန် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ပါသည်။ ထို့အပြင် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုအကြံပေးတစ်ဦး(BO Consultant)ငှားရမ်းနိုင်ရန် ဝန်ကြီးဌာနသည် ကော်မတီခွဲ၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ တို့နှင့်လည်း ညှိနှိုင်းဆွေးနွေးလျက်ရှိပါသည်။

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

BO နှင့်ပတ်သက်၍ ရှေ့ပြေးစီမံချက် (Pilot Project) အနေဖြင့် ကျောက်မျက် ကုမ္ပဏီ (၅) ခုဖြင့်ဆောင်ရွက်ခဲ့ပါသည်။ BO Task Force တွင် မြန်မာ့ကျောက် မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းမှအရာထမ်း (၂) ဦးပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

တစ်စိတ်တစ်ပိုင်းအကောင်အထည်ဖော်ပြီး

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**မြန်မာ့ကျောက်မျက်ရတနာရောင်း ဝယ်ရေးလုပ်ငန်း (MGE) မှ သဘော ထားမှတ်ချက်**

BO နှင့်ပတ်သက်၍ ရှေ့ပြေးစီမံချက် (Pilot Project) အနေဖြင့် ကျောက်မျက်ကုမ္ပဏီ(၅)ခုဖြင့် ဆောင်ရွက်ခဲ့ပါ သည်။ BO Task Force တွင် မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ အရာထမ်း (၂)ဦးပါဝင် ဆောင်ရွက်လျက်ရှိပါသည်။ စတုတ္ထအကြိမ်မြောက် MEITI အစီရင်ခံစာတွင်ပါဝင်သော ကုမ္ပဏီ(၈၄)ခု၏ အချက်အလက်များကို BO Online Form ဖြင့် ဖြည့်သွင်းနိုင်ခဲ့ပါသည်။

# ၆ မြန်မာ့စီးပွားရေးဦး ပိုင်လီမိတက်(UMEHL)နှင့် မြန်မာ့စီးပွား ရေးကော်ပိုရေးရှင်း

၂၀၁၃-၂၀၁၄ ခုနှစ် ပထမအကြိမ်အစီရင်ခံစာ

## အကြံပြုချက်များ

**တပ်မတော်နှင့်ဆက်စပ်သောကုမ္ပဏီများ(Military Holding Companies)**

EITI စံနှုန်းအရ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် လူမှုဝန်ဆောင်မှုများ၊ အများပြည်သူအတွက် အခြေခံအဆောက်အဦများ၊ လောင်စာဆီအတွက် ထောက်ပံ့ငွေများနှင့် နိုင်ငံတော်ကြွေးမြီအတွက် ဝန်ဆောင်မှုပေးခြင်း စသည်တို့လို ငွေပေးချေမှုများကဲ့သို့သော Quasi-Fiscal Expenditure အသုံးစရိတ်များကို ထုတ်ဖော်ကြေညာရန်နှင့် အခြားသော ငွေပေးချေမှုများနှင့် ဝင်ငွေစီးဆင်းမှုများနှင့် အချိုးအစားကိုက်ညီသည့် ပွင့်လင်းမြင်သာမှု အဆင့်တစ်

ဆင့်ကိုရရှိစေ ရန်ရည်ရွယ်ချက်ဖြင့် အစီရင်ခံစာတင်သွင်းသည့် လုပ်ငန်းစဉ်တစ်ခုကို ဖော်ထုတ်သွားရန် လိုအပ်ပေသည်။ ၎င်းတို့ အထဲတွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းခွဲများနှင့် ဖက်စပ်လုပ်ငန်းများလည်း ပါဝင်သင့်ပါသည်။ နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများသည်လည်း နိုင်ငံ၏ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုကဏ္ဍများတွင် လုပ်ကိုင်လျက်ရှိသော ယင်းတို့၏ လုပ်ငန်းခွဲများနှင့် ဖက်စပ်လုပ်ငန်းများအပါအဝင် သတ္တု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီများတွင် ယင်းတို့၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု မည်မျှအဆင့် ရှိကြောင်းသာမက အစီရင်ခံစာတင်သည့် ကာလအတွင်း ပိုင် ဆိုင်မှုအဆင့် လွှဲပြောင်းခြင်းများရှိခဲ့လျှင် ထုတ်ဖော်ကြေငြာရန် လိုအပ်ပေသည်။

သတ္တုတွင်းနှင့် ကျောက်မျက်ကဏ္ဍအပါအဝင် မြန်မာနိုင်ငံ၏ စီးပွားရေးတွင် အရေးကြီးသည့် နေရာများ တွင် တပ်မတော်နှင့်ဆက်စပ်လျက်ရှိသော ကုမ္ပဏီကြီး(၂)ခု ဖြစ်သည့် မြန်မာ့စီးပွားဦးပိုင်လီမိတက် (UMEHL)နှင့် မြန်မာ့ စီးပွားရေးကော်ပိုရေးရှင်း (MEC) တို့မှ နေရာယူထားကြောင်း သိရှိနားလည်ရပါသည်။ ထို့အတူပင် စီးပွားရေးလုပ်ငန်းများစွာကို ပူးပေါင်းတည်ထောင်ထားသည့် ဤကော်ပိုရေးရှင်းကြီးများသည် ကာကွယ်ရေးဝန်ကြီးဌာန၏ ဦးစီးဌာနများသို့ အစီရင်ခံသကဲ့သို့ ယင်းတို့အား နိုင်ငံတော်ကို အခြေပြုသည့် ကုမ္ပဏီများကို ပေးသောအကာ အကွယ်များ နှင့် အခွင့်ထူးများ အပ်နှင်းသော ဥပဒေများအောက်တွင် ဖွဲ့စည်းထားကြောင်းလည်း သိရပါသည်။ ထို့အပြင် ၂၀၁၄ ခုနှစ် အထိ ဤကုမ္ပဏီများအား ပုဂ္ဂလိက သတ္တုတူးဖော်ရေး ကုမ္ပဏီများ ပေးဆောင်ရသည့် အချို့သော အခွန်များနှင့် ထည့်ဝင်မှုများမှလည်း ကင်းလွတ်ခွင့် ပေးထားကြောင်းလည်း သိရှိရပါသည်။

မြန်မာ့စီးပွားဦးပိုင်လီမိတက်နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့ကို နောက် EITI အစီရင်ခံစာတွင် အခြားသော နိုင်ငံပိုင် စီးပွား ရေးလုပ်ငန်းများကဲ့သို့ ကိုင်တွယ်ရန်၊ အနည်းဆုံးစံကိန်းဂဏန်း ပိုင်းဖြတ်သတ်မှတ်မှု(Materiality Threshold) ဖြင့် ထည့်သွင်းမစဉ်းစားဘဲ နယ်ပယ်လေ့လာသတ်မှတ်မှုတွင်ထည့်သွင်းရန် သင့်၊ မသင့်ဟူသောအချက်ကိုကိုင်တွယ် ဖြေရှင်းရန် အကြံပြုလိုက်ပါသည်။ ထိုသို့ဆိုလျှင် ဤကုမ္ပဏီများသည်လည်း အောက်ပါ အချက်အလက်များကို ထုတ်ဖော် ကြေညာ ပေးရပါမည် -

- ❖ အစိုးရနှင့် ယင်းတို့၏ဘဏ္ဍာရေး ပတ်သက်ဆက်နွယ်မှုနှင့် စပ်လျဉ်း၍ လိုက်နာရသည့် စည်းကမ်းများ၊ အလေ့အထများ၊
- ❖ သတ္တုတူးဖော်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီများအတွင်း အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုအဆင့်၊
- ❖ နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းသို့ ငွေပေးချေမှုများနှင့် ထည့်ဝင်ငွေများ၊
- ❖ လူမှုဝန်ဆောင်မှုများ၊ အများပြည်သူအတွက် အခြေခံအဆောက်အဦများ၊ လောင်စာဆီအတွက် ထောက်ပံ့ငွေများနှင့် နိုင်ငံတော် ကြွေးမြီအတွက် ဝန်ဆောင်မှုများ စသည့် ငွေပေးချေမှုများပါဝင်သည့် ဘဏ္ဍာရေးနီးပါး ကုန်ကျစရိတ်များနှင့်
- ❖ နိုင်ငံအတွင်း လုပ်ကိုင်နေသော သတ္တုတူးဖော်ရေး၊ရေနံနှင့် သဘာဝ ဓာတ်ငွေ့ ကုမ္ပဏီများအား ပေးထားသည့် ချေးငွေများ (သို့မဟုတ်) ချေးငွေအာမခံချက်များနှင့် စပ်လျဉ်းသည့် လုပ်ဆောင်ချက်များ

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

### ဒုတိယအကြိမ် နှင့် တတိယအကြိမ် အစီရင်ခံစာများတွင် ပါဝင်သည့် မှတ်ချက်များ

ဤအစီရင်ခံစာ၏ အပိုင်း(၄) တွင်ပါသည့် ကိန်းဂဏန်း ပိုင်းခြားသတ်မှတ်မှုတို့နှင့် အညီ ၂၀၁၄-၂၀၁၅နှင့်

၂၀၁၅-၂၀၁၆ MEITI အစီရင်ခံစာများ၏ စာရင်း တိုက်ဆိုင်စစ်ဆေးမည့် နယ်ပယ်ထဲတွင် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC)ကို ရွေးချယ်ထားပြီး ဖြစ်ပါသည်။

ဤအစီရင်ခံစာတွင် မြန်မာ့စီးပွားဦးပိုင်လီမိတက် (UMEHL)မှ လက်ခံရရှိသည် ငွေများကို အစိုးရဌာနများနှင့် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများမှ တစ်ဘက်တည်း ဖွင့်ဟကြေညာချက်မှတဆင့် ထည့်သွင်းသွားပါမည်။

သို့သော်လည်း သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အနေဖြင့် တပ်မတော်နှင့်ဆက်စပ်ကုမ္ပဏီများနှင့် ၎င်းတို့လက်အောက်ခံ ကုမ္ပဏီများအား သီးသန့်အသင်းအဖွဲ့အများအဖြစ်စဉ်းစားသင့်ပြီး စာရင်းစစ်၏တင်ပြချက်အထောက်အထားများတောင်းခံခြင်း၊ သီးသန့်တွေ့ဆုံမေးမြန်းမှုများနှင့် ၎င်းတို့၏ငွေစာရင်းများအတွင်း ငွေလွှဲပြောင်းမှု အသေးစိတ်များအား စာရင်းစစ်ဆေးခြင်းနှင့် လေ့လာဆန်းစစ်ခြင်း စသည့်တို့ပါဝင်သည့် ပိုမိုအဆင့်မြင့်သည့် အကဲဖြတ်စိစစ်ချက် တို့ကို လုပ်ဆောင်ရမည် ဖြစ်ပါသည်။

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှမှတ်ချက်များ**

မြန်မာ့စီးပွားဦးပိုင်လီမိတက် (UMEHL) နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) တို့သည် ကျောက်တူးဖော်ရေးလုပ်ငန်းများလုပ်ကိုင်နေသော ပုဂ္ဂလိကကုမ္ပဏီများဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာနှစ်အထိ Scoping Study ပြုလုပ်ရာတွင်ပါဝင်ခဲ့ပြီး Template ဖြည့်သွင်းဆောင် ရွက်ခဲ့ပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု (ပြီးသည်၊ မပြီးပါ။ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (MGE) မှ သဘော ထားမှတ်ချက်**

မြန်မာ့စီးပွားဦးပိုင်လီမိတက်(UMEHL)နှင့်မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း(MEC)တို့သည်ကျောက်တူးဖော်ရေးလုပ်ငန်းများလုပ်ကိုင်နေသော ပုဂ္ဂလိက ကုမ္ပဏီများဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာနှစ်အထိ Scoping Study ပြုလုပ်ရာတွင်ပါဝင်ခဲ့ပြီး၊ Template ဖြည့်သွင်းဆောင်ရွက်ခဲ့ပါ သည်။ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာနှစ်အတွက် Scoping Study ပြုလုပ်ရာတွင် ပါဝင်ပါသည်။

# ၇ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

၂၀၁၃-၂၀၁၄ ခုနှစ် ပထမအကြိမ်အစီရင်ခံစာ

## အကြံပြုချက်များ

**တွင်းထွက်သယံဇာတ တူးဖော်ထုတ်ယူသည့် လုပ်ငန်းများနှင့်ပတ်သက်သည့် စာရင်းအင်းနှင့် သတင်းအချက်အလက်များထုတ်ပြန်ခြင်း**

EITI စံနှုန်းအရတွင်းထွက်သယံဇာတကဏ္ဍအတွင်း အောက်ပါတို့အပါအဝင် နောက်ခံအကြောင်းအရာ အချက်အလက်များနှင့် စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန် ကြေငြာရန် စည်းကမ်း သတ်မှတ်ထားပါသည် -

- ❖ တွင်းထွက်သယံဇာတူးဖော်ထုတ်ယူခြင်းလုပ်ငန်းများကိုသတ္တုသိုက်များ၊ ဒေသအလိုက်၊ လက်ရှိလုပ်ဆောင်နေသည် လုပ်ငန်းများနှင့် အရွယ်အစား၊ အရေးကြီးသော စမ်းသပ်တိုင်းတာရေးလုပ်ငန်းများ စသည်တို့ အလိုက် ခြုံငုံတင်ပြခြင်း၊
- ❖ အလုပ်အကိုင် ခန့်ထားမှုနှင့် ပြည်ပ ပို့ကုန် အဆင့်များဖြင့် စီးပွားရေးကို ထည့်ဝင်ပံ့ပိုးပေးခြင်း၊
- ❖ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှ ရရှိသည့် အစိုးရဝင်ငွေများနှင့် စီမံကိန်းများ၊ ပထဝီမြေပြင်အလိုက် ဒေသများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အဆင့်များသို့ ရန်ပုံငွေ လွှဲပြောင်းပေးမှုများ အတွက် ကြိုတင် သတ်မှတ်ကာ သီးခြား ဖယ်ထားသောရန်ပုံငွေများနှင့်
- ❖ လိုင်စင်ချပေးခြင်း၊ လိုင်စင်များ မှတ်ပုံတင်ခြင်း၊ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများနှင့် စာချုပ်ပါစည်းကမ်းချက်များ အများပြည်သူသိရှိအောင် အချက်အလက်များ ထုတ်ပြန်ကြေညာခြင်း တို့ဖြစ်ပါသည်။

လက်ရှိတွင် MEITI ညှိနှိုင်းရေးမှူးရုံးမှာ တွင်းထွက်သယံဇာတတူးဖော်ရေး လုပ်ငန်းများ လုပ်ဆောင်နေသည့် ကုမ္ပဏီများ၊ တွင်းထွက်တူးဖော်ထုတ်လုပ်ရေးကဏ္ဍနှင့်ပတ်သက် သောနောက်ခံအကြောင်းအရာ အခြေအနေနှင့်၊ ကိန်းဂဏန်း အချက်အလက်များ ပါဝင်သော ပြည့်စုံသော အချက်အလက်အခြေပြုစနစ် (ဒေတာဘေ့(စ်)) မရှိချေ။ ဤအစီရင်ခံစာတွင် ပါဝင်သည့်အခြေအနေ သတင်းအချက်အလက်များသည်လည်း အစိုးရဌာနများနှင့် တွေ့ဆုံခဲ့သည့် အစည်းအဝေးများနှင့် များစွာသောရင်းမြစ်များထံမှ စုစည်းကောက်ယူထားခြင်း ဖြစ်ပါသည်။ ယခု ကောက်ယူရရှိထားသော အကြောင်းအချက်များကို အများပြည်သူမှ မရရှိနိုင်ကြပေ။ အချို့သော လေ့လာဆန်းစစ် သုံးသပ်ချက်များသည် အလုပ်အကိုင်ခန့်ထားခြင်း ကဲ့သို့သော ကဏ္ဍအတွင်းတွင် ကိန်းဂဏန်းအချက်အလက်များ မရှိခြင်းကြောင့် ပြည့်စုံမှု မရှိပေ။

ထို့အတူပင် သတင်းဇစ်မြစ် တစ်ခုနှင့် တစ်ခုကြားတွင် ပြည်ပသို့ တင်ပို့ရောင်းချခြင်းနှင့် ထုတ်လုပ်မှုဆိုင်ရာ ကိန်းဂဏန်းများစွာသည် ကွာခြားမှု ရှိနေကြောင်းကို မှတ်သားတွေ့ရှိခဲ့ရပါသည်။ (ဤအစီရင်ခံစာ၏ အပိုင်း ၃.၁၁ ကို လေ့လာဖတ်ရှုပါရန်)

သယံဇာတကဏ္ဍ အခြေအနေကို တင်ပြသည့် သတင်း အချက်အလက်များ၏ ဖြောင့်မတ်မှု၊ မှန်ကန်မှု၊ စိတ်ချယုံကြည်ရမှုနှင့် ပြည်သူများ လက်လှမ်းမီ ရရှိနိုင်မှုတို့ကို ပိုမိုကောင်းမွန်စေရန် မြန်မာနိုင်ငံEITI ညှိနှိုင်းရေးမှူးရုံး၊ သတ္တုတွင်းဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဗဟိုစာရင်းရုံးတို့အား တွင်းထွက်

သယံဇာတကဏ္ဍ၏အလားအလာ၊ စီးပွားရေးသို့ ထည့်ဝင်ပံ့ပိုးမှု၊ ၎င်းကဏ္ဍအတွက် မဟာဗျူဟာနှင့် အခြား သက်ဆိုင်သော အကြောင်းအရာများနှင့် အချက်အလက်များ၊ လက်ရှိ စည်းမျဉ်းစည်းကမ်းများနှင့် နည်းဥပဒေများ၊ နောင်တွင် ပေါ်ထွက်လာမည့် ပြောင်းလဲမှုများ စသည့် အချက်များစွာပါဝင်သော ကဏ္ဍအခြေအနေ သတင်းအချက်အလက်များကို အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် ပုံနှိပ်ထုတ်ဝေရန် အကြံပြုလိုက်ရပါသည်။

ထို့အတူပင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် စာရင်းမှတ်တမ်း တင်ခြင်းနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ နိုင်ငံတကာ ညွှန်ကြားချက်များနှင့် ဆင်တူသော အစီရင်ခံစာတင်သွင်းသော လိုအပ်ချက်များအား အကောင်အထည်ဖော်ဆောင်ခြင်းကို ထည့်သွင်း စဉ်းစားနိုင်ရန်မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးအား လုံလောက်သော အရင်းမြစ်များဖြင့် ပံ့ပိုးကူညီပေးသင့်ကြောင်း အကြံပြုတိုက်တွန်းလိုက်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

### ဒုတိယအကြိမ် နှင့် တတိယအကြိမ် အစီရင်ခံစာများတွင် ပါဝင်သည့် မှတ်ချက်များ

ဒုတိယနှင့် တတိယ MEITI အစီရင်ခံစာများ ရေးသားပြုစုရေး ရည်ရွယ်ချက်အတွက်ပေးပို့သည့် သတင်းအချက် အလက်များမှအပ တွင်းထွက်သယံဇာတ တူးဖော်ရေး စက်မှုလုပ်ငန်းကဏ္ဍနှင့် စပ်လျဉ်း၍ အခြေအနေ၊ အခင်းအကျင်းဆိုင်ရာ သတင်းအချက်အလက်များကိုအစိုးရဌာနများမှ ပုံနှိပ်ထုတ်ဝေခြင်းအပိုင်းတွင် မည်သည့်တိုးတက်မှု တစ်စုံတရာကိုမျှ မတွေ့ရှိရပါ။

### မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မှတ်ချက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ မြန်မာရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။ ယင်းဥပဒေထဲတွင်ရင်းနှီးမြှုပ်နှံသူများမှ နိုင်ငံတကာနှင့် ပြည်တွင်း ဒေသခံဝန်ထမ်းများအကြား ဟန်ချက်ညီမှုရှိစေရန် မည်သို့အလုပ်ခန့်ထားမှု လုပ်ဆောင်ရမည်ဖြစ်ကြောင်း ရှင်းလင်းဖော်ပြထားပါသည်။ ထို့အပြင် တွင်းထွက်သယံဇာတတူးဖော်ရေးလုပ်ငန်း လုပ်ဆောင်သည့် ကုမ္ပဏီများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ရရှိသော အခွန်များကိုလည်းစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့လစဉ်ပုံစံသာမကနှစ်စဉ်ပုံစံဖြင့်ပါပေးသွင်းနေပြီးထိုကိန်းဂဏန်းအချက်အလက်များကိုလည်း ဗဟိုစာရင်းရုံး (အရပ်ဘက်လူမှုအဖွဲ့အစည်းများ)မှတဆင့် အများပြည်သူ သိရှိအောင် ထုတ်ပြန်ကြေညာလျက်ရှိပါသည်။

### သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မှတ်ချက်

တွင်းထွက်သယံဇာတ တူးဖော်ရေး စက်မှုကဏ္ဍမှ ရရှိသော အစိုးရဝင်ငွေများ၊ သီးခြား အစီအစဉ်များအတွက် ချပေးသောရန်ပုံငွေများ၊ လိုင်စင်ချထားပေးမှုများနှင့် အမည်စာရင်း ရေးသွင်းခြင်း၊ ဥပဒေ၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ အမိန့်များနှင့် ညွှန်ကြားချက်များ၊ စာချုပ်နမူနာများနှင့် စပ်လျဉ်းသည့် ကိန်းဂဏန်းများနှင့် သတင်းအချက်အလက်များကို ဒုတိယအကြိမ် MEITI အစီရင်ခံစာအတွက် လွတ်လပ်သော စာရင်းတိုက်ဆိုင်စစ်ဆေးခြင်း လုပ်ဆောင်မည့် Moore Stephens အဖွဲ့သို့ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ ထိုအချက်အလက်များကို သတင်းစာရှင်းလင်းပွဲများ၊ အစီရင်ခံစာ ထုတ်ဝေခြင်း အခမ်းအနားများမှ တဆင့်အများပြည်သူထံသို့ တရားဝင်ထုတ်ပြန် ကြေညာသွားပါမည်။ ထို့အပြင် ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုဒ် (www.mining.gov.mm) တွင် ၂၀၁၅ခုနှစ် မေလမှစ၍ ဝန်ကြီးဌာနမှ ထုတ်ပေးထားသော သတ္တုတွင်းများ မှတ်ပုံတင်အမည်စာရင်း ကိန်းဂဏန်းများကို နောက်ဆုံးရရှိသည့် အချက်အလက်များ မွမ်းမံ၊ ပြင်ဆင်၊

တင်ပေးလျက်ရှိပါသည်။

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

**အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၏ မှတ်ချက်များ**

သယံဇာတစက်မှုလုပ်ငန်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ပုံနှိပ်ထုတ်ဝေခြင်းတွင်အမှတ် (၁) သတ္တုတွင်းလုပ်ငန်းနှင့် သက်ဆိုင်သည့် ထုတ်လုပ်မှုကိန်းဂဏန်းများ၊ ခွင့်ပြုမိန့်များ၊ လုပ်ကွက် စာရင်းများကို ပုံနှိပ်ထုတ်ဝေခြင်း မပြုနိုင်သေးသော်လည်း ဌာန Website တွင် အများပြည်သူသိရှိနိုင်ရန် တင်ပြထားပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ မှတ်ချက်များ**

❖ Mineral Cadaster စနစ်ကျင့်သုံးနိုင်ရန် သတ္တုတွင်းဦးစီးဌာနမှ ဦးစီး၍ Mineral Cadastre Working Group ဖွဲ့စည်း၍သင်တန်း များပို့ချရန်စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။ အဆိုပါ Working Group တွင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ အရာထမ်း (၂) ဦးပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။

❖ NRGI နှင့် MGE ပူးပေါင်းကာ Jade Website အပြီးသတ်ရေးဆွဲ၍ ၂၀၁၈ ခုနှစ်၊ မေလအတွင်း ရန်ကုန်မြို့၌ Jade Website (openjadedata.org) မိတ်ဆက်ပွဲပြုလုပ်ခဲ့ပြီး ကြည့်ရှုလေ့လာနိုင်ပြီဖြစ်ပါသည်။

❖ ကျောက်မျက်ကဏ္ဍအထောက်အကူပြုရေးကော်မတီ (Supporting Committee) သည် မြန်မာ့ကျောက်မျက်ရတနာကဏ္ဍ၏ လုပ်ငန်းသဘောသဘာဝကိုအခြေခံ၍လည်းကောင်း၊ အောက်ပါအချက်များပါဝင်သည့် (Policy Making Theory) ကို မာတိကာပါအကြောင်းအရာများအတိုင်းလိုက်နာ၍လည်းကောင်း၊ ကျောက်မျက်ရတနာမူဝါဒကို ပြုစုရေးဆွဲခြင်းအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည် –

(က) Agenda Setting/Identification of Issues or Problems

(ခ) Policy Formulation

(ဂ) Policy Adoption/Legitimization

(ဃ) Policy Implementation

(င) Policy Assessment/Evaluation

❖ မြန်မာ့ကျောက်မျက်ရတနာမူဝါဒအခန်း (၅) တွင် မြန်မာကျောက်မျက်ရတနာ မူဝါဒစောင့်ကြည့်လေ့လာမှု၊ အကဲဖြတ်မှုအစီအစဉ်နှင့် အခန်း (၆) တွင် မြန်မာ့ကျောက်မျက်ရတနာမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်မှုအစီအစဉ်များကိုထည့်သွင်းရေးဆွဲသွား မည်ဖြစ်ပါသည်။

* နောက်ဆုံးမူကြမ်းအဖြစ်အတည်ပြုပြီးထားသော မြန်မာကျောက်မျက်ရတနာ မူဝါဒဖော်ပြချက် (Policy Statement)(၃၆)ခုအပေါ်သဘောထားများ၊အကြံပြုချက်များတောင်းခံခြင်းများဆောင်ရွက်လျှက်ရှိပါသည်။

**သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ**

အကြံပြုတိုက်တွန်းချက်များနှင့်စပ်လျဉ်း၍ ကိန်းဂဏန်းနှင့်သတင်းအချက်အလက်များကို ပုံနှိပ်ထုတ်ဝေခြင်းမရှိသော်လည်း ဝန်ကြီးဌာန၏ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဖြစ်သည့် အမှတ် (၁) သတ္တုတွင်းလုပ်ငန်းနှင့် အမှတ် (၂) သတ္တုတွင်းလုပ်ငန်းတို့မှ ဘဏ္ဍာရေးနှစ်အလိုက်နှင့် လ အလိုက် ထုတ်လုပ်မှုကိန်းဂဏန်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းများကို မိမိတို့၏ အင်တာနက် Website စာမျက်နှာဖြစ်သည့် www.mining.gov.mm တွင် အချိန်နှင့်အမျှပြင်ဆင်ဖော်ပြလျက်ရှိပါသည်။ တွင်းထွက်သယံဇာတကဏ္ဍမှရရှိသော အစိုးရအခွန်ဘဏ္ဍာငွေနှင့် အခြားငွေစာရင်းမှချထားပေးသော သီးသန့်ရန်ပုံငွေများမှတဆင့်ဆောင်ရွက်မည့် သီးခြားအစီအစဉ်များ၊ လိုင်စင်ချထားပေးမှုများ၊ လိုင်စင်မှတ်ပုံတင်မှုများ၊ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များ၊ စာချုပ်နမူနာ စသည်တို့ကို ဒုတိယနှင့်တတိယအကြိမ် အစီရင်ခံစာများအတွက် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးမှ တဆင့်စာရင်း တိုက်ဆိုင်စစ်ဆေးခြင်းများပြုလုပ်နိုင်ရန် Moore Stephens သို့ပေးပို့ခဲ့ပါသည်။ ဒုတိယနှင့် တတိယအကြိမ်အစီရင်ခံစာများကိုရန်ကုန်၊

နေပြည်တော်၊ မန္တလေးမြို့တို့တွင် စာနယ်ဇင်းရှင်းလင်းပွဲများ၊ နိုင်ငံပိုင်ရုပ်သံများနှင့် Report Launching Ceremony များပြုလုပ်ခဲ့ပြီးဖြစ်ပါသဖြင့် အများပြည်သူသိရှိနိုင်ခဲ့ပြီးဖြစ်ပါသည်။ ဝန်ကြီးဌာနက ထုတ်ပေးသည့် သတ္တုလုပ်ကွက်စာရင်းနှင့် အချက်အလက်များအား ၂၀၁၅ ခုနှစ် ၊ မေလမှစ၍လည်းကောင်း ဓါတ်သတ္တုလုပ်ကွက်များ လုပ်ကိုင်ခွင့်လျှောက်ထားခြင်းများကို ကနဦးမှတ်ပုံတင်အဖွဲ့ မှ (၁-၈-၂၀၁၈) ရက်နေ့တွင်စတင်လက်ခံဆောင်ရွက်ပြီး လျှောက်ထားမှုစာရင်းများ ကိုလည်းကောင်း မိမိတို့၏ ဝန်ကြီးဌာန အင်တာနက် Website စာမျက်နှာဖြစ်သည့် www.mining.gov.mm တွင် Up to date ပြုလုပ်၍ ထုတ်ပြန်ထားပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ်တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

### မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (MGE) မှ သဘောထားမှတ်ချက်

Mining Cadastre လုပ်ငန်းစဉ်တွင် MGE အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပြီး Mining Cadastre စနစ် စတင်ဆောင်ရွက်ပါက အကြံပြုချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ NRGI နှင့် MGE ပူးပေါင်းကာ Jade Website အပြီးသတ်ရေးဆွဲ၍ ၂၀၁၈ခုနှစ်၊ မေလအတွင်း ရန်ကုန်မြို့၌JadeWebsite(openjadedata.org) မိတ်ဆက်ပွဲပြုလုပ်ခဲ့ပြီးကြည့်ရှု လေ့လာနိုင်ပြီဖြစ်ပါသည်။ ကျောက်မျက်ကဏ္ဍအထောက်အကူပြုရေးကော်မတီ (Supporting Committee) သည် ကျောက်မျက်ရတနာမူဝါဒ(မူကြမ်း)ကို ပြုစုတင်ပြထားပြီး အတည်ပြုပြီးပါက မြန်မာနိုင်ငံ၏ပထမဆုံးသော အမျိုးသား ကျောက်မျက်ရတနာမူဝါဒထုတ်ပြန်နိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန၏မှတ်ချက်

ဆောင်ရွက်ပြီးဖြစ်ပါသည်။

ယခင် Bidding Round နှင့် သက်ဆိုင်သည့် အချက်အလက်များ၊ ဥပဒေများ၊ လုပ်ငန်းဆောင်ရွက်ချက်များကို ဝန်ကြီးဌာနဆိုင်ရာ Website နှင့် Facebook Page တို့တွင် လွှင့်တင်ထားခဲ့ပြီး၊ ဆက်လက်ဆောင်ရွက်သွားမည့် Bidding Round ဆိုင်ရာအချက်အလက်များ၊ ထွက်ရှိလာမည့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ဘူမိဗေဒလေ့လာရေးနှင့်ဓါတ်သတ္တုရှာဖွေရေးဦးစီးဌာန

ဘူမိဗေဒလေ့လာရေးနှင့် ဓါတ်သတ္တုရှာဖွေရေးဦးစီးဌာနအနေဖြင့် စမ်းသပ်တိုင်းတာရေး ဆောင်ရွက်ချက်များကို website (www.mining.gov.mm) CCOP Myanmar Country Report တွင်ဌာန၏လုပ်ဆောင်ချက်များ၊ နိုင်ငံတကာသုတေသန ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊သဘာဝဘေးအန္တရာယ်နှင့် သက်ဆိုင်သောလုပ်ငန်းဆောင်ရွက်ချက်များ တင်ပြထားပြီးဖြစ်ပါသည်။

# ၈ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

၂၀၁၃-၂၀၁၄ ခုနှစ် ပထမအကြိမ်အစီရင်ခံစာ

## အကြံပြုချက်များ

**လိုင်စင်များ မှတ်ပုံတင်အမည်စာရင်းသွင်းခြင်း (Register of licenses)**

EITI စံနှုန်းအရ EITI အကောင်အထည် ဖော်ဆောင်သော နိုင်ငံများသည် EITI အစီရင်ခံစာတွင် ပါဝင်သော ကုမ္ပဏီများနှင့် စပ်လျဉ်းသည့် လိုင်စင်တစ်ခုချင်းနှင့် ပတ်သက်သောသတင်းအချက်အလက် အပြည့်အစုံပါဝင်သည့် အမည်စာရင်း မှတ်ပုံတင်ခြင်း (သို့မဟုတ်) cadastral system ခေါ် အများပြည်သူများအလွယ်တကူ အချက်အလက်များ ရယူနိုင်စေသည့် မှတ်တမ်းစနစ်တစ်ခု ရှိရေးအတွက် ဆောင်ရွက်ထားရန် လိုအပ်ပါသည်။ ဤအမည်စာရင်းသွင်းရာတွင် အောက်ပါ အချက်အလက်များ ပါဝင်သင့်ပါသည် -

၁။ လိုင်စင် ကိုင်ဆောင်ထားသူ(များ)၊

၂။ လုပ်ငန်း ထုတ်လုပ်ခွင့်ရ နယ်မြေ၏ နယ်ခြားအမှတ်အသားများ၊

၃။ လိုင်စင် လျှောက်ထားသော ရက်စွဲ၊ လိုင်စင်ချပေးသော ရက်စွဲနှင့် လိုင်စင်သက်တမ်းနှင့်

၄။ အကယ်၍ ထုတ်လုပ်မှုလိုင်စင်များ ဆိုပါက ထုတ်လုပ်သည့် ကုန်စည်အမျိုးအစားတို့ ဖြစ်ပါသည်။

လက်ရှိခွင့်ပြုမိန့်ချပေးသည့် မှတ်ပုံတင်စာရင်းတွင် အောက်ပါ အားနည်းချက်များ ရှိကြောင်း သိရှိရပါသည်။

(က) ခွင့်ပြုချက်များကို အွန်လိုင်းပေါ်တွင် အချက်အလက် မရယူ၊ မသိရှိနိုင်ပေ၊ လေ့လာမသိရှိနိုင်ပေ။

(ခ) သတ္တုတူးဖော်ခွင့်များ လွှဲပြောင်းပေးမှုများကို ကွန်ပျူတာဖြင့် မှတ်တမ်းတင် ထားနိုင်ခြင်း မရှိပေ။

(ဃ) လိုင်စင်ချပေးထားသည့် စာရင်းကို ပြုစုရန်လူအင်အား အများအပြား သုံး၍ အချက်အလက်များကို တစ်ခုချင်း ရှာဖွေနေရသည်။

(င) လိုင်စင်များကို စနစ်တကျ နံပါတ် ကြိုတင် သတ်မှတ်ပေးထားခြင်း မရှိပေ။

ထို့ကြောင့်အများပြည်သူ လေ့လာမှတ်သားနိုင်သည့် သတ္တုတွင်းဆိုင်ရာ အမည်စာရင်း မှတ်ပုံတင်ထားသည့် စနစ် (Mining Cadastre) တွင် အားလုံးသော မှတ်တမ်းများကို ကွန်ပျူတာစနစ်ဖြင့်ထားခြင်းနှင့် နောက်ဆုံးရရှိထားသောအချက်များကို ပြင်ဆင်၊ ထည့်သွင်းပေးခြင်းတို့ကို လုပ်ဆောင်ရန် အကြံပြုတိုက်တွန်းလိုက်ပါသည်။ ထို့နောက် လိုင်စင်ရထားသော လုပ်ငန်းဆောင်ရွက်သူများ အားလုံးနှင့်ပတ်သက်၍ သက်ဆိုင်သည့် အသေးစိတ်အချက်အလက်များ ပါဝင်သည့်အစီရင်ခံစာများကိုအလွယ်တကူ ထုတ်ယူနိုင်ပေလိမ့်မည်။

အွန်လိုင်းမှအများပြည်သူ သိရှိလေ့လာနိုင်မည့် အမည်စာရင်း မှတ်ပုံတင်သည့်စနစ် (online cadastral system)တစ်ခုကို အကောင်အထည် ဖော်ဆောင်သင့်ပါသည်။ထိုစနစ်တွင် လုပ်ကွက်ချပေးသည့် နေရာ၏ နယ်ခြားမှတ်အသားများနှင့် သတ္တုတူးဖော်ခွင့်များကို လွှဲပြောင်းပေးမှုများသာမက ပေးရသောအခကြေးငွေများလည်းပါဝင်မည်။ သတ္တုတွင်းဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့သည် လိုင်စင်များ၏ အသေးစိတ် အချက်အလက်များ ပါဝင်

သည့် တရားဝင် အွန်လိုင်း မှတ်ပုံတင် မြေပုံများ (online cadastre maps)လည်း ထားရှိသင့်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ဒုတိယအကြိမ် နှင့် တတိယအကြိမ် အစီရင်ခံစာများတွင်ပါဝင်သည့် မှတ်ချက်များ**

Mineral Cadastre System အကောင်အထည်ဖော်ဆောင်ထားမှု၏ တိုးတက်မှုအခြေအနေအား အစီရင်ခံစာ၏ အခန်း၃.၃.၁၆ တွင် ဖော်ပြထားပါသည်။

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

**အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၏ မှတ်ချက်များ**

လိုင်စင်များမှတ်ပုံတင်အမည်စာရင်း ပေးသွင်းခြင်းတွင် ဝန်ကြီးဌာနအနေဖြင့် Mineral Cadastre System အား စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ မှတ်ချက်များ**

၂၀၁၉ ခုနှစ်ဇန်နဝါရီလ(၃၀)ရက်နေ့တွင် မြန်မာ့ကျောက်မျက် ရတနာဥပဒေကိုပြဌာန်းခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေ ကို ရေးဆွဲနေဆဲဖြစ်ပါသည်။ နည်းဥပဒေပြဌာန်းပြီးပါက ဥပဒေ/နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ**

အကြံပြုတိုက်တွန်းချက်များနှင့်စပ်လျဉ်း၍ လိုင်စင်ဆိုင်ရာ သတင်းအချက်အလက်များကို တစ်နေရာတည်းတွင် သိမ်းဆည်းနိုင်သော ကွန်ပျူတာမှတ်ပုံတင်စနစ် (Mining Cadaster) တည်ဆောင်နိုင်ရန် World Bank ၏ ထောက်ပံ့ငွေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံ EITI ဖော်ဆောင်ရန် Mr.Enrique Ortega ကို အကြံပေးအဖြစ် ငှားရမ်းဆောင်ရွက်ခဲ့ပါသည်။ Mr.Enrique Ortega က မြန်မာနိုင်ငံ သို့ (၃)ကြိမ်အထိလာရောက်ခဲ့ပြီး Mineral Cadaster လုပ်ငန်းစဉ်များဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်း၊ အကြံပြုတင်ပြခြင်းများဆောင်ရွက်ခဲ့ပါသည်။ ၎င်း၏ အကြံပြုချက်များနှင့်အညီ ပထမဦးစွာ Pre-Cadaster Working Group အားဝန်ကြီးဌာနရှိ ဝန်ထမ်း(၁၁) ဦးဖြင့်ဖွဲ့စည်း၍ အကြံပေးအဖြစ် Mr.Chorn Nak ကိုငှားရမ်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ထို့အတူ Mining Cadaster လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ Mining Cadaster လုပ်ငန်းကော်မတီကို ၁၇-၁-၂၀၁၉ ရက်စွဲပါ ရုံးအမိန့်စာအမှတ်(၁၃/၂၀၁၉) ဖြင့်သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဝန်ကြီးဌာနရှိအဆင့်မြင့်အရာရှိကြီး (၉) ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ထားပြီးဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ မှတ်ချက်များ**

ကုန်းပိုင်း/ကမ်းလွန်ရေနံလုပ်ကွက်များတွင် အကျိုးတူ ပူးပေါင်း ဆောင်ရွက်နေသည့်ကုမ္ပဏီများ အနေဖြင့် လိုင်စင်စနစ်ဖြင့် ဆောင်ရွက်ခြင်း မဟုတ်ပါ။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့် (MIC Permit) ဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

### အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
### (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

### လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ(၃၀)ရက်နေ့တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေကိုရေးဆွဲနေဆဲဖြစ်ပါသည်။ နည်းဥပဒေပြဋ္ဌာန်းပြီးပါကဥပဒေ/ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ MGE မှ လိုင်စင်ချထားပေးသည့် လုပ်ငန်းစဉ်ကို ပြည်သူပိုင် သတင်းစာများတွင် ဖော်ပြ၍ ဌာန၏ Website တွင် တင်ပြထားပါသည်။ (၃၀.၁.၂၀၁၉)ရက်နေ့ထုတ်ပြန်သည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ နည်းဥပဒေသစ်တွင် လုပ်ကွက်ပြန်လည်အပ်နှံခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအား ထည့်သွင်းရေးဆွဲလျှက်ရှိပါသည်။ လက်ရှိ တွင် နိုင်ငံတော်နှင့်အကျိုးတူ တူးဖော်မှုလုပ်ငန်းများလုပ်ကွက် ပိတ်သိမ်းပါက လုပ်ကွက် ပိတ်သိမ်းခြင်းဆိုင်ရာ အစီအစဉ် (mine closure plan) ရေးဆွဲတင်ပြပြီး ဆောင်ရွက်ပြီးစီးမှသာ လက်ခံပါသည်။

## ၉ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

၂၀၁၃-၂၀၁၄ ခုနှစ် ပထမအကြိမ်အစီရင်ခံစာ

### အကြံပြုချက်များ

**အစိုးရ၏ စာရင်းကောက်သည့်စနစ်များ (Government accounting systems)**

အစိုးရ၏ စာရင်းကောက်ယူမှု စနစ်များကို တည်ဆောက်ထားသည့် နည်းလမ်းကြောင့် သက်ဆိုင်ရာ အစိုးရဌာနများမှ EITIရည်ရွယ်ချက်များနှင့် အစီရင်ခံစာကို အချိန်မှီ ပေးပို့ရန် လိုအပ်သောသတင်း အချက်အလက်များ ပံ့ပိုးရန်မှာ မလွယ်ကူကြောင်း စာရင်းတိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းလုပ်ဆောင်သည့် ကာလအတွင်း မှတ်သားသိရှိခဲ့ရပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနသတ္တုတွင်း ဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ အောက်တွင်ရှိသော ဌာနများနှင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ မှတ်တမ်းများကိုလက်အားသုံး စနစ်များဖြင့်သာ စာအုပ်ထဲ သိမ်းဆည်းထားပါသည်။ ထို့ကြောင့် သတင်းအချက်အလက်များကို ရှာဖွေစုစည်းသည့်အခါတွင် အချိန်အလွန်ကုန်ပြီး အမှားအယွင်းလည်း ပို၍ ဖြစ်နိုင်ချေ ရှိသည်။ ထို့အတူပင် အစိုးရ၏ ဝင်ငွေများနှင့် သတင်းအချက်အလက်များကို စီမံခန့်ခွဲ ခြင်းနှင့် ထိန်းချုပ်ခြင်းကိုလည်း ပို၍ ခက်ခဲစေပါသည်။

အစိုးရဌာနဆိုင်ရာများသည် အခွန်ထမ်း နံပါတ် (Tax Identification Number)ကို အသုံးမပြုကြပေ။ ငွေပေးချေမှုများကို ဖြစ်ရပ်အများစုတွင် ကုမ္ပဏီအမည်ဖြင့်သာ မှတ်တမ်းတင်ထားသည်။ ကုမ္ပဏီအမည် စာလုံးပေါင်းမှားခြင်း (သို့မဟုတ်) ကုမ္ပဏီအမည်များသည် အခြားကုမ္ပဏီအမည်များနှင့် ဆင်တူခြင်းတို့ကြောင့် ဖြစ်ရပ်အတော်များများတွင် ငွေပေးချေမှုများကို ကုမ္ပဏီမှားယွင်းပြီး မှတ်တမ်းတင်ထားကြောင်းတွေ့ရသည်။ သို့ဖြစ်၍ ကုမ္ပဏီ၏ကိုယ်စား အခြားသူများမှလည်း ငွေပေးချေမှုများ လုပ်ဆောင်နိုင်သဖြင့် ကုမ္ပဏီများမှ ငွေပေးချေမှုများကို ဖော်ထုတ်သည့် လုပ်ငန်းစဉ်ကို အချိန်ကုန်၍ ပင်ပန်းခက်ခဲစေသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော် အစိုးရမှ အခွန်ကောက်ခံခြင်းနှင့် ဝင်ငွေများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက် များကို မှတ်တမ်းတင်နိုင်ရန်နှင့် ထိန်းချုပ်နိုင်ရန် သင့်တော်လျော်ကန်သော ကွန်ပျူတာဖြင့်အသုံးပြုသည့် နည်းပညာစနစ်များကိုစတင်မိတ်ဆက်အသုံးပြုပါရန် အကြံပြုအပ်ပါသည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံတွင်းအခွန်နှင့်ဆိုင်သော တာဝန်ရှိ အဖွဲ့အစည်းများဖြစ်သည့် ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ မလိုလားအပ်သော ရှုပ်ထွေးမှုများ၊ မှားယွင်းမှုများကို မဖြစ်ပဲ ရှောင်ရှားနိုင်ရန် အခွန်ထမ်းများအားလုံးအတွက် တစ်ခုတည်းသော အခွန်ထမ်း နံပါတ် (Unique Tax Identification Numbers)ကို အကောင်အထည်ဖော် သုံးစွဲခြင်းကိုလည်း အကြံပြုတိုက်တွန်းလိုက်ပါသည်။. TIN ခေါ် အခွန်ထမ်းနံပါတ်တစ်ခု တည်းကိုသာ သုံးစွဲခြင်းအားဖြင့်လည်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြနေသည့် အချက်အလက်များ ပို၍စိတ်ချယုံကြည်ရမည့်အပြင် ထိရောက် လျင်မြန်စွာလည်း ရရှိနိုင်ပေမည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

### ဒုတိယအကြိမ် နှင့် တတိယအကြိမ် အစီရင်ခံစာများတွင်ပါဝင်သည့် မှတ်ချက်များ

အစိုးရ၏ စာရင်းကောက်ယူ၊ ပြုစုသော စနစ်နှင့် စပ်လျဉ်း၍ အစိုးရဌာနဆိုင်ရာ အမျိုးအမျိုးမှ ပြုပြင်ပြောင်းလဲမှုများစွာကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ပြုပြင်ပြောင်းလဲမှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

### ပြည်တွင်းအခွန်များ ဦးစီးဌာန၏ မှတ်ချက်

ပြည်တွင်းအခွန်များ ဦးစီးဌာနသည် ခေတ်မီ၍ ထိရောက်သော အခွန်စီမံခန့်ခွဲသည့် စနစ်တစ်ခုကိုတည်ထောင်အသုံးပြုနိုင်ရန် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်ခုကို၂၀၁၂မှစတင်၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ ကမ္ဘာ့ဘဏ် (World Bank)၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ အပြည်ပြည်ဆိုင်ရာ အခွန်နှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့ (ITIC)၊ JICA၊ OECD နှင့် OTA (USA)ကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများ၏ ပံ့ပိုးမှုများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အခွန်ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာတွင် မဟာဗျူဟာ (၂) ခုကို ကျင့်သုံးလျက်ရှိပြီး ယင်းတို့မှာ OAS မှ SAS အခွန်စနစ်သို့ ပြောင်းလဲခြင်းနှင့် လက်ရှိ ကုန်သွယ်လုပ်ငန်းအခွန်စနစ်မှ ကုန်ပစ္စည်း၏ ဝန်ဆောင်မှုအပေါ် စည်းကြပ်သည့်အခွန်စနစ်သို့ ပြောင်းလဲခြင်းတို့ဖြစ်ပါသည်။ အခြားသော နိုင်ငံများကဲ့သို့ပင် အခွန်ထမ်းကြီးများရုံး (LTO)ကို SAS စနစ်သို့ အကူးအပြောင်းများ ပိုမိုကောင်းမွန်စေရန် ၂၀၁၄ ခုနှစ်၊ ဧပြီလ(၁) ရက်နေ့မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စနစ်စတင်ကျင့်သုံးရာတွင် ကူညီပေးနိုင်ရန် USOTA မှ အကြံပေးတစ်ယောက်ကို ခန့်အပ်ထားပါသည်။ အခွန်ဆော့ဖ်ဝဲသည် ယခုအချိန်ထိ အဆင်သင့်မဖြစ်သေးသဖြင့် အခွန် ထမ်းကြီးများရုံးဆိုင်ရာ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များအပေါ်အခြေခံ၍ အခွန်ထမ်းနံပါတ်များ (TINs)ကို အခွန်ဝင်ငွေစီမံခန့်ခွဲမှု ဆော့ဖ်ဝဲ (TRMS) ကို အသုံးပြု၍ ထုတ်ပေးထားပါသည်။ ထိုနည်းတူစွာ

အခွန်ထမ်းနံပါတ်များ(TINs)များကို အလတ်စား အခွန်ထမ်းများကိုသာမက အလတ်စားအခွန်ထမ်းများရုံး (MTO) ကိုပါ ထုတ်ပေးထားပါသည်။ ထို့အပြင် ဆောင်ရမည့် အခွန်ပမာဏနှင့် အညီ SAS စနစ်ကို စတင်ကျင့်သုံးလိုသော အခွန်ထမ်းများအတွက်ပါ အခွန်ထမ်းနံပါတ်များ (TINs)ကို ထုတ်ပေးနေပါသည်။

ဒစ်ဂျစ်တယ် အခွန်ကောက်ခံသည့်စနစ်တစ်ခုကို ဖော်ဆောင်နိုင်ရန် ပြည်တွင်းအခွန်များဦးစီးဌာနသည် ဘက်စုံပါဝင်ပေါင်းစည်းထားသော အခွန်စီမံခန့်ခွဲမှုစနစ် (ITAS) ကိုဝယ်ရန် ပြင်ဆင်နေပါသည်။ ယင်းသည် ရှိပြီးသား စနစ်များအပေါ် အခြေခံသည့် စီးပွားလုပ်ငန်းသုံးအဆင့် အခွန်ကောက်ခံသည့် စနစ်တစ်ခုဖြစ်ပြီး နိုင်ငံတကာ အခွန်ကောက်ခံသည့် စံနှုန်းများကို အခြေခံထားပါသည်။ ဤစနစ်ကို ကမ္ဘာ့ဘဏ်၏ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (M-MPFMp) မှ ချေးငွေ၊ ထောက်ပံ့ငွေများနှင့် ကမ္ဘာ့ဘဏ် (World Bank) နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့ (IMF) တို့မှ အခွန် စီမံအုပ်ချုပ်ရေးနှင့် ကွန်ပျူတာပညာရှင်များ၏ နည်းပညာကျွမ်းကျင်မှုများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အီလက်ထရောနစ် အခွန်ထမ်း မှတ်ပုံတင်စနစ်သည် ITAS ၏ တစ်စိတ်တစ်ဒေသဖြစ်ပြီး TIN အသုံးပြုခြင်းသို့ ကူးပြောင်းမှုများကိုလည်း အခွန်စနစ် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်နှင့်အညီ စနစ်တကျ အကောင်အထည် ဖော်ဆောင်သွားနိုင်ပေမည်။

### မြန်မာ့ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မှတ်ချက်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီးရှိ ရုံးချုပ်နှင့် ရုံးများတွင် လစာပေးခြင်းများနှင့် ကုန်စည်သိုလှောင်စာရင်း (store accounting)အတွက် ကွန်ပျူတာစာရင်းစနစ်တစ်ခုကို စတင်သုံးစွဲလျက်ရှိပါသည်။ နေပြည်တော်ရုံးချုပ်သည် ကွန်ပျူတာသုံး စာရင်းစနစ်တစ်ခုကို လစဉ်ငွေသားရသုံးမှန်းခြေစာရင်း၊ ကုန်သွယ်လုပ်ငန်း ရသုံးမှန်းခြေစာရင်းနှင့် ငွေစာရင်းရှင်းတမ်းများ စသည်တို့ကို အထက် တာဝန်ရှိသူများထံသို့ လစဉ်ပေးပို့အစီရင်ခံရန်နှင့် နှစ်စဉ် ဘဏ္ဍာရေးရှင်းတမ်းများ ပြုစုရန် သုံးစွဲလျက် ရှိပါသည်။ သို့သော်နယ်မြေရုံးခွဲများတွင်မူ လစာပေးခြင်းများနှင့် ကုန်သိုလှောင်စာရင်းများထက် အခြားစာရင်းများအတွက်ကိုသာ ကွန်ပျူတာစာရင်းစနစ်ကို အသုံးပြုနိုင်ပါသေးသည်။

### ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၏ မှတ်ချက်

ဆီလျော်သော ကွန်ပျူတာသုံး စရင်းစနစ်တစ်ခုကို စတင်သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန တွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများ၏သတင်းအချက်အလက်များကို Myanmar Information Technology Co.Ltdမှ ရေးဆွဲပေးထားသည့် ကုမ္ပဏီအမည်စာရင်း ရေးသွင်းသည့်ဆော့(ဖ်)ဝဲကို အသုံးပြု၍ မှတ်တမ်းတင်လျက် ရှိပါသည်။

ဦးစီးဌာနသည် အီလက်ထရောနစ် မှတ်ပုံတင်စာရင်းတစ်ခု အကောင်အထည် ဖော်ဆောင်နိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ဦးစီးဌာနသည် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်မှစတင်၍ ရင်းနှီးမြှုပ်နှံမှု အချက်အလက် အခြေပြုစနစ် (investment database)တစ်ခုကို ထူထောင်နိုင်ရန် Data Focus ကုမ္ပဏီလီမိတက်နှင့်အတူ နီးစပ်စွာ လက်တွဲဆောင်ရွက်လျက် ရှိပါသည်။

ထို့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကနဦးစစ်တမ်းတစ်ခုကိုလည်း ကောက်ယူနေပြီး EU-ASEAN COMPASS ၏ ငွေကြေးပံ့ပိုးမှုများနှင့်အပြည်ပြည်ဆိုင်ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏နည်းပညာပံ့ပိုးမှုတို့ဖြင့် ခိုင်မာသည့် သတင်းအချက်အလက်များကို ရရှိနိုင်ရန် ဆောင်ရွက်လျက် ရှိပါသည်။

မှတ်တမ်းတင်ခြင်းနှင့် အချက်အလက်အခြေပြုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းများအား စွမ်း

ဆောင်ရည် မြင့်မားရေး သင်တန်းများလည်း ပေးလျက်ရှိပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ မှတ်ချက်**

ဒုတိယအကြိမ် MEITI အစီရင်ခံစာတွင် လိုအပ်သော လိုင်စင်ဆိုင်ရာ သတင်းအချက်အလက်များ အားလုံးကို တနေရာတည်းတွင် ရရှိနိုင်ရန် မှတ်တမ်းတင်ပေးမည့် ကွန်ပျူတာနည်းပညာသုံး သတ္တုတူးဖော်ရေး လုပ်ငန်းများဆိုင်ရာ မှတ်တမ်း (computerized mining cadaster – MCS) နှင့် ပတ်သက်သော သတင်းအချက်အလက်များကို ထည့်သွင်းရန် စီစဉ်ထားပါသဖြင့် ကမ္ဘာ့ဘဏ်မှ ၂၀၁၇–၂၀၁၈ MEITI အကောင်အထည် ဖော်ဆောင်နိုင်ရေးအတွက် အမေရိကန် ဒေါ်လာတစ်သန်း ပံ့ပိုးပေးရန် ကတိပြုထားပါသည်။ ထို့ကြောင့် ဝန်ကြီးဌာနသည် MCS အတွက် အမေရိကန်ဒေါ်လာတစ်သန်းကို ကမ္ဘာ့ဘဏ်မှ ယခုအခါ ဘတ်ဂျက်ချပေးထားကြောင်းသိရှိရပါသည်။ တစ်ချိန်တည်းမှာပင် သတ္တုတူးဖော်ရေး ကျွမ်းကျင်ပညာရှင် Mr. Morten Larsenနှင့် ကမ္ဘာ့ဘဏ်မှ GIS & Cadaster Consultant Mr. Jesus Jose Artieda တို့သည် ဝန်ကြီးဌာနသို့ ၂၀၁၆ခုနှစ် အောက်တိုဘာလတွင် လာရောက်ခဲ့ပြီး MCS ကို အကောင်အထည်ဖော်ဆောင်နိုင်ရန် တစ်ပတ်ကြာဖြစ်နိုင်ခြေ အကြိုဆန်းစစ်မှု သုသေတနတစ်ခုကို ဆောင်ရွက်ခဲ့ကြပါသည်။ ထို့အပြင် Mr. Morten Larsenနှင့် သတ္တုတူးဖော်ရေးမှတ်တမ်း ကျွမ်းကျင်ပညာရှင်၊ အတိုင်ပင်ခံ Mr. Chorn Nak တို့သည် သတ္တုတွင်း ဦးစီးဌာနသို့ ၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၈)ရက်နေ့၌ ထပ်မံ၍ လာရောက်ခဲ့ပြီး MCS နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကာ နောက်တစ်ရက်တွင် အသိပညာမျှဝေပေးသော အလုပ်ရုံဆွေးနွေးပွဲ တစ်ခုကို ကျင်းပခဲ့ပြီးနောက် (၁၁)ရက်နေ့တွင်တာဝန်ရှိသည့် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် အစည်းအဝေးလုပ်ခဲ့ပါသည်။ ထို့အပြင် ဝန်ကြီးဌာနသည် ယခုအခါတွင်လည်း နိုင်ငံတကာသတ္တုတူးဖော်ရေးမှတ်တမ်း ကျွမ်းကျင်ပညာရှင်တစ်ဦး ခန့်အပ်နိုင်ရန်ကော်မတီခွဲနှင့် သုံးပွင့်ဆိုင်ညှိနှိုင်းအဖွဲ့တွင် တက်ကြွစွာပါဝင်ဆောင် ရွက်လျက်ရှိပါသည်။

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

**ပြည်တွင်းအခွန်များဦးစီးဌာန၏မှတ်ချက်များ**

၂၀၁၉ ခုနှစ်မတ်လအထိ

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနဖြင့် ပူးပေါင်းဆောင်ရွက်၍ အခွန်ပေးဆောင်သူများ အား အခွန်ထမ်းနံပါတ်များပေးအပ်ထားရှိပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ခေတ်မီသည့် အခွန်အုပ်ချုပ်မှု စနစ်အားအထောက်အကူပြုနိုင်မည့် အိုင်တီစနစ်အသစ်အား ထိထိရောက်ရောက်အသုံးချရန်နှင့် သီးသန့်ထားရှိရန် အတွက် လုပ်ငန်းစဉ်အား စတင်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။သို့သော်လည်း အခွန်ထမ်းဆောင် သူများ အနေဖြင့် ၂၀၂၀ မတိုင်မီ၌ပြုပြင်ပြောင်းလဲခြင်းအကျိုးဆက်များအား တွေ့ကြုံရမည်မဟုတ်ပေ။

**အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၏ မှတ်ချက်များ**

အစိုးရ၏ စာရင်းကောက်သည့် စနစ်များတွင် ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ထားရှိမှုများအား တင်ပြထားပြီးဖြစ်ပါသဖြင့် အမှတ် (၁) သတ္တုတွင်းလုပ်ငန်းအနေဖြင့် တင်ပြရန်မရှိပါ။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ မှတ်ချက်များ**

- ❖ ၂၀၁၉ ခုနှစ်၊ (၅၆) ကြိမ်မြောက်ရတနာပြပွဲမှစတင်၍ ရတနာပြပွဲ တင်ပြ/ရောင်းချသည့် ကျောက်စိမ်းတွဲများ လက်ခံရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) မှ ကုမ္ပဏီ မှတ်ပုံတင်မိတ္တူတွင် ဖော်ပြထားသောကုမ္ပဏီအမည်ဖြင့်သာလက်ခံ ပါသည်။
- ❖ လိုင်စင်ချထားပေးမှုများ၊ လိုင်စင်မှတ်ပုံတင်များနှင့်ပတ်သက်၍ လုပ်ကိုင်ခွင့်ရသက်တမ်းကာလကုန်ဆုံးပြီး လစ်လပ်လုပ်ကွက်အဖြစ် သတ်မှတ်ထားသည့်လုပ်ကွက်များစာရင်းကို www.mining.gov.mm တွင်လစဉ်

ဖော်ပြလျက်ရှိပါသည်။

- ထုတ်လုပ်မှုနှင့်ရောင်းချမှုဆိုင်ရာအချက်အလက်များကို Computer Software ဖြင့်ဆောင်ရွက်လျက်ရှိပါသည်။

**သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ**

အကြံပြုတိုက်တွန်းချက်နှင့်စပ်လျဉ်း၍ သတ္တုတွင်းဦးစီးဌာနနှင့် Natural Resource Governance Institute (NRGI) တို့ပူးပေါင်း၍ နိုင်ငံတော်အတွက်သေချာသောအခွန် အခများရရှိစေရန်၊ ထုတ်လုပ်မှု၊ ကုန်ကျစရိတ်များ အပါအဝင် စီမံကိန်းများတစ်ခုနှင့်တစ်ခု နှိုင်းယှဉ်သုံးသပ် စိစစ်ခွင့်ပြုရာတွင် နိုင်ငံတော်အကျိုးပိုမိုရရှိစေရန်နှင့် အစိုးရမှ အခွန်ကောက်ခံခြင်းနှင့် ဝင်ငွေများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက် များမှတ်ပုံတင်နိုင်ရန် ရည်ရွယ်၍ Fiscal Modeling အလုပ်ရုံဆွေးနွေးပွဲအားကျင်းပပြု လုပ်ခဲ့ပါသည်။ မိမိတို့ဝန်ကြီးဌာနတွင် ဌာနတစ်ခုမှ တစ်ခုသို့ ဆက်သွယ်ဆောင်ရွက်ရာ တွင် Online စနစ်၊ e-government စနစ်၊ စာရင်းအချက်အလက်များ ကွန်ပျူတာဖြင့် မှတ်ပုံတမ်းတင်ခြင်း (Database)တို့ကို ဆောင်ရွက်လျက်ရှိပြီး Mining Cadaster System အကောင်အထည်ဖော်ရန်လည်းပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း

**အကောက်ခွန်ဦးစီးဌာန၏ မှတ်ချက်များ**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် တင်သွင်းတင်ပို့မှုများနှင့်ပတ်သက်၍နိုင်ငံတစ်ကာအလေ့အကျင့်ကောင်းဖြစ်သော Myanmar Automated Cargo Clearance System (MACCS) အား ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် ရန်ကုန်ဧရိယာ၌လည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် မြဝတီကုန်သွယ်ရေးဇုန်၌လည်းကောင်း စတင်ကျင့်သုံးခဲ့ပါသည်။ တင်သွင်းတင်ပို့မှုများ ပြုလုပ်မည်ကုမ္ပဏီများသည် MACCS စနစ်အား အသုံးပြု၍ တင်သွင်းတင်ပို့မှုများ ပြုလုပ်ရန် User Registration ဦးစွာပြုလုပ်ရပါသည်။ စာရွက်စာတမ်းပြည့်စုံပါက အဆိုပါကုမ္ပဏီများကို IE Code (Importer/Exporter Code) များထုတ်ပေးထားပါသည်။ ယင်း IC Code သည် TIN ကဲ့သို့ Code နံပါတ် အမျိုးအစားဖြစ်ပြီး ကုမ္ပဏီတစ်ခုချင်းစီအား ကိုယ်စားပြုပါသည်။ နောင်လာမည့် ဘဏ္ဍာနှစ်အတွက် EITI စာရင်းတိုက်ဆိုင်စစ်ဆေးရာတွင် အကောက်ခွန်ဦးစီးဌာနသို့ သိလိုသော ကုမ္ပဏီများစာရင်း (Scoping Study) တောင်းခံသည့်အခါ ယင်း IE Code နှင့် တစ်ပါတည်း ပူးတွဲ၍ တောင်းခံပါက ကုမ္ပဏီအမည်၊ အခွန်ရငွေ၊ အထောက်အထား စသည့်ကိစ္စရပ်များကို ရှာဖွေရာတွင် တိကျပြီး မှားယွင်းမှုများနှင့် ရှုပ်ထွေးမှုများကို ရှောင်ရှားနိုင်မည်ဖြစ်ပါသည်။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် ယခုသုံးစွဲလျက်ရှိသော IE Code မှ အခြားဌာနများမှ သုံးစွဲလျက်ရှိသည့် TIN Code သို့ ပြောင်းလဲသုံးစွဲနိုင်ရေး ဘက်ဂျက်များ လျာထားဆောင်ရွက်သွား မည်ဖြစ်ရာ ပိုမိုတိကျသော စာရင်းများ ရရှိနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာနအနေဖြင့်ယခုနှစ်တွင် သိလိုသော ကုမ္ပဏီများစာရင်း (Scoping Study) အားအခြေခံ၍ သီးသန့် Database တည်ဆောက်ထားပါကအနည်းငယ်သာ အပြောင်းအလဲ ရှိနိုင်ပြီး နောင်လာမည့်ဘဏ္ဍာနှစ်အတွက် တိကျသော ကိန်းဂဏန်း အချက်အလက်များကိုအချိန်နှင့် တပြေးညီပေးပို့နိုင်မည်ဖြစ်ပါကြောင်း အကြံပြုတိုက်တွန်းချက်များနှင့် စပ်လျဉ်း၍အကောင်အထည် ဆောင်ရွက်နေသည့် အခြေအနေများအား ပေးပို့ပြန်ကြားပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ မှတ်ချက်များ**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းသည် နေပြည်တော် (ရုံးချုပ်) နှင့် ရန်ကုန်တိုင်းဒေသကြီးရှိ ရုံးခွဲများ၏ ဝန်ထမ်းလစာ များနှင့် ကုန်စည်သိုလှောင်စာရင်း (Store accounting) အတွက် ကွန်ပျူတာစာရင်းစနစ် ကို စတင်သုံးဆွဲဆောင်ရွက် လျက်ရှိပါသည်။ နေပြည်တော်ရုံးချုပ်သည် ကွန်ပျူတာသုံးရုံးစနစ်တစ်ခုကိုလစဉ် ငွေသားရသုံးမှန်းခြေစာရင်း၊ ကုန်သွယ်လုပ်ငန်းရသုံးမှန်းခြေစာရင်းနှင့် ငွေစာရင်းရှင်းတမ်းများစသည့်တို့ကို အထက်

တာဝန်ရှိသူများထံသို့ လစဉ်ပေးပို့အစီရင်ခံရန်နှင့် နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းများပြုစုရန် သုံးစွဲလျက်ရှိပါသည်။ သို့သော်နယ်မြေရုံးခွဲများတွင်မူ လစာပေးခြင်းစာရင်းများနှင့် ကုန်သိုလှောင်စာရင်းများထက် အခြားစာရင်းများ အတွက်ကိုသာ ကွန်ပျူတာစာရင်း စနစ်ကို အသုံးပြုနိုင်ပါသေးသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

### မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ

၂၀၁၉ ခုနှစ်၊ (၅၆)ကြိမ်မြောက် ရတနာပြပွဲမှစတင်၍ ရတနာပြပွဲတင်ပြ/ ရောင်းချသည့် ကျောက်စိမ်းတွဲများ လက်ခံရာတွင် ရင်းနှီးမြုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) မှ ကုမ္ပဏီမှတ်ပုံတင် မိတ္တူတွင် ဖော်ပြထား သော ကုမ္ပဏီအမည်ဖြင့်သာ လက်ခံပါသည်။

လိုင်စင်ချထားပေးမှုများ၊ လိုင်စင်မှတ်ပုံတင်မှုများနှင့်ပတ်သက်၍ လုပ်ကိုင်ခွင့်ရ သက်တမ်းကာလကုန်ဆုံး ပြီးလစ်လပ်လုပ်ကွက်အဖြစ်သတ်မှတ်ထားရှိသည့်လုပ်ကွက်များစာရင်းကို www.mining.gov.mm နှင့် www.mge.gov.mm တွင် လစဉ်ဖော်ပြလျက်ရှိပါသည်။

ထုတ်လုပ်မှုနှင့် ရောင်းချမှုဆိုင်ရာအချက်အလက်များ၊ ရတနာပြပွဲရောင်းရငွေများကို သက်ဆိုင်ရာ ဘဏ် စာရင်းများသို့ စာရင်းလွှဲပြောင်းပေးသွင်းခြင်းကို Computer Software ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

### မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း၏မှတ်ချက်များ

ဆောင်ရွက်ဆဲဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီးရှိ ရုံးချုပ်နှင့် ရုံးများတွင် လစာပေး ခြင်းများနှင့် ကုန်စည်သိုလှောင်စာရင်း (store accounting)အတွက် ကွန်ပျူတာစာရင်း စနစ်တစ်ခုကိုစတင်သုံးစွဲ လျက်ရှိပါသည်။ နေပြည်တော်ရုံးချုပ်သည် ကွန်ပျူတာသုံးစာရင်းစနစ်တစ်ခုကိုလစဉ် ငွေသားရသုံးမှန်းခြေစာရင်း၊ ကုန်သွယ်လုပ်ငန်း ရသုံးမှန်းခြေစာရင်းနှင့် ငွေစာရင်းရှင်းတမ်းများ စသည်တို့ကို အထက်တာဝန်ရှိသူများထံသို့ လစဉ် ပေးပို့အစီရင်ခံရန်နှင့် နှစ်စဉ် ဘဏ္ဍာရေးရှင်းတမ်းများ ပြုစုရန် သုံးစွဲလျက်ရှိပါသည်။ သို့သော် နယ်မြေရုံးခွဲ များတွင်မူ လစာပေးခြင်းများနှင့် ကုန်သိုလှောင်စာရင်းများထက် အခြားစာရင်းများအတွက်ကိုသာ ကွန်ပျူတာစာ ရင်းစနစ်ကို အသုံးပြုနိုင်ပါသေးသည်။

### ပြည်တွင်းအခွန်များဦးစီးဌာန၏မှတ်ချက်များ

၂၀၂၀ Update :

အစောပိုင်း သဘောထားမှတ်ချက် များကို ကြည့်ပါ – core IT စနစ်အ သစ် သည် ၂၀၂၄ ခုနှစ်မတိုင်ခင်အထိ IRD တွင် အပြည့်အဝလည်ပတ်အသုံးပြုနိုင်ဦးမည်မဟုတ်ပါ။

# ၁၀ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

၂၀၁၃–၂၀၁၄ခုနှစ် ပထမ အကြိမ်အစီရင်ခံစာ

## အကြံပြုချက်များ

**ရသုံးမှန်းခြေငွေစာရင်း ပြည့်စုံလွှမ်းခြုံမှုနှင့် ပွင့်လင်းမြင်သာမှု (Budget comprehensiveness and transparency)**

EITI စံနှုန်းအရ EITI အစီရင်ခံစာသည် မည်သည့် တွင်းထွက်သယံဇာတ တူးဖော်ရေးလုပ်ငန်းများ ဝင်ငွေများကို ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးမှန်းခြေ ငွေစာရင်းထဲတွင် ထည့်သွင်းထားသည်ကို ဖော်ပြရမည့် အပြင် ထိုဝင်ငွေများထဲတွင် ငွေသားဖြစ်စေ၊ သာမက ကုန်စည်ဖြင့် ပေးချေမှုများဖြစ်စေ ပါဝင်မှုရှိ၊ မရှိကိုပါ ထည့်သွင်းဖော်ပြသင့်ပါသည်။ ဝင်ငွေများကို နိုင်ငံတော်ဘက်ဂျက်ထဲ၌ မထည့်သွင်းထားသောအခါ ထိုဝင်ငွေများကိုမည်သို့ ခွဲဝေချထားပေးသည်ကို ရှင်းပြရပါမည်။

၂၀၁၃–၂၀၁၄ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးမှန်းခြေငွေစာရင်းအရ ဝင်ငွေများကို ဝန်ကြီးဌာနများနှင့်ဌာနများမှ ရသော ဝင်ငွေများ၊ နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများမှဝင်ငွေများနှင့် နေပြည်တော်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ ဝင်ငွေများဟူ၍ ဇစ်မြစ်အလိုက် အသေးစိတ် ဖော်ပြထားသည်ကို တွေ့ရပါသည်။

၂၀၁၃–၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးမှန်းခြေ ငွေစာရင်းတွင် သယံဇာတဝင်ငွေများကို သီးခြားလိုင်းတလိုင်းဖြင့် ဖော်ပြထားခြင်းမရှိပါ။ ဝန်ကြီးဌာနတစ်ခုချင်း (သို့မဟုတ်) နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းတစ်ခုချင်းအတွက်ဖော်ပြထားသည့်ကိန်းဂဏန်းများကိုကဏ္ဍအလိုက်(သို့မဟုတ်)လုပ်ငန်းအလိုက်အသေးစိတ်ဖော်ပြထားပြီး ကဏ္ဍအားလုံးမှ စုစုပေါင်းကောက်ခံရရှိသည့် ဝင်ငွေများကိုပါ ထည့်သွင်းထားပါသည်။ အကျိုးဆက် အားဖြင့် နိုင်ငံတော်၏ ဝင်ငွေများထဲတွင် သယံဇာတကဏ္ဍ၏ ထည့်ဝင်မှုကိုမတွက်ချက်၊ မသတ်မှတ်နိုင်တော့ပေ။ ထို့အပြင် မြန်မာနိုင်ငံ၏ ဘက်ဂျက်စနစ်ထဲ၌ “other accounts” ဆိုသော “အခြားငွေစာရင်းများ”ကိုအတော်ကျယ်ပြန့်စွာ အသုံးပြုမှုရှိနေပါသည်။ ဤအခြားငွေစာရင်းများဆိုသည်မှာ ဝန်ကြီးဌာနများနှင့် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများမှ မြန်မာ့စီးပွားရေးဘဏ်တွင် ၎င်းတို့၏ ရင်းမြစ်များကို စီမံခန့်ခွဲနိုင်ရန် သီးခြားထားရှိသောငွေစာရင်းများဖြစ်ကြ ပါသည်။ ဤစာရင်းများ မည်သည့်ပုံစံဖြင့် လုပ်ငန်းဆောင်ရွက် လည်ပတ်နေသည်၊ မည်သို့ အသုံးပြုနေသည်ဆိုသော အချက်များကိုကျွန်ုပ်တို့အား မပေးအပ်ခဲ့ပေ။ ထို့ကြောင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံတော်ကြားရန်ပုံငွေများလွှဲပြောင်းပေးခြင်း၊ ဝင်ငွေများကို ဆက်လက်ထိန်းသိမ်းထားခြင်း၊ ပြန်လည်ရင်း နှီးမြှုပ်နှံခြင်းနှင့် ကြားခံပုဂ္ဂိုလ်မှ ရန်ပုံငွေပံ့ပိုးပေးခြင်း စသည်နှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများနှင့်အလေ့ အထများကို EITI စံနှုန်း ၃.၆ တွင်ပါဝင်သော စည်းကမ်းချက်အရ ရှင်းလင်းပြနိုင်ခြင်းမရှိခဲ့ပါ။

ဘတ်ဂျက်ရေးဆွဲရေး လုပ်ငန်းစဉ် ပွင့်လင်းမြင်သာမှုနှင့် ပြည့်စုံလွှမ်းခြုံနိုင်မှုတို့ကို ပိုမိုကောင်းမွန်နိုင်စေရန် ဘဏ္ဍာရေးဝန်ကြီးဌာနသည် သယံဇာတမှရသည့် ကိုယ်ပိုင်ဝင်ငွေများကို ပုံမှန်အရအသုံးမှန်းခြေငွေစာရင်း ဝင်ငွေများ အဖြစ် ပြန်လည်သတ်မှတ်နိုင်ခြင်း ရှိ/မရှိနှင့် အရအသုံးမှန်းခြေငွေစာရင်းတွင် မပါဝင်သည့် ”အခြားငွေစာရင်းများ”နှင့် ပတ်သက်၍ သတင်းအချက်အလက်များပို၍ ထုတ်ပြန်ပေးရန်လိုအပ်ခြင်း ရှိ၊ မရှိကို ထည့်သွင်းစဉ်းစားရန် အကြံပြု လိုက်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

### ဒုတိယအကြိမ်နှင့်တတိယအကြိမ် အစီရင်ခံစာများတွင် ပါဝင်သည့် မှတ်ချက်များ

ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးမှန်းခြေငွေစာရင်း ဥပဒေတွင် သယံဇာတလုပ်ငန်းများမှဝင်ငွေများနှင့် ပတ်သက် ၍ အသေးစိတ် အချက်အလက်များကို မပါဝင်သကဲ့သို့ အခြားငွေစာရင်းများ “other accounts” နှင့် ပတ်သက်၍ သတင်းအချက်အလက်များမပါဝင်ပေ။ သို့ရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပေးပို့လာသည့် အောက်ပါ မှတ်ချက်များအရ ထိုအချက်အလက်များကို Citizens Budget ခေါ် နိုင်ငံသားများ၏ ဘတ်ဂျက်ထဲတွင် ထည့်သွင်း ဖော်ပြထားကြောင်း သိရှိနားလည်ရပါသည်။

### စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ မှတ်ချက်

နှစ်စဉ် ပြဋ္ဌာန်းသော ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးမှန်းခြေ ငွေစာရင်းဥပဒေတွင် ပါဝင်သည့် သာမန်ရငွေစာရင်း တွင် ဌာနသည်သတ္တုသယံဇာတလုပ်ငန်းများမှ ၎င်း၏ ရငွေများ (ငွေသား – In Cash)နှင့်ကောက်ယူရရှိသော ကုန် စည်များ (ကုန်စည် – In Kind)ကို ထည့်သွင်းပါသည်။

နှစ်စဉ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးမှန်းခြေ ငွေစာရင်းဥပဒေအရ တွင်းထွက်သယံဇာတလုပ်ငန်းများမှရသော ဝင်ငွေများတွင် သီးခြားခေါင်းစဉ်တစ်ခုဖြင့် ဖော်ပြထားခြင်းမရှိပေ။ မည်သို့ပင်ဆိုစေကာမူ ဆက်စပ်နေသည့် တွင်းထွက်သယံဇာတ စက်မှုတူးဖော်ရေးလုပ်ငန်းများမှ ဝင်ငွေများနှင့် အသုံးစရိတ်များကို Citizen’s Bud-get ခေါ် နိုင်ငံသားများ၏ ဘတ်ဂျက် စာစောင်ထဲတွင် အသေးစိတ်ဖော်ပြထားပါသည်။ ထိုစာစောင်မှာ နိုင်ငံသားများအတွက် ရည်ရွယ်ပြီးဖြောင့်မတ်ပြီး ပွင့်လင်းမြင်သာမှုရှိသော ဘတ်ဂျက်ဖြစ်စေရန်နှင့် တွင်းထွက်သယံဇာတလုပ်ငန်းများ၏ ဝင်ငွေများကို သိရှိစေရန် ဖြစ်ပါသည်။

အများပြည်သူများ ရှင်းရှင်းလင်းလင်း သိရှိနားလည်စေရန် Citizen’s Budget plan (2016–2017) ခေါ် ၂၀၁၆–၂၀၁၇ ခုနှစ် နိုင်ငံသားများ၏ ဘတ်ဂျတ်စာစောင်ထဲတွင် အခြားငွေစာရင်းများဖွင့်ရသည့် ရည်ရွယ်ချက် အခြေအနေ၊ အခြားငွေစာရင်းဖွင့်သည့်ပုံစံများ၊ အခြားငွေစာရင်းများမှ ကျခံသည့်အသုံးစရိတ်များ၊ အခြားငွေစာရင်းများသို့ ငွေပေးချေမှုများကို နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ဘဏ္ဍာရေး စီမံခန့်ခွဲမှုများဟူသော ခေါင်းစဉ်ဖြင့်ဖော်ပြထားပြီး ထိုစာရင်းများနှင့် စပ်လျဉ်း၍ အခြားသောအချက်အလက်များကို ထည့်သွင်းပုံနှိပ်ဖော်ပြထားပါသည်။

တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှ ရငွေများအပေါ် ထောက်ခံအကြံပြု ချက်နှင့် စပ်လျဉ်း၍ ထိုရငွေများကို သီးခြားခွဲခြားထားသင့်ပြီး ပုံမှန်ဘတ်ဂျက်အတွင်း ခေါင်းစဉ်ဖြင့်သာ ဖော်ပြ သင့်ပါသည်။ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ရငွေများကို အတူတကွ ဖော်ပြသော်လည်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့ရသော နှစ်စဉ်သာမန်ရသုံးမှန်ခြေစာရင်းပါ ရငွေများ၏အသေးစိတ် အချက်အလက်များကို အရောင်းရငွေများ၊ မိတ်ဖက်စာချုပ်၏ဝန်ဆောင်မှုမှရသော အမြတ်ငွေ ရငွေများဟူ၍ စာရင်းပြုစုထားပါသည်။

### ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ သဘောထားမှတ်ချက်

တွင်းထွက် သယံဇာတတူးဖော်ရေးလုပ်ငန်းများမှရသည့် ငွေသားဖြစ်စေ၊ ကုန်စည်ဖြစ်စေ၊ ဝင်ငွေများကို ပုံမှန်ဝင်ငွေများအဖြစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးမှန်းခြေငွေစာရင်း ဥပဒေတွင်ထည့်သွင်းပြဋ္ဌာန်းပါသည်။ ထို ဥပဒေကိုလည်း နှစ်စဉ် ပုံနှိပ်ထုတ်ဝေပါသည်။

နှစ်စဉ် ပုံနှိပ်ထုတ်ဝေသော ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးမှန်းခြေ ငွေစာရင်းဆိုင်ရာဥပဒေတွင်

ယခုအချိန်အထိ တွင်းထွက်သယံဇာတ တူးဖော်ရေးလုပ်ငန်းများမှ ရသည့်ဝင်ငွေများကို အသေးစိတ်ခေါင်းစဉ်များဖြင့် ဖော်ပြခြင်းမရှိသေးပေ။ မည်သို့ပင်ဆိုစေကာမူ တွင်းထွက်သယံဇာတလုပ်ငန်းများသည် နိုင်ငံတော်၏ဝင်ငွေများထဲတွင် မည်သည့် အခန်းကဏ္ဍမှ ပါဝင်နေသည်ကို မီးမောင်းထိုး ပြခြင်းအားဖြင့် ဘတ်ဂျက်ပွင့်လင်းမြင်သာမှု ပိုမိုကောင်းမွန်စေရန် ပုံနှိပ်ထုတ်ဝေသော Citizen's Budget ခေါ် နိုင်ငံသားများ၏ ဘတ်ဂျက်တွင် တွင်းထွက်သယံဇာတလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဝင်ငွေများနှင့် ကုန်ကျစရိတ်များ အသေးစိတ်ဖော်ပြထားပါသည်။

အများပြည်သူများ၏ သိမြင်နားလည် ပိုမိုကောင်းမွန်စေရန် အခြားငွေစာရင်းများ "other accounts"နှင့် စပ်လျဉ်း၍ အခြားငွေစာရင်းများ စတင်ဖွင့်ရသည့် ရည်ရွယ်ချက်များ၊ ဖွင့်ထားပြီးသော ထိုစာရင်းများ၏ လက်ရှိအခြေအနေ၊ ဤစာရင်းများမှ အသုံးစရိတ်များကို ကိုင်တွယ်မှုနှင့် ဝင်ငွေများကို ထိုစာရင်းများသို့မည်သို့ ငွေလွှဲပေးသည် စသည့် သတင်းအချက်အလက်များကို ၂၀၁၆-၂၀၁၇ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သော Citizen's Budget ခေါ် နိုင်ငံသားများအတွက် ဘတ်ဂျက်စာစောင်တွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဟူသော ခေါင်းစဉ်ဖြင့် ရှင်းလင်းစွာဖော်ပြထားပါသည်။

*"တွင်းထွက်သယံဇာတတူးဖော်မှု လုပ်ငန်းများမှရသည့် ဝင်ငွေများကို ပုံမှန်ဘတ်ဂျက်ကဲ့သို့ သီးခြားအစီရင်ခံမှု ပြုလုပ်ရန်"* ဟူသော ထောက်ခံအကြံပြုချက်နှင့် စပ်လျဉ်း၍ တွင်းထွက်သယံဇာတ တူးဖော်ရေးလုပ်ငန်းများဆောင်ရွက်နေသော နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများသည် ယင်းတို့၏ စုစုပေါင်းဝင်ငွေများကို ပြည်ထောင်စုဘတ်ဂျက်စာရင်းထဲတွင် ဖော်ပြထားသော်လည်း ၎င်းတို့မှာ အရောင်းဝင်ငွေများ၊ ဖက်စပ်လုပ်ငန်းများမှ အကျိုးခံစားခွင့်ရသည့် ဝေစုများနှင့် ပုံမှန် ဘတ်ဂျက်စာရင်းအတွင်း အခြားဝင်ငွေစာရင်း ကဲ့သို့သော သီးခြားဝင်ငွေများရှိနေသဖြင့် ထိုသည်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ နှစ်စဉ် တင်သွင်းရပါသည်။

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ မှတ်ချက်များ**

၁။ ၂၀၁၃-၂၀၁၄ EITI အစီရင်ခံစာရှိ အရအသုံးခန့်မှန်းခြေငွေစာရင်း ပြည့်စုံလွှမ်းခြုံမှုနှင့် ပွင့်လင်းမြင်သာမှုနှင့် ပတ်သက်သော အကြံပြုတိုက်တွန်းချက်များနှင့် စပ်လျဉ်း၍ နှစ်စဉ်ပြဋ္ဌာန်းသော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် သယံဇာတတူးဖော် ထုတ်လုပ်ရောင်းချသော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ သာမန်ရငွေစာရင်းတွင် ငွေသား (In Cash) အပြင် (In-kind) ဖြင့်ရရှိ သော ကုန်စည်များအားလည်း ကျပ်ငွေဖြင့်တန်ဖိုး သင့်၍ ထည့်သွင်းထားပါကြောင်း၊ Other Account နှင့်ပတ်သက်၍ ပြည်သူများရှင်းရှင်းလင်းလင်း သိရှိနားလည်စေရန် Citizen's Budget ၂၀၁၆-၂၀၁၇ တွင် ထည့်သွင်းဖော်ပြထားပါကြောင်း ရှင်းလင်းပေးပို့ခဲ့ပြီးဖြစ်ပါသည်။

၂။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ UFA-OA စာရင်းများနှင့်ပတ်သက်၍ ပြည်သူအများ ရှင်းလင်းလွယ်ကူစွာ သိရှိနားလည်စေရန် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်ပြီး စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲပြုလုပ်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသခြင်း၊ နေ့စဉ်ထုတ် သတင်းစာများတွင် ထည့်သွင်းဖော်ပြခြင်းများ ပြုလုပ်ခဲ့ပါသည်။

၃။ ယခုအချိန်တွင် ဆက်လက်ဆောင်ရွက်နေမှုများအနေဖြင့် စာရင်းသဘောအရ ကျန်ရှိနေသော Other Account လက်ကျန်များနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းအစီအစဉ်များအား နိုင်ငံတော် စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (NECC) ၏ ဆုံးဖြတ်ချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူပြီး ဆောင်ရွက်လျက်ရှိပါကြောင်း ပေးပို့အပ်ပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

တစ်စိတ်တစ်ပိုင်း အကောင်အထည်ဖော်ပြီး

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှမှတ်ချက်များ**

**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**

(က) ၂၀၁၃-၂၀၁၄ EITI အစီရင်ခံစာရှိ ရသုံးခန့်မှန်းခြေငွေစာရင်း ပြည့် စုံလွှမ်းမိုးမှုနှင့် ပွင့်လင်းမြင်သာမှုနှင့် ပတ်သက်သည့် အကြံပြုတိုက် တွန်းချက်များနှင့်စပ်လျဉ်း၍ နှစ်စဉ်ပြဋ္ဌာန်းသော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေတွင် သယံဇာတတူးဖော်ထုတ် လုပ်ရောင်းချသော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများ၏ သာမန်ရငွေစာရင်းတွင် ငွေသား(In cash) ဖြင့်ရရှိသော ရငွေများအပြင် (In kind)ဖြင့်ရရှိသော ကုန်စည်များကိုလည်း မြန်မာကျပ် ငွေဖြင့် တန်ဖိုးသင့်၍ ထည့်သွင်းထားပါသည်။

(ခ) ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် သယံဇာတဝင်ငွေများကိုသီးခြားလိုင်းတစ်လိုင်းဖြင့်ဖော်ပြထားခြင်းမရှိသော်လည်း ပြည်သူအများ ရှင်းလင်းလွယ်ကူစွာ သိရှိစေရန် ပြည်သူများသို့ နှစ်စဉ်ဖြန့်ဝေသော Citizen's Budgetတွင် ၂၀၁၆-၂၀၁၇ခု၊ဘဏ္ဍာရေးနှစ်မှစ၍ တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများနှင့်ပတ်သက်သည့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေများ၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ထည့်ဝင်ငွေများအားသီးခြား ထည့်သွင်းဖော်ပြထားပါသည်။

(ဂ) ရသုံးခန့်မှန်းခြေငွေစာရင်းတွင်မပါဝင်သည့် "အခြားငွေစာရင်းများ" နှင့်ပတ်သက်၍ သတင်းအချက်အလက်များပို၍ ထုတ်ပြန်ပေးရန် လိုအပ်ခြင်းရှိမရှိကို ထည့်သွင်းစဉ်းစားရန် အကြံပြု တိုက်တွန်းချက် နှင့်စပ်လျဉ်း၍ ရသုံးခန့်မှန်းခြေငွေစာရင်းတွင်မပါဝင်သည့် အခြား ငွေစာရင်းများမရှိပါ။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း၊ အခြား စာရင်းရှင် Union Fund-Other Account (UFA-OA) စာရင်းများနှင့်ပတ်သက်၍ ပြည်သူအများ ရှင်းလင်းလွယ်ကူစွာ သိရှိနားလည်စေရန် ယခင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်ပြီး စီးပွားရေးစကားဝိုင်း ဆွေးနွေးပွဲ ပြုလုပ်၍ မြန်မာ့အသံနှင့်ရုပ်မြင် သံကြားတွင် ထုတ်လွှင့်ပြသခဲ့ခြင်း၊ နေ့စဉ်ထုတ်သတင်းစာများ တွင် ထည့်သွင်းဖော်ပြခြင်းများ ပြုလုပ်ခဲ့ပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူအတည်ပြုချက်ရယူပြီး ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ စာရင်း သဘောအရ ကျန်ရှိနေသော UFA-OA လက်ကျန် စာရင်းများအား ပိတ်သိမ်းပြီး SEE-Account စာရင်း တစ်မျိုးတည်းကိုသာ ထားရှိဆောင်ရွက်လျက်ရှိပါသည်။

# ၁၁ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင်များ

၂၀၁၃–၂၀၁၄ခုနှစ် ပထမ အကြိမ်အစီရင်ခံစာ

## အကြံပြုချက်များ

**အစီရင်ခံသည့်စည်းမျဉ်းစည်းကမ်းများကို ဥပဒေ ပြဋ္ဌာန်းခြင်း (Enactment of EITI reporting regulations)**

EITIကို ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလတွင် နိုင်ငံတော်သမ္မတ၏ အမိန့်ကြော်ငြာစာအမှတ် (၉၉/၂၀၁၂)ဖြင့် တည်ထောင်ခဲ့ပါသည်။ ထိုအမိန့်ကြော်ငြာစာသည် EITIကို တရားဝင် တည်ထောင်ပြီး EITI အကောင်အထည် ဖော်ဆောင်ရန် နိုင်ငံတော်အစိုးရ၏ ရည်ရွယ်ချက်နှင့် ကတိကဝတ်တို့ကို ဖော်ပြထားပါသည်။

မည်သို့ပင်ဆိုစေကာမူ EITI အစီရင်ခံစာ တင်သွင်းရန် တာဝန်များသည် လက်ရှိဥပဒေများအတွင်းရှိ အကြောင်းအချက် ကောက်ယူခြင်း လုပ်ငန်းစဉ်ဆိုင်ရာ အခြား မည်သည့် ဥပဒေများတွင်မှ ပါဝင်၊ လွှမ်းခြုံထားခြင်း မရှိကြောင်းသိရပါသည်။ ဤအချက်သည် EITI အစီရင်ခံစာ ပုံစံများကိုတင်သွင်းရန် အချို့သောတွင်းထွက် သယံဇာတ တူးဖော်ရေး ကုမ္ပဏီများ၏ နှောင့်နှေးမှုများ ဖြစ်စေရုံမျှမက မြန်မာနိုင်ငံရှိ တွင်းထွက်သယံဇာတ တူးဖော်ရေး စက်မှုလုပ်ငန်းကဏ္ဍဆိုင်ရာ အခြေအနေ သတင်းအချက်အလက်များကို မရှိရခြင်း၏ အဓိကအကြောင်း အရင်းများ ထဲမှ တစ်ချက်လည်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် EITIအတွက် ဥပဒေမူဘောင် တစ်ခုကို ရေးဆွဲပြဋ္ဌာန်းပါရန် အကြံပြုလိုက်ရပါသည်။ ထိုဥပဒေမူဘောင်ထဲတွင် တည်ဆဲဥပဒေများနှင့် ဟန်ချက်ညီ ထိန်းညှိပေးနိုင်မည့် EITI ဥပဒေတစ်ခုကို ထည့်သွင်းသင့်ပါသည်။ ထိုဥပဒေတွင် အောက်ပါတို့နှင့် စပ်လျဉ်းသော ပြဋ္ဌာန်းချက်များကို ပါဝင်နိုင်ပေသည်။

- ❖ ပေးအပ်ရမည့် အချက်အလက်များကို မည်မျှအထိ အမျိုးအစား ခွဲခြားပေးရမည့် အဆင့်များကိုပါအတိအကျ ဖော်ပြထားသကဲ့သို့ တွင်းထွက်သယံဇာတတူးဖော်ရေး စက်မှုလုပ်ငန်း ကုမ္ပဏီများနှင့် အစိုးရဌာနများ နှစ်ဘက်လုံးအတွက် အစီရင်ခံရမည့် တာဝန်များနှင့်
- ❖ အစီရင်ခံစာတင်သွင်းမည့် အဖွဲ့အစည်းများကို ရွေးချယ်ခြင်း၊ အစီရင်ခံစာ ပုံစံများကို မွမ်းမံပြင်ဆင်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ညွှန်ကြားချက်များပေးခြင်း၊ ထုတ်ပြန်ကြေညာချက်များကို တင်သွင်းခြင်းနှင့် အားလုံးသော စာရင်း တိုက်ဆိုင်စစ်ဆေးသည့် လုပ်ငန်းများကို အပြီးသတ် ဆောင်ရွက်ခြင်းတို့အတွက် အချိန်ဇယား တစ်ခု ဖြစ်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**စတုတ္ထအကြိမ်မြောက်အစီရင်ခံစာတွင်ပါဝင်သည့်မှတ်ချက်များ**

မြန်မာနိုင်ငံလုပ်ငန်းအစီအစဉ်တွင် အောက်ပါလုပ်ငန်းအမျိုးအစား(၂)ခုပါဝင်ပါသည်။

- ❖ မြန်မာနိုင်ငံ EITI ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲရေးအတွက် တရားဥပဒေဆိုင်ရာနည်းလမ်းများအားအကြံပြုနိုင်

ရန်အတွက်သုတေသနဆောင်ရွက်ရန်

❖ EITIဥပဒေကြမ်း(သို့)ကဏ္ဍဆိုင်ရာဥပဒေများထဲတွင် ပြင်ဆင်ချက်များပြုလုပ်ရန်

၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ၁၄ရက်နှင့် ၁၅ရက်နေ့များတွင်ကျင်းပပြုလုပ်ခဲ့သည့် (၁၁)ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးမှ EITI မူဝါဒနှင့် ဥပဒေဆိုင်ရာများဖော်ထုတ်နိုင်ရေးအတွက် တည်ဆဲမူဝါဒများနှင့် ဥပဒေများအား ပြန်လည်သုံးသပ်ရန်ဆုံးဖြတ်ခဲ့ကြပါသည်။ ၎င်းစီမံကိန်းအတွက် လုပ်ငန်းတာဝန်မူကြမ်းအား ပြုစုခဲ့ပြီး ၂၀၁၈ ခုနှစ်မတ်လ(၁၆)ရက်နေ့တွင် ကျင်းပခဲ့သည့်၁၂ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့နှင့် ဆပ်ကော်မတီအစည်းအဝေးများတွင် ဆွေးနွေးခဲ့ပါသည်။တွင်းထွက်သယံဇာတလုပ်ငန်းများနှင့်ပတ်သက်သည့် မူဝါဒများနှင့် ဥပဒေများမှာ(၄၀)ခုကျော်ရှိပါသည်။

၂၀၁၉ ခုနှစ် မတ်လ ၁၁ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့်နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းကော်မတီအစည်းအဝေးတွင် မြန်မာနိုင်ငံEITI ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှုအပေါ်အစီရင်ခံစာနှင့်ပတ်သက်သည့် လုပ်ငန်းတာဝန်အားအပြီးသတ်ဆွေးနွေးခဲ့ပါသည်။၂၀၂၀ခုနှစ်တွင် တည်ဆဲမူဝါဒများနှင့် ဥပဒေများအားပြန်လည် ဆန်းစစ်ခြင်း အား ဆောင်ရွက်မည်ဖြစ်ပါသည်။

တည်ဆဲဥပဒေများအား ပြင်ဆင်ရေးဆွဲခြင်းနှင့် ဥပဒေသစ်ထုတ်ပြန်ကြေညာခြင်းအား လွှတ်တော်တွင်ဆောင်ရွက်မည်ဖြစ်သည်။မကြာသေးမီက ပြင်ဆင်ရေးဆွဲခဲ့သည့် ပတ်ဝန်းကျင်ထိန်း သိမ်းရေး ဥပဒေအား ပြည်သူ့လွှတ်တော်တွင် အတည်ပြုခဲ့သည်။ တည်ဆဲမူဝါဒများနှင့် ဥပဒေများအား ပြန်လည်ဆန်းစစ်ပြီးနောက် EITI ဥပဒေကြမ်း(သို့) ကဏ္ဍဆိုင်ရာ ဥပဒေများတွင်ပြင်ဆင်ဖြည့်စွက်ခြင်း စသည်တို့အား လုပ်ဆောင်မည်ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံပြည်ထောင်စု အစိုးရဝန်ကြီးအဖွဲ့မှ မြန်မာနိုင်ငံ EITIလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုရန် ၂၀၁၈ခုနှစ် ဇွန်လ(၂၉ ) ရက်စွဲဖြင့် ညွှန်ကြားစာထုတ်ပြန်ခဲ့ပါသည်။ ၎င်းစာ၌ ဖော်ပြထားသည်မှာ မြန်မာနိုင်ငံEITIလုပ်ငန်းသည် အားကောင်း၍ ပွင့်လင်းမြင်သာသည့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစနစ်နှင့်အတူ ဘဏ္ဍာရေးအရင်းအမြစ်များ ထူထောင်ရန်အတွက်နိုင်ငံစီးပွားရေးမူဝါဒအား အထောက်အကူပြုမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ထို့အပြင်သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၊ ပုဂ္ဂလိကကဏ္ဍများနှင့်အရပ်ဘက်အဖွဲ့ အစည်းများအားလေးနက်စွာ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းထားပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံEITIလုပ်ငန်းသည် နိုင်ငံနှင့်ပြည်သူအတွက် လက်တွေ့ကျ၊အကျိုးအမြတ်ရှိ၊ ရေရှည်တည်တံ့သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ရှေ့ဆက်သွားနိုင်မည့် လုပ်ဆောင်ချက်များအားအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ငန်းများနှင့် MEITI လုပ်ငန်းစဉ်အားအကောင်အထည်ဖော်ရန်အလို့ငှာ မြန်မာနိုင်ငံEITI ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီ၊မြန်မာနိုင်ငံEITIသုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ နှင့် မြန်မာနိုင်ငံEITIညှိနှိုင်းရေးမှူးရုံးတို့ဖြင့် ပူးပေါင်းဆောင်ရွက်ရန်တိုက်တွန်းထားသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

အကောင်အထည်မဖော်ရသေး

### လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

–

## ၁၂ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊

၂၀၁၃–၂၀၁၄ခုနှစ် ပထမ အကြိမ်အစီရင်ခံစာ

### အကြံပြုချက်များ

**လိုင်စင်များ ချပေးခြင်း (Allocation of licenses)**

EITIစံနှုန်းအရ EITIအစီရင်ခံစာတွင် ပါဝင်သည့် ကုမ္ပဏီများနှင့် စပ်လျဉ်း၍ လိုင်စင်ချပေးခြင်း (သို့မဟုတ်) လိုင်စင်လွှဲပြောင်းပေးခြင်းနှင့် စပ်လျဉ်း၍ သတင်း အချက်အလက်များကို ထုတ်ပြန်ကြေညာပေးရပါသည်။ ထိုအခါ လိုင်စင်ကိုချပေးသည့် (သို့မဟုတ်) လိုင်စင်ကို လွှဲပြောင်းပေးသည့် လုပ်ငန်းစဉ်ကို အသေးစိတ်ဖော်ပြခြင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ စံသတ်မှတ်ချက်များ၊ အကျိုးတူကိစ္စအတွက် ယာယီ ပူးပေါင်းထားသော အဖွဲ့ဖြစ်လျှင် အဖွဲ့ဝင်များပါ ထည့်သွင်းဖော်ပြခြင်းနှင့် လိုင်စင်များ လွှဲပြောင်းပေးခြင်းနှင့် လိုင်စင်များ ချပေးခြင်းဆိုင်ရာကို ကြီးကြပ်ကွပ်ကဲသည့် လိုက်နာရမည့်နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းမူဘောင်မှ အသေးအဖွဲ မဟုတ်သည့် ကွဲပြားခြားနားမှုများ၊ လွဲဖယ်မှုများကို ဖော်ပြရမည်။

သတ္တုတွင်းဥပဒေတွင် လိုင်စင်များ (သို့မဟုတ်) ပါမစ်များကို ချပေးသည့်အခါတွင် လေလံဆွဲသည့်စနစ်ကို ကျင့်သုံးခြင်း (သို့မဟုတ်) “ဦးရာလူ”ချပေးသည့်မူကို ကျင့်သုံးကြောင်းကို အတိအကျ မဖော်ပြထားပေ။ မည်သို့ပင်ဆိုစေကာမူ ထုတ်လုပ်ရန် ပါမစ်ကိုသတ္တု စူးစမ်းရှာဖွေခွင့် ပါမစ် ကိုင်ဆောင်ထားသူမှ သတ္တုသိုက်တစ်ခုကို ရှာဖွေတွေ့ခဲ့လျှင် ထုတ်လုပ်ခွင့်ပါမစ်ကို ရမည်ဟု အာမခံပေးထားပေသည်။

သို့ဖြစ်ပါ၍ သတ္တုတွင်းဝန်ကြီးဌာနမှလက်ရှိဥပဒေကို ပြန်လည် သုံးသပ်ပြီးနောက် လိုင်စင်များ ချပေးခြင်းနှင့်ချပေးသည့်အတွက်အသုံးပြုသည့် လုပ်ငန်းစဉ်၊ တင်ဒါလျှောက်လွှာများ တစ်ကြိမ်ခေါ်ပြီးသောအခါတွင် အများဆုံးပေးနိုင်သူမှ လုပ်ပိုင်ခွင့်ရရှိသည့် လုပ်ငန်းစဉ်ကို ရှင်းရှင်းလင်းလင်း ဖော်ပြပေးရန်လိုအပ်ကြောင်း အကြံပြုလိုက်ပါသည်။ သို့မှသာလျှင် ပွင့်လင်းမြင်သာမှု ရှိပြီး ပိုမိုမြင့်မားသော ဝင်ငွေများလည်း ရရှိနိုင်ပေမည်။

### ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ဒုတိယအကြိမ် နှင့် တတိယအကြိမ် အစီရင်ခံစာများတွင်ပါဝင်သည့် မှတ်ချက်များ**

(မူကြမ်းရေးဆွဲထားပြီး) ကျောက်မျက်ဥပဒေသစ်တွင် စမ်းသပ်ရှာဖွေရေးနှင့် ထုတ်လုပ်ရေးအတွက်လိုင်စင်များကို ချပေးသည့် လုပ်ထုံးလုပ်နည်းများကိုပါဝင်မည်ဟုသိရပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ မှတ်ချက်**

ဦးရာလူ မူဝါဒကိုသတ္တုများ စမ်းသပ်တိုင်းတာခြင်း လိုင်စင်များချပေးရာတွင် ကျင့်သုံးပါသည်။ မည်သို့ပင်ဆိုစေကာမူ အကယ်၍ စမ်းသပ်တိုင်းတာမည်ဟု အဆိုပြုထားသော နယ်မြေများသည် အခြားသောသတ္တုသိုက်တစ်စုံတစ်ရာရှိသည့် ဧရိယာတစ်ခုအတွင်း ရောက်နေပြီး ရင်နှီးမြှုပ်နှံသူများစွာမှ စိတ်ဝင်စားပါက လိုင်စင် ချပေးရာတွင် လေလံစနစ် ကျင့်သုံးလျက်ရှိပါသည်။ သို့သော် ၁၉၉၆ ခုနှစ်၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေ အပိုင်း(က)၊ပုဒ်မ၂၅၊ အပိုဒ်ခွဲ(က)အရ ဝန်ကြီးဌာနသည့် ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ကိုင်ဆောင်ထားသူက လျှောက်ထားခြင်းဖြစ်လျှင် ဓာတ်သတ္တု အကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို ထုတ်ပေးရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ဓာတ်သတ္တုစမ်းသပ်ရှာဖွေဖော်ထုတ်ရန် လိုင်စင်များချပေးရာတွင် လေလံစနစ်ကိုတစ်ချိန်က ကျင့်သုံးခဲ့ပါသည်။ မည်သို့ပင်ဆိုစေကာမူ လိုင်စင်သက်တမ်းတိုးရန်နှင့် လိုင်စင်များကိုချပေးရန်မှာ လက်ရှိအခြေအနေတွင် ရပ်ဆိုင်းထားပါသည်။ သို့သော် ဝန်ကြီးဌာနသည် ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန်နှင့် ထုတ်လုပ်ရန်လိုင်စင်များချပေးသည့် လုပ်ထုံးလုပ်နည်းများကို လက်ရှိရေးဆွဲလျက်ရှိသော ကျောက်မျက်နည်းဥပဒေသစ်များတွင် ထည့်သွင်းရန်စီစဉ်ထားပါသည်။

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

**အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၏ မှတ်ချက်များ**

လိုင်စင်ချထားပေးခြင်းကို မြန်မာ့သတ္တုတွင်းနည်းဥပဒေများ (၂၀၁၈) နှင့် အညီ (၂၇.၇.၂၀၁၈) ရက်နေ့မှ စတင်၍ လုပ်ကွက်အသစ်လျှောက်ထားခြင်းများကို လက်ခံဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ မှတ်ချက်များ**

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ(၃၀)ရက်နေ့တွင် ထွက်ရှိလာသော ကျောက်မျက်ရတနာဥပဒေ၊ နောင်ထွက်ရှိမည့် နည်း ဥပဒေများနှင့်အညီဆောင်ရွက်မည်ဖြစ်ပါသည်။

**သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ**

အကြံပြုတိုက်တွန်းချက်နှင့်စပ်လျဉ်း၍၂၄-၁၂-၂၀၁၅ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့သည့် မြန်မာ့သတ္တုတွင်းဥပဒေအားပြင်ဆင်သည့် ဥပဒေ၊ ၁၃-၂-၂၀၁၈ ရက်နေ့တွင် အသစ်ပြဋ္ဌာန်းခဲ့သည့် မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် အညီ ၂၆-၇-၂၀၁၈ ရက်နေ့မှစ၍ ဓါတ်သတ္တုလိုင်စင်လျှောက်ထားခွင့်ကို ခွင့်ပြုခဲ့ပါသည်။ ဓါတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်လျှောက်ထားရာတွင် အရင်လျှောက်သူအရင်ပေး (First come, first served) စနစ်ဖြစ်ပါကြောင်း၊ လူအများစိတ်ဝင်စားသည့် သတ္တုသိုက်ဖြစ်ထွန်းမှု သေချာသောလုပ်ကွက်များကို လေလံယှဉ်ပြိုင် စနစ်ဖြင့် ဆောင် ရွက်လျက်ရှိပါကြောင်း၊ အသစ်ပြဋ္ဌာန်းသည့် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ အပိုဒ် (၃၄) တွင် ဓါတ်သတ္တု စမ်းသပ်တိုင်းတာခွင့်ပြုမိန့်ရရှိသူက ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များအရသော်လည်းကောင်း လျှောက်ထားခြင်းဖြစ်လျှင် ဓါတ်သတ္တုအကြီးစား (သို့မဟုတ်) အလတ်စား ထုတ်လုပ်ရန်ခွင့်ပြုမိန့်ကို စိစစ်ထုတ်ပေးနိုင်သည်ဟုပြဋ္ဌာန်း ထားပါကြောင်း၊ သတ္တုကဏ္ဍတွင် လိုင်စင်လွှဲပြောင်းပေးခြင်းနှင့် စပ်လျဉ်း၍ အသစ်ပြဋ္ဌာန်းထားသည့် မြန်မာ့သတ္တုတွင်းနည်းဥပဒေအပိုဒ် (၁၅၅) တွင် အသေးစိတ်ဖော်ပြထားပြီးဖြစ်ပါကြောင်း၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေ အပိုဒ် (၁၅၇) နှင့်အညီလွှဲပြောင်းလုပ်ကိုင် ခွင့်ပြုထားပါသည်။ ကျောက်မျက်ကဏ္ဍတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရခွင့် ပြုထားခြင်းမရှိပါ။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မှတ်ချက်များ**

ကုန်းပိုင်း၊ ကမ်းလွန်ရေနံလုပ်ကွက်များတွင် အကျိုးတူပူးပေါင်းဆောင် ရွက်နေသည့် ကုမ္ပဏီများအနေဖြင့် လိုင်စင်စနစ်ဖြင့် ဆောင်ရွက်ခြင်း မဟုတ်ပါ။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့် MIC Permit ဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ လုပ်ကွက်အသစ်ချထားပေးခြင်း မရှိပါ။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေကိုပြဌာန်းခဲ့ပြီး နောင်ထွက်ရှိမည့် နည်းဥပဒေများနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါသည်။

# ၁၃ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန

၂၀၁၃–၂၀၁၄ခုနှစ် ပထမ အကြိမ်အစီရင်ခံစာ

## အကြံပြုချက်များ

**ထုတ်လုပ်မှု ဝေစု ခွဲဝေသော စာချုပ်များတွင် ပါဝင်သည့် လျှို့ဝှက်ထိန်းသိမ်းထားရန် အပိုဒ်များ (Confidentiality provisions in PSCs)**

စွမ်းအင်ဝန်ကြီးဌာနမှအသုံးပြုသည့် ထုတ်လုပ်မှုဝေစု ခွဲဝေယူသည့် စာချုပ်ပုံစံများတွင် (မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် လုပ်ငန်း ဆောင်ရွက်သူများ) နှစ်ဘက်လုံးမှ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အချက်များကို အများပြည်သူများအား ထုတ်ပြန်ကြေညာမှုကို တားဆီးသည့် လျှို့ဝှက်ထိန်းသိမ်းထားရန် စာပိုဒ်များကိုထည့်သွင်းထားပါသည်။ ဤအချက်ကိုစာရင်းတိုက်ဆိုင်စစ်ဆေးသည့်အဆင့်မတိုင်မီ နယ်ပယ်လေ့လာသတ်မှတ်မှုတွင် ပါဝင်သည့် ကုမ္ပဏီတစ်ခုချင်းကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးခဲ့သည့် ငွေပမာဏများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ထုတ်ပြန်ပေးရန် သဘောတူညီကြောင်း စာတစ်စောင်ကို ထုတ်ပေးခြင်းအားဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဖြေရှင်း

ပေးခဲ့ပါသည်။

မည်သို့ပင်ဆိုစေကာမူ EITIရည်ရွယ်ချက်များအတွက် သတင်းအချက်အလက် ထုတ်ပြန် ကြေညာခြင်းကို ခွင့်ပြုရန်နှင့် ထိုစာချုပ်များထဲတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဆောင်ရွက်သူများနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းအကြား EITI အစီရင်ခံစာ တင်သွင်းရသည့် တာဝန်တစ်ရပ်ကိုပါ ထည့်သွင်းချုပ်ဆိုရန် ထိုစာပိုဒ်များကို ရေရှည်အတွက် ပြင်ဆင်သင့်ပါသည်။ ဤပြင်ဆင်မှုများကိုလည်း နောင်လာမည့် စာချုပ်များနှင့် ယခုညှိနှိုင်းဆွေးနွေးဆဲ စာချုပ်များအတွက်ကိုပါ ထည့်သွင်း စဉ်းစားပေးသင့်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

### ဒုတိယအကြိမ် နှင့် တတိယအကြိမ် အစီရင်ခံစာများတွင်ပါဝင်သည့် မှတ်ချက်များ

### မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မှတ်ချက်

ထုတ်လုပ်မှုဝေစု ခွဲဝေရေးစာချုပ်များတွင် အများပြည်သူ သိရှိစေရန် သတင်းအချက်အလက်များ ထုတ်ပြန် ကြေညာခြင်းကို တားဆီးသည့် စာပိုဒ်များ ထည့်သွင်းချုပ်ဆိုလေ့ရှိသော်လည်း နှစ်ဘက်သော စာချုပ်ချုပ်ဆိုသူများ (မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် လုပ်ငန်းဆောင်ရွက်သူများ)မှ အချက်အလက်များကို ထုတ်ဖော်ကြေညာရန် သဘောတူသည့်အခါတွင် စွမ်းအင်နှင့် လျှပ်စစ်ဝန်ကြီးဌာနသည် လျှို့ဝှက်ထိန်းသိမ်း ထားရမည့် စာချုပ်ပါ သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာပေးပါမည်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းသည် ပထမ MEITI အစီရင်ခံစာ ရေးသားပြုစုစဉ်ကလည်း ထိုအချက်အလက်များကို ပံ့ပိုးပေးခဲ့ပါသည်။

### ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန၏မှတ်ချက်

ဆောင်ရွက်ပြီးဖြစ်ပါသည်။

၂၀၁၄ နောက်ပိုင်းချုပ်ဆိုသည့်စာချုပ်များနှင့် လာမည့်စာချုပ်များတွင် EITI အစီရင်ခံစာအတွက် လိုအပ်သောအချက်အလက်များကို ပံ့ပိုးပေးရမည့် တာဝန်တစ်ရပ်ကိုပါ ထည့်သွင်းပြဌာန်းထားပါသည်။

### မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မှတ်ချက်

ထုတ်လုပ်မှုဝေစု ခွဲဝေရေးစာချုပ်များတွင် အများပြည်သူ သိရှိစေရန် သတင်းအချက်အလက်များ ထုတ်ပြန်ကြေညာခြင်းကို တားဆီးသည့်စာပိုဒ်များ ထည့်သွင်းချုပ်ဆိုလေ့ရှိသော်လည်း နှစ်ဘက်သော စာချုပ်ချုပ်ဆိုသူများ (မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် လုပ်ငန်း ဆောင်ရွက်သူများ)မှ အချက်အလက်များကို ထုတ်ဖော်ကြေညာရန် သဘောတူသည့်အခါတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှို့ဝှက်ထိန်းသိမ်းထားရမည့်စာချုပ် ပါသတင်း အချက် အလက်များကို ထုတ်ပြန်ကြေညာပေးပါမည်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ပထမ MEITI အစီရင်ခံစာ ရေးသားပြုစုစဉ်ကလည်း ထိုအချက်အလက်များကို ပံ့ပိုးပေးခဲ့ပါသည်။

# ၁၄ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂၀၁၃-၂၀၁၄ခုနှစ် ပထမ အကြိမ်အစီရင်ခံစာ

## အကြံပြုချက်များ

**တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များတွင် ပွင့်လင်း မြင်သာမှုကို ပိုမိုခိုင်မာအားကောင်းစေခြင်း (Strengthening transparency at the subnational level)**

မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ဒေသခံပြည်သူများသို့ တွင်းထွက်သယံဇာတလုပ်ငန်းများမှ ရရှိသည့် ဝင်ငွေများကို ခွဲဝေပေးရန် ခွင့်ပြုသည့် နည်းဥပဒေ (သို့မဟုတ်) လုပ်ထုံးလုပ်နည်းများ မရှိကြောင်း သိရပါ သည်။ ထို့အတူပင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းတရားမဝင် သတ္တု တူးဖော်ခြင်း၏ လွှမ်းမိုးမှုများကြောင့် ကျန်းမာရေးထိခိုက်မှုများ၊ သဘာဝ ပတ်ဝန်းကျင် ပျက်ဆီးမှုများနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းမှု စံနှုန်းများ နိမ့်ကျခြင်း နှင့် စောင့်ကြည့်လေ့လာနိုင်မှု နည်းပါးခြင်း စသည့်အပိုင်းများ တွင် အထူးပြဿနာ ကြီးမားပြီး အချို့သော ဖြစ်ရပ်များတွင် လူ့အခွင့်အရေး ချိုးဖောက်သည်အထိ ဖြစ်စေကြောင်း သိရပါသည်။

တွင်းထွက်သယံဇာတတူးဖော်မှုကဏ္ဍအတွင်း ပွင့်လင်းမြင်သာမှုကို ပိုမိုခိုင်မာအားကောင်းစေရန်နှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှု စနစ်ကိုမြှင့်တင်ပေးရန်အတွက် သတ္တုတွင်း နည်းဥပဒေကို ပြန်လည်သုံးသပ်ပြီး ပြည်ထောင်စုနှင့် ဒေသန္တရအဆင့်ကြား တွင်းထွက်သယံဇာတ ဝင်ငွေများကို မျှတစွာ ခွဲဝေပေးသည့် ယန္တရားတစ်ခုကို တည်ထောင်ရန် အကြံပြုလိုပါသည်။

မန္တလေးနှင့် မကွေးတိုင်းဒေသကြီး၊ ရခိုင်နှင့် ရှမ်းပြည်နယ်ကဲ့သို့သော သတ္တုတူးဖော်မှုရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် EITI ဌာနခွဲများ တည်ထောင်ခြင်းကို စဉ်းစားသုံးသပ်ခြင်းသည် အထောက်အကူ ဤလုပ်ငန်းစဉ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် တွင်းထွက်သယံဇာတဝင်ငွေများ ကောက်ယူပေးခြင်း၊ ခွဲဝေခြင်းသာမက တွင်းထွက် သယံဇာတလုပ်ငန်းများနှင့် ဆက်စပ်နေသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ပြဿနာများကိုပါ ဆွေးနွေးနိုင်မည့် တန်ဖိုးရှိသော ဖိုရမ်တစ်ခုကို ဤလုပ်ငန်းစဉ်မှ ပံ့ပိုးပေးနိုင်ပါမည်။ ထို့အတူပင် ဒေသန္တရ ရင်းမြစ်စီမံခန့်ခွဲရာ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပါဝင်ဆောင်ရွက်မှု ရှိစေရန်လည်း အကြံပြုလိုက်ပါသည်။ ထိုသို့ ပါဝင်ခြင်းအားဖြင့် ပွင့်လင်းမြင်သာမှု များ ပိုမိုမြင့်မားလာအောင် အောက်ခြေအဆင့်တွင် လုပ်ဆောင်နေသည့် ကြိုးစားအားထုတ်မှုများကို ပို၍ ကောင်းမွန်စေနိုင်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ဒုတိယအကြိမ် နှင့် တတိယအကြိမ် အစီရင်ခံစာများတွင် ပါဝင်သည့် မှတ်ချက်များ**

**သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ မှတ်ချက်**

၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ နောက်ဆက်တွဲ ဇယား၂(စ)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ လုပ်ပိုင်ခွင့်များ ဖော်ပြထားပြီး ပြင်ဆင်ထားသော မြန်မာသတ္တုတွင်းဥပဒေ(၂၀၁၅)၏ ပုဒ်မ ၆ နှင့် ၁၀ တွင်

ထိုလုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားပါသည်။ မြန်မာနိုင်ငံ ကျောက်မျက် နည်းဥပဒေများကို ပြင်ဆင်သည့် ဥပဒေကို လက်ရှိ လွှတ်တော်တွင် ဆွေးနွေးလျက်ရှိပြီး ဝန်ကြီးဌာနသည် သတ္တုတွင်းနည်းဥပဒေတစ်ရပ်ကိုလည်း ပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းလျက် ရှိပါသည်။

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

**အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၏ မှတ်ချက်များ**

တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များတွင် ပွင့်လင်းမြင်သာမှုကို ပိုမိုနိုင်မာအားကောင်းစေခြင်းတွင် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ(၂၀၁၈)တွင်အသေးစားနှင့်လက်လုပ်လက်စားသတ္တုလုပ်ကွက်များစီမံခန့်ခွဲခွင့်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး နှင့် ပြည်နယ်များလုပ်ပိုင်ခွင့်ပြုထား ပြီး စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ မှတ်ချက်များ**

- ❖ ၂၀၁၈ ခုနှစ်ဇန်နဝါရီလမှစတင်၍ပြပွဲဖဟိုကော်မတီရန်ပုံငွေစာရင်း ကို UFA (OA) –ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ(အခြားစာရင်း) အဖြစ်သို့ ပြောင်းလဲဖွင့်လှစ်ခဲ့ပြီးနှစ်စဉ်နှစ်ချုပ်စာရင်းများကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးလျှက်ရှိပါသည်။
- ❖ ရေရှည်တွင်သဘာဝသယံဇာတ အရင်းအမြစ်များ စဉ်ဆက်မပြတ် သုံးစွဲနိုင်ရန် တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများအား ဌာနမှ ကျောက်မျက်နှင့် ကျောက်စိမ်းတူး ဖော်ထုတ်လုပ်တူး ဖော်ထုတ်လုပ်မှုမှ ရရှိသည့် စီးပွားရေးအကျိုးအမြတ်ထက် သဘာဝပတ်ဝန်းကျင် ထိခိုက်လာနိုင်မှုကိုပိုမို ဦးစားပေးသည့် အခြေအနေပေါ်အခြေခံ၍ ပတ်ဝန်းကျင်ထိ ခိုက်မှုလေ့လာဆန်းစစ်ခြင်းအစီရင်ခံစာ EMP – Environmental Management Plan ရေးဆွဲခြင်းများဆောင် ရွက်လျက်ရှိစေရာတွင် လုံးခင်း/ဖားကန့် ရတနာနယ်မြေ၌ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း များဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် သဘာဝ ပတ်ဝန်းကျင် ပျက်စီးမှုများကို ပြန်လည်ထိန်းသိမ်းနိုင်ရန် Australia နိုင်ငံအခြေစိုက် Valentis& Coffey Co. က ဦးဆောင်၍ ပြည်တွင်းမှ Geosystems Engineering Myanmar Co. တို့ပူးပေါင်း၍ EMP ရေးဆွဲခြင်း၊ လုပ်ကိုင် ခွင့်ရလုပ်ကွက်များအတွက် ပုဂ္ဂလိကကုမ္ပဏီများက EMP ရေးဆွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ပေးပို့တင်ပြဆောင်ရွက်ခြင်းနှင့် လိုအပ်ချက်များကို ပြင်ဆင်ရေးဆွဲဆောင်ရွက်ခြင်းများဆောင်ရွက်လျက်ရှိပါသည်။

နောင်တွင် ကျောက်မျက်ရတနာတူးဖော် လုပ်ကိုင်ခွင့်ပြုမည့်လုပ်ကွက်များအတွက် လုပ်ကွက်ခွင့်ရ ကုမ္ပဏီများအား Initial Environmental Examination (IEE) ရေးဆွဲတင်ပြစေခြင်း၊ EMP ရေးဆွဲတင်ပြစေ ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ**

အကြံပြုတိုက်တွန်းချက်နှင့်စပ်လျဉ်း၍ တွင်းထွက်သယံဇာတများမှ ရရှိသည့် အခွန်ခွဲ ဝေမှုအား၂၀၁၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဇယား (၂)(စ) အရပြည်နယ်နှင့် တိုင်းဒေသကြီးတို့အား လုပ်ပိုင်ခွင့်များခွဲဝေထားရှိပြီး ပြင်ဆင်သည့် မြန်မာ့သတ္တုတွင်း ဥပဒေ(၂၀၁၅)၊ ပုဒ်မ(၆) နှင့်ပုဒ်မ(၁၀) တို့တွင်ထည့်သွင်းပြဋ္ဌာန်းထား ပါကြောင်းနှင့် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးတို့မှ ဥပဒေပြဋ္ဌာန်း နိုင်ရေးဆောင်ရွက်လျက် ရှိပါသည်။ တိုင်းဒေသကြီး ပြည်နယ်အဆင့် ပူးပေါင်းဆောင်ရွက်ရေး အတွက် Sub-National Coordination Unit- SNU များကို တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းသေကြီးနှင့် ရှမ်း

ပြည်နယ်တို့တွင်ဖွဲ့ စည်းပြီးခဲ့ပြီဖြစ်ပါ၍ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဖွင့်လှစ်နိုင်ရန်ဆောင်ရွက် သွားပါမည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

### မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ပြပွဲဗဟိုကော်မတီရန်ပုံငွေစာရင်း UFA (OA)ကို – ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ (အခြားစာရင်း) အဖြစ်သို့ ပြောင်းလဲဖွင့်လှစ်ခဲ့ပြီး နှစ်စဉ် နှစ်ချုပ်စာရင်းများအား ပြည် ထောင်စု စာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးလျှက်ရှိပါသည်။

NRGI နှင့်ပူးပေါင်း၍ MGE ၏ Annual Report နှစ်စဉ်ထုတ်ပြန်နိုင်ရေး စီစဉ်ဆောင်ရွက်နိုင်ရန် ပြင် ဆင်ခြင်း။ လိုင်စင်ချထားပေးမှုများ၊ လိုင်စင်မှတ်ပုံတင်မှုများနှင့်ပတ်သက်၍ လုပ်ကိုင်ခွင့်ရ သက်တမ်းကာလ ကုန်ဆုံးပြီး လစ်လပ်လုပ်ကွက်အဖြစ် သတ်မှတ်ထားရှိသည့် လုပ်ကွက်များစာရင်းကို www.mining.gov.mm နှင့် www.mge.gov.mm တွင် လစဉ်ဖော်ပြခြင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များတွင် ကြေ ညာချက်များထုတ်ပြန်ခြင်း ။ ပြပွဲနှင့်ပတ်သက်သည့်ကိစ္စရပ်များ အချိန်နှင့်တစ်ပြေးညီ ဖော်ပြခြင်း။

ရေရှည်တွင်သဘာဝသယံဇာတအရင်းအမြစ်များ စဉ်ဆက်မပြတ်သုံးစွဲနိုင်ရန် တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများအားဌာနမှ ကျောက်မျက်နှင့် ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုမှရရှိသည့် စီးပွားရေးအကျိုးအမြတ်ထက် သဘာဝပတ်ဝန်းကျင်ထိခိုက်လာနိုင်မှုကို ပိုမိုဦးစားပေးသည့် အခြေအနေပေါ် အခြေခံ၍ ပတ်ဝန်းကျင်ထိခိုက်မှုလေ့လာဆန်းစစ်ခြင်းအစီရင်ခံစာ EMP –Environmental Management Plan ရေးဆွဲခြင်းများဆောင်ရွက်စေလျက်ရှိရာတွင် လုံးခင်း/ဖားကန့်ရတနာနယ်မြေ၌ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများကို ပြန်လည်ထိန်းသိမ်းနိုင်ရန် Australia နိုင်ငံအခြေစိုက် Valentis& Coffey Co. က ဦးဆောင်၍ ပြည်တွင်းမှ Geosystems Engineering Myanmar Co. တို့ပူးပေါင်း၍ EMP –Environmental Management Plan ရေးဆွဲခြင်း၊ လုပ်ကိုင်ခွင့်ရလုပ်ကွက်များအတွက် ပုဂ္ဂလိက ကုမ္ပဏီများက EMP ရေးဆွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ပေးပို့တင်ပြဆောင်ရွက်ခြင်းနှင့် လိုအပ်ချက်များကို ပြင်ဆင်ရေးဆွဲဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ နောင်တွင် ကျောက်မျက်ရတနာတူးဖော် လုပ်ကိုင်ခွင့်ပြုမည့်လုပ်ကွက်များအတွက် လုပ်ကိုင်ခွင့်ရကုမ္ပဏီများအား Initial Environmental Examination (IEE) ရေးဆွဲတင်ပြစေခြင်း၊ EMP ရေးဆွဲတင်ပြစေခြင်းများကိုဆောင် ရွက်သွားမည် ဖြစ်ပါသည်။

# ၁၅ ပြည်တွင်းအခွန်များဦးစီးဌာန

၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယနှင့် တတိယအကြိမ် အစီရင်ခံစာများ

## အကြံပြုချက်များ

### ပြည်တွင်းအခွန်များဦးစီးဌာန၏ ဌာနတွင်း စွမ်းဆောင်ရည်ကို တိုးတက်အောင် မြှင့်တင်ပေးရန်

မြန်မာနိုင်ငံတွင် မြောက်များစွာသော သတ္တုနှင့် သဘာဝသယံဇာတအရင်းအမြစ်များရှိပြီး ယင်းတို့ကို အမြောက်အများ ထုတ်ယူသုံးစွဲနေပါသည်။ သို့သော်ယင်းအရင်းအမြစ်များမှ ရရှိသောအခွန်ငွေမှာ ၂၀၁၅-၂၀၁၆ ခု နှစ်တွင် စုစုပေါင်းအခွန်ငွေ၏ ၁၇.၈%ခန့်သာ ရှိပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ ခန့်မှန်းချက်အရ ယင်းအခွန်ငွေမှာ၂၀၁၁-၂၀၁၂ခုနှစ်တွင် စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး(GDP)၏ ၄% ရှိပြီး ယင်းပမာဏမှာ ဒေသတွင်း ပျမ်းမျှရာခိုင်နှုန်းထက် အလွန်နိမ့်နေပြီး ထိရှလွယ်သောနိုင်ငံများ၏ ပျမ်းမျှဖြစ်သော၂၂% အောက်ပင် ရောက်လျက် ရှိပါသည်။

သယံဇာတများမှ ရရှိရန် အလားအလာရှိသော အခွန်ငွေများဆုံးရှုံးရသည့် အကြောင်းရင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ❖ ပြည်တွင်းအခွန်များဦးစီးဌာန(ပတခ)တွင် သယံဇာတနှင့် အခြားတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများမှရရှိသော အခွန်ငွေများ စည်းကြပ်ကောက်ခံမှုဆိုင်ရာ စွမ်းဆောင်ရည်များ အားနည်းခြင်း၊
- ❖ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် သယံဇာတနှင့် အခြားတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများမှ ရရှိသော အခွန်ငွေမူဝါဒများ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်ခြင်း (extractive industry revenue policy analysis) နှင့် အခွန်ငွေများအား ကြိုတင်တွက်ချက်မှန်းဆခြင်း (revenue forecasting) ဆိုင်ရာ စွမ်းဆောင်ရည်များ အားနည်းခြင်း၊
- ❖ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ သတ္တုတူးဖော်ရေး လုပ်ငန်းစာချုပ်စာတမ်းများကို စည်းကမ်းလိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ခြင်းနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SOEs)တွင် ထုတ်လုပ်မှုပမာဏများ၊ ပြည်ပတင်ပို့မှုများနှင့်ကမ္ဘာ့ဈေးနှုန်းများအား အထောက်အထားနှင့်တကွ စစ်ဆေးခြင်းဆိုင်ရာ စွမ်းဆောင်ရည်များ အားနည်းခြင်း၊
- ❖ တူးဖော်ထုတ်လုပ်ရေးစက်မှုလုပ်ငန်းများအား စီမံခန့်ခွဲရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် တာဝန်ယူမှုများ မြှင့်တင်ရန် တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများဆိုင်ရာ ထိရောက်သော အုပ်ချုပ်မှုပုံစံ (effective governance structure)တစ်ရပ် မရှိခြင်း။

### အကြံပြုချက်

ထို့ကြောင့် အောက်ပါတို့ကို အကြံပြုလိုက်ပါသည် -

- ❖ ပြည်တွင်းအခွန်များဦးစီးဌာန(ပတခ)အတွင်း၌ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများဆိုင်ရာ အခွန်ဌာနခွဲ (Extractive Industries Revenue Unit) တည်ထောင်ရန်၊ ထိုဌာနခွဲ တည်ထောင်ခြင်းဖြင့် တူးဖော်ထုတ်လုပ်ရေး

လုပ်ငန်းများမှ ရရှိသင့်သော အခွန်ငွေများအား ကောက်ယူနိုင်ရန် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဌာနတွင်း စွမ်းဆောင်ရည် ပိုမိုကောင်းမွန်အောင် တိုးမြှင့်ပေးလိမ့်မည်။

- ❖ အခွန်စာရင်း စစ်ဆေးခြင်း (tax audit)၊ စွန့်စားမှု(ဆုံးရှုံးနိုင်ခြေ)ကို အခြေပြုသည့် အခွန်စာရင်း စစ်ဆေးခြင်းများ (risk-based tax audits)၊ အချက်အလက်များ ဖလှယ်ခြင်း (data exchange)နှင့် လွှဲပြောင်းဈေးနှုန်းများ (transfer pricing)စသည့် နယ်ပယ်များကို လွှမ်းခြုံစေမည့် လေ့ကျင့်ရေးနှင့် သင်တန်းလိုအပ်ချက်များကို လေ့လာ ဆန်းစစ်ဖော်ထုတ်ရန်။
- ❖ တူးဖော်ထုတ်လုပ်ရေး စက်မှုကဏ္ဍအခွန်ငွေများကို ကြီးကြပ်ရန်အတွက် ဆန်းစစ်ခြင်းနှင့် စာရင်းစစ်ဆေးခြင်း မဟာဗျူဟာတစ်ရပ် အပါအဝင် လုပ်ထုံးလုပ်နည်းများနှင့် စနစ်များတည်ဆောက်ခြင်း
- ❖ အခွန်ကောက်ယူမှုအတွက် ရည်ရွယ်ပြီး တူးဖော်ထုတ်လုပ်ရေးစက်မှုကဏ္ဍအတွင်းရှိ ကုမ္ပဏီများနှင့် အခြားအဖွဲ့အစည်းများအားလုံး၏ အချက်အလက်အခြေပြု စနစ် (Database) တည်ဆောက်ခြင်း။
- ❖ သုတေသနပြုခြင်းနှင့် မူဝါဒဆိုင်ရာ စာရွက်စာတမ်းများ ပြုစုခြင်းလုပ်ငန်းများ တာဝန်ယူလုပ်ဆောင်ရန်အတွက် သုတေသနအဖွဲ့တစ်ခုတည်ထောင်ခြင်း။
- ❖ သယံဇာတ အခွန်ကောက်ခံမှုစနစ်များဟန်ချက်ညီအောင် ဆောင်ရွက်ခြင်းနှင့် ဘဏ္ဍာရေးစည်းမျဉ်းများပေါင်းစည်းခြင်း (Harmonisation of Mineral Taxation Regimes and the consolidation of fiscal regulations)ကို လေ့လာမှုတစ်ရပ် ပြုလုပ်ခြင်း။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

### ပြည်တွင်းအခွန်များဦးစီးဌာန(ပတခ)၏ မှတ်ချက်များ

EITI အစီရင်ခံစာပါ အကြောင်းပြချက်များမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် မှန်ကန်သော်လည်း၊ ဖြစ်စဉ်တစ်ရပ်လုံးကို ကိုယ်စားပြုခြင်းမရှိပါ။ အရေးအကြီးဆုံးသော အခြေခံဥပဒေသတစ်ရပ်မှာ အစိုးရအနေဖြင့် သယံဇာတ တူးဖော်ထုတ်လုပ်ရေးနှင့် ပတ်သက်သည့် အချက်အလက်များ စုဆောင်းကောက်ယူခြင်း၊ လုပ်ငန်း/စာရင်း စစ်ဆေးခြင်း၊ သက်ဆိုင်ရာဥပဒေများကို ကျင့်သုံး၍ အရေးယူခြင်းတို့ကို ဆောင်ရွက်နိုင်စွမ်း ရှိရပါမည်။ ထိုသို့သော စွမ်းဆောင်ရည်မျိုး မရှိထားပါက၊ အခွန်ကောက်ခံသည့်ဌာနများအနေဖြင့် သက်ဆိုင်ရာ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှ ရရှိသင့်သည့် အခွန်ပမာဏကို ကောက်ခံရန် အလွန်ပင်ခက်ခဲပါလိမ့်မည်။ ရေနံနှင့်ဓာတ်ငွေ့ ကဏ္ဍတွင်မူ အစိုးရ၌ ထိုသို့သော စွမ်းဆောင်ရည်ကောင်းများ ရှိထားပါသည်။ သတ္တု၊ ကျောက်မျက်နှင့် သစ်တောသယံဇာတများအတွက်မူ ထိုစွမ်းဆောင်ရည် အားနည်းပြီးအထူးသဖြင့် သယံဇာတများစွာထွက်ရှိသည့် နယ်စပ်ဒေသများတွင် အစိုးရ၏ အရေးယူနိုင်စွမ်းမှာ အလွန်နည်းပါသည်။

သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေးအတွက်၊ အခွန်ဦးစီးဌာနတွင် မြင့်မားသော စွမ်းဆောင်ရည်ရှိထားရန် လိုအပ်သကဲ့သို့၊ ထိုလုပ်ငန်းများ တည်ရှိသည့်နေရာများတွင်လည်း ဥပဒေသက်ရောက်မှု၊ အရေးယူမှုများ ဆောင်ရွက်နိုင်စွမ်းရှိရန် လိုအပ်ပါသည်။ နောက်ထပ် အရေးကြီးသော အချက်တစ်ချက်မှာ သက်ဆိုင်ရာအစိုးရဌာနများအချင်းချင်း သတင်းအချက်အလက်မျှဝေမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့များစွာလိုအပ်နေခြင်း ဖြစ်သည်။ လက်ရှိ သတင်းအချက်အလက် မျှဝေရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများမှာ စိတ်ကျေနပ်ဖွယ် အဆင့်အထိ မရောက်ရှိသေးပါ။

ပတာခအနေဖြင့်အခွန်မူဝါဒနှင့် အခွန်စီမံအုပ်ချုပ်ရေးပိုင်းတွင် ဌာနတွင်း စွမ်းဆောင်ရည် အားနည်းမှုရှိသည်ကိုအသိအမှတ်ပြုပါသည်။

ပတာခသည် ထိုနယ်ပယ်နှစ်ခုလုံးတွင် အခြေခံပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများအား စီမံခန့်ခွဲရာတွင် ဌာနတွင်း စွမ်းဆောင်ရည် တည်ဆောက်ပေးနိုင်ရန်အတွက် ထိုပြုပြင်ပြောင်းလဲရေးလုပ်ငန်းများက ကူညီပေးပါလိမ့်မည်။ သို့သော် စွမ်းဆောင်ရည် တည်ဆောက်မှုများကို လျင်မြန်စွာ ဆောင်ရွက်နေသော်လည်း၊ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများအား ထိရောက်စွာ စီမံခန့်ခွဲနိုင်သည့်အဆင့်အထိ ရောက်ရှိရန်မှာ အချိန်ယူရမည် ဖြစ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန (IRD) ထံမှ သဘော ထားမှတ်ချက်များ**

၂၀၁၉ ခုနှစ် မတ်လ update :

ပြည်တွင်းအခွန်များဦးစီးဌာန၏ နည်းပညာလုပ်နိုင်စွမ်းသည် ယခုအချိန်တွင် လုပ်ငန်းများအတွက် အထူးသီးသန့်လုပ်ဆောင်ခြင်း အတွက်အကန့်အသတ်ရှိနေပါသည်။ သို့သော်လည်းရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍအတွက် အလှူရှင်များ၏ နည်းပညာအထောက်အပံ့ဖြင့် ဆက်လက်လုပ်ဆောင်နေပါသည်။ အကျိုးဆက်အနေဖြင့် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးမှဝန်ထမ်းများသည် အခွန်နှင့်ပတ်သက်သည့် ကြုံတွေ့နိုင်သည့် ဆုံးရှုံးနိုင်ခြေများနှင့် အခွန်ထမ်းဆောင်သူများ၏ မျှော်မှန်းချက်များအား တုံ့ပြန်ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

၂၀၂၀ update :

ပြောင်းလဲမှုမရှိပါ။

# ၁၆ ပြည်တွင်းအခွန်များဦးစီးဌာန

၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယနှင့် တတိယအကြိမ် အစီရင်ခံစာများ

## အကြံပြုချက်များ

**EITI နှင့်ဆက်စပ်နေသော အကြံပြုချက်များ**

ပတခတွင် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများအား အခွန်ကောက်ခံရေးဌာနခွဲ တစ်ခုတည်ထောင်ရန်၊ ထိုသို့ တည်ထောင်ဆောင်ရွက်ခြင်းဖြင့် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှ ရရှိသင့်သည့် အခွန်အကောက်များ ကောက်ခံနိုင်မည့် ဌာနတွင်း စွမ်းဆောင်ရည် တိုးတက်စေပါမည်။

**ပြည်တွင်းအခွန်များဦးစီးဌာန(ပတခ)၏ တုန့်ပြန်ဖြေကြားချက်**

စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် ခေတ်မီပြီး စွမ်းဆောင်ရည် မြင့်မားသော အခွန်ဆိုင်ရာစီမံခန့်ခွဲမှုစနစ် ဖြစ်ပေါ်စေရေး၊ ပြုပြင်ပြောင်းလဲမှုအစီအစဉ်၏ ကနဦးဆောင်ရွက်သည့် အခွန်ထမ်း ကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ် (Self-Assessment System)ဖြင့် ဆောင်ရွက်သော အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး ခေါ် LTO (Large Taxpayer Office)ကို ဖွင့်လှစ်ဆောင်ရွက်ရန် ၃၀.၈.၂၀၁၃ ရက်နေ့တွင် ခွင့်ပြုမိန့်ရရှိခဲ့ပြီး ၁.၄.၂၀၁၄ ရက်နေ့မှစ၍ အခွန်စည်းကြပ်ခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ ရုံး(၁)သည်လည်း ၁.၄.၂၀၁၇ ရက်နေ့မှ စတင်၍ အခွန်ထမ်းကိုယ်တိုင် အခွန် စည်းကြပ်သည့်စနစ်သို့ စတင်ဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါအခွန်ရုံးများသည် မြန်မာနိုင်ငံတွင် အခွန်အများဆုံး ပေးဆောင်သော အခွန်ထမ်းကြီးများဖြစ်ပါသဖြင့် တူးဖော်ရေးလုပ်ငန်းများသာမက ကုန်သွယ်မှု လုပ်ငန်းများ၊ ထုတ်လုပ်ရေး လုပ်ငန်းများကိုလည်း စည်းကြပ်ဆောင်ရွက်လျက် ရှိပါသည်။

တူးဖော်ထုတ်လုပ်ရေးကဏ္ဍရှိ ကုမ္ပဏီကြီးအများစုမှာပတခ၏ ရန်ကုန်မြို့၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (LTOရုံး)တွင် ရှိနေပါသည်။ ဤ LTO ရုံးတွင် စာရင်းစစ်အဖွဲ့ (၃)ဖွဲ့ ဖွဲ့စည်းထားကာ၊အဓိကအားဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍအတွက် စွမ်းဆောင်ရည်တည်ဆောက်ရေး သင်တန်းများ ပေးနေပါသည်။ ထိုသင်တန်းများကို NORADအဖွဲ့မှ ထောက်ပံ့ပေးခြင်းဖြစ်သည်။ လက်ရှိအနေအထားအရ ပတခတွင် တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများအားလုံးကို စီမံခန့်ခွဲရန် ဝန်ထမ်းရင်းမြစ် အလုံအလောက် မရှိပါ။ ပြုပြင်ပြောင်းလဲရေး အစီအစဉ်အရ စွမ်းဆောင်ရည် တည်ဆောက်ရေးလုပ်ငန်းများကို အချိန်နှင့်အမျှ ရေရှည်တည်တံ့စွာ ဆောင်ရွက်သွားရန် စီစဉ်ထားပါသည်။ စွမ်းဆောင်ရည်နည်းပါးနေသော ဤအခြေအနေတွင်ဝန်ထမ်းများ၊ အကူအညီ အထောက်အပံ့များအား (ကဏ္ဍများစွာသို့) ဖြန့်ကြဲဆောင်ရွက်လိုက်ခြင်းဖြင့် ရေရှည်တွင် ဆုတ်ယုတ်မှုများပင် ဖြစ်လာနိုင်သည်ဟု သုံးသပ်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

ပြည်တွင်းအခွန်များဦးစီးဌာန (IRD) ၏ ပြန်ကြားချက်

ခေတ်မီသောနှင့် စွမ်းဆောင်နိုင်သော အခွန်ဘဏ္ဍာစီမံ ခန့်ခွဲမှုစနစ်နှင့် ပြုပြင်ပြောင်းလဲရေးစီမံကိန်း၏ ကန ဦးအဆင့်ကို တည်ထောင်လုပ်ဆောင်ရန်၊ IRD နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနတို့သည် ၂၀၁၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင်အတည်ပြု ချက်ရရှိပြီး နောက် ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့ကတည်းက Self-Assessment System ကိုယ်ပိုင်အကဲဖြတ်ဆန်း စစ်ချက်စနစ်ကို အသုံးပြုနေသည့် အခွန်ထမ်းကြီးများ အခွန်ရုံး (Large Taxpayer Office – LTO) ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ထို့အတူ အလယ်အလတ် အခွန်ထမ်းများရုံး – ၁ (Medium Taxpayer Office – MTO 1) ကိုလည်း ဖွဲ့စည်းတည် ထောင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့ကတည်းက Self-Assessment system ကို စတင်အသုံးပြုနေခဲ့ ပြီးဖြစ်သည်။ ယင်းရုံးများ သည် မြန်မာနိုင်ငံတွင် အခွန်ထမ်းကြီးများအတွက် အကြီးဆုံးအခွန်ရုံးများဖြစ်ပြီး ၎င်းတို့သည် သယံဇာတတူးဖော် ထုတ်လုပ် ရေးလုပ်ငန်းများမှသာမကပဲ အခြားသောစီးပွားရေးနှင့် ကုန်ထုတ်လုပ်ရေးကဏ္ဍများအတွက်လည်း အခွန် ဘဏ္ဍာများကောက်ခံပေးနေပါသည်။ သယံဇာတတူး ဖော်ထုတ်လုပ်ရေးကဏ္ဍမှ ကုမ္ပဏီအများစုတို့သည် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးအောက်တွင်ရှိသည်ဖြစ်ပါသည်။ LTO ရုံးများတွင် စာရင်းစစ် (၃) ဖွဲ့ရှိပြီး ရေနံ နှင့်သဘာဝဓါတ်ငွေ့ကဏ္ဍအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းများပို့ချပေးလျက်ရှိပါသည်။ ယင်း သင် တန်းများကို NORAD မှ ကူညီ ထောက်ပံ့ပေးထားသည်။ လက်ရှိအခြေအနေအရ IRD တွင် သယံဇာတတူးဖော်ထုတ် လုပ်ရေးလုပ်ငန်း များအားလုံးကို စီမံခန့်ခွဲရန် လူအင်အား မလုံလောက်ပါ။ ပြုပြင်ပြောင်းလဲရေး အစီစဉ်များအရ ရေရှည် တည်တံ့သော စွမ်းဆောင်ရည်မြှင့်တင်ခြင်းများကို အချိန်နှင့်အလိုက် အကောင်အထည်ဖော်ဆောင်ရန် စီစဉ်ထားရှိပြီးဖြစ်သည်။ စွမ်းဆောင်ရည်ပိုနည်း သောအခြေ အနေမျိုး၌ပင် လူ့စွမ်းအား အရင်းအမြစ်/ လူအင်အား၊ အကူအညီ၊ အထောက်အပံ့ (ကဏ္ဍများ စွာ) များဖြန့်ကျက်ခြင်းအားဖြင့် ရေရှည်တွင် လျော့ပါးသွားနိုင်ကြောင်း သုံး သပ်ရပါသည်။

**၂၀၁၉ ခုနှစ် update ;**

ယခင်အကြံပြုချက်များအား ပြန်ကြားချက်ကို ကြည့်ပါ။

အခြေအနေရပ်များပြောင်းလဲမှုမရှိပါ။ IRD သည် ဝန်ထမ်းများ၏စွမ်းဆောင် ရည်ကို ဆက်လက်မြှင့်တင်သွားမည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

၂၀၂၀ update :

ပြောင်းလဲမှုမရှိပါ။

# ၁၇ ပြည်တွင်းအခွန်များဦးစီးဌာန

၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယနှင့် တတိယအကြိမ် အစီရင်ခံစာများ

## အကြံပြုချက်များ

**EITI ဆိုင်ရာအကြံပြုချက်ငယ်(၁)**

အခွန်စာရင်းစစ်ဆေးခြင်း၊ စွန့်စားရမှု(ဆုံးရှုံးနိုင်ခြေ) အခြေခံသည့် အခွန်စာရင်းစစ်ဆေးခြင်း (risk-based tax auditing)၊ အချက်အလက်များ ဖလှယ်ခြင်းနှင့် လွှဲပြောင်းဈေးနှုန်း (transferred pricing)စသည့် နယ်ပယ်များကို လွှမ်းခြုံမိစေမည့် လေ့ကျင့်ရေးနှင့် သင်တန်းလိုအပ်ချက်များကို လေ့လာဆန်းစစ်ဖော်ထုတ်ရန်။

**ပြည်တွင်းအခွန်များဦးစီးဌာန(ပတစ)၏ တုန့်ပြန်ဖြေကြားချက်**

ပြည်တွင်းအခွန်များဦးစီးဌာနသည် မိမိတို့၏ဝန်ထမ်းများကို ရာထူးအဆင့်အလိုက် တတ်သိနားလည်စေရန် ခေတ်နှင့်လျော်ညီသော အခွန်စည်းကြပ်မှုဆိုင်ရာသင်တန်းများကို လုပ်ငန်းခွင်အတွင်း ကျွမ်းကျင်စွာ ဆောင်ရွက် နိုင်စေရေးအတွက် အခွန်ဆိုင်ရာ စာရင်းစစ်ဆေးခြင်း၊ စွန့်စားရမှုကို အခြေခံသည့် အခွန်စာရင်း စစ်ဆေးခြင်း၊ အချက်အလှယ် ဖလှယ်ခြင်း၊ လွှဲပြောင်းဈေးနှုန်း၊ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး စီမံခန့်ခွဲမှုသင်တန်း၊ အခွန်နှစ်ထပ် ရှောင်ရှားရေး သဘောတူစာချုပ်များနှင့် စပ်လျဉ်း၍ သင်တန်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ အခွန်စီမံခန့်ခွဲမှု၊ အခွန်မူဝါဒနှင့် အခွန်ဆိုင်ရာ အသုံးစရိတ် အလုပ်ရုံဆွေးနွေးပွဲ၊ မူဝါဒနှင့် ဆောင်ရွက်ချက်များ သင်တန်း၊ နည်းပညာဆိုင်ရာ အထောက်အကူပြုသင်တန်းနှင့် ပိုမိုထိရောက်ကောင်းမွန်သည့် အခွန်ဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း (Integrated Tax Administration System (ITAS) သင်တန်းများကို လေ့လာသင်ယူရန် ချမှတ်ဆောင် ရွက်ထားပြီး ဖြစ်ပါသည်။

၎င်းသင်တန်းများအားလုံးကို World Bank၊ OTA၊ IMFနှင့် NORAD စသော အဖွဲ့အစည်းများ၏ နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များမှသင်ကြားပို့ချပေးထားပြီး ဖြစ်ပါသည်။

အထက်ပါ သင်တန်းများကိုသင်ကြားပို့ချပြီးသောအခါ ဝန်ထမ်းများသည် ယင်းသင်တန်းများမှ လေ့လာသင်ယူထားသည့် စွမ်းရည်များနှင့် ကျွမ်းကျင်မှုများကို လက်တွေ့အသုံးပြုနိုင်ပြီး တစ်ချိန်တည်းမှာပင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကိုလည်း ပိုမို ကောင်းမွန်စေပါသည်။

လေ့ကျင့်ရေးနှင့် သင်တန်းလိုအပ်ချက် ဆန်းစစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ပြုပြင်ပြောင်းလဲရေးအစီအစဉ် အကောင်အထည် ဖော်ဆောင်ရွက်ရန်လည်း အတည်ပြုထားပြီး ဖြစ်ပါသည်။ လိုအပ်ချက် ဆန်းစစ်ခြင်းလုပ်ငန်း၏ ရလဒ်တစ်ခုအဖြစ် စွန့်စားရမှု အခြေခံသည့် အခွန် စာရင်းစစ်လုပ်ငန်းများ (risk-based tax auditing work)ကို အဓိကဦးတည်ဆောင်ရွက်ရန်လည်း သတ်မှတ်ပြီးဖြစ်ပါသည်။ NORAD အဖွဲ့မှ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းများအတွက် သင်တန်းများ ပေးနေပြီး စာရင်းစစ်လုပ်ငန်းများကိုလည်း လက်တွေ့ဆောင်ရွက်နေပြီဖြစ်ပါသည်။ ထို့အတူပင် ကမ္ဘာ့ဘဏ်ကလည်း လွှဲပြောင်းဈေးနှုန်း (transfer pricing)ဆိုင်ရာ သင်တန်းများကို ထောက်ကူပံ့ပိုးပေးနေပါသည်။ထိုသင်တန်းများ၏ရည်ရွယ်ချက်မှာ စာရင်းစစ်လုပ်ငန်းဆောင်ရွက်မည့် ဝန်ထမ်းများ၏ အရည်အချင်းနှင့် ကိုက်ညီစွာ စာရင်းစစ်နိုင်ရန် (သို့မဟုတ်) ဝန်ထမ်းအရည်အချင်းကို ချဲ့ထွင်ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

### ပြည်တွင်းအခွန်များဦးစီးဌာန(ပတစ)၏ တုန့်ပြန်ဖြေကြားချက်

ပြည်တွင်းအခွန်များဦးစီးဌာနသည် မိမိတို့၏ဝန်ထမ်းများကို ရာထူးအဆင့်အလိုက် တတ်သိနားလည်စေရန် ခေတ်နှင့်လျော်ညီသော အခွန်စည်းကြပ်မှုဆိုင်ရာသင်တန်းများကို လုပ်ငန်းခွင်အတွင်း ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်စေရေးအတွက် အခွန်ဆိုင်ရာ စာရင်းစစ်ဆေးခြင်း၊ စွန့်စားရမှုကို အခြေခံသည့် အခွန်စာရင်းစစ်ဆေးခြင်း၊ အချက်အလက် ဖလှယ်ခြင်း၊ လွှဲပြောင်းဈေးနှုန်း၊ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး စီမံခန့်ခွဲမှုသင်တန်း၊ အခွန်နှစ်ထပ် ရှောင်ရှားရေး သဘောတူစာချုပ်များနှင့် စပ်လျဉ်း၍ သင်တန်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ အခွန်စီမံခန့်ခွဲမှု၊ အခွန်မူဝါဒနှင့် အခွန်ဆိုင်ရာ အသုံးစရိတ် အလုပ်ရုံဆွေးနွေးပွဲ၊ မူဝါဒနှင့် ဆောင်ရွက်ချက်များ သင်တန်း၊ နည်းပညာဆိုင်ရာ အထောက်အကူပြုသင်တန်းနှင့် ပိုမိုထိရောက်ကောင်းမွန်သည့် အခွန်ဆိုင်ရာစီမံခန့်ခွဲမှု သင်တန်း (Integrated Tax Administration System (ITAS) သင်တန်းများကို လေ့လာသင်ယူရန် ချမှတ်ဆောင် ရွက်ထားပြီး ဖြစ်ပါသည်။

ဤသင်တန်းများအားလုံးကို World Bank၊ OTA၊ IMFနှင့် NORAD စသော အဖွဲ့အစည်းများ၏ နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များမှသင်ကြားပို့ချပေးထားပြီး ဖြစ်ပါသည်။

အထက်ပါ သင်တန်းများကိုသင်ကြားပို့ချပြီးသောအခါ ဝန်ထမ်းများသည် ယင်းသင်တန်းများမှ လေ့လာသင် ယူထားသည့် စွမ်းရည်များနှင့် ကျွမ်းကျင်မှုများကို လက်တွေ့အသုံးပြုနိုင်ပြီး တစ်ချိန်တည်းမှာပင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကိုလည်း ပိုမို ကောင်းမွန်စေပါသည်။

လေ့ကျင့်ရေးနှင့် သင်တန်းလိုအပ်ချက် ဆန်းစစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ပြုပြင်ပြောင်းလဲရေး အစီအစဉ် အကောင်အထည် ဖော်ဆောင်ရွက်ရန်လည်း အတည်ပြုထားပြီးဖြစ်ပါသည်။ လိုအပ်ချက် ဆန်းစစ်ခြင်းလုပ်ငန်း၏ ရလဒ်တစ်ခုအဖြစ် စွန့်စားရမှု အခြေခံသည့် အခွန်စာရင်းစစ်လုပ်ငန်းများ (risk–based tax auditing work)ကို အဓိကဦးတည်ဆောင်ရွက်ရန်လည်း သတ်မှတ်ပြီး ဖြစ်ပါသည်။ NORAD အဖွဲ့မှ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းများအတွက် သင်တန်းများ ပေးနေပြီး စာရင်းစစ်လုပ်ငန်းများကိုလည်း လက်တွေ့ဆောင်ရွက်နေပြီဖြစ်ပါသည်။ ထို့အတူပင် ကမ္ဘာ့ဘဏ်ကလည်း လွှဲပြောင်းဈေးနှုန်း (transfer pricing)ဆိုင်ရာ သင်တန်းများကို ထောက်ကူပံ့ပိုးပေးနေပါသည်။ထိုသင်တန်းများ၏ ရည်ရွယ်ချက်မှာ စာရင်းစစ်လုပ်ငန်း ဆောင်ရွက်မည့် ဝန်ထမ်းများ၏ အရည်အချင်းနှင့် ကိုက်ညီစွာ စာရင်းစစ်နိုင်ရန် (သို့မဟုတ်) ဝန်ထမ်းအရည် အချင်းကို ချဲ့ထွင်ဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။

၂၀၁၉ ခုနှစ် update ;

အခြေအနေရပ်များ ပြောင်းလဲမှုမရှိပါ။

### အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
### (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

### လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

၂၀၂၀ update :

စွမ်းဆောင်ရည်မြှင့်တင်ခြင်းကြိုးပမ်းချက်များကိုယခင်updateတင်ပြချက်တွင်ဖော်ပြထားသည့်အတိုင်း အလှူရှင်များ၏ ကူညီထောက်ပံ့မှု ဖြင့် ဆက်လက်လုပ်ဆောင်နေသည်။

## ၁၈ ပြည်တွင်းအခွန်များဦးစီးဌာန

၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယနှင့် တတိယအကြိမ် အစီရင်ခံစာများ

### အကြံပြုချက်များ

EITI ဆိုင်ရာအကြံပြုချက်ငယ်(၂)

တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှ အခွန်အကောက်များကို စီမံခန့်ခွဲ၊ ကောက်ခံနိုင်ရေးအတွက် အခွန်စည်းကြပ်မှုနှင့် အခွန်စာရင်းစစ် မဟာဗျူဟာအပါအဝင် လုပ်ထုံးလုပ်နည်းများနှင့် စနစ်များကို တည်ထောင်၊ ဆောင်ရွက်သွားရန်

### ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

ပြည်တွင်းအခွန်များဦးစီးဌာန(ပတခ)၏ တုန့်ပြန်ဖြေကြားချက်

စာရင်းစစ် မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲထားပြီးဖြစ်ရာ၊ အထွေထွေလုပ်ငန်းများ စာရင်းစစ်ဆေးခြင်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍစာရင်း စစ်ဆေးခြင်းတို့ကို အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး(LTO)တွင် NORAD အဖွဲ့နှင့်ပူးပေါင်း တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နေသည့်အပြင် စာရင်းစစ်ဆေးခြင်းကို ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု (risk management)အရ ဆောင်ရွက်ခြင်း၊စာရင်းစစ်လက်စွဲ (audit manual) ချမှတ် ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ ဤအဆင့်များအားလုံးသည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် (Reform Process)တွင် ပါဝင်သည့်အခန်းကဏ္ဍဖြစ်၍ ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

ပတခအနေဖြင့်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍမှာ ရှုပ်ထွေးပြီး၊စီမံခန့်ခွဲရေးအတွက် စွမ်းဆောင်ရည်မြင့်မားစွာ ရှိထားရန် လိုအပ်ကြောင်း ထပ်မံပြောကြားလိုပါသည်။ လက်ရှိအခြေအနေအရ ပတခတွင် ထိုသို့သော စွမ်းဆောင်ရည်မျိုး မရှိသေးပါ။

စာရင်းစစ်သည့် မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲထားပြီးဖြစ်ရာ အထွေထွေလုပ်ငန်းများ စာရင်းစစ်ဆေးခြင်းနှင့် ရေနံနှင့် သဘာဝ ဓာတ်ငွေ့ စာရင်းစစ်ခြင်းတို့အတွက် လုပ်ထုံးလုပ်နည်းများကိုလည်း သတ်မှတ်ထားပြီးဖြစ်ပါသည်။ ဤအပိုင်းတွင်လည်း စွမ်းဆောင်ရည်အကန့်အသတ်များ ရှိနေခြင်းကိုနားလည်ထားရန် အရေးကြီးပါသည်။ ဝန်ထမ်းတစ်ဦးချင်း၏ အရည်အချင်းကို မြှင့်တင်ရမည်ဖြစ်ပြီး၊ အလွန်ရှုပ်ထွေးသော ကဏ္ဍများနှင့် တစ်ခါတစ်ရံ စတင်ပါက အချိန်နှင့်အမျှ အခက်အခဲများ ပိုမိုကြုံတွေ့ရနိုင်ပါသည်။

၂၀၁၉ update:

အခြေအနေရပ်များပြောင်းလဲမှုများမရှိပါ။

### အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
### (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

### လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

၂၀၂၀ update:

ပြောင်းလဲမှုမရှိပါ

## ၁၉ ပြည်တွင်းအခွန်များဦးစီးဌာန

၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယနှင့် တတိယအကြိမ် အစီရင်ခံစာများ

### အကြံပြုချက်များ

EITI ဆိုင်ရာအကြံပြုချက်ငယ်(၃)

သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍတွင် အခွန်ကောက်ခံရေးအတွက် ကုမ္ပဏီများနှင့် အဖွဲ့များအားလုံး၏ အချက်အလက် အခြေပြုစနစ် (Data Base) တစ်ခု တည်ထောင်ဆောင်ရွက်ရန်။

### ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ပြည်တွင်းအခွန်များဦးစီးဌာန(ပတခ)၏ တုန့်ပြန်ဖြေကြားချက်**

စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို ၂၀၂၀မှ၂၀၂၄အထိ ဆောင်ရွက်သွားမည့် အစီအစဉ်တွင် သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများသာမက အခြားသော လုပ်ငန်းများအပေါ် တိကျမှန်ကန်သော ကိန်းဂဏန်းများအပေါ် အခြေခံသည့် ဘက်စုံအခွန်စီမံခန့်ခွဲရေးစနစ် (Integrated Tax Administration System – ITAS)ဖြင့် အခွန်ကောက်ခံရရှိနိုင်ရေးအတွက် အချက်အလက်စနစ် (data center) တည်ထောင်ခြင်း လုပ်ငန်းများကို မြန်မာ နိုင်ငံပြည်သူ့ ဘဏ္ဍာ ရေး စီမံခန့်ခွဲမှုစနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Myanmar Modernization for Public Financial Management – MMPFM)အရ နေပြည်တော်နှင့် ရန်ကုန်တို့တွင် အငယ်စားအချက်အလက် စနစ်များ (mini data center) ဝယ်ယူ ဆောင်ရွက်ခဲ့ပြီးယင်းအစီအစဉ်ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင်စတင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပတခတွင် လက်ရှိလည်ပတ်နေသော စနစ်မှာ စာရွက်စာတမ်းအခြေခံသည့် စနစ်ဖြစ်ပါသည်။ အခွန်ထမ်းကြီးဆိုင်ရာ အခွန်ရုံးတွင် ကွန်ပျူတာစနစ်ငယ်တစ်ခုဖြင့် ဆောင်ရွက်နေပြီး၊ သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍရှိ အဖွဲ့အစည်းများအားလုံးကို မှတ်တမ်းတင်ထားပါသည်။ လက်ရှိတွင် ဘက်စုံအခွန်စီမံခန့်ခွဲရေးစနစ် ခေါ် Integrated Tax Administration System (ITAS)ကို ဝယ်ယူနေဆဲ ဖြစ်ပါသည်။ဤစနစ်ကို တစ်နိုင်ငံလုံးတွင် အသုံးပြုနိုင်ရန် နှစ်အနည်းငယ်ကြာမြင့်မည် ဖြစ်သော်လည်း၊ မူဝါဒရည်ရွယ်ချက်များအတွက် အချက်အလက်စနစ် (data base)တစ်ခုကို ရေးဆွဲ၍အသုံးပြုနိုင်မည်ဖြစ်ပါသည်။

၂၀၁၉ ခုနှစ် update ;

ယခင် update တင်ပြချက်များအား ပြန်ကြည့်ပါ။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

အကောင်အထည်ဖော်ပြီး

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**၂၀၂၀ update :**

IRDအတွက်မျှော်မှန်းထားသောITပင်မစနစ်သစ်(newITcoresystem)မှဒေတာအချက်အလက်ဆန်းစစ်မှုစွမ်းဆောင်ချက် သည် ၂၀၂၄ ခုနှစ် မတိုင်မီအထိ ရယူအသုံးပြုနိုင်ဦးမည် မဟုတ်ပါ။

# ၂၀ ပြည်တွင်းအခွန်များဦးစီးဌာန

၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယနှင့် တတိယအကြိမ် အစီရင်ခံစာများ

## အကြံပြုချက်များ

**EITI ဆိုင်ရာအကြံပြုချက်ငယ်(၄)**

သုတေသနနှင့် မူဝါဒစာတမ်းများ/ အစီရင်ခံစာများ ပြုစုနိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်မည့်သုတေသနအဖွဲ့(ဌာနခွဲ)တစ်ခု ကိုတည်ထောင်ဆောင်ရွက်ရန်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ပြည်တွင်းအခွန်များဦးစီးဌာန(ပတခ)မှ တုန့်ပြန်ဖြေကြားချက်**

စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် ခေတ်နှင့်အညီ လိုက်လျောညီထွေ ဖြစ်စေမည့် အဓိက အခန်းကဏ္ဍဖြစ်သော ဌာန၏ ဖွဲ့စည်းပုံအား ၁၉.၆.၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့၊ အစည်းအဝေးအမှတ်စဉ်(၁၂/၂၀၁၄)အရ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ယင်းပြင်ဆင်ဖွဲ့စည်းပုံအရ ဌာနခွဲ(၁၁)ခုတွင် အခွန်မူဝါဒနှင့် သုတေသနဌာနခွဲအား ပါဝင်ဖွဲ့စည်းခဲ့ပါသည်။

လတ်တလောတွင် မူဝါဒဌာနခွဲတစ်ခုကို တည်ထောင်ထားပြီး ဖြစ်ပါသည်။ IMF အဖွဲ့နှင့် NORAD အဖွဲ့ တို့ကလည်း ထိုဌာနခွဲတွင် သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍနှင့် ပတ်သက်သည့် စွမ်းဆောင်ရည်တည်ဆောက်ပေးရန် ကူညီပေးနေပါသည်။ ထိုအကူအညီများတွင် သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍအား ထိရောက်စွာအခွန်ကောက်ခံနိုင်မည့် ဥပဒေအခြေခံတည်ဆောက်ရန် ဝင်ငွေခွန်ဥပဒေကို ပြန်လည်ရေးသားခြင်းနှင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်သည်။ ဝင်ငွေခွန်ဥပဒေသစ်ကို ပြန်လည်ရေးသားရာတွင် (လက်ရှိဝင်ငွေခွန်ဥပဒေတွင် ပါဝင်ခြင်း မရှိသေးသော) လွှဲပြောင်းဈေးနှုန်း (transfer pricing) စသည့် နိုင်ငံတကာ အခွန် ဆိုင်ရာ ပြဋ္ဌာန်းချက်များ ထည့်သွင်းရေးဆွဲပါထားမည်။ ဤရေ ရှည်လုပ်ငန်းကြောင့် အခွန်ထမ်းနှင့် ပြည်တွင်းအခွန်များဦးစီးဌာန(ပတခ)နှစ်ဦးလုံးအတွက် အချိန်နှင့်အမျှ သေချာမှုနှင့် ရှင်းလင်းတိကျမှုတို့ကို ပေးစွမ်းနိုင်ပါသည်။

**၂၀၁၉ ခုနှစ် မတ်လ update :**

ပြည်တွင်းအခွန်များဦးစီးဌာန၏ လက်ရှိနည်းပညာလုပ်နိုင်စွမ်းအဆင့်သည် သီးသန့်ရည်ရွယ်ချက်အတွက် ရေရှည်တည်တံ့သည့် သုတေသနအဖွဲ့(သို့) ယူနစ်တစ်ခုတည်ထောင်ရန်အတွက် အကန့်အသတ်ရှိနေပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ရှိနေသည့် လုပ်နိုင်စွမ်းအား ထိထိရောက်ရောက်အသုံးချ၍အခြားမူဝါဒတစ်ခုဖြင့် ဆောင်ရွက်နေပါသည်။ မည်မျှအထိလုပ်ဆောင်နိုင်မည်ကို သုတသနဆောင်ရွက်နေပါသည်။

**အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
(ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)**

အကောင်အထည်ဖော်ဆဲ

**လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ**

**၂၀၂၀ update :**

ပြောင်းလဲမှုမရှိပါ။

## ၂၁ ပြည်တွင်းအခွန်များဦးစီးဌာန

၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယနှင့် တတိယအကြိမ် အစီရင်ခံစာများ

### အကြံပြုချက်များ

**EITI ဆိုင်ရာအကြံပြုချက်ငယ်(၅)**

တွင်းထွက်သတ္တုများအား အခွန်ကောက်ခံခြင်းကို ဟန်ချက်ညီ ဆောင်ရွက်ခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းများကို စုစည်းဆောင်ရွက်နိုင်ရေးအတွက် လေ့လာဆန်းစစ်မှုတစ်ရပ် ပြုလုပ်ရန်။

### ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ပြည်တွင်းအခွန်များဦးစီးဌာန(ပတခ)၏ တုန့်ပြန်ဖြေကြားချက်**

လက်ရှိ ရေးဆွဲနေသည့် ဝင်ငွေခွန်ဥပဒေသစ်တွင် သယံဇာတတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများအတွက် သီးသန့်စနစ်တစ်ခုကို မူကြမ်းရေးဆွဲလျက် ရှိပါသည်။ ယင်းဥပဒေသစ် ထုတ်ပြန်ပြီးပါကသယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများအတွက် ပို၍ အကျိုးသက်ရောက်ကာ ပိုမိုထိရောက်လာမည် ဖြစ်ပါသည်။

**မတ်လ ၂၀၁၉ update :**

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် နည်းပညာ အထောက်အပံ့အတွက် ယခုလက်ရှိအချိန်ထိမရရှိသေးပါ။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

အကောင်အထည်မဖော်ရသေး

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

၂၀၂၀ update :

တည်ဆဲထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေး စာချုပ် (Production Sharing Contracts-PSC) များအပေါ် နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (NECC)နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့မှ ဦးဆောင်သည့် PSC စာချုပ်များ ပြန်လည်သုံးသပ်ရေးဆိုင်ရာ Working Group နှင့်အတူ စိစစ်သုံးသပ်မှုများ ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာဌာနသို့ အကြံပြုချက် များ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ သဘာဝသယံဇာတ ကဏ္ဍမှဝင်ငွေခန့် မှန်းတွက်ချက်နိုင်ရန်အတွက် World Bank နှင့် NORAD တို့မှ အကူအညီများရယူပြီး ရငွေခန့်မှန်းခြင်း (Revenue Fore-casting) လုပ်ငန်းစဉ်များကိုဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍမှ နိုင်ငံတော်၏ရငွေများ ဆုံးရှုံးမှုမရှိစေရေးနှင့် ရသင့်ရထိုက်သောရငွေများရရှိစေရေးအတွက် အသစ်ရေးဆွဲလျက်ရှိသည့် ဝင်ငွေခွန် ဥပဒေသစ်(မူကြမ်း)တွင် အဆိုပါကဏ္ဍအား သီးခြားကဏ္ဍတစ်ခု အဖြစ်သတ်မှတ်၍ အခွန်စည်းကြပ်ကောက်ခံနိုင်ရေးစီစဉ်ဆောင် ရွက်လျက်ရှိပါသည်။

# ၂၂ အစိုးရဌာနများ

၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယနှင့် တတိယအကြိမ် အစီရင်ခံစာများ

## အကြံပြုချက်များ

**သယံဇာတထုတ်ယူရေး လုပ်ငန်းများကို မှတ်သားဆောင်ရွက်နိုင်ရေးအတွက် အစိုးရဌာနများ အားလုံး အသုံးပြုသော သီးခြားအခွန်ထမ်းမှတ်ပုံတင်အမှတ် (Taxpayer Identification Number – TIN) မရှိခြင်း**

နယ်ပယ်လေ့လာသတ်မှတ်သောအဆင့်တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနမှ ရရှိသောဝင်ငွေကြေညာလွှာများတွင် ကုမ္ပဏီလုပ်ငန်းတစ်ခုချင်း၏ သီးခြားအခွန်ထမ်းမှတ်ပုံတင်အမှတ် မရှိကြောင်းမှာ မှတ်သားမိပါသည်။ အချို့ကုမ္ပဏီများ၏ အမည်စာလုံးပေါင်းများမှာ အစိုးရဌာနတစ်ခုနှင့်တစ်ခု စာလုံးပေါင်းသတ်ပုံခြင်း မတူညီကြချေ။ ယင်းခြားနားချက်များသည် ထိုဝင်ငွေကြေညာလွှာများကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုရခြင်းကြောင့် ဖြစ်ပေါ်နိုင်ပါသည်။

ယင်းအပြင်ပတခနှင့် အကောက်ခွန်ဦးစီးဌာနတို့သည် တူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီများအားလုံး အပြည့်အစုံ ပါဝင်သော စာရင်းပြုစုထားကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊သတ္တုတူးဖော်ရေး ကုမ္ပဏီများ၏ သီးခြားမှတ်ပုံ

တင်အမှတ်များကိုလည်း ပြုစုထားခြင်း မရှိကြောင်း သိရှိရပါသည်။

ဤအခြေအနေကြောင့် အောက်ပါတို့ ဖြစ်ပေါ်လာခဲ့ပါသည် –

- ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့သည် လုပ်ငန်းအမည်များကို ကုမ္ပဏီအမည်ကိုသာ အခြေခံ၍ မှတ်တမ်းတင်ထားသဖြင့် အခွန်ကြေညာလွှာစာရင်း ပြည့်စုံမှုရှိရေးနှင့် စပ်လျဉ်း၍ အလွန်အမင်း စွန့်စားမှု ယူနေပါသည်။
- ယင်းအမည်များကို မှတ်တမ်းတင်ရာတွင် စာလုံးပေါင်း မတူညီမှုများကြောင့် ကိန်းဂဏန်းပိုင်းဖြတ်မှု ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းဆောင်ရွက်ရန်သက်ဆိုင်ရာကုမ္ပဏီတစ်ခုချင်းပေးဆောင်ထားသောစုစုပေါင်းအခွန်ထမ်းငွေ ပမာဏအပေါ် အခြေခံ၍ ဤအစိုးရဌာနများမှ ရရှိသောဝင်ငွေကြေညာလွှာများကို ပေါင်းစည်းရန် မလုပ်နိုင်ပေ။ ကိန်းဂဏန်းပိုင်းဖြတ်မှု ခွဲခြမ်းစိတ်ဖြာ သုံးသပ်ခြင်းကို အချက်အလက်များ အားလုံး စုပေါင်းတွက်ချက်ခြင်းမရှိဘဲ အစိုးရဌာန တစ်ခုချင်းအတွက် သီးခြား ဆောင်ရွက်ခဲ့ပါသည်။
- ပတခနှင့်အကောက်ခွန်ဦးစီးဌာနတို့သည် တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများမှပေးအပ်ခဲ့သော ပေးချေမှုအချို့ကို မှတ်တမ်းတင်နိုင်ခြင်း မရှိသဖြင့် ၎င်းတို့၏ အစီရင်ခံစာအတွက် အချက်အလက် ပေးပို့သည့် စာပုံစံများနှင့် ကုမ္ပဏီများ၏ အစီရင်ခံစာအတွက် အချက်အလက် ပေးပို့သည့် စာပုံစံများအကြား ကွာခြားချက်များ ရှိလာပါသည်။ ဤကွာခြားချက်များကို စာရင်း တိုက်ဆိုင်စစ်ဆေးမှု အဆင့်တွင် ဖော်ထုတ်သိရှိခဲ့ပါသည်။

**အကြံပြုချက်**

ထိုကြောင့် အစိုးရဌာနအားလုံးအနေဖြင့် ကုမ္ပဏီများမှ ရရှိသော ငွေပေးချေမှုများကို မှတ်တမ်းပြုထားနိုင်ရန် သီးခြား အခွန်ထမ်းအမှတ် TIN တစ်ခုသာ အသုံးပြုရန် အကြံပြုလိုက်ပါသည်။ လက်ရှိကုမ္ပဏီများ၏ အခြေအနေကို ဖြေရှင်းနိုင်ရန် အစိုးရဌာနများသည် ဆက်လက်၍ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

ကုမ္ပဏီ အသစ်များနှင့် စပ်လျဉ်း၍ ၎င်းတို့ ကုမ္ပဏီ စတင်တည်ထောင်လိုက်သည်နှင့် တစ်ပြိုင်နက် TIN အမှတ်များ ချမှတ်ပေးထားသင့်ပါသည်။ TIN အမှတ်များကို သက်ဆိုင်ရာအစိုးရဌာနများ အားလုံးသို့ ဖြန့်ဝေပေးထားသင့်ပြီး ကုမ္ပဏီတိုင်းမှ ထိုနံပါတ်ကို ကိုးကားခြင်းအားဖြင့် ကုမ္ပဏီများအကြား မည်သည့် မရေရာ၊ မကွဲပြားခြင်းကို မဆို ရှောင်ရှားနိုင်ပေမည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ဒုတိယအကြိမ် နှင့် တတိယအကြိမ် အစီရင်ခံစာများတွင်ပါဝင်သည့် မှတ်ချက်များ**

**ပြည်တွင်းအခွန်များဦးစီးဌာန(ပတခ)၏ မှတ်ချက်များ**

ပြည်တွင်းအခွန်များဦးစီးဌာနသည်၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်၍ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး တွင် အသေးစားကွန်ပျူတာစနစ်တစ်ခုဖြင့် အခွန်ထမ်းများအား သီးခြားအခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) ချမှတ်အသုံးပြု ဆောင်ရွက်လျက် ရှိပြီး၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးတွင်လည်း တစ်ဆင့်ပြီး တစ်ဆင့် တိုးချဲ့ကာ အဆိုပါရုံးများရှိ အခွန်ထမ်းများအား TIN နံပါတ် ချမှတ်အသုံးပြု ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာနတစ်ခုလုံးအတွက် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် နည်းပညာအခြေပြု အခွန်ဆိုင်ရာ စီမံခန့်ခွဲမှု စနစ်သစ်တစ်ရပ်ကို ၂၀၁၉ခုနှစ်၊ဧပြီလ(၁)ရက်နေ့တွင်စတင်ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းပါသည်။ သို့ရာတွင်

တူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများသာမက ပတခ(IRD) နှင့် ဆက်စပ်နေသည့် အခြားသော အစိုးရဌာနများသည် လည်း ပတခမှ အသုံးပြုသော TINနံပါတ်ကို အသုံးပြုသင့်ပါသည်။

သီးခြားအခွန်ထမ်းမှတ်ပုံတင်အမှတ် (TINနံပါတ်) တစ်ခုတည်းကိုသာအသုံးပြုရန်နှင့် ထိုသို့ အသုံးပြုသည့် ကွန်ပျူတာနည်းပညာစနစ်ကို တည်ဆောက်ရန်အတွက် ကွန်ပျူတာသတင်းနည်းပညာနှင့် ကွန်ရက်စနစ်ကိုတည် ထောင်ရန် လိုအပ်သလို နိုင်ငံတကာတွင် အသုံးပြုသော စံချိန်စံညွှန်းအရ ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းဆောင် ရွက်ရန် လိုအပ်ပါသည်။

**စတုတ္ထအကြိမ်မြောက်အစီရင်ခံစာတွင်ပါဝင်သည့်မှတ်ချက်များ**

ပြည်တွင်းအခွန်များဦးစီးဌာန(ပတခ)၏ မှတ်ချက်များ (၂၀၁၉ ခုနှစ်၊မတ်လထိ)

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနဖြင့်ပူးပေါင်းဆောင်ရွက်၍ ပုဂ္ဂလိကအခွန်ထမ်းဆောင်သူ များအား အခွန်ထမ်းနံပါတ်များ ထုတ်ပေးပြီးဖြစ်ပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

အကောင်အထည်ဖော်ပြီး

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ပြည်တွင်းအခွန်ဦးစီးဌာန၏မှတ်ချက်များ**

**၂၀၂၀ update :**

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနများကြား Single Registration ဖြစ်စေရေးအတွက် ညှိနှိုင်း၍ ကုန်သွယ်ရေးဦးစီး ဌာန၏ Myanmar Tradenet 2.0 Online Licensing စနစ်အသုံးပြုချိန်တွင် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင် အမှတ်(ပသက) အမှတ်အစား Taxpayer Identification Number – TIN များအား Unique ID အဖြစ် ၅-၁-၂၀၂၀ ရက်နေ့မှစ၍ ပြောင်းလဲအသုံးပြု ဆောင်ရွက်လျက် ရှိပါသည်။

အခွန်ထမ်း(တစ်ဦးချင်းပုဂ္ဂိုလ်)များအား TIN နံပါတ် ပြောင်းလဲ ထုတ်ပေးနိုင်ရေးအတွက် အလုပ်သမား၊ လူဝင် မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ e-ID စနစ်လုပ်ငန်းကော်မတီနှင့် ကနဦးဆွေးနွေးထားရှိပါသည်။ အဆိုပါ e-ID စနစ်အရ Resident Enroll ဆောင်ရွက်ပြီးချိန်တွင် အဆိုပါ ID အား တစ်ဦးချင်း ပုဂ္ဂိုလ် TIN အဖြစ် သုံးစွဲ သွားမည်ဖြစ်ပါသည်။

# ၂၃ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယနှင့် တတိယအကြိမ် အစီရင်ခံစာများ

## အကြံပြုချက်များ

**သယံဇာတတူးဖော်ထုတ်လုပ်ရေးမှ ရရှိသည့် ဝင်ငွေများအတွက် သယံဇာတအခွန်ဘဏ္ဍာငွေ မျှဝေပေးသည့် စနစ်တစ်ခု တည်ထောင်ရေး စဉ်းစားရန်။**

မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းအားလုံးနီးပါးတွင် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုမှဘဏ္ဍာငွေများ ရရှိပြီး အကြီးမားဆုံးသော ကုန်းတွင်းသယံဇာတ အကျိုးအမြတ်များသည် ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရှိပါသည်။ ဤဒေသများနှင့် အခြားဒေသများတွင် သယံဇာတတူးဖော်ထုတ်ယူမှုလုပ်ငန်းများကြောင့်ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းနှင့် ဒေသန္တရပတ်ဝန်းကျင်ကိုဆိုးဝါးစွာ ထိခိုက်ပျက်စီးလျက်ရှိသည်။

သယံဇာတ တူးဖော်ထုတ်ယူရေးကုမ္ပဏီများမှ ကောက်ခံရရှိသည့် အခွန်အခများကို နိုင်ငံတော် ဘဏ္ဍာငွေစာရင်းထဲသို့ ထည့်သွင်းပြီးနောက် တစ်နိုင်ငံလုံးရှိ အသုံးစရိတ်များနှင့် စီမံကိန်းများတွင် ပြန်လည်သုံးစွဲရန် စီစဉ်ထားပါသည်။ သတ္တုတူးဖော်ရေး ကုမ္ပဏီများထံမှ ကောက်ခံရရှိသည့် အခွန်ဘဏ္ဍာငွေများကို တိကျသေချာစွာ ခွဲဝေချပေးသော သတ်မှတ်ထားသည့် စီမံကိန်းများဟူ၍မရှိပေ။

### အကြံပြုချက်

ဒေသခံများသည်သယံဇာတ ထုတ်ယူမှုလုပ်ငန်းများ၏ အကျိုးဆက်ကို တိုက်ရိုက်ခံစားရသူများဖြစ်သဖြင့် အစိုးရသည် သယံဇာတ တူးဖော်ထုတ်ယူရေး ကုမ္ပဏီများမှ ရရှိသည့် အခွန်ဘဏ္ဍာငွေများမှအထူးရန်ပုံငွေတစ်ရပ် (သို့မဟုတ်) ဘဏ္ဍာငွေ ခွဲဝေမှု ယန္တရား ထူထောင်ခြင်းမှတစ်ဆင့် ထိုဘဏ္ဍာငွေများကို အောက်ပါအတိုင်း အကျိုးပြုမည့် စီမံကိန်းများအတွက် ရန်ပုံငွေများ ခွဲဝေပေးနိုင်သည် -

- ❖ သယံဇာတ တူးဖော်ထုတ်ယူသည့် လုပ်ငန်းများကြောင့် ထိခိုက်သည့် ဒေသခံများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေး၊
- ❖ အကြမ်းဖက်သော ပဋိပက္ခများ လျှော့ချရန် (သို့မဟုတ်) တားဆီးကာကွယ်ရန်၊
- ❖ ဒေသခံများ၏ ပိုင်ဆိုင်မှုဟူသော အတွေးအမြင်များအပေါ် အခြေခံသည့် ဒေသခံများ၏ အကျိုးအမြတ်ရရေး တောင်းဆိုမှုများကို တုန့်ပြန်ဖြေကြားခြင်းရန်နှင့်
- ❖ သယံဇာတ ကြွယ်ဝသော ဒေသများနှင့် သယံဇာတ မကြွယ်ဝသော ဒေသများအတွင်း ဒေသဝင်ငွေ ညီမျှမှုရှိအောင် မြှင့်တင်လုပ်ဆောင်ရန်။

ပွင့်လင်းမြင်သာမှုနှင့် ထိရောက်မှု ပိုရှိရေးအတွက် ဘဏ္ဍာငွေခွဲဝေသည့်စနစ်သည် မည်သည့်ဘဏ္ဍာငွေ ခွဲဝေသည့် ပုံသေနည်းကို ကျင့်သုံးမှုအပေါ် သက်ဆိုင်ရာ အကျိုးသက်ဆိုင်သူများအားလုံး၏ ဘုံသဘောတူညီချက်ရရှိရန် သာမက ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းခြင်းပါ လိုအပ်သည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

### ပြည်သူ့ငွေစာရင်းမှ ထုတ်ယူမှု

ကာလလတ်ဘဏ္ဍာရေးဆိုင်ရာ မူဘောင်အား၂၀၁၅-၂၀၁၆ခုနှစ်ကတည်းက ကျင့်သုံးခဲ့ပြီးဖြစ်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး ဘဏ္ဍာရေးရန်ပုံငွေများ တောင်းခံမှုများအား ကာလလတ်ဘဏ္ဍာရေးဆိုင်ရာမူဘောင်(MTFF) အပေါ် အခြေခံတွက်ချက်၍ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါသည်။ MTFFအောက်ရှိအညွှန်းကိန်း(၆)ခုအားအသုံးပြု၍ အခွန် အခွဲဝေမှုအားဆောင်ရွက်လျက်ရှိသည်။

၁။ စုစုပေါင်းလူဦးရေ

၂။ ဆင်းရဲမှုအညွှန်းကိန်း

၃။ မြေဧရိယာ အကျယ်အဝန်း

၄။ တစ်ဦးကျအခွန်ကောက်ခံမှု

၅။ လူတစ်ဦးချင်းစီ၏ ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး

၆။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေတွင် မြို့ပြလူဦးရေ ပါဝင်မှုအချိုး

သယံဇာတခွဲဝေခြင်းစနစ်အတွက် နိုင်ငံရေးသဘောတူညီမှုရရှိရန်လိုအပ်ပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

အကောင်အထည်မဖော်ရသေး

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

-

# ၂၄ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

၂၀၁၄-၂၀၁၅ နှင့်၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယ နှင့် တတိယအကြိမ် အစီရင်ခံစာများ

## အကြံပြုချက်များ

**နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှု မရှိခြင်း**

အခြားအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲမှုများဖြစ်သည့် နိုင်ငံတော်မှ (နိုင်ငံပိုင်လုပ်ငန်းများ) ပိုင်ဆိုင်မှုကို ဗဟိုမှ ချုပ်ကိုင်ခြင်း၊ စတော့ရှယ်ယာဈေးကွက်သို့ လုပ်ငန်းများကို စာရင်းသွင်းခြင်း၊ စီမံအုပ်ချုပ်သော ဘုတ်အဖွဲ့ကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ခြင်းများနှင့် ဘဏ္ဍာရေး ပြန်လည်ဖွဲ့စည်းခြင်း စသည်တို့နှင့်အတူတွဲ၍ နိုင်ငံပိုင်လုပ်ငန်းများတွင် သတင်းအချက်အလက် ထုတ်ပြန်ကြေညာနှင့် စံနှုန်းမြင့်မားသော တာဝန်ခံမှုတို့သည် နိုင်ငံပိုင်လုပ်ငန်းများ၏ ပိုမိုကောင်းမွန်လာသော ထိရောက်မှုနှင့် စွမ်းဆောင်ရည်ကို တိုးတက်အောင် ထောက်ကူပေးနိုင်သည်။ အစိုးရအနေဖြင့် စစ်မှန်ထိရောက်သော ပိုင်ရှင်ဖြစ်စေရန်၊ လွှတ်တော်အနေဖြင့် ပိုင်ရှင်ဖြစ်သည့် နိုင်ငံတော်၏ စွမ်းဆောင်မှုကို သုံးသပ်အကဲဖြတ်နိုင်ရန်၊ မီဒီယာများအနေဖြင့် နိုင်ငံပိုင်လုပ်ငန်းများ၏ ထိရောက်မှုကို အများပြည်သူ နားလည်သဘောပေါက်လာအောင် လုပ်ဆောင်ရန်၊ အခွန်ထမ်းပြည်သူများနှင့် အများပြည်သူများအနေဖြင့် နိုင်ငံပိုင်လုပ်ငန်းများ၏ လုပ်ဆောင်ချက်နှင့် ပတ်သက်ပြီး ပြီးပြည့်စုံစွာ နားလည် သဘောပေါက်စေရန်အတွက် ဘဏ္ဍာရေးဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ မဟုတ်သည့် သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာခြင်းသည် အစိုးရအတွက် မရှိမဖြစ် အရေးကြီးသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ကမ်းလွန်လုပ်ကွက်တစ်ခုချင်း၊ ပြည်ပတင်ပို့သောနှင့် ပြည်တွင်းသုံးသော ပမာဏများ၊ လက်ရှိစာချုပ် ချုပ်ထားသည့် လုပ်ကွက်များနှင့် လုပ်ကိုင်နေသည့် ကုမ္ပဏီများစသည့် စုစုပေါင်း ထုတ်လုပ်မှုပမာဏကို စတင်ထုတ်ပြန်ကြေညာနေကြောင်း သိရပါသည်။ သို့သော်လည်း ပွင့်လင်းမြင်သာမှုနှင့် ကုမ္ပဏီလုပ်ငန်းများ၏ စီးပွားရေးစီမံအုပ်ချုပ်မှုတို့တွင် ယခုထက် ပိုကောင်းအောင် လုပ်ဆောင်စရာများကျန်နေပါသေးသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် နိုင်ငံပိုင်လုပ်ငန်းများနှင့် ပုဂ္ဂလိကကုမ္ပဏီများအတွက် စံသတ်မှတ်ချက်များကို ဖော်ဆောင်ရန် ယခုနှစ်တွင် များစွာလုပ်ဆောင်နေသည်ဟု ပြောကြသော်လည်း ယင်းဝန်ကြီးဌာနအောက်မှ နိုင်ငံပိုင်လုပ်ငန်းများသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှ နိုင်ငံပိုင်လုပ်ငန်းများထက် ပွင့်လင်းမြင်သာမှု နည်းပါးလှပေသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံပိုင်လုပ်ငန်းများသည် ယင်းတို့ ပါဝင်လုပ်ကိုင်နေသည့် ဖက်စပ်လုပ်ငန်းများ၊ ဝင်ငွေများ၊ အသုံးစရိတ်များ သို့မဟုတ် တစ်ဆင့်ခံ ကန်ထရိုက်တာများနှင့် ဆက်ဆံရေး အခြေအနေများအကြောင်း ထုတ်ပြန်ကြေညာမှု အလွန်နည်းပါးလှသည်။ ထို့အပြင် စစ်ဘက်နှင့် ပတ်သက်ဆက်နွယ်နေသော လုပ်ငန်းများကိုပို၍ ပွင့်လင်း မြင်သာမှုရှိအောင် ဖြစ်စေ၊ တာဝန်ခံစေရန် ဖြစ်စေ လုပ်ဆောင်နေမှု မရှိပေ။

ထို့အပြင် အများပြည်သူများ ရရှိထားသည့် သတင်းအချက်အလက်အရ နိုင်ငံပိုင်လုပ်ငန်းများ၏ ဥပဒေရေးရာ သဘောသဘာဝ၊ အာဏာများနှင့် လုပ်ငန်းတာဝန်များမှာ ရှင်းလင်းမှုမရှိပေ။ အချို့မှာ လုပ်ငန်းလည်ပတ်ရာတွင်စီးပွားဖက်အဖြစ်နှင့် စည်းကြပ်သူအဖြစ်ဟူ၍ တာဝန်နှစ်ခု ရှိနေသည်။

အကြံပြုချက်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနနှစ်ခုလုံးကို နိုင်ငံပိုင်လုပ်ငန်းများ အားလုံးကို လွှမ်းခြုံသည့် စုပေါင်းအစီရင်ခံစာ နှစ်စဉ်ထုတ်ပြန်နိုင်ရန် လိုအပ်သည့် လုပ်ဆောင်မှုများ ဆောင်ရွက်ရန်နှင့် ထိုအစီရင်ခံစာကို သက်ဆိုင်ရာ အကျိုးသက်ဆိုင်သူများဖြစ်သည့် လူထု၊ လွှတ်တော်နှင့် မီဒီယာသို့ ဦးတည်သော သတင်းအချက်အလက် ထုတ်ပြန်ကြေညာ၊ အသိပေးသည့် ယန္တရားဖြစ်အောင် ဆောင်ရွက်ရန် အကြံပြုပါသည်။ နှစ်စဉ် စုပေါင်းအစီရင်ခံစာတွင် အောက်ပါ အချက်အလက်များကို ပါဝင်ထည့်သွင်းနိုင်သည် –

- နိုင်ငံ၏ ပိုင်ဆိုင်မှုဆိုင်ရာ မူဝါဒနှင့် ထိုမူဝါဒကို နိုင်ငံတော်အနေဖြင့် မည်သို့ အကောင်အထည် ဖော်ဆောင်နေကြောင်း သတင်းအချက်အလက်ဆိုင်ရာ အထွေထွေထုတ်ပြန်ချက် (ဥပမာ – ပိုင်ဆိုင်မှုပိုင်းဆိုင်ရာ ဖွဲ့စည်းထားပုံ သတင်းအချက်အလက်နှင့် နိုင်ငံပိုင်လုပ်ငန်းများ၏ တိုးတက်မှု အနှစ်ချုပ်တင်ပြချက်၊ နိုင်ငံပိုင်လုပ်ငန်းများ အချင်းချင်းကြားနှင့် အစိုးရကြား ဆက်ဆံရေး၊ နိုင်ငံပိုင်လုပ်ငန်းများ၏ လုပ်ပိုင်ခွင့်၊ လိုင်စင်ထုတ်ပေးရာတွင် ပါဝင်သော အခန်းကဏ္ဍ၊ အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခ စီမံခန့်ခွဲမှု)
- စုပေါင်းဘဏ္ဍာရေးသတင်းအချက်အလက်များနှင့် နိုင်ငံပိုင်လုပ်ငန်းများ၏ဘုတ်အဖွဲ့များ အပြောင်းအလဲများကို အစီရင်ခံခြင်း
- ကောက်ခံရရှိသည့် ဝင်ငွေများ၊ အမြတ်များ၊ လုပ်ငန်းလည်ပတ်မှုများမှ ငွေသားစီးဆင်းမှု၊ အသားတင် ရင်းနှီးမြှုပ်နှံမှု၊ အစိုးရသို့ လွှဲအပ်သောငွေများ၊ သုံးစွဲမှု စသည်တို့ ပါဝင်သော အဓိက ဘဏ္ဍာရေး ညွှန်းကိန်းများနှင့်
- နိုင်ငံပိုင်လုပ်ငန်းများအပေါ် တစ်ခုချင်း အစီရင်ခံခြင်းဆိုင်ရာ သတင်းအချက်အလက်များ ဖြစ်ပါသည်။

  နိုင်ငံပိုင်လုပ်ငန်းများကို ပုံစံပြောင်းလဲခြင်းကို အပြီးသတ်လုပ်ဆောင်ရန်နှင့် လက်ရှိစည်းကြပ်ကွပ်ကဲမှုတာဝန်ကို သယံဇာတ တူးဖော်ထုတ်ယူမှုကဏ္ဍအတွက် ရေရှည်စည်းကြပ်မှု ပိုမိုကောင်းမွန်စေရေးသို့ ဦးတည်၍ အကျိုးစီးပွား ပဋိပက္ခဖြစ်မှုဖယ်ရှားရန် နိုင်ငံပိုင်လုပ်ငန်းများ၏ လက်ရှိ စည်းကြပ်သောတာဝန်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန/ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနတို့၏ အခြားသောဌာနတစ်ခုသို့ သီးခြားရွှေ့ထားရန်လည်း အကြံပြုပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

### ဒုတိယအကြိမ် နှင့် တတိယအကြိမ် အစီရင်ခံစာများတွင်ပါဝင်သည့် မှတ်ချက်များ

### သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် နိုင်ငံပိုင်လုပ်ငန်းများနှင့် ပုဂ္ဂလိကကုမ္ပဏီများအတွက် စံသတ်မှတ်ချက်များကို ဖော်ဆောင်ရန် ယခုနှစ်တွင်များစွာ လုပ်ဆောင်နေသည်ဟု ပြောကြသော်လည်း ယင်းဝန်ကြီးဌာနအောက်မှ နိုင်ငံပိုင်လုပ်ငန်းများသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှ နိုင်ငံပိုင်လုပ်ငန်းများထက် ပွင့်လင်းမြင်သာမှု နည်းပါးလှပေသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံပိုင်လုပ်ငန်းများသည် ယင်းတို့ ပါဝင်လုပ်ကိုင်နေသည့် ဖက်စပ်လုပ်ငန်းများ၊ ဝင်ငွေများ၊ အသုံးစရိတ်များ (သို့မဟုတ်) တစ်ဆင့်ခံ ကန်ထရိုက်တာများနှင့် ဆက်ဆံရေး အခြေအနေများအကြောင်း ထုတ်ဖော်ချပြမှု အလွန်နည်းပါးလှသည်။ ထို့အပြင် စစ်ဘက်/တပ်မတော် (လက်နက်ကိုင်တပ်ဖွဲ့များ)နှင့် ပတ်သက်ဆက်နွယ်နေသော လုပ်ငန်းများကို ပို၍ ပွင့်လင်းမြင်သာမှု ရှိအောင် ဖြစ်စေ၊ တာဝန်ခံစေရန် ဖြစ်စေ လုပ်ဆောင်နေမှု

မရှိပေ။

ထို့အပြင် အများပြည်သူများ ရရှိထားသည့် သတင်းအချက်အလက်အရ နိုင်ငံပိုင်လုပ်ငန်းများ၏ ဥပဒေရေးရာ သဘောသဘာဝ၊ အာဏာများနှင့် လုပ်ငန်းတာဝန်များမှာ ရှင်းလင်းမှု မရှိပေ။ အချို့မှာ လုပ်ငန်းလည်ပတ်ရာတွင်စီးပွားဖက်အဖြစ်နှင့် စည်းကြပ်သူအဖြစ်ဟူ၍ တာဝန်နှစ်ခုရှိနေသည်။

နှစ်ပတ်လည် စုပေါင်းအစီရင်ခံစာတွင် အောက်ပါ အချက်အလက်များကို ထည့်သွင်းနိုင်၊ ပါဝင်နိုင်ပါသည် -

(က) နိုင်ငံ၏ ပိုင်ဆိုင်မှုဆိုင်ရာ မူဝါဒနှင့် ထိုမူဝါဒကို နိုင်ငံတော်အနေဖြင့် မည်သို့ အကောင်အထည် ဖော်ဆောင်နေကြောင်း သတင်းအချက်အလက်ဆိုင်ရာ အထွေထွေထုတ်ပြန်ချက် (ဥပမာ - ပိုင်ဆိုင်မှုပိုင်းဆိုင်ရာ ဖွဲ့စည်းထားပုံ သတင်းအချက်အလက်နှင့် နိုင်ငံပိုင်လုပ်ငန်းများ၏ တိုးတက်မှု အနှစ်ချုပ်တင်ပြချက်၊ နိုင်ငံပိုင်လုပ်ငန်းများ အချင်းချင်းကြားနှင့် အစိုးရကြား ဆက်ဆံရေး၊ နိုင်ငံပိုင်လုပ်ငန်းများ၏ လုပ်ပိုင်ခွင့်၊ လိုင်စင်ထုတ်ပေးရာတွင် ပါဝင်သောအခန်းကဏ္ဍ၊ အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခ စီမံခန့်ခွဲမှု)၊

(ခ) စုပေါင်း ဘဏ္ဍာရေး သတင်းအချက်အလက်များနှင့် နိုင်ငံပိုင်လုပ်ငန်းများ၏ ဘုတ်အဖွဲ့များ အပြောင်းအလဲများကို အစီရင်ခံခြင်း၊

(ဂ) ကောက်ခံရရှိသည့် ဝင်ငွေများ၊ အမြတ်များ၊ လုပ်ငန်းလည်ပတ်မှုများမှ ငွေသားစီးဆင်းမှု၊ အသားတင် ရင်းနှီးမြှုပ်နှံမှု၊ အစိုးရသို့ လွှဲအပ်သောငွေများ၊ သုံးစွဲမှု စသည်တို့ ပါဝင်သော အဓိက ဘဏ္ဍာရေး ညွှန်းကိန်းများနှင့်

(ဃ) နိုင်ငံပိုင်လုပ်ငန်းများအပေါ် တစ်ခုချင်း အစီရင်ခံခြင်းဆိုင်ရာ သတင်းအချက်အလက်များ။

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

**အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၏ မှတ်ချက်များ**

နိုင်ငံပိုင်လုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုမရှိခြင်း နှင့်ပတ်သက်၍ ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ လုပ်ငန်းနှင့် ဦးစီးဌာနများမှ စီမံခန့်ခွဲသည့် ပုဂ္ဂလိကလုပ်ငန်းများ ထုတ်လုပ်မှုကိန်းဂဏန်းများ အခွန်အခရရှိမှုများ၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များအား ဝန်ကြီးဌာန Website တွင် တင်ပြဆောင်ရွက်လျက်ရှိပြီး နည်းဥပဒေသစ်တွင် နိုင်ငံတော်မှ ဖော်ထုတ်ရှာဖွေထားသည့် လုပ်ကွက်များကိုလည်းကောင်း လုပ်ကွက်တစ်ခုကို တစ်ဦး ထက်ပို၍ တစ်ပြိုင်တည်းလျှောက်ထားသည့် လုပ်ကွက်များကိုလည်းကောင်း တင်ဒါစနစ်ဖြင့် ဆောင်ရွက်နိုင်ရန်ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ မှတ်ချက်များ**

(က) စတုတ္ထအကြိမ် EITI အစီရင်ခံစာတွင်လုပ်ကွက်ချထားမှု၊ တူးဖော်ထုတ်လုပ်မှု၊

ရတနာခွန်ပေးဆောင်မှု၊ ရတနာပြပွဲတွင် တင်ပြရောင်းချမှု၊ ခွင့်ပြုမိန့် (လက်ဝယ်ပိုင် ဆိုင်မှု)၊ Inkind ခွဲဝေမှု၊ လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်မှု၊ ဝင်ငွေခွန်ပေးဆောင်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဆောင်ရွက်မှုတို့အပြင် UFA (OA) စာရင်း၏ ဝင်ငွေနှင့်အသုံးစရိတ်အသေးစိတ်စာရင်းကို နယ်ပယ်ချဲ့ထွင် ၍ Reporting Template တွင် ဖြည့်သွင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

(ခ) ကျောက်မျက်ကဏ္ဍအထောက်အကူပြုရေးကော်မတီ (Supporting Committee) သည် မြန်မာ့ကျောက်မျက် ရတနာကဏ္ဍ၏ လုပ်ငန်းသဘောသဘာဝကို အခြေခံ၍ လည်းကောင်း၊ အောက်ပါအချက်များပါဝင်သည့် (Policy Making Theory) ကို မာတိကာပါ အကြောင်းအရာများအတိုင်း လိုက်နာ၍လည်းကောင်း ကျောက်မျက် ရတနာမူဝါဒကို ပြုစုရေးဆွဲခြင်းအား ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသည် -

(က) Agenda Setting/Identification of Issues or Problems

(ခ) Policy Formulation

(ဂ) Policy Adoption

(ဃ) Policy Implementation

(င) Policy Assessment/Evaluation

(ဂ) မြန်မာ့ကျောက်မျက်ရတနာမူဝါဒအခန်း (၅) တွင် မြန်မာ့ကျောက်မျက်ရတနာမူဝါဒ စောင့်ကြည့် လေ့လာမှု၊ အကဲဖြတ်မှုအစီအစဉ်နှင့် အခန်း (၆) တွင် မြန်မာ့ကျောက်မျက်ရတနာမူဝါဒအကောင်အထည်ဖော် ဆောင်ရွက်မှုအစီအစဉ်များ ကိုထည့်သွင်းရေးဆွဲသွားမည်ဖြစ်ပါသည်။

(ဃ) နောက်ဆုံးမူကြမ်းအဖြစ် အတည်ပြုပြီးထားသော မြန်မာ့ကျောက်မျက်ရတနာမူဝါဒဖော်ပြချက် (Policy Statement) (၃၆) ခုအပေါ်သဘောထားများ၊ အကြံပြုချက်များ တောင်းခံခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

**သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ**

အကြံပြုတိုက်တွန်းချက်နှင့်စပ်လျဉ်း၍ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင်တိကျရှင်း လင်းသည့် တာဝန်နှင့်ဝတ္တရားများရှိရန်၊ စွမ်းဆောင်ရည်များကိုလည်း နိုင်ငံတကာ စံနှုန်းများနှင့် ညီညွတ်စေရန်၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေပိုမိုရရှိစေရန်၊ ကုန်ကျစရိတ် လျှော့ချနိုင်စေရန်၊ အုပ်ချုပ်မှုစွမ်းဆောင်ရည်မြှင့်တင်စေရန် ရည်ရွယ်၍ SOE Reform နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းများတွင် မိမိတို့ ဝန်ကြီးဌာနမှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင်နိုင်ငံပိုင်စီးပွား ရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ (SOE Reform Workshop) ကို နေပြည်တော် Horizon Lake View Hotel တွင် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ လ(၂၁) ရက်မှ(၂၂) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာတွင် SOE လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသည့် မိမိတို့ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီး များက လက်ရှိဆောင်ရွက်နေသည့် စီးပွားရေးဆိုင်ရာ စီမံအုပ်ချုပ်မှု၊ ဥပဒေ၊ နည်းဥပဒေဆိုင်ရာစီမံအုပ်ချုပ်မှု၊ အနာဂါတ် လုပ်ငန်းစဉ်များ၊ စိန်ခေါ်မှုအခက်အခဲများကို ပွင့်လင်းမြင်သာစွာချပြဆွေးနွေးခဲ့ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မှတ်ချက်များ**

လစဉ် Press Release များပြုလုပ်၍ ပြည်တွင်း / ပြည်ပ မီဒီယာများမှ တောင်းခံမေးမြန်းလာသည့် ဝန်ကြီးဌာနဆိုင်ရာအချက်အလက်များကို ပွင့်လင်းမြင်သာစွာထုတ်ပြန် ဆောင်ရွက်လျက်ရှိ ပါသည်။ ထို့အပြင် ဝန်ကြီးဌာနဆိုင်ရာ သတင်းအချက်အလက်များကို ဝန်ကြီးဌာနဆိုင်ရာ Website နှင့် Social Media တို့တွင် အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

(က) Mineral Cadastre စနစ်ကျင့်သုံးနိုင်ရန် သတ္တုတွင်းဦးစီးဌာနမှဦးစီး၍ Mineral Cadastre Working Group ဖွဲ့စည်းဆောင်ရွက်ခြင်း။

(ခ) BO Pilot Project ရှေ့ပြေးစီမံချက်များအနေဖြင့် ကျောက်မျက်ကုမ္ပဏီ (၅)ခုဖြင့် ပါဝင်ဆောင်ရွက်ခဲ့ ပါသည်။ BO Task Force တွင် မကလမှ အရာထမ်း(၂)ဦး ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) EITI အစီရင်ခံစာထုတ်ပြန်ခြင်း ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) CSR ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ Sub-National Coordination Unit (SNU) ဖွဲ့စည်းရန် နယ်တူးဖော်ရေးဌာနများတွင် ပြုလုပ်သည့် ဆွေးနွေး ပွဲများအတွက် ပံ့ပိုးကူညီပေးခြင်း။

(င) ကျောက်မျက်ကဏ္ဍအထောက်အကူပြုရေးကော်မတီ (Supporting Committee) သည် နောက် ဆုံးမူကြမ်းအဖြစ် အတည်ပြုပြီးထားသော မြန်မာ့ကျောက်မျက်ရတနာ မူဝါဒထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျှက်ရှိပါသည်။

(စ) လိုင်စင်ချထားပေးမှုများ၊ လိုင်စင်မှတ်ပုံတင်မှုများနှင့်ပတ်သက်၍ လုပ်ကိုင်ခွင့်ရ သက်တမ်းကာလကုန်ဆုံးပြီး လစ်လပ်လုပ်ကွက်အဖြစ် သတ်မှတ်ထားရှိသည့် လုပ်ကွက်များနှင့် စာချုပ်နမူနာပုံစံကို www.mining.gov.mm နှင့် www.mge.gov.mm တွင် လစဉ်ဖော်ပြ ခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကြေညာချက်များထုတ်ပြန်ခြင်း။

(ဆ) www.mining.gov.mm နှင့် www.mge.gov.mm တွင် ပြပွဲနှင့်ပတ်သက်သည့်ကိစ္စရပ်များအချိန်နှင့် တစ်ပြေးညီဖော်ပြခြင်း။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မှတ်ချက်များ**

ဆောင်ရွက်ပြီးဖြစ်ပါသည်။

ကုန်းပိုင်းကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ် ခြင်းလုပ်ငန်းများကို လိုင်စင်စနစ်ဖြင့် ဆောင်ရွက်နေခြင်းမဟုတ်ပါ။ အပြည်ပြည်ဆိုင်ရာတင်ဒါများ (International Bidding Round) များကို ပွင့်လင်းမြင်သာစွာခေါ်ယူ၍ သက်ဆိုင်ရာကော်မတီမှ သတ်မှတ်စံချိန်စံညွှန်းများ (Criteria) နှင့်အညီ စိစစ်ရွေးချယ်ကာ တင်ဒါအောင်မြင်သည့်ကုမ္ပဏီများ (Awarded Companies) ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (Myanmar Investment Commission) မှ ခွင့်ပြုမိန့် Production Sharing Contract (PSC) စာချုပ်များချုပ်ဆို ဆောင်ရွက်လျှက် ရှိပါသည်။

တင်ဒါခေါ်ယူသည့်လုပ်ငန်းစဉ်၊ စည်းမျဉ်းစည်းကမ်းများ၊ ရွေးချယ်မှု Criteria များ၊ တင်ဒါ အောင်မြင်သည့် ကုမ္ပဏီများ၊စာချုပ်ချုပ်ဆိုသည့်ရက်စွဲ၊လုပ်ကွက်များ၏Coordinatesများနှင့်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို MEITI Website၊ ဝန်ကြီးဌာနဆိုင်ရာ Website နှင့် Social Media တို့တွင်လွှင့်တင်ဆောင်ရွက်ပြီး ဖြစ်ပါသည်။

EMP ကို MONERC မှ Review ပြုလုပ်၍ လိုအပ်သလိုပြင်ဆင်ခြင်း၊ လက်ခံအတည်ပြုခြင်းတို့ကိုပြုလုပ်ပါသည်။ သို့ဖြစ်ပါ၍ EMP နှင့် သက်ဆိုင်သည့် အချက်အလက်များ ထုတ်ပြန်ခြင်းသည် MONREC နှင့် သက်ဆိုင်ပါသည်။

# ၂၅ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန

၂၀၁၄-၂၀၁၅ နှင့်၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယ နှင့် တတိယအကြိမ် အစီရင်ခံစာများ

## အကြံပြုချက်များ

**မှတ်ပုံတင်ခြင်း၊နောက်ကြောင်းခြေရာခံလိုက်ခြင်းနှင့် ကျောက်မျက် တန်ဖိုးသတ်မှတ်ခြင်းများ မရှိခြင်း**

ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍနှင့် ပတ်သက်၍ NGO များက အဓိကဝေဖန်ကြသည့်ကိစ္စများထဲမှ တစ်ခုမှာ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းစဉ်တစ်လျှောက် မပြည့်မစုံ စစ်ဆေးမှုများပင်ဖြစ်သည်။ အကျိုးသက်ဆိုင်သူ  အများအပြားကို ယခု အစီရင်ခံစာ ရေးသားပြုစုရန် တွေ့ဆုံမေးမြန်းမှုများအရ မြန်မာနိုင်ငံတွင် ထုတ်လုပ်သော ကျောက်မျက် ထက်ဝက်ကျော်မှာ ထုတ်ပြန်ကြေညာခြင်း(မှတ်ပုံတင်ခြင်း)မရှိဘဲ (တစ်နည်းအားဖြင့် အစိုးရကို တင်ပြခြင်းမရှိဘဲ) တရားဝင်ပြဋ္ဌာန်းထားသော စနစ်ကို ကျော်လွန် လုပ်ဆောင်လျက်ရှိကြောင်း ခန့်မှန်းကြသည်။

အထက်ပါ အပိုင်း(၃.၃.၆)တွင် ဖော်ပြထားသည့်အတိုင်း မြန်မာနိုင်ငံတွင် ကျောက်မျက်ရတနာများ၏ တန်ဖိုးကို မြန်မာကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ အခြားသော အစိုးရဌာနများ (ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ လွှတ်တော်)၊ မြန်မာနိုင်ငံ ကျောက်မျက်နှင့် ကျောက်စိမ်းလုပ်ငန်းရှင်များအသင်း (MGJEA) တို့မှ ကိုယ်စားလှယ်များနှင့် ပြင်ပကျွမ်းကျင်သူတစ်ဦးတို့ ပါဝင်သော ကျောက်မျက်တန်ဖိုးဖြတ် ကော်မတီက တန်ဖိုးသတ်မှတ်သည်။ ယင်းကော်မတီ၏ ဥက္ကဋ္ဌမှာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ အရာရှိတစ်ဦးဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံမှုများနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ ဒေသဆိုင်ရာရုံးခွဲသို့ ကွင်းဆင်း သွားရောက်ခြင်းတို့အရ ထိုသို့ကျောက်မျက်များကို တန်ဖိုးဖြတ်ခြင်း ပြီးသွားသောအခါ ကျောက်မျက်တန်ဖိုးကို လွတ်လပ်သော စာရင်းစစ်ခြင်းများ (သို့မဟုတ်) ပြန်လည် စစ်ဆေးခြင်းများ မရှိကြောင်း သိရှိရပါသည်။

လက်ရှိကျင့်သုံးနေသောစနစ်များသည် ကျောက်မျက်တန်ဖိုး သတ်မှတ်ရာတွင် အသုံးပြုသော နိုင်ငံတကာ ကောင်းမွန်သော စံ၊ အလေ့အထများနှင့် ကွာဟနေပါသည်။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် အခြား အစိုးရဌာနများမှ ကိုယ်စားလှယ် (တာဝန်ရှိသူ)များတွင် ကျောက်မျက်တန်ဖိုးကို လွတ်လပ်၍ အမှီအခိုကင်းစွာ တန်ဖိုးဖြတ်ရန် လျော်ကန်သင့်တော်သော ကျွမ်းကျင်မှုနှင့် ဈေးကွက်အနေအထား သိရှိမှု ရှိ/မရှိမှာ မရှင်းလင်းပေ။ တန်ဖိုးဖြတ်ခြင်းကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြင်ပကျွမ်းကျင် ပညာရှင်တစ်ဦးတို့၏ ကိုယ်ပိုင် လုပ်ပိုင်ခွင့်ပေါ်တွင်သာ ကန့်သတ်ထားပေသည်။

ထို့အပြင် ကျောက်မျက်များ ထုတ်လုပ်ကြောင်း ထုတ်ပြန်ကြေညာခြင်း (မှတ်ပုံတင်ခြင်း) လုပ်ငန်းစဉ်သည် လျော်ကန်၊ ထိရောက်သော လုပ်ထုံးလုပ်နည်းများကို မလိုက်နာကြောင်း မှတ်သားရပါသည်။ ဤကိစ္စရပ်နှင့် ပတ်သက်၍ တစ်ခုတည်းသော ဥပဒေပြဋ္ဌာန်းချက်မှာ ကျောက်မျက်ဥပဒေတွင် "ထုတ်လုပ်ထားသော ကျောက်မျက်အရိုင်းတုံးများကို မှတ်ပုံတင်ရန် ပျက်ကွက်ခြင်းသော်လည်းကောင်း၊ အမှန်တကယ် ထုတ်လုပ်ထားသော ကျောက်မျက်အရိုင်းတုံးများကို မှတ်ပုံတင်ရန် ပျက်ကွက်ပြီး အစားထိုး ကျောက်မျက်အရိုင်းတုံးကို မှတ်ပုံတင်ခြင်းသော်လည်းကောင်း ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထောင်ဒဏ် အနည်းဆုံး၇ နှစ်မှ အများဆုံး ၁၅ နှစ်နှင့် ငွေဒဏ်လည်း ချမှတ်ခံရမည်" ဖြစ်ကြောင်း၊ မှတ်ပုံမတင်ထားသော ကျောက်မျက်များကို ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချခွင့် မရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

မြန်မာနိုင်ငံတွင် ကျောက်တွင်းမှ ဈေးကွက်အထိ နောက်ကြောင်း ခြေရာခံလိုက်နိုင်မှုသည် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရန် ကောင်းမွန်အောင် လုပ်ရန် လိုအပ်သည်။ နိုင်ငံတကာစံနှုန်းများတွင် ကျောက်မျက် ရင်းမြစ်များ၊ ကျောက်မျက် တူးဖော်ထုတ်လုပ်သော ကုန်စည်ကွင်းဆက်၊ ကျင့်ဝတ်သိက္ခာနှင့်ညီသော၊ ရေရှည်တည်တံ့ ခိုင်မြဲသည့် လုပ်ငန်းပုံစံများ၏ ပို၍ တာဝန်ယူမှုရှိရန် လိုအပ်သည်။ ကျောက်မျက်ကဏ္ဍတွင် ပွင့်လင်းမြင်သာမှု၊ နောက်ကြောင်း ခြေရာခံလိုက်နိုင်မှုနှင့် မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းတို့သည် အလွန်အရေးကြီးပြီး စီးပွားရေးလုပ်ငန်း ကဏ္ဍအားလုံးတွင် ပိုမိုကျယ်ပြန့်သော တာဝန်ခံမှုဘက်သို့ သွားနေသည့် ကမ္ဘာ့ခေတ်ရေစီးကြောင်း တိုးမြင့်လာခြင်းကို ထင်ဟပ်နေပါသည်။

ထို့အပြင် နောက်ကိစ္စတစ်ရပ်မှာ ကျောက်မျက်များကို နိုင်ငံတကာစံနှုန်းများနှင့်အညီ လွတ်လပ်စွာ အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်သော အစိုးရနှင့် ပုဂ္ဂလိက ဓာတ်ခွဲခန်း အရေအတွက်မှာ မြန်မာနိုင်ငံတွင် ယခုအထိ အလွန် နည်းပါးနေသေးသည်။

**အကြံပြုချက်များ**

၁။ စွမ်းဆောင်ရည် တည်ဆောက်ခြင်း

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် ပြန်လည်သုံးသပ်ချက် တစ်ခုကို ဆောင်ရွက်ပြီး ဝန်ထမ်းများ၏ ကျွမ်းကျင်မှု မြှင့်တင်ရေးကို ထည့်သွင်း စဉ်းစားရန်နှင့် နည်းပညာပိုင်း ကျွမ်းကျင်ပြီး အတွေ့အကြုံရှိသည့် ကျောက်မျက်ကျွမ်းကျင် ပညာရှင်များကို ငှားရမ်းရန် အကြံပြုလိုပါသည်။

စောင့်ကြည့်လေ့လာမှုနှင့်ကြီးကြပ်ကွပ်ကဲမှု အားနည်းခြင်းကြောင့် ဘဏ္ဍာငွေများ စွန့်လွှတ်ရခြင်းနှင့် တရားမ ဝင်ကျောက်မျက်ကဏ္ဍ ကြီးထွားလာခြင်း ဖြစ်စေသဖြင့် ထိုအားနည်းချက်များကို စတင်ကိုင်တွယ်ဖြေရှင်းရန် သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့၏ စွမ်းဆောင်ရည်နှင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုတို့ကို အားကောင်းအောင် ဆောင်ရွက်ရမည်။ အစိုးရ ဌာနများမှ ဝန်ထမ်းများ၏ စောင့်ကြည့်လေ့လာခြင်းနှင့် ဥပဒေကို လိုက်နာစေရန် အရေးယူ ဆောင်ရွက် ခြင်းဆိုင်ရာစွမ်းဆောင် ရည်များကိုလည်း တည်ဆောက်သင့်ပါသည်။

**၂။ ကျောက်မျက်ကဏ္ဍ စီမံအုပ်ချုပ်မှု မူဘောင်**

ကျောက်မျက်ထုတ်လုပ်မှုသာမက လိုင်စင်များချပေးခြင်း၊ တန်ဖိုးဖြတ်ခြင်း၊ ပြည်ပတင်ပို့ခြင်း၊ ရောင်းချခြင်းတို့ အပါအဝင် ကျောက်မျက်ကဏ္ဍ စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်စေရန် အမျိုးသားအဆင့် ကျောက်မျက် ကဏ္ဍမူဝါဒတစ်ခုကို ရေးဆွဲခြင်း၊ ဆက်စပ်နေသည့် ကျောက်မျက်ဥပဒေမူဘောင်အား ပြန်လည်သုံးသပ်ခြင်း၊ ကျောက်မျက်ထုတ်လုပ်မှုအား စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်းတို့အတွက် သင့်တော်သည့်စနစ်များ၊ လုပ်ထုံးလုပ်နည်းများရေးဆွဲခြင်းတို့ကို လုပ်ဆောင်ရန် အကြံပြုလိုက်ပါသည်။

**၃။ တန်ဖိုးဖြတ်သည့် လုပ်ထုံးလုပ်နည်းများ**

သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနကို အောက်ပါအတိုင်း အကြံပြုလိုက်ပါသည် -

- ❖ ကျောက်မျက်တန်ဖိုးဖြတ်ခြင်း လုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်ပြီး ကဏ္ဍဈေးကွက်များနှင့် တန်ဖိုးဖြတ်သည့်နည်းစနစ်များကို ကျယ်ပြန့်နက်နဲစွာ သိရှိနားလည်သော ပြင်ပ တန်ဖိုးဖြတ်ပညာရှင်များ ထည့်သွင်းဆောင်ရွက်စေခြင်းနှင့် မျှတသော တန်ဖိုး/ ဈေးကွက်ပေါက်ဈေးတို့ဖြင့် ပြန်လည် တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်ရန်သတ်မှတ်ခြင်းအားဖြင့် တန်ဖိုးဖြတ် လုပ်ငန်းစဉ်ကို ပိုမိုခိုင်မာ အားကောင်းအောင် လုပ်ဆောင်ရန်။
- ❖ တန်ဖိုးဖြတ်ကော်မတီ၏ အစည်းအဝေးမှတ်တမ်းများတွင် တန်ဖိုးဖြတ်နည်းစနစ်ကို ရှင်းလင်း တိကျစွာ ဖော်ပြခြင်း

ကို ရွေးချယ်ဆောင်ရွက်ရန်၊ စာရင်းစစ်ဆေးမှုများနှင့် ကျောက်မျက်များ၏ တန်ဖိုးဖြတ်မှုနှင့် ကျောက်မျက်ရတနာပြပွဲတွင် ယင်းကျောက်မျက်များ၏ ရောင်းဈေးများအကြား စာရင်းတိုက်ဆိုင် စစ်ဆေးခြင်းများ အလျဉ်းသင့် သလိုဆောင်ရွက်ပြီး ထုတ်လုပ်မှုအပေါ် ခိုင်ကြေးများ ကောက်ယူရာတွင် လိုငွေများ တစ်စုံတစ်ရာ ရှိ၊ မရှိကို ဆုံးဖြတ်ရန်။

**၄။ တာဝန်ခံမှုရှိသော သတ္တုတူးဖော်မှုနှင့် နောက်ကြောင်း ခြေရာခံလိုက်နိုင်မှု**

သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအား အောက်ပါအချက်များကို စဉ်းစားဆောင်ရွက်သွားရန် အကြံပြုပါသည် –

- ❖ တာဝန်ခံမှုရှိစွာ တူးဖော်ထုတ်ယူသည့် ကျောက်မျက်များအတွက် နိုင်ငံတကာမှ ဝယ်လိုအား တိုးလာခြင်းကို ပြည့်မီစေရန် တာဝန်ခံမှုရှိသော တူးဖော်ထုတ်လုပ်ရေးအတွက် နိုင်ငံတကာ စံချိန်စံညွှန်းများကို ကျောက်တွင်းများ စတင်လိုက်နာကျင့်သုံးမှုကို တိုက်တွန်းအားပေးရန်။
- ❖ ကျောက်တွင်းမှ ဈေးကွက်အထိ နောက်ကြောင်း ခြေရာခံလိုက်နိုင်စွမ်းရှိသော စနစ်တစ်ခုကို တည်ထောင်နိုင်မည့် အနာဂတ်အလားအလာများကို စူးစမ်းရှာဖွေခြင်း၊ ဤစနစ်သည် အခြားသော ပေါ်ထွန်းစပြုနေသည့် အလားတူနိုင်ငံတကာ လုပ်ဆောင်ချက်များနှင့်လည်း ကိုက်ညီရပါမည်။ (သာဓကများကိုလေ့လာရန် အခန်းအဆုံး မှတ်စုကို ကြည့်ပါ။) ကင်ဘာလေလုပ်ငန်းစဉ်(Kimberley Process)သည် စိန်ထုတ်လုပ်သော နိုင်ငံများတွင် “ပဋိပက္ခ” ဖြစ်စေသည့် စိန်ရိုင်းတုံးများ စီးဆင်းမှုကို တားဆီးရန်အတွက် တည်ထောင်ထားသည့် နိုင်ငံတကာ အကျိုးသက်ဆိုင်သူပေါင်းစုံပါဝင်သည့် အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်ထုတ်ပေးသည့် ယန္တရားတစ်ခုဖြစ်ပါသည်။ အခြားသော နိုင်ငံတကာ လုပ်ဆောင်ချက်များသည်လည်း ပေါ်ထွန်းလျက်ရှိပြီး အများစုသည် (အရောင်စုံသောကျောက်မျက်များမဟုတ်ဘဲ) စိန်နှင့် တန်ဖိုးမြင့်သော သတ္တုများကို အဓိကထားခြင်းများပေးသည်။ မြန်မာနိုင်ငံသည် ဒေသန္တရအကျိုးသက်ဆိုင်သူများ၊ ကျောက်မျက်တင်ပို့နေသည့် နိုင်ငံများနှင့်ဆွေးနွေးပြီး အလားတူ အသိအမှတ်ပြု မှတ်ပုံတင် လက်မှတ်ပေးသည့် လုပ်ငန်းစဉ်တစ်ခုကို အကောင်အထည် ဖော်ဆောင်ခြင်းအားဖြင့် ပဋိပက္ခကျောက်မျက်ရတနာများသည် တရားဝင်ဈေးကွက်သို့ ဝင်ရောက်ခြင်းမှ ကာကွယ်ရေးကိုထည့်သွင်း စဉ်းစားရန် စတင်ဆွေးနွေးသင့်ပါသည်။ နိုင်ငံတကာ အသိအမှတ်ပြုသည့် မှတ်ပုံတင် လက်မှတ်တစ်ခုကို ဖန်တီးခြင်းအားဖြင့် တရားမဝင် ကျောက်မျက်ကဏ္ဍကို တိုက်ဖျက်ရာတွင် ထောက်ကူ ပေးနိုင်သလို ကျောက်မျက် အရိုင်းတုံးများ တရားမဝင် မှောင်ခိုရောင်းချခြင်းနှင့် လက်နက်ကိုင် ပဋိပက္ခနှင့် ဆက်စပ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအကြား ချိတ်ဆက်မှုကိုလည်း ဖြတ်တောက်ရာတွင် ထောက်ကူပေးနိုင်ပါသည်။ သို့သော် မည်သို့ လုပ်ဆောင်ချက်မျိုးမဆို ဌာနဆိုင်ရာများ၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကို ရှင်းလင်းစွာခွဲခြား သတ်မှတ်ခြင်း၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ ကဏ္ဍအလိုက် စီမံအုပ်ချုပ်မှု မူဘောင် တစ်ခုတို့ကို ထူထောင်ခြင်းတို့အပါအဝင် ဤအစီရင်ခံစာတွင် ပါဝင်သည့် အခြား သောအကြံပြုချက်များကို အကောင်အထည် ဖော်ဆောင်ခြင်းများ ဦးစွာလုပ်ဆောင်ပြီးမှသာလျှင် ဆောင်ရွက်သင့်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ မှတ်ချက်များ**

(က) ကျောက်မျက်ရတနာထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းစဉ်တစ်လျှောက် ကျောက်မျက်ရတနာရောင်းဝယ်မှုနှင့် ပတ်သက်၍ နိုင်ငံတော်နှင့်အကျိုးတူကုမ္ပဏီများမှာ ထိန်းသိမ်းရလွယ်ကူသော်လည်း ပုဂ္ဂလိကကုမ္ပဏီများမှာ ခက်ခဲပါ

ကြောင်း၊ ယခုအစိုးရသစ်လက်ထက်တွင် ကျောက်မျက်ရတနာကို အထောက်အကူပြုမည့် မူဝါဒများရေးဆွဲရန်အတွက် ကျောက်မျက်ရတနာကဏ္ဍအထောက်အကူပြုရေး ကော်မတီ (Supporting Committee) ကို အစိုးရ၊ လုပ်ငန်းရှင်၊ အရပ်ဖက်စသည့် သုံးပွင့်ဆိုင်ကိုယ်စားလှယ်အဖွဲ့ဝင် (၂၂) ဦးဖြင့် ဖွဲ့စည်းထားပြီး ဒေသခံများ၏ အသံ ကို နားထောင်ရန် ကျောက်မျက်လုပ်ငန်းရှင်များ လုပ်ကိုင်နေသည့် ဒေသများဖြစ် သည့် မြစ်ကြီးနား၊ မိုးကောင်း၊ မုံရွာ၊ မန္တလေးမြို့များတွင် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပြီး ကျောက်မျက်ရတနာနှင့်ပတ်သက်၍ သင့်လျော်သည့် အခွန်နှုန်းထားများ သတ်မှတ်ရန်နှင့် ကျောက်မျက်ရတနာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ နောက်ဆုံး မူကြမ်း အဖြစ် အတည်ပြုပြီးထားသော မြန်မာ့ကျောက်မျက်ရတနာမူဝါဒဖော်ပြချက် (Policy Statement) (၃၆) ခု အပေါ် သဘောထားများ၊ အကြံပြုချက်များရရှိနိုင်ရေး ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၊ အရပ်ဖက်အဖွဲ့ အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများသို့ တောင်းခံခြင်း၊ Online ပေါ်သို့တင်၍ Publish Counsel တောင်းခံခြင်းများ ဆောင်ရွက်ထားပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှတ်ချက်များ**

**မှတ်ပုံတင်ခြင်း**

(က) လုပ်ကိုင်ခွင့်ပြုမိန့်ရပုဂ္ဂလိကလုပ်ကွက်များနှင့် နိုင်ငံတော်နှင့်အကျိုးတူ ကုမ္ပဏီများမှ ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာရိုင်းများကို တန်ဖိုးဖြတ်အဖွဲ့သို့ လာရောက်ပြသစေ၍ ၎င်းကျောက်မျက်ရိုင်းများ၏ အမျိုးအစား၊ အရည်အသွေး၊ အရေအတွက်၊ အလေးချိန်နှင့် အရွယ်အစားတို့ကို မှတ်တမ်းပြုစုပြီး တန်ဖိုးဖြတ်အဖွဲ့မှ မှတ်ပုံတင်ခြင်းနှင့် တန်ဖိုးသတ်မှတ်ခြင်းများကို ဆောင်ရွက်ပြီး ပတ္တမြား/ နီလာ၊ ကျောက်စိမ်း ဖြစ်ပါက (၂၀%)၊ အခြားကျောက်မျက်များ ဖြစ်ပါက (၁၀%) ရတနာခွန်ပေးဆောင်စေပါသည်။

(ခ) ယခုအခါ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြဌာန်းခဲ့ပြီး ဥပဒေအသစ်အရ ပတ္တမြား/ နီလာ၊ ကျောက်စိမ်း ဖြစ်ပါက (၁၀%)၊ အခြားကျောက်မျက်များဖြစ်ပါက (၅%) ရတနာခွန် ပေးဆောင်စေပြီး နောင်ထွက်ရှိမည့် နည်းဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နောက်ကြောင်းလိုက်ခြင်း**

(က) (၃၀.၁.၂၀၁၉)ရက်နေ့တွင် ထွက်ရှိမည့် ကျောက်မျက်ဥပဒေ အခန်း(၆)၊ ပုဒ်မ(၂၁)၊ ပုဒ်မခွဲ(စ)တွင် လုပ်ကိုင်ခွင့်ရရှိသည့်လုပ်ကွက်တစ်ခုချင်းအလိုက် ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်မှု၊ တွင်းဝခွန်ပေးဆောင်မှု၊ ရတနာခွန် ပေးဆောင်မှု၊ ရောင်းချမှုနှင့် ကျန်ရှိမှုကို ခွင့်ပြုမိန့်ထုတ်ပေး သည့် ဌာန(သို့) အဖွဲ့အစည်းသို့ (၆)လတစ်ကြိမ် မပျက်မကွက် တင်ပြရမည်။

**ကျောက်မျက်တန်ဖိုးသတ်မှတ်ခြင်း**

(က) ကျောက်မျက်/ကျောက်စိမ်းရိုင်းများကိုတန်ဖိုးဖြတ်ရာတွင်နှုန်းထားသတ်မှတ်ချက်ကိုရတနာပြပွဲရောင်းချရမှု အပေါ်အခြေခံ၍လည်းကောင်း၊ ခေတ်နှင့်လျော်ညီသောပြင်ပဈေးကွက်ပေါက်ဈေးများအပေါ်အခြေခံ၍လည်းကောင်း၊ နိုင်ငံတကာကျောက်မျက်ပြပွဲများသို့ သွားရောက် လေ့လာ၍ ဈေးကွက်အခြေအနေများအပေါ်အခြေခံ၍လည်းကောင်း သတ်မှတ်ပါသည်။

(ခ) ရတနာနယ်မြေအသီးသီးမှ ထွက်ရှိလာသည့် ကျောက်မျက်ရိုင်းများကို တွင်းဝရတနာခွန် ကောက်ခံရန် အတွက် တန်ဖိုးသတ်မှတ်သည့် တန်ဖိုးဖြတ်အဖွဲ့များကို ယခင်ကာလများက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ် ရေးလုပ်ငန်းမှ အရာထမ်း / အမှုထမ်းများနှင့် ကျောက် မျက်ကျွမ်းကျင်သူများဖြင့်သာ ပါဝင်ဖွဲ့စည်းခဲ့ရာမှ အစိုးရသစ် တာဝန်ယူပြီး မျက်မှောက်ခေတ်တွင် ပိုမိုပွင့်လင်းမြင်သာစေရေးအတွက် တိုင်းဒေသကြီးအစိုးရ/ ပြည်နယ်အစိုးရအဖွဲ့ နှင့် လွှတ်တော်များမှ ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများပါဝင်သည့်အဖွဲ့များ၊ မြို့နယ်အခွန်ဦးစီးဌာနမှ ကိုယ်စားလှယ်၊ ကျောက်မျက်အသင်းမှကိုယ်စားလှယ်၊ ကျောက်စိမ်း၊ ကျောက်မျက်လုပ်ငန်း ရှင်ကိုယ်စားလှယ်များနှင့် တတိယအဖွဲ့ (Third Party)များကို ဖွဲ့စည်းခဲ့ပါသည်။

(ဂ) (၃၀.၁.၂၀၁၉)ရက်နေ့တွင်ထွက်ရှိသည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ဝန်ကြီးဌာနသည် အလတ်စား တူးဖော်ထုတ်လုပ်ခြင်းအတွက် တန်ဖိုးဖြတ်အဖွဲ့ ဖွဲ့စည်းရာတွင် ကျောက်မျက်ရတနာဆိုင်ရာ ပညာရှင်များ၊ ကျွမ်းကျင် သူများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး (သို့) ပြည်နယ် အစိုးရအဖွဲ့က ရွေးချယ်တာဝန်ပေးအပ်သူများနှင့် အခြားသင့် လျော်သူများပါဝင်ပါသည်။

(ဃ) ဥပဒေသစ်အရ သက်ဆိုင်ရာတိုင်းဒေသကြီး (သို့) ပြည်နယ်အစိုးရသည် အသေးစားနှင့် လက်လုပ်လက်စား အတွက် ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ တန်ဖိုးဖြတ်အဖွဲ့ ဖွဲ့စည်းရာတွင် ကျောက်မျက်ရတနာဆိုင်ရာပညာရှင်များ၊ ကျွမ်း ကျင်သူများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့က ရွေးချယ်တာဝန်ပေးအပ်သူများနှင့် အခြားသင့်လျော်သူ များ ပါဝင်ပါသည်။

(င) လုပ်ကိုင်ခွင့်ပြုမိန့်ရပုဂ္ဂလိကကုမ္ပဏီများနှင့်နိုင်ငံတော်နှင့်အကျိုးတူကုမ္ပဏီများမှ တူးဖော်ရရှိသည့် ကျောက် မျက်ရတနာအရိုင်းများကို ရတနာခွန်ပေးဆောင်ပြီးနောက် ရတနာပြပွဲတင်ပြ ရောင်းချရပါက အခွန်ကောက်ဥပဒေ ဖြင့်ကောက်ခံပြီး ရောင်းချရသည့်တန်ဖိုး၏ (၃ %)ကို ဝန်ဆောင်ခအဖြစ်လည်းကောင်း၊ အထူးကုန်စည်ခွန်ကို ကျောက် စိမ်း ရိုင်းလျှင် ( ၁၅ % )နှင့် ကျောက်မျက်ရိုင်းလျှင် ( ၁၀ % ) အဖြစ်လည်းကောင်း ပေးဆောင်စေပါသည်။

# ၂၆ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊

**၂၀၁၄-၂၀၁၅ နှင့်၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယ နှင့် တတိယအကြိမ် အစီရင်ခံစာများ**

## အကြံပြုချက်များ

**ကျောက်မျက်ကဏ္ဍ ဌာနဆိုင်ရာနှင့် ဖွဲ့စည်းလည်ပတ်ပုံ ပြုပြင်ပြောင်းလဲရေး**

အထက်ပါ အခန်း(၃.၃.၆)တွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏

အဓိက အခန်းကဏ္ဍမှာ ကျောက်မျက်အရိုင်းထုတ်လုပ်မှုနှင့် ကျောက်မျက် ကုန်ချောထုတ်လုပ်မှုတို့အတွက် သတ္တုတွင်း ဥပဒေနှင့် ကျောက်မျက်ဥပဒေတို့နှင့်အညီ အခွန်များ စည်းကြပ်ရန်ဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာရောင်း ဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်ကိုယ်စား ဖက်စပ်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်သလို၊ ကျောက်မျက် ရတနာပြပွဲများ ကျင်းပပြီး၊ ကျောက်မျက်နှင့် ကျောက်စိမ်းပါမစ်များ ထုတ်ပေးပါသည်။ ထို့ကြောင့် မူဝါဒချမှတ်သူ၊ စည်းကြပ်အုပ်ချုပ်သူသာမက ဖက်စပ်လုပ်ငန်းတွင် မိတ်ဖက်အဖြစ် ဆောင်ရွက်သည့် ယင်း၏အခန်းကဏ္ဍအတွင်း ပင်ရင်းစွဲ အကျိုးစီးပွား ပဋိပက္ခ ရှိနေပါသည်။

တည်ဆဲလုပ်နည်းကိုင်နည်းပုံစံများသည် နိုင်ငံတော်ပိုင်လုပ်ငန်းများကို စီမံအုပ်ချုပ်ရာတွင် နိုင်ငံတကာ အကောင်းဆုံး စံချိန်စံညွှန်းများနှင့် မမီပါ။ ဤတာဝန်များအားလုံး စုပေါင်းခြင်းကို မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ အနည်းအကျဉ်းသာရှိသော လုပ်နိုင်ကိုင်နိုင်စွမ်းနှင့် တွဲလိုက်သောအခါ အကျိုးစီးပွား ပဋိပက္ခဖြစ်ရန် ကြီးမားသော အန္တရာယ် ဖြစ်ပေါ်လာပါသည်။

မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ များစွာသော အခန်းကဏ္ဍတို့ကို စီမံခန့်ခွဲရန် ဝန်ထမ်းများတွင် နည်းပညာကျွမ်းကျင်မှုနှင့် အတွေ့အကြုံ အလုံအလောက်ရှိသော ဝန်ထမ်းများရှိရန် လိုအပ်ခြင်းကြောင့် လူ့စွမ်းအားရင်းမြစ် စွမ်းဆောင်ရည်သည်လည်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းအတွက် ပြဿနာတစ်ရပ် ဖြစ်သည်။ လုံးခင်တွင် ရှိသော မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ ဒေသဆိုင်ရာ ရုံးခွဲသို့ ကွင်းဆင်းလေ့လာစဉ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းစဉ်က မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် ထုတ်လုပ်ရေး လုပ်ကွက်တစ်ခုတိုင်းတွင် ဝန်ထမ်းသုံးဦး ခန့်ထားလေ့ ရှိခဲ့ကြောင်း သိရှိခဲ့ရပါသည်။ လက်ရှိတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် ဝန်ထမ်းဦးရေနည်းပါးမှုကြောင့် ထုတ်လုပ်ရေး လုပ်ကွက်တစ်ခုတွင် ဝန်ထမ်းတစ်ဦးသာ ခန့်ထားနိုင်ကြောင်း တွေ့ရသည်။

**အကြံပြုချက်**

မြန်မာနိုင်ငံ ကျောက်မျက်ကဏ္ဍအတွင်း ဌာနဆိုင်ရာနှင့် ဖွဲ့စည်းလည်ပတ်ပုံ ပြုပြင်ပြောင်းလဲရေးအတွက် အစိုးရမှ ထည့်သွင်းစဉ်းစားသည့်အခါတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ အခန်းကဏ္ဍများကို ပြန်လည်သုံးသပ်ရန်နှင့် ယင်းတို့ကို နိုင်ငံတကာအကောင်းဆုံး လုပ်ထုံးလုပ်နည်းများနှင့် ညီအောင် လုပ်ဆောင်ရန် အကြံပြုလိုပါသည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် အခြားဦးစီးဌာနများ၏ (သတ္တုတွင်း ဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန စသည်)တို့၏ အခန်းကဏ္ဍကို ဥပဒေ၊ နည်းဥပဒေများတွင် ရှင်းလင်းစွာ သတ်မှတ်ဖော်ပြထားသင့်ပါသည်။ မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ အခန်းကဏ္ဍများဖြစ်သော စည်းကြပ်၊ စောင့်ကြည့်အုပ်ချုပ်သူအဖြစ် လုပ်ဆောင်ခြင်းနှင့် ဖက်စပ်လုပ်ငန်းများတွင် မိတ်ဖက်အဖြစ် လုပ်ဆောင်ခြင်းကိုသီးခြား ခွဲခြားရန် စဉ်းစားသင့်ပေသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ မှတ်ချက်များ**

(က) ဝန်ထမ်းများ၏ နည်းပညာကျွမ်းကျင်မှုနှင့် အတွေ့အကြုံလိုအပ်မှုသည်လည်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအတွက်လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာစိန်ခေါ်မှုတစ်ရပ်ဖြစ်ရာလက်ရှိအခြေအနေတွင်မြန်မာ့

ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများကို ပြည်တွင်းရှိ တက္ကသိုလ်များတွင် ကျောက်မျက်ပညာရပ်ဆိုင်ရာဒီပလိုမာသင်တန်းများနှင့် ဘူမိဗေဒဆိုင်ရာ မဟာသိပ္ပံသင်တန်းများသို့ တက်ရောက်စေခြင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားစေရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်စေရေးတို့အတွက် အင်္ဂလိပ်စာစွမ်းရည်မြင့်မားစေရန် ပြည်တွင်းမှ ဆရာများနှင့် အင်္ဂလိပ်စာသင်တန်း (၂) ကြိမ် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး Australia Volunteer International (AVI) မှ စေတနာ ဝန်ထမ်းဆရာမ Dr. Kathleen Violet Harting ကလည်း English Proficiency Training Course ကို သင်တန်းပို့ချပေးလျှက်ရှိပါသည်။ ထို့အပြင်သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေးဆိုင်ရာ နည်းပညာအတွက် AVI မှ စေတနာ့ဝန်ထမ်းပညာရှင် Mr. Shane Anthony Langdon က Environmental Management သင်တန်းပို့ချပြီး ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးဟောပြောပွဲများကို နယ်တူးဖော်ရေးဌာနများတွင် ကျင်းပပြုလုပ်ခြင်း၊ဌာနရှိ အရာထမ်း/အမှုထမ်းများကို ကျောက်မျက်နှင့်လက်ဝတ်ရတနာကဏ္ဍဆိုင်ရာများ လေ့လာနိုင်ရန်အတွက် နိုင်ငံတကာရတနာပြပွဲများသို့ သွားရောက်လေ့လာစေခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

(ခ) ဌာနအတွက် လိုအပ်သောပညာရပ်ဆိုင်ရာ ဘွဲ့ရဝန်ထမ်းများအား ဦးစားပေးခန့်အပ်၍ တူးဖော်ထုတ်လုပ်မှု ရတနာနယ်မြေများတွင် တာဝန်ထမ်းဆောင်စေလျှက်ရှိပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ်နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှသဘောထားမှတ်ချက်များ

### မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ

(က) ဝန်ထမ်းများ၏ နည်းပညာကျွမ်းကျင်မှုနှင့် အတွေ့အကြုံလိုအပ်မှုသည်လည်း မြန်မာ့ကျောက် မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအတွက် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ရာ လက်ရှိအခြေအနေတွင် မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများကို ပြည်တွင်းရှိ တက္ကသိုလ်များတွင် ကျောက်မျက်ပညာရပ်ဆိုင်ရာ ဒီပလိုမာသင်တန်းများနှင့် ဘူမိဗေဒဆိုင်ရာ မဟာသိပ္ပံသင်တန်းများသို့ တက်ရောက်စေခြင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင် ရည်မြင့်မားစေရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်စေရေးတို့အတွက် အင်္ဂလိပ်စာ စွမ်းရည်မြင့်မားစေရန် ပြည်တွင်းမှ ဆရာများနှင့် အင်္ဂလိပ်စာ သင်တန်း(၂)ကြိမ် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး Australian Volunteer Program (AVP)မှ English Proficiency Training Course ကို ယခုအချိန်ထိ ဆက်လက်၍ သင်တန်းပို့ချပေးလျှက်ရှိပါသည်။ AVP မှ သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးပညာရပ်သင်တန်း(၁)ကြိမ် ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ ဌာနရှိအရာထမ်း/ အမှုထမ်းများကို ကျောက်မျက်နှင့် လက်ဝတ်ရတနာ ကဏ္ဍဆိုင်ရာများလေ့လာနိုင်ရန်အတွက် နိုင်ငံတကာ ရတနာပြပွဲများကို သွားရောက်လေ့လာစေခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

### ဘူမိဗေဒလေ့လာရေးနှင့် ဓါတ်သတ္တုရှာဖွေရေးဦးစီးဌာန၏မှတ်ချက်များ

ဘူမိဗေဒလေ့လာရေးနှင့် ဓါတ်သတ္တုရှာဖွေရေးဦးစီးဌာနအနေဖြင့် ဘူမိဗေဒဆိုင်ရာ စမ်းသပ်တိုင်း တာလေ့လာဆန်းစစ်မှုများအား လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပေါင်းစပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ညှိနှိုင်းပေးပို့ အပ်ပါသည်။

# ၂၇ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန

၂၀၁၄-၂၀၁၅ နှင့်၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယ နှင့် တတိယအကြိမ် အစီရင်ခံစာများ

## အကြံပြုချက်များ

**လိုင်စင်မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော အချက်အလက်များ ပြီးပြည့်စုံမှု**

EITI စံနှုန်းအရ အကောင်အထည်ဖော်သည့် နိုင်ငံများသည် EITI အစီရင်ခံစာပါ ကုမ္ပဏီများနှင့် ပတ်သက်သည့် လိုင်စင်တစ်ခုချင်းအတွက် ပြည့်စုံ၊ ကျယ်ပြန့်သည့် အချက်အလက်များအပါအဝင် မှတ်ပုံတင်ထားသည့် စနစ် (သို့မဟုတ်) အများပြည်သူ အချက်အလက် ရယူနိုင်သည့် လိုင်စင်စာရင်း မှတ်တမ်းများထားရှိရမည်။ ထိုမှတ်တမ်းတွင် အောက်ပါအချက်အလက်များ ပါဝင်သင့်သည် –

(၁) လိုင်စင်ကိုင်ဆောင်ထားသူ(များ)၊

(၂) လိုင်စင်ဧရိယာ၏ကိုသြဒိနိတ်များ၊

(၃) လျှောက်လွှာတင်သည့် ရက်စွဲ၊ လိုင်စင်ရသည့် ရက်စွဲနှင့် လိုင်စင်သက်တမ်းနှင့်

(၄) ထုတ်လုပ်မှုလိုင်စင်ဆိုပါက ထုတ်လုပ်သည့် ကုန်စည်အမျိုးအစား ဖြစ်ပါသည်။

ထိုကဲ့သို့ မှတ်တမ်းများ မရှိပါက(သို့မဟုတ်) မပြည့်စုံပါက EITI အစီရင်ခံစာတွင် အထက်ပါအချက်အလက်များ ထည့်သွင်းပေးရပါမည်။

အချို့သောကိစ္စရပ်များတွင် ခွင့်ပြုထားသည့် သတ္တုလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့စာချုပ်များ/ ခွင့်ပြုချက်များ၏ စာရင်းတွင် လျှောက်လွှာတင်သည့် ရက်စွဲ၊ ခွင့်ပြုချက် (သို့မဟုတ်) လိုင်စင်ရသည့် ရက်စွဲနှင့် လိုင်စင်သက်တမ်းနှင့် လုပ်ငန်း ထုတ်လုပ်ခွင့်ရ နယ်မြေ နယ်ခြားအမှတ်အသားများ မပါဝင်ကြောင်း သိရှိထားပါသည်။

**အကြံပြုချက်**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနတို့အား ဝန်ကြီးဌာန ဝက်ဘ်ဆိုက်မှတဆင့် သတင်းအချက်အလက်များကိုအများပြည်သူ ရယူနိုင်စေရန် မှတ်တမ်းများတွင် ထိုအချက်အလက်များကို စနစ်တကျထည့်သွင်းရန် အကြံပြုလိုက်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ဒုတိယအကြိမ် နှင့် တတိယအကြိမ် အစီရင်ခံစာများတွင် ပါဝင်သည့် မှတ်ချက်များ**

**သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ**

သတ္တုကဏ္ဍ၏ လိုင်စင်ဆိုင်ရာ အချက်အလက်များကို လျှောက်လွှာတင်သည့် နေ့စွဲမှလွဲ၍ အခြားအချက်

အလက်များကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သည့် www.mining.gov.mm ၏ သတ္တုတွင်းဦးစီးဌာန ခေါင်းစဉ်အောက်တွင် ဖော်ပြထားပြီး လစဉ်အချက်အလက်သစ်ကို ထည့်သွင်းပေး (update ပြုလုပ်ပေးလျက်ရှိပါသည်။

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

**အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၏ မှတ်ချက်များ**

လိုင်စင်မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော အချက်အလက်များ ပြီးပြည့်စုံမှုနှင့် ပတ်သက်၍ ဝန်ကြီးဌာန Website တွင်ဖော်ပြထားပြီး Update လုပ်ပေးလျက်ရှိပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ မှတ်ချက်များ**

(က) ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး မြန်မာ့ ကျောက်မျက်ရတနာ နည်းဥပဒေကို ရေးဆွဲနေဆဲဖြစ်ပါသည်။ နည်းဥပဒေပြဋ္ဌာန်းပြီးပါက ဥပဒေ/နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ) Mineral Cadastre စနစ်ကျင့်သုံးနိုင်ရန် သတ္တုတွင်းဦးစီးဌာနမှ ဦးစီး၍ Mineral Cadastre Working Group ဖွဲ့စည်း၍ သင်တန်းများပို့ချရန် စီစဉ်ဆောင်ရွက်လျှက် ရှိပါသည်။ အဆိုပါ Working Group တွင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ် ရေးလုပ်ငန်းမှ အရာထမ်း (၂) ဦးပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။

(ဂ) ယခုအခါ သက်တမ်းကုန်ဆုံးသည့်လုပ်ကွက်များစာရင်းကို ဌာနပိုင် Website www.mining.gov.mm တွင် လစဉ် ဖော်ပြလျက်ရှိပါသည်။

**သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ**

အကြံပြုတိုက်တွန်းချက်နှင့်စပ်လျဉ်း၍ သတ္တုကဏ္ဍတွင် လိုင်စင်လျှောက်ထားသည့် ရက်စွဲ ဆိုင်ရာအချက်များအား ယခင်နည်းဥပဒေဟောင်းတွင် မပါဝင်ခဲ့သဖြင့် ဖော်ပြနိုင် ခြင်းမရှိသော်လည်း ၁၃-၂-၂၀၁၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် နည်းဥပဒေအသစ်အရ ၁-၈-၂၀၁၈ ရက်နေ့မှ စတင်၍ လိုင်စင်လျှောက်ထားသည့် အချက်အလက်များကို မိမိ တို့၏ အင်တာနက် Website စာမျက်နှာဖြစ်သည့် www.mining.gov.mm တွင် Up to date ပြုလုပ်၍ ဖော်ပြလျက်ရှိပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မှတ်ချက်များ**

ကုန်းပိုင်းကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ် ခြင်းလုပ်ငန်းများကို လိုင်စင်စနစ်ဖြင့် ဆောင်ရွက်နေခြင်းမဟုတ်ပါ။ အပြည်ပြည်ဆိုင်ရာတင်ဒါများ (International Bidding Round) များကို ပွင့်လင်းမြင်သာစွာခေါ်ယူ၍ သက်ဆိုင်ရာကော်မတီမှ သတ်မှတ်စံချိန်စံညွှန်းများ (Criteria) နှင့်အညီ စိစစ်ရွေးချယ်ကာ တင်ဒါအောင်မြင်သည့်ကုမ္ပဏီများ (Awarded Companies) ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (Myanmar Investment Commission) မှ ခွင့်ပြုမိန့် Production Sharing Contract (PSC) စာချုပ်များချုပ်ဆိုဆောင်ရွက်လျှက်ရှိပါသည်။

တင်ဒါခေါ်ယူသည့်လုပ်ငန်းစဉ်၊ စည်းမျဉ်းစည်းကမ်းများ၊ ရွေးချယ်မှု Criteria များ၊ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများ၊ စာချုပ်ချုပ်ဆိုသည့်ရက်စွဲ၊ လုပ်ကွက်များ၏ Coordinates များနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို MEITI Website ၊ ဝန်ကြီးဌာနဆိုင်ရာ Website နှင့် Social Media တို့တွင်လွှင့်တင်ဆောင်ရွက်ပြီး ဖြစ်ပါသည်။

EMP ကို MONERC မှ Review ပြုလုပ်၍ လိုအပ်သလိုပြင်ဆင်ခြင်း၊ လက်ခံအတည်ပြုခြင်း တို့ကိုပြုလုပ်ပါသည်။ သို့ဖြစ်ပါ၍ EMP နှင့် သက်ဆိုင်သည့် အချက်အလက်များ ထုတ်ပြန်ခြင်းသည် MONREC နှင့် သက်ဆိုင်ပါသည်။

**အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု**
**(ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)**

တစ်စိတ်တစ်ပိုင်းအကောင်အထည်ဖော်ပြီး

**လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မှတ်ချက်များ**

ဆောင်ရွက်ပြီးဖြစ်ပါသည်။

ကုန်းပိုင်းကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ် ခြင်းလုပ်ငန်းများကို လိုင်စင်စနစ်ဖြင့် ဆောင်ရွက်နေခြင်းမဟုတ်ပါ။ အပြည်ပြည်ဆိုင်ရာတင်ဒါများ (International Bidding Round) များကို ပွင့်လင်းမြင်သာစွာခေါ်ယူ၍ သက်ဆိုင်ရာကော်မတီမှ သတ်မှတ်စံချိန်စံညွှန်းများ (Criteria) နှင့်အညီ စိစစ်ရွေးချယ်ကာ တင်ဒါအောင်မြင်သည့်ကုမ္ပဏီများ (Awarded Companies) ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (Myanmar Investment Commission) မှ ခွင့်ပြုမိန့် Production Sharing Contract (PSC) စာချုပ်များချုပ်ဆို ဆောင်ရွက်လျှက် ရှိပါသည်။

တင်ဒါခေါ်ယူသည့်လုပ်ငန်းစဉ်၊ စည်းမျဉ်းစည်းကမ်းများ၊ ရွေးချယ်မှု Criteria များ၊ တင်ဒါ အောင်မြင်သည့် ကုမ္ပဏီများ၊စာချုပ်ချုပ်ဆိုသည့်ရက်စွဲ၊လုပ်ကွက်များ၏Coordinatesများနှင့်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို MEITI Website ၊ ဝန်ကြီးဌာနဆိုင်ရာ Website နှင့် Social Media တို့တွင်လွှင့်တင်ဆောင်ရွက်ပြီး ဖြစ်ပါသည်။

EMPကို MONERC မှ Reviewပြုလုပ်၍လိုအပ်သလိုပြင်ဆင်ခြင်း၊လက်ခံအတည်ပြုခြင်း တို့ကိုပြုလုပ်ပါသည်။ သို့ဖြစ်ပါ၍ EMP နှင့် သက်ဆိုင်သည့် အချက်အလက်များ ထုတ်ပြန်ခြင်းသည် MONREC နှင့် သက်ဆိုင်ပါသည်။

## ၂၈ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန

**၂၀၁၄-၂၀၁၅ နှင့်၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယ နှင့် တတိယအကြိမ် အစီရင်ခံစာများ**

**အကြံပြုချက်များ**

**မရှင်းလင်းသော လိုင်စင်ချထားပေးသည့် လုပ်ငန်းစဉ်**

သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ ရရှိသော ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုထုတ်လုပ်ရန် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ သတင်းအချက်အလက်များအရ လိုင်စင်လျှောက်ထားခြင်းကိုသုံးသပ်အကဲဖြတ်ရာတွင်အသုံးပြုသောနည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာစံသတ်မှတ်ချက်များကို ပြည်သူလူထုသို့ ထုတ်ပြန်ကြေညာ၊ ရှင်းပြထားခြင်းမရှိပါ။ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် တင်ဒါစနစ်ကို

ကျင့်သုံးသော်လည်း အကဲဖြတ်သုံးသပ်သည့် စံသတ်မှတ်ချက်များ အကြောင်းနှင့် လိုင်စင်တစ်ခုချင်းအတွက် လျှောက်ထားသူများအကြောင်း သတင်း အချက်အလက်များ မရှိခြင်းကြောင့် ပွင့်လင်းမြင်သာမှု လျော့ကျစေပြီး အလွဲသုံးစားပြုရန် တံခါးဖွင့်ပေးထားသလို ဖြစ်စေသည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား ကျောက်မျက်နှင့် ကျောက်စိမ်းလိုင်စင်များရယူခြင်း၊ နိုင်ငံပိုင်နှင့် ဒေသခံကုမ္ပဏီများနှင့် ဖက်စပ်လုပ်ခြင်းမှပင် ဥပဒေအရတားမြစ်ထားသော်လည်း လက်တွေ့တွင် သတ္တုတွင်းများစွာတို့၏ အမှန်တကယ် အကျိုးအမြတ်ခံစားရသော ပိုင်ရှင်များမှာ အမှန်တကယ်တွင် နိုင်ငံခြားသားများ ဖြစ်နေခြင်းက လိုင်စင်ထုတ်ပေးရေး လုပ်ငန်းစဉ်တွင် အားနည်းချက်များစွာ ရှိနေကြောင်း ဖော်ထုတ်ပြသနေသည်။

**အကြံပြုချက်**

သတ္တုတူးဖော်ရေးကဏ္ဍတွင် "ဦးရာလူစနစ်"ကို လိုင်စင်ထုတ်ပေးရာတွင် အခြေခံအဖြစ် သုံးသင့်ကြောင်း အကြံပြုပါသည်။ အသေးစိတ် ဘူမိဗေဒအချက်အလက်များ ရရှိနိုင်သည်ဖြစ်စေ၊ သတ္တုသိုက်များ ရှိကြောင်း သက်သေပြထားပြီးလျှင်ဖြစ်စေ ထိုသို့သော ဖြစ်ရပ်များတွင် ယှဉ်ပြိုင်မှုရှိသော လုပ်ထုံးလုပ်နည်းများကိုသာ အသုံးပြုသင့်ပါသည်။ ထိုသို့သော ဖြစ်ရပ်များတွင် လေလံဆွဲသူတို့ကို တန်ဖိုးဖြတ်ရာတွင် ရှင်းလင်းတိကျသော နည်းပညာနှင့် ဘဏ္ဍာရေး စံသတ်မှတ်ချက်များအပေါ် အခြေခံသင့်သကဲ့သို့ လျှောက်ထားသူများအားလုံး မည်သူမည်ဝါ ဖြစ်ကြောင်းနှင့် အမှန်တကယ် အကျိုးခံစားခွင့်ရှိသော ပိုင်ရှင်များ(beneficial owners) စသည်တို့ကိုပါ ဖော်ထုတ်သင့်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ဒုတိယအကြိမ် နှင့် တတိယအကြိမ် အစီရင်ခံစာများတွင် ပါဝင်သည့် မှတ်ချက်များ**

**သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ**

သတ္တုကဏ္ဍတွင် နိုင်ငံခြားကုမ္ပဏီများအား သတ္တုရှာဖွေခွင့်၊ စမ်းသပ်တိုင်းတာခွင့်၊ အကြီးစားတူးဖော်ထုတ်လုပ်ခွင့်ကို ၁၀၀% ရင်းနှီးမြှုပ်နှံခြင်း၊ ပြည်တွင်းကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ခွင့်ပြုထားပါသည်။ အခြားအသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်ခွင့်များအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်မပြုပါ။

ယနေ့အထိ ဝန်ကြီးဌာန၏ မူဝါဒသည် First come, first serve ဦးရာလူစနစ်ဖြစ်၍ Known Deposit သိထားသော သတ္တုသိုက်များဖြစ်ခြင်း၊ လုပ်ငန်းဆောင်ရွက်လိုသူ တစ်ဦးထက်မက ရှိခြင်း၊ အများစိတ်ဝင်စားခြင်း စသည့် အချက်များနှင့် ကိုက်ညီပါက တင်ဒါခေါ်ယူဆောင်ရွက်သွားရန် နည်းဥပဒေသစ်တွင် ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ နည်းဥပဒေသစ်အရ သတ္တုရှာဖွေ/ စမ်းသပ်/ တူးဖော်ခွင့် လျှောက်ထားခြင်းကို ဝန်ကြီးရုံးနှင့် သတ္တုတွင်း ဦးစီးဌာနတွင်သာ လက်ခံဆောင်ရွက်ပေးသွားပါမည်။

သတ္တုတူးဖော်ရေးလုပ်ငန်းများ မှတ်ပုံတင်စာရင်း (Mineral Cadastre) တည်ဆောက်ပြီးပါက License Information လိုင်စင်သတင်း အချက်အလက်များကို ပွင့်လင်းမြင်သာစွာ အများပြည်သူများ ကြည့်ရှုလေ့လာနိုင်မည် ဖြစ်ပါသည်။

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

**အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၏ မှတ်ချက်များ**

မရှင်းလင်းသောလိုင်စင်ထုတ်ပေးမှုလုပ်ငန်းစဉ်နှင့်ပတ်သက်၍ သတ္တုကဏ္ဍအတွက် သတ္တုရှာဖွေ၊ စမ်းသပ်၊

တူးဖော်ခြင်းလုပ်ငန်းများကို ကုမ္ပဏီမှ ၁၀၀% ရင်းနှီးမြှုပ်နှံပြီး ယခုအချိန်အထိ ဦးရာလူစနစ်ဖြင့် ဆောင်ရွက်နေပြီး၊ သတ္တုသိုက်ပမာဏမည်မျှရှိသည်ကို သိရှိသောလုပ်ကွက်၊ အများစိတ်ဝင်စားသောလုပ်ကွက်များအတွက် တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

**အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၏ မှတ်ချက်များ**

မရှင်းလင်းသော လိုင်စင်ထုတ်ပေးမှုလုပ်ငန်းစဉ်နှင့် ပတ်သက်၍ သတ္တုတွင်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော သတ္တုတူးဖော်ရေးလုပ်ငန်းများ မှတ်ပုံတင်စာရင်း တည်ဆောက်ခြင်း လုပ်ငန်းတွင် အမှတ် (၂) သတ္တုတွင်းလုပ်ငန်းမှ ကိုယ်စားလှယ်ဝန်ထမ်း (၂) ဦး ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ မှတ်ချက်များ**

(က) ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေကို ရေးဆွဲနေဆဲဖြစ်ပါသည်။ နည်းဥပဒေပြဋ္ဌာန်းပြီးပါက ဥပဒေ/နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ) Mineral Cadastre စနစ်ကျင့်သုံးနိုင်ရန် သတ္တုတွင်းဦးစီးဌာနမှ ဦးစီး၍ Mineral Cadastre Working Group ဖွဲ့စည်း၍သင်တန်းများပို့ချရန် စီစဉ်ဆောင်ရွက်လျှက် ရှိပါသည်။ အဆိုပါ Working Group တွင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ် ရေးလုပ်ငန်းမှ အရာထမ်း (၂) ဦးပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။

(ဂ) ယခုအခါ သက်တမ်းကုန်ဆုံးသည့်လုပ်ကွက်များစာရင်းကို ဌာနပိုင် Website www.mining.gov.mm တွင် လစဉ် ဖော်ပြလျက်ရှိပါသည်။

**သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ**

အကြံပြုတိုက်တွန်းချက်နှင့်စပ်လျဉ်း၍ သတ္တုကဏ္ဍတွင် စမ်းသပ်တိုင်းတာခွင့်နှင့်အကြီးစား ထုတ်လုပ်ခွင့်အား ၁၀၀% နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအားခွင့်ပြုထားပါသည်။ သတ္တုလုပ်ငန်းများ၏ သဘောသဘာဝအရ First Come, First Served စနစ်ဖြင့် ခွင့်ပြု မိန့်များ ဆောင်ရွက်ပေးနေပြီး ၂၀၁၈ ခုနှစ်အတွင်း ထုတ်ပြန်ခဲ့သည့် မြန်မာ့သတ္တုတွင်း နည်းဥပဒေများတွင် ဒေသန္တရဘူမိဗေဒဆိုင်ရာအချက်အလက်များ ရှာဖွေလေ့လာခြင်း မပြုရသေးသည့် မြေနေရာဖြစ်ပါက ဦးစွာလျှောက်ထားသည့် ပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့ အစည်းကို ဦးစားပေး စိစစ်ရွေးချယ်ရန်နှင့် လုပ်ကွက်တစ်နေရာကို တစ်ဦးသို့မဟုတ် တစ်ဖွဲ့ထက်ပို၍ လျှောက်ထားပြီး မြေနေရာသည် ဘူမိဗေဒ အချက်အလက်များ ပြည့်စုံပြီးစီးပွားဖြစ်ထုတ်ယူနိုင်သော မြေနေရာဖြစ်ပါက ယှဉ်ပြိုင်မှု နည်းလမ်းဖြစ်သည့် တင်ဒါစနစ်ဖြင့် စိစစ် ရွေးချယ်ရန် ဖော်ပြထားပါသည်။ တင်ဒါစနစ်ဖြင့်ဆောင်ရွက်ပါက တင်ဒါ Process တစ်ခုလုံးကို ပွင့်လင်းမြင်သာမှုရှိစေရန် နိုင်ငံပိုင်သတင်းစာများမှတစ် ဆင့်တင်ဒါခေါ်ယူလျက်ရှိပါသည်။ ယခင်ထုတ်ပေးသည့် လိုင်စင်များကိုသာမက အသစ်လျှောက်ထားသည့် လိုင်စင်များကို မိမိတို့၏ အင်တာနက် Website စာမျက်နှာဖြစ်သည့် www.mining.gov.mm တွင် ပွင့်လင်းမြင်သာစွာဖော်ပြထားပါ သည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မှတ်ချက်များ**

ကုန်းပိုင်းကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ် ခြင်းလုပ်ငန်းများကို လိုင်စင်စနစ်ဖြင့် ဆောင်ရွက်နေခြင်းမဟုတ်ပါ။ အပြည်ပြည်ဆိုင်ရာတင်ဒါများ (International Bidding Round) များကို ပွင့်လင်းမြင်သာစွာခေါ်ယူ၍ သက်ဆိုင်ရာကော်မတီမှ သတ်မှတ်စံချိန်စံညွှန်းများ (Criteria) နှင့်အညီ စိစစ်ရွေးချယ်ကာ တင်ဒါအောင်မြင်သည့်ကုမ္ပဏီများ (Awarded Companies) ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (Myanmar Investment Commission) မှ ခွင့်ပြုမိန့် Production Sharing Contract (PSC) စာချုပ်များချုပ်ဆို

ဆောင်ရွက်လျှက် ရှိပါသည်။

တင်ဒါခေါ်ယူသည့်လုပ်ငန်းစဉ်၊ စည်းမျဉ်းစည်းကမ်းများ၊ ရွေးချယ်မှု Criteria များ၊ တင်ဒါ အောင်မြင်သည့် ကုမ္ပဏီများ၊စာချုပ်ချုပ်ဆိုသည့်ရက်စွဲ၊လုပ်ကွက်များ၏Coordinatesများနှင့်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို MEITI Website ၊ ဝန်ကြီးဌာနဆိုင်ရာ Website နှင့် Social Media တို့တွင်လွှင့်တင်ဆောင်ရွက်ပြီး ဖြစ်ပါသည်။

EMP ကို MONERC မှ Review ပြုလုပ်၍ လိုအပ်သလိုပြင်ဆင်ခြင်း၊ လက်ခံအတည်ပြုခြင်း တို့ကိုပြုလုပ်ပါသည်။ သို့ဖြစ်ပါ၍ EMP နှင့် သက်ဆိုင်သည့် အချက်အလက်များ ထုတ်ပြန်ခြင်းသည် MONREC နှင့် သက်ဆိုင်ပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏သဘောထားမှတ်ချက်**

ပထမအကြိမ် EITIအစီရင်ခံစာပါ အကြံပြုချက်တွင် ရှင်းလင်းပြီးဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မှတ်ချက်များ**

ဆောင်ရွက်ပြီးဖြစ်ပါသည်။

ကုန်းပိုင်းကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ် ခြင်းလုပ်ငန်းများကို လိုင်စင်စနစ်ဖြင့် ဆောင်ရွက်နေခြင်းမဟုတ်ပါ။ အပြည်ပြည်ဆိုင်ရာတင်ဒါများ (International Bidding Round) များကို ပွင့်လင်းမြင်သာစွာခေါ်ယူ၍ သက်ဆိုင်ရာကော်မတီမှ သတ်မှတ်စံချိန်စံညွှန်းများ (Criteria) နှင့်အညီ စိစစ်ရွေးချယ်ကာ တင်ဒါအောင်မြင်သည့်ကုမ္ပဏီများ (Awarded Companies) ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (Myanmar Investment Commission) မှ ခွင့်ပြုမိန့် Production Sharing Contract (PSC) စာချုပ်များချုပ်ဆိုဆောင်ရွက်လျှက် ရှိပါသည်။

တင်ဒါခေါ်ယူသည့်လုပ်ငန်းစဉ်၊ စည်းမျဉ်းစည်းကမ်းများ၊ ရွေးချယ်မှု Criteria များ၊ တင်ဒါ အောင်မြင်သည့် ကုမ္ပဏီများ၊စာချုပ်ချုပ်ဆိုသည့်ရက်စွဲ၊လုပ်ကွက်များ၏Coordinatesများနှင့်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို MEITI Website ၊ ဝန်ကြီးဌာနဆိုင်ရာ Website နှင့် Social Media တို့တွင်လွှင့်တင်ဆောင်ရွက်ပြီး ဖြစ်ပါသည်။

EMP ကို MONERC မှ Review ပြုလုပ်၍ လိုအပ်သလိုပြင်ဆင်ခြင်း၊ လက်ခံအတည်ပြုခြင်း တို့ကိုပြုလုပ်ပါသည်။ သို့ဖြစ်ပါ၍ EMP နှင့် သက်ဆိုင်သည့် အချက်အလက်များ ထုတ်ပြန်ခြင်းသည် MONREC နှင့် သက်ဆိုင်ပါသည်။

# ၂၉ ပြည်တွင်းအခွန်များဦးစီးဌာန

၂၀၁၄-၂၀၁၅ နှင့်၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယ နှင့် တတိယအကြိမ် အစီရင်ခံစာများ

## အကြံပြုချက်များ

**သတင်းအချက်အလက်များ အသင့်ရရှိနိုင်ခြင်းနှင့် အသုံးပြုနိုင်ခြင်း - ပတခ**

ပြည်တွင်းအခွန်များဦးစီးဌာန၏အောက်ရှိ အသိအမှတ်ပြုထားသည့် အခွန်စီးဆင်းမှုများအနက် တစ်ခုမှာ အခြေချနေထိုင်ခြင်းမပြုသူ နိုင်ငံခြားသားများသို့ပေးသည့် အတိုးနှုန်းများနှင့် ပိုင်ရှင်များထံသို့ ပေးရသည့်ခိုင်ကြေး (Royalty Payments)နှင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ ရောင်းဝယ်မှုများမှ ပေါ်ပေါက်လာသည့် ပင်ရင်းမှနုတ်ယူ ပေးသွင်းငွေ (Withholding Tax)တို့ ဖြစ်သည်။ သို့သော် အပြီးသတ် ပင်ရင်းမှနုတ်ယူပေးသွင်းငွေ (Final with-holding tax)ကို မည်သည့် တူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီများမှ ပင်ရင်းမှနုတ်ယူပေးသွင်းငွေအတွက် နုတ်ယူထား သည်ဖြစ်စေ လက်ရှိအခွန်ပေးဆောင်သည့် စနစ်အောက်တွင် အားလုံးကို စုပေါင်း၍ မှတ်တမ်းတင်သည်။ ထို့ကြောင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ ထုတ်ပြန်ချက်များသည် ပင်ရင်းမှနုတ်ယူပေးသွင်းငွေဆိုင်ရာ အသေးစိတ်အချက် အလက်များ (မည်သည့်နေရာ၊ မည်သည့်ကုမ္ပဏီမှ၊ မည်မျှနုတ်ယူပေးသွင်းကြောင်း အသေးစိတ်ခွဲခြား ဖော်ပြခြင်း) ကို ချက်ချင်း ထုတ်နုတ်ယူနိုင်ခြင်း မရှိသောကြောင့် ယင်းထုတ်ပြန်ချက်များသည် များသောအားဖြင့် ရှိသင့်သည်ထက် ပိုနည်းရန်သာ ရှိသည်။

**အကြံပြုချက်**

အကျိုးဆက်အားဖြင့် ပြည်တွင်းအခွန်ဦးစီးဌာနသည် လက်ရှိစနစ်မှ ထွက်လာသည့် အချို့သော အစီရင်ခံစာ များကို လိုအပ်သည့် အခြေအနေနှင့် ကိုက်ညီအောင် ပြောင်းလဲရန် စဉ်းစားခြင်းအားဖြင့် နောင်အစီရင်ခံစာများအတွက် စာရင်းတိုက်ဆိုင်စစ်ဆေးမှုကို အဆင်ပြေချောမွေ့စေရန် သတင်းအချက်အလက်များကို ထို့ထက်မက ခွဲခြားကြည့်ရန် ဆောင်ရွက်ပေးနိုင်မည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ဒုတိယအကြိမ် နှင့် တတိယအကြိမ် အစီရင်ခံစာများတွင်ပါဝင်သည့် မှတ်ချက်များ**

**ပြည်တွင်းအခွန်များဦးစီးဌာန၏ မှတ်ချက်**

ပြည်တွင်းအခွန်များဦးစီးဌာနသည် နည်းပညာအခြေပြု အခွန်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (Integrated Tax Administration System - ITAS)ကို စတင်ဆောင်ရွက်နေပြီဖြစ်သည့်အတွက် အဆိုပါစနစ် အကောင်အထည်ဖော် ပြီးစီးသည့်အချိန်တွင်မှ နောင်EITI အစီရင်ခံစာများအတွက် လိုအပ်သော အချက်အလက်များကို ပြည့်စုံစွာပေးနိုင် မည်ဖြစ်ပါသည်။ ဤစနစ်ကို ၂၀၁၉ခုနှစ်၊ဧပြီလတွင်ပတခဌာနတစ်ခုလုံး အသုံးပြုနိုင်မည်ဟု ခန့်မှန်းထားပြီး ယခု လက်ရှိ၌ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (LTO)နှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (MTO)များ တွင် အသုံးပြုနိုင်ပြီ ဖြစ်ပါသည်။ထို့ကြောင့် ပတခသည် EITIမှ တောင်းခံသည့် အချက်အလက်အသေးစိတ်များကို ပံ့ပိုး

ပေးနိုင်မည့် ကွန်ပျူတာစနစ်တစ်ခုကို ဝယ်ယူပြီး ဖြစ်ပါသည်။

**စတုတ္ထအကြိမ်မြောက်အစီရင်ခံစာတွင်ပါဝင်သည့်မှတ်ချက်များ**

**ပြည်တွင်းအခွန်ဦးစီးဌာန၏မှတ်ချက်**

လက်ရှိတွင် နည်းပညာအခြေပြုအခွန်ဆိုင်ရာစီမံခန့်ခွဲမှုစနစ်(Intergrated Tax Administration System–ITAS)ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အတွက် အဆိုပါစနစ်အားအောင်မြင်စွာပြီးစီးသည့်အချိန်တွင် EITI အစီရင်ခံစာအတွက်လိုအပ်သည့် အချက်အလက်များကို ပြည့်စုံစွာပေးနိုင်မည်ဖြစ်ပါသည်။ ဤစနစ်ကို၂၀၂၀ ခုနှစ်အတွင်းအသုံးပြုဆောင်ရွက်မည်ဖြစ်ပါသည်။ ယခုအချိန်ထိ အခွန်အခစီမံခန့်ခွဲမှုစနစ်(Tax Revenue Management System–TRMS)အား အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများတွင် အသုံးပြုနေပြီဖြစ်ပါသည်။

**၂၀၁၉ ခုနှစ်မတ်လထိ**

ပြည်တွင်းအခွန်ဦးစီးဌာနအနေဖြင့်၎င်းစနစ်အား ထိထိရောက်ရောက်အသုံးပြုနိုင်ရန်အတွက် အချိန်မှာ နှစ်အနည်းငယ်ခန့်ကြာမြင့်မည်ဖြစ်ပြီး နောက်ထပ်တိုးတက်မှုပေါ်အခြေခံ၍ တိကျသောခန့်မှန်းချက်ထွက်ပေါ်လာမည်ဖြစ်ပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ပြည်တွင်းအခွန်များဦးစီးဌာန၏မှတ်ချက်များ**

**၂၀၂၀ နောက်ဆုံးအခြေအနေ**

ပြည်တွင်းအခွန်များဦးစီးဌာနသည် လက်ရှိတွင် ပင်မအိုင်တီဆော့ဝဲလ်သစ်ဖြစ်သော နည်းပညာအခြေပြုအခွန်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်(Integrated Tax Administration System) (ITAS)အသစ်အတွက် လေ့လံခေါ်သည့်လုပ်ငန်းစဉ်ကို စတင်နေပါသည်။ ယခင်ဆော့ဖ်ဝဲလ်ပံ့ပိုးပေးသူမှ ပေးအပ်ခဲ့ခြင်းမရှိသဖြင့် ယင်းကိုလုပ်ဆောင်ရန်လိုအပ်ခဲ့ခြင်းဖြစ်သည်။ ITAS စနစ်အား လည်ပတ်နိုင်သည်နှင့် EITI အစီရင် ခံစာများအတွက် ပြည့်စုံခြုံငုံသောနှင့် ပိုမိုကောင်းမွန်သော ဒေတာအချက်အလက်ပေါင်းစု (database) များဖြင့် ပေးပို့နိုင်မည်ဖြစ်ပါ သည်။၎င်းစနစ်သည် ၂၀၂၄ နှစ်မတိုင်ခင်ထိ အပြည့်အဝအသက်ဝင်လာနိုင်မည်မဟုတ်ပါ။

# ၃၀ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

၂၀၁၄-၂၀၁၅ နှင့်၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယ နှင့် တတိယအကြိမ် အစီရင်ခံစာများ

## အကြံပြုချက်များ

**အစီရင်ခံစာပုံစံများ ပေးပို့ရာတွင် နှောင့်နှေးခြင်း**

စုစုပေါင်း ကုမ္ပဏီ(၇၀)ခုသည် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ သတ်မှတ်ထားသော နောက်ဆုံးရက်ဖြစ်သည့် ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ၂၇ရက်နေ့နှင့် ထို့နေ့မတိုင်မီ ယင်းတို့ အစီရင်ခံရသည့် အစီရင်ခံစာပုံစံများကို ဖြည့်သွင်း၍ ပေးပို့ခဲ့သည်။ (ပါဝင်ဆောင်ရွက်ခြင်း မရှိသည့် ကုမ္ပဏီများ၏ အသေးစိတ်အချက် အလက်များကို နောက်ဆက်တွဲ(၁၄)တွင်ကြည့်ပါ)

အနည်းငယ်သော တုန့်ပြန်ဖြေကြားသူ ကုမ္ပဏီများအား နောက်ဆက်တွဲ တယ်လီဖုန်းခေါ်ဆိုခြင်းများ၊ အီးမေးလ်ပို့ခြင်းများဖြင့် မကြာခဏ နှိုးဆော်ရန် လိုအပ်ခဲ့ပါသည်။

အချို့သော ကုမ္ပဏီများမှ အစီရင်ခံရသည့် ကိန်းဂဏန်းအချက်အလက်ပုံစံများ မပေးပို့ခြင်းကြောင့် အစိုးရဌာနများမှ ပေးပို့သည့် အချက်အလက်များကို အတည်မပြုနိုင်ခဲ့ပေ။ ဤသို့ဖြစ်ခြင်းကြောင့် ကုမ္ပဏီများမှ အစိုးရသို့ ပေးသည့် စုပေါင်းပေးချေမှုများကို တိကျမှန်ကန်စွာနှင့် ပြည့်စုံစွာထင်ဟပ်သည့် အချက်အလက် ပြည့်စုံသော အစီရင်ခံစာရေးသားပြုစုနိုင်ရေးကို ဟန့်တားခဲ့ပေသည်။

**အကြံပြုချက်**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုများအပေါ် တိကျသော စည်းကမ်းချက်များထုတ်ပြန်နိုင်သဖြင့် EITI အစီရင်ခံစာအရ ကုမ္ပဏီများ ထုတ်ပြန်ကြေညာရမည့် အချက်အလက်များဆိုင်ရာ စည်းကမ်းချက်များကို ပြဋ္ဌာန်းရန် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေကဲ့သို့သော စည်းကြပ်ကွပ်ကဲသည့် ယန္တရားများကို နောင်တွင်အသုံးပြုနိုင်ပေမည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

-

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

အကောင်အထည်မဖော်ရသေး

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

-

# ၃၁ မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ငန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

၂၀၁၄–၂၀၁၅ နှင့်၂၀၁၅–၂၀၁၆ ခုနှစ် ဒုတိယ နှင့် တတိယအကြိမ် အစီရင်ခံစာများ

## အကြံပြုချက်များ

**ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များအတွက် လေလံတင်သည့် လုပ်ငန်းစဉ်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း**

EITI လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် အစိုးရသည် ဆုံးဖြတ်ချက်ချရာ ပိုမိုကျယ်ပြန့်သော ပွင့်လင်းမြင်သာမှုနှင့် ပိုမိုကောင်းမွန်သည့် ကြီးကြပ်ကွပ်ကဲရေး ယန္တရားများကိုစတင်လုပ်ဆောင်ရန် ရည်ရွယ်ကြောင်းဖော်ပြပြီးသား ဖြစ်ပါသည်။ မကြာသေးမီကကမ်းလွန်နှင့် ကုန်းတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ကို လေလံပွဲများတွင်တင်ဒါများကို အင်္ဂလိပ်ဘာသာဖြင့် အများသိရှိစေရန် ကြော်ငြာပေးခြင်း အပါအဝင် သိသာထင်ရှားသည့် တိုးတက်မှုရှိလာသော်လည်း ရွေးချယ်သည့် စံသတ်မှတ်ချက်များ၊ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan – EMP)တို့နှင့် စပ်လျဉ်းသော သတင်းအချက်အလက်များ သည် ယခုအထိ ပွင့်လင်းမြင်သာမှု မရှိသေးပေ။

အောက်ပါထပ်ဆောင်း သတင်းအချက်အလက်များကို စနစ်တကျ ထုတ်ပြန်ခြင်းအားဖြင့် လေလံတင်ခြင်းနှင့် ရွေးချယ်ခြင်း လုပ်ငန်းစဉ်၏ အုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေမည် –

- လေလံပေးခြင်းအတွက် ဆုံးဖြတ်ချက်ချရာတွင် လုပ်ပိုင်ခွင့်ပေးအပ်ထားသော ပုဂ္ဂိုလ်(များ)၊
- လေလံအောင်မြင်သူများအား ရွေးချယ်ရာတွင် စံသတ်မှတ်ချက်များနှင့် ဦးစားပေးအချက်များ (သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ လူ့အခွင့်အရေးများ၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှု၊ ဒေသခံများနှင့် ညှိနှိုင်းပူးပေါင်းလုပ်ကိုင်ခြင်းများအတွက် မူဝါဒများနှင့် စီမံခန့်ခွဲမှုစနစ်များအကြောင်းသတင်းအချက်အလက်များကို ပေးအပ်စေခြင်းမှတစ်ဆင့် လေလံဆွဲသူများ၏သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရှုည် တည်တံ့ခိုင်မြဲရေးအတွက် ကတိကဝတ်များကို သိရှိနိုင်ရန် ဤစံသတ်မှတ်ချက်များကို ပြန်လည် သုံးသပ်ရေးဆွဲသင့်ပါသည်)၊
- လက်မှတ်ထိုး ဆုကြေးပေးအပ်ခဲ့ခြင်း ရှိ၊ မရှိ၊
- ရွေးချယ်ထားသော လုပ်ငန်းဆောင်ရွက်သူများ၏ ရွေးချယ်မှုအတွက် အကြောင်းပြချက် အကျဉ်းချုပ်နှင့်အတူ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကျင့်သုံးနေသည့် အကဲဖြတ်သုံးသပ်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အမှတ်ပေးစနစ် တို့ဖြစ်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မှတ်ချက်များ**

ကုန်းပိုင်းကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ် ခြင်းလုပ်ငန်းများကို လိုင်စင်စနစ်ဖြင့် ဆောင်ရွက်နေခြင်းမဟုတ်ပါ။ အပြည်ပြည်ဆိုင်ရာတင်ဒါများ (International Bidding Round) များကို ပွင့်လင်းမြင်သာစွာခေါ်ယူ၍ သက်ဆိုင်ရာကော်မတီမှ သတ်မှတ်စံချိန်စံညွှန်းများ (Criteria) နှင့်အညီ စိစစ်ရွေးချယ်ကာ တင်ဒါအောင်မြင်သည့်ကုမ္ပဏီများ (Awarded Companies) ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် (Myanmar Investment Commission) မှ ခွင့်ပြုမိန့် Production Sharing Contract (PSC) စာချုပ်များချုပ်ဆိုဆောင်ရွက်လျက် ရှိပါသည်။

တင်ဒါခေါ်ယူသည့်လုပ်ငန်းစဉ်၊ စည်းမျဉ်းစည်းကမ်းများ၊ ရွေးချယ်မှု Criteria များ၊ တင်ဒါ အောင်မြင်သည့်ကုမ္ပဏီများ၊စာချုပ်ချုပ်ဆိုသည့်ရက်စွဲ၊လုပ်ကွက်များ၏Coordinatesများနှင့်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို MEITI Website ၊ ဝန်ကြီးဌာနဆိုင်ရာ Website နှင့် Social Media တို့တွင်လွှင့်တင်ဆောင်ရွက်ပြီး ဖြစ်ပါသည်။

EMP ကို MONERC မှ Review ပြုလုပ်၍ လိုအပ်သလိုပြင်ဆင်ခြင်း၊ လက်ခံအတည်ပြုခြင်း တို့ကိုပြုလုပ်ပါသည်။ သို့ဖြစ်ပါ၍ EMP နှင့် သက်ဆိုင်သည့် အချက်အလက်များ ထုတ်ပြန်ခြင်းသည် MONREC နှင့် သက်ဆိုင်ပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

အကောင်အထည်မဖော်ရသေး

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မှတ်ချက်များ**

ဆောင်ရွက်ပြီးဖြစ်ပါသည်။

ကုန်းပိုင်းကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ် ခြင်းလုပ်ငန်းများကို လိုင်စင်စနစ်ဖြင့် ဆောင်ရွက်နေခြင်းမဟုတ်ပါ။ အပြည်ပြည်ဆိုင်ရာတင်ဒါများ (International Bidding Round) များကို ပွင့်လင်းမြင်သာစွာခေါ်ယူ၍ သက်ဆိုင်ရာကော်မတီမှ သတ်မှတ်စံချိန်စံညွှန်းများ (Criteria) နှင့်အညီ စိစစ်ရွေးချယ်ကာ တင်ဒါအောင်မြင်သည့်ကုမ္ပဏီများ (Awarded Companies) ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (Myanmar Investment Commission) မှ ခွင့်ပြုမိန့် Production Sharing Contract (PSC) စာချုပ်များချုပ်ဆိုဆောင်ရွက်လျက် ရှိပါသည်။

တင်ဒါခေါ်ယူသည့်လုပ်ငန်းစဉ်၊ စည်းမျဉ်းစည်းကမ်းများ၊ ရွေးချယ်မှု Criteria များ၊ တင်ဒါ အောင်မြင်သည့်ကုမ္ပဏီများ၊စာချုပ်ချုပ်ဆိုသည့်ရက်စွဲ၊လုပ်ကွက်များ၏Coordinatesများနှင့်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို MEITI Website ၊ ဝန်ကြီးဌာနဆိုင်ရာ Website နှင့် Social Media တို့တွင်လွှင့်တင်ဆောင်ရွက်ပြီး ဖြစ်ပါသည်။

EMP ကို MONERC မှ Review ပြုလုပ်၍ လိုအပ်သလိုပြင်ဆင်ခြင်း၊ လက်ခံအတည်ပြုခြင်း တို့ကိုပြုလုပ်ပါသည်။ သို့ဖြစ်ပါ၍ EMP နှင့် သက်ဆိုင်သည့် အချက်အလက်များ ထုတ်ပြန်ခြင်းသည် MONREC နှင့် သက်ဆိုင်ပါသည်။

# ၃၂ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သယံဇာတနှင့် သဘာဝပတ် ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန

၂၀၁၄-၂၀၁၅ နှင့်၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယ နှင့် တတိယအကြိမ် အစီရင်ခံစာများ

## အကြံပြုချက်များ

### ကျောက်မျက်လုပ်ပိုင်ခွင့်များအတွက် လေလံလုပ်ငန်းစဉ်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း

ကျောက်မျက်လုပ်ကွက်များ၊ လုပ်ပိုင်ခွင့်များကို ပြိုင်ဆိုင်မှုရှိသော လေလံလုပ်ငန်းစဉ်မှတဆင့် ရွေးချယ်ပေးသည်။ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် တင်ဒါဆွဲရန် အခွင့်အလမ်းသစ်များကို ပြည်တွင်းသတင်းစာများတွင် ကြော်ငြာပြီး အလားအလာရှိသော ရင်းနှီးမြှုပ်နှံမည့်သူများအား လုပ်ကွက်ပေးမည့် နေရာကို လေ့လာဆန်းစစ်(survey)ရန် တစ်လ အချိန်ပေးသည်။ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် တင်ဒါလျှောက်ထားရသည့် လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ထပ်ဆောင်းသတင်းအချက်အလက်များကို ယင်းဝန်ကြီးဌာနဝက်ဆိုဒ်ပေါ် တင်ပေးထားခြင်း မရှိပေ။ သတ္တုတူးဖော်ထုတ်လုပ်ခွင့် လိုင်စင်များကို လက်ရှိတွင် ဦးရာလူစနစ်ဖြင့် ချပေးနေသော်လည်း ကျောက်မျက်ဥပဒေသည် နောင်တွင်တင်ဒါများကို ခေါ်ယူသွားရန် တံခါးဖွင့်ပေးလိုက်ပါသည်။ ဤဖြစ်စဉ်နှစ်ခုလုံးတွင် ရွေးချယ်သည့် စံသတ်မှတ်ချက်များနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် အချက်အလက်များကို ထုတ်ပြန်၊ ပုံနှိပ်ထုတ်ဝေမှု အလွန်နည်းပါးလှသည်။

### အကြံပြုချက်

ပွင့်လင်းမှုနှင့်မျှတမှုကို မြှင့်တင်ပေးရန် သက်ဆိုင်ရာ သတ္တုတူးဖော်ထုတ်လုပ်ရေးရှိသော ပြည်နယ်များမှ အကျိုးသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေးပြီး သတ္တုတူးဖော်ထုတ်လုပ်ခွင့်များအတွက် လေလံဆွဲသည့် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ပြီး ပြန်လည်ရေးဆွဲရန် အကြံပြုလိုက်ပါသည်။ ယင်းသို့လုပ်ဆောင်ရာတွင် အောက်ပါအချက်များထုတ်ပြန်ကြေညာခြင်းတို့ ပါဝင်နိုင်ပေသည် -

- ❖ လိုအပ်သည့် အဆင့်များ အားလုံးပါဝင်သည့် လျှောက်ထားသည့် လုပ်ထုံးလုပ်နည်းများ၊
- ❖ လေလံပေးခြင်းအတွက် ဆုံးဖြတ်ချက်ချရာတွင် လုပ်ပိုင်ခွင့်ပေးအပ်ထားသော ပုဂ္ဂိုလ်(များ)၊
- ❖ လေလံအောင်မြင်သူများအား ရွေးချယ်ရာတွင် စံသတ်မှတ်ချက်များနှင့် ဦးစားပေးအချက်များ (သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ လူ့အခွင့်အရေးများ၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှု၊ ဒေသခံများနှင့် ညှိနှိုင်းပူးပေါင်းလုပ်ကိုင်ခြင်းများအတွက် မူဝါဒများနှင့် စီမံခန့်ခွဲမှုစနစ်များအကြောင်း သတင်းအချက်အလက်များကို ပေးအပ်စေခြင်းမှတစ်ဆင့်လေလံဆွဲသူများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရှုည် တည်တံ့ခိုင်မြဲရေးအတွက် ကတိကဝတ်များကို သိရနိုင်ရန် ဤစံသတ်မှတ်ချက်များကို ပြန်လည် သုံးသပ်ရေးဆွဲသင့်ပါသည်)၊
- ❖ တိုင်းနှင့်ပြည်နယ်အလိုက် လက်ရှိ လုပ်ကိုင်ဆောင်ရွက်နေသော သတ္တုတူးဖော်ထုတ်လုပ်ရေး လိုင်စင်များဆိုင်ရာ အချက်အလက်များ၊
- ❖ လေလံဆွဲသူ၏မည်သူမည်ဝါ ဖြစ်ကြောင်းနှင့် နောက်ကြောင်းရာဇဝင်များကို ထည့်သွင်းစဉ်းစားထားသောအကျိုးစီးပွားပဋိပက္ခများနှင့် လာဘ်စားမှု ဖြစ်စဉ်များ ဖြစ်ပေါ်လာပါက လိုက်နာရမည့် လမ်းညွှန်ချက်များ။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ မှတ်ချက်များ**

(က) ယခုလုပ်ကိုင်ခွင့်ရရှိထားသော လုပ်ကိုင်မှုများမှာ ၁၉၉၅ ကျောက်မျက်ဥပဒေအရ လုပ်ကိုင်ခွင့်ချထားပေးသည့် လုပ်ကွက်များဖြစ်ပါသည်။ ထို့အပြင် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ(၃၀)ရက်နေ့တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေကို ရေးဆွဲနေဆဲဖြစ်ပါသည်။ နည်းဥပဒေ ပြဋ္ဌာန်းပြီးပါက ဥပဒေ/ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

အကောင်အထည်မဖော်ရသေး

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ လုပ်ကွက်အသစ်ချထားပေးခြင်း၊ လုပ်ကွက်သက်တမ်းတိုးခြင်းများမရှိပါ။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ(၃၀) ရက်နေ့တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး နောင်ထွက်ရှိမည့် နည်းဥပဒေများနှင့် အညီ ဆောင်ရွက်မည်ဖြစ်ပါသည်။

# ၃၃ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန် ကြီးဌာန

**၂၀၁၄-၂၀၁၅ နှင့်၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယ နှင့် တတိယအကြိမ် အစီရင်ခံစာများ**

## အကြံပြုချက်များ

**အလုပ်အကိုင် ခန့်အပ်ထားရှိမှု အချက်အလက်နှင့် ပတ်သက်သည့် အစီရင်ခံသည့် စနစ်တစ်ခုကို ဖန်တီးခြင်း**

EITIစံနှုန်းနှင့်အညီ၊ အကောင်အထည်ဖော်သည့် နိုင်ငံများသည် သယံဇာတ တူးဖော်ထုတ်ယူသည့် လုပ်ငန်းများတွင် အလုပ်အကိုင်ခန့်ထားမှုနှင့် ပတ်သက်သည့် အချက်အလက်များကို ကိန်းဂဏန်း အတိအကျနှင့် စုစုပေါင်း အလုပ်အကိုင်ခန့်ထားမှု၏ ရာခိုင်နှုန်းအဖြစ်နှင့်ပါ ထုတ်ပြန်ပေးရမည်။

သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန နှစ်ခုလုံးတွင် တူးဖော်ထုတ်ယူရေးလုပ်ငန်းများမှ ရသည်ဟု မှတ်ယူနိုင်သော အလုပ်အကိုင်များမှတစ်ဆင့် တိုင်းတာထားသော တိုက်ရိုက်အကျိုးသက်ရောက်မှု သတ်မှတ်ပေးမည့် အစီရင်ခံသည့် စနစ်တစ်ရပ်မရှိကြောင်း သိရှိထားပါသည်။ ထို့ကြောင့် ဤအစီရင်ခံစာတွင် ကောက်ယူပြီးဖော်ပြထားသည့် အလုပ်အကိုင်ခန့်အပ်မှု အချက်အလက်သည်အနည်းငယ်မျှသာဖြစ်ပြီး ကျယ်ပြန့်သော တူးဖော်ထုတ်လုပ်ရေး ကဏ္ဍတစ်ခုလုံးကို မထင်ဟပ်နိုင်ပေ။

**အကြံပြုချက်**

ကဏ္ဍအခြေအနေဆိုင်ရာ သတင်းအချက်အလက်များ၏ တိကျမှန်ကန်မှုနှင့် အချက်အလက်များ အလွယ်တကူ ရယူနိုင်မှု ပိုမိုကောင်းမွန်စေရန် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့အား ၎င်းတို့၏ (အင်တာနက်စာမျက်နှာအခြား) စနစ်တွင် ဤစက်မှုကဏ္ဍမှ အလုပ်သမားနှင့် အလုပ်အကိုင် ရရှိမှုဆိုင်ရာ သတင်းအချက်အလက်သစ်များ (အနည်းဆုံး နှစ်စဉ်) ထည့်သွင်း (update)သင့်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ဒုတိယအကြိမ် နှင့် တတိယအကြိမ် အစီရင်ခံစာများတွင်ပါဝင်သည့် မှတ်ချက်များ**

**သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ**

သတ္တုတူးဖော်ထုတ်လုပ်ရေး ဝန်ထမ်းများခန့်အပ်ခြင်းနှင့် အလုပ်များတာဝန်ပေးအပ်ခြင်း၊ အသက်အရွယ်၊ လုပ်ခလစာနှင့် အခကြေးငွေများ၊ အခြားသော စရိတ်များနှင့် ခံစားခွင့်များနှင့် စပ်လျဉ်းသော ပြဋ္ဌာန်းချက်များကို ၁၉၉၆ ခုနှစ်၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေ၊ အခန်း(၁၇)တွင် ဖော်ပြထားသော်လည်း လက်ရှိအခြေအနေကို ထင်ဟပ်သည့် မှန်ကန်သောအချက်အလက်များနှင့် အချက်အလက်များ ပိုမိုရရှိရေးအတွက် မိမိကိုယ်ပိုင်စနစ်အတွင်း အလုပ်သမားနှင့် အလုပ်ခန့်ထားမှု ကွန်ရက်နှင့် စပ်လျဉ်းသည့် အချက်အလက်များကို ကောက်ယူရန် အစီအစဉ်ကို ဆောင်ရွက်သွားပါမည်။

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

**အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၏ မှတ်ချက်များ**

အလုပ်အကိုင်ခန့်အပ်မှုနှင့် ပတ်သက်သည့် အစီရင်ခံသည့်စနစ်တစ်ခုကို ဖန်တီးခြင်းနှင့် ပတ်သက်၍ အလုပ်အကိုင်ခန့်အပ်မှုအတွက် လိုအပ်သည့်အချက်အလက် ခွဲခြားဖော်ပြပေးလျှင် အချက်အလက်ကောက်ယူ စုဆောင်းရာတွင် လွယ်ကူနိုင်မည်ဖြစ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ မှတ်ချက်များ**

(က) ရတနာနယ်မြေအသီးသီးရှိ ကုမ္ပဏီလုပ်ကွက်များတွင် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးမှုအနေဖြင့် ခန့်အပ်တာဝန်ပေးထားသည့် အလုပ်သမားစာရင်း (ကျား/မ) ကို နယ်တူးဖော်ရေးဌာနတွင် အသေးစိတ်စာရင်းပြုစု၍ မှတ်တမ်းတင်ထားရှိပြီး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) သို့ လစဉ်တင်ပြပေးပို့ စေပြီး ဝန်ကြီးဌာနသို့ လစဉ်တင်ပြလျက်ရှိပါသည်။

**သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ**

မိမိတို့ ဝန်ကြီးဌာနနှင့်အကျိုးတူဆောင်ရွက်နေသော ကုမ္ပဏီများမှ လုပ်ကွက်အလိုက် ဝင်ရောက်လုပ်ကိုင်နေသော အလုပ်သမားစာရင်းများကို လစဉ်ထုတ်လုပ်မှု အစီရင်ခံများတွင်ထည့်သွင်းပေးပို့လျက်ရှိပါသည်။ ကုမ္ပဏီများ၏ သတ္တုတွင်းလုပ်ငန်းခွင်များရှိ ဝန်ထမ်းစာရင်းများအား (၃) လတစ်ကြိမ် ပြန်တမ်းများထားရှိဆောင်ရွက်လျက်ရှိပြီးတာဝန်ရှိသူများမှ အခါအားလျော်စွာ သွားရောက်စစ်ဆေးပါသည်။ မိမိတို့ဝန်ကြီးဌာနနှင့် အကျိုးတူဆောင်ရွက်နေသည့် ကုမ္ပဏီများ၏ လုပ်ငန်းခွင်ရှိ ကုမ္ပဏီဝန်ထမ်းအင် အားကို သက်ဆိုင်ရာဌာနများမှ မိမိတို့ ဝန်ကြီးဌာန Website ဖြစ်သည့် www.mining .gov.mm တွင် ဖော်ပြဆောင်ရွက်ထားပြီးဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မှတ်ချက်များ**

ဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် အလုပ်သမားခန့်ထားမှု ကိန်းဂဏန်းအချက်အလက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

အကောင်အထည်မဖော်ရသေး

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ သဘောထားမှတ်ချက်များ**

ကုမ္ပဏီများ၏ ဝန်ထမ်းအင်အားစာရင်းအား လစဉ် စာရင်းပြုစု ထားရှိပြီး ဝန်ကြီးရုံးသို့ (၃)လ (၁)ကြိမ် ပေးပို့တင်ပြရသောကြောင့် နောင်တွင် (၃)လ(၁)ကြိမ် ဌာန၏ Website တွင် တင်ပြ ပါမည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မှတ်ချက်များ**

ဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် အလုပ်သမားခန့်ထားမှုကိန်းဂဏန်းအချက်အလက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။

# ၃၄ သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန

၂၀၁၄-၂၀၁၅ နှင့်၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယ နှင့် တတိယအကြိမ် အစီရင်ခံစာများ

## အကြံပြုချက်များ

**ထုတ်လုပ်မှု အချက်အလက်များ မမှန်ကန်၊ မတိကျမှု**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံပိုင်လုပ်ငန်းများနှင့် ဌာနများမှ ပေးသည့် ထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များသည် သတ္တုကုမ္ပဏီများမှ ပေးပို့ချက်များ၊ ကြေညာချက်များအပေါ် အခြေခံထားကြောင်း သိရှိရပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနတွင် သတ္တုတူးဖော် ထုတ်လုပ်ရေးကုမ္ပဏီများမှ ပေးပို့သည့် ထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များကို ကောက်ခံရန်နှင့် ထိန်းချုပ်ရန် ကိုယ်ပိုင် လုပ်ထုံးလုပ်နည်းများနှင့် စနစ်များ မရှိပေ။

အကြံပြုချက်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ ဌာနများအနေနှင့် ထုတ်လုပ်မှု အချက်အလက်များကို ကောက်ခံရန်နှင့် ထိန်းချုပ်ရန် မိမိတို့၏ ကိုယ်ပိုင်ယန္တရားများ၊ လုပ်ငန်းစဉ်များနှင့် လုပ်ထုံး လုပ်နည်းများ၊ လုပ်ငန်းစဉ်များ တည်ဆောက်ရန် အကြံပြုပါသည်။ ထို့အပြင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန လက်အောက်ရှိ ဌာနများအား သတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီများမှ ကြေညာထားသည့် ထုတ်လုပ်မှု ပမာဏများနှင့် ဌာနမှ တိုင်းတာချက်များကို အစီရင်ခံစာတင်ရသည့် တစ်နှစ်ချင်းအတွက် ပုံမှန်စာရင်းတိုက်ဆိုင်စစ်ဆေးမှုများ ပြုလုပ်ရန် အကြံပြုပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ဒုတိယအကြိမ် နှင့် တတိယအကြိမ် အစီရင်ခံစာများတွင် ပါဝင်သည့် မှတ်ချက်များ**

**သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ**

၂၀၁၇ ခုနှစ်၊ မေလမှစ၍ ထုတ်လုပ်မှုလုပ်ငန်းမစတင်မီကပင် ထုတ်လုပ်မှုလျာထားချက်ကို သက်ဆိုင်ရာကုမ္ပဏီနှင့် နှစ်ဖက်ညှိနှိုင်းသတ်မှတ်ပြီး လစဉ်အစီရင်ခံသည့် စနစ်နှင့် အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးသည့် စနစ်များကို ကျင့်သုံးလျက်ရှိပါသည်။

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

**အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၏ မှတ်ချက်များ**

ထုတ်လုပ်မှုအချက်အလက်များ မမှန်ကန် မတိကျမှုနှင့် ပတ်သက်၍ လုပ်ငန်းမစတင်မီ ထုတ်လုပ်မှုလျာထားချက်ကို ကုမ္ပဏီ နှင့် ဌာနသတ္တုသိုက်ပေါ်မူတည်၍ ညှိနှိုင်းသတ်မှတ်ပြီး လစဉ်အစီရင်ခံတင်ပြသည့် ထုတ်လုပ်မှုကို စာရင်းသွင်းပြီး တင်ပြသည့်အတိုင်း ထုတ်လုပ်ခြင်းရှိ/မရှိ အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးပါသည်။

**အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၏ မှတ်ချက်များ**

ထုတ်လုပ်မှုအချက်အလက်များမမှန်ကန်၊ မတိကျမှုနှင့်ပတ်သက်၍ အမှတ် (၂) သတ္တုတွင်း လုပ်ငန်းသည် အကျိုးတူသတ္တုတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများနှင့် ပုတ်ပြတ်စနစ်၊ ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့် စနစ်များဖြင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ပါသည်။ ထုတ်လုပ်မှုအချက် အလက်များနှင့်ပတ်သက်၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် စာချုပ်ချုပ်ဆိုဆောင်ရွက်သည့် လုပ်ကွက်များအတွက် အချက်အလက်များ တိကျမှုရှိသော်လည်း ပုတ်ပြတ်စနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ကွက်များ၏ ထုတ်လုပ်မှုများ မှန်ကန်မှုရှိစေရေးအတွက် အမှတ် (၂) သတ္တုတွင်းလုပ်ငန်း လက်အောက်ရှိ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ရုံးများမှတဆင့် အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ မှစ၍ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၏ Website တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သတ္တုထုတ်လုပ်မှုစာရင်းများကို ဖော်ပြပေးလျက်ရှိပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ မှတ်ချက်များ**

(က) ရတနာနယ်မြေအသီးသီးရှိ နိုင်ငံတော်နှင့်အကျိုးတူကုမ္ပဏီများနှင့် ပုဂ္ဂလိကကုမ္ပဏီများမှ တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရိုင်းထုတ်လုပ်မှုများကို နယ်တူးဖော်ရေးဌာနများတွင် လယ်ဂျာစာရင်းများဖြင့် ထိန်းသိမ်းထားရှိပါသည်။ ရုံးချုပ်သို့ ထုတ်လုပ်မှုစာရင်းများနေ့စဉ်ပေးပို့၍ ရုံးချုပ်တွင်လည်း လယ်ဂျာစာရင်းများဖြင့် စနစ်တကျထိန်းသိမ်းထားရှိကာ ဝန်ကြီးရုံးသို့ လစဉ်တင်ပြပါသည်။

(ခ) မြန်မာနိုင်ငံစာရင်းစစ်ချုပ်ရုံးမှလည်း ထုတ်လုပ်မှုများနှင့်ရတနာခွန်ရငွေများကို နှစ်စဉ် ဘဏ္ဍာနှစ်အလိုက် စာရင်းစစ်ဆေးပါသည်။

(ဂ) ထို့အပြင် ထုတ်လုပ်မှုအချက်အလက်များ မှန်ကန်မှုရှိစေရန်အတွက် ကွန်ပျူတာစနစ်ဖြင့် ဆောင်ရွက်ရန် Pro-gram ရေးဆွဲလျက်ရှိပါသည်။

**သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ**

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် ထုတ်လုပ်မှု လုပ်ငန်းမစတင်မီကပင် ထုတ်လုပ်မှု လျာထားချက်များကို သက်ဆိုင်ရာကုမ္ပဏီနှင့် နှစ်ဖက်ညှိနှိုင်းသတ်မှတ်ပြီး လစဉ်အစီရင်ခံသည့် စနစ်နှင့် အခါအားလျော်စွာကွင်းဆင်း စစ်ဆေးသည့် စနစ်များကို ကျင့်သုံးလျက်ရှိပြီး လျာထားချက်ပြည့်မီအောင်ထုတ်လုပ်နိုင်ခြင်းရှိ/ မရှိ စိစစ်လျက်ရှိပါသည်။ ထုတ်လုပ်မှု မပြုလုပ်နိုင်သည့် မိုးတွင်းကာလများဖြစ်သော ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် လုပ်ငန်းများအမှန်တစ်ကယ် ရပ်နားထားခြင်းရှိမရှိ သက်ဆိုင်ရာ နယ်ရုံးခွဲများမှ လုပ်ကွက်များသို့ သွားရောက် စစ်ဆေးခြင်းဖြင့် ကုမ္ပဏီများ၏ ထုတ်လုပ်မှုများကို စိစစ်ဆောင်ရွက်လျက်ရှိပါသည်။ သတ္တုတွင်း လုပ်ငန်းများတွင် Observer များထားရှိခြင်းနှင့်အတူ ပုံမှန် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ဝန်ကြီးဌာနအောက်ရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဖြစ်သည့် အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၊ အမှတ် (၂) သတ္တုတွင်း လုပ်ငန်းတို့၏ ဘဏ္ဍာရေးနှစ်အလိုက် နှင့် လအလိုက် ထုတ်လုပ်မှု ကိန်းဂဏန်းများကို မိမိတို့၏ အင်တာနက် စာမျက်နှာ Website ဖြစ်သည့် www.mining.gov.mm တွင် Up to date ဖော်ပြလျက်ရှိပါသည်။

**အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု**
**(ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)**

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

(က) ရတနာနယ်မြေအသီးသီးရှိ နိုင်ငံတော်နှင့်အကျိုးတူကုမ္ပဏီများနှင့် ပုဂ္ဂလိကကုမ္ပဏီများမှ တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရိုင်းထုတ်လုပ်မှုများကို နယ်တူးဖော်ရေးဌာနများတွင် လယ်ဂျာစာရင်းများဖြင့် ထိန်းသိမ်းထားရှိပါသည်။ ရုံးချုပ်သို့ ထုတ်လုပ်မှုစာရင်းများ နေ့စဉ်ပေးပို့၍ ရုံးချုပ်တွင်လည်း လယ်ဂျာစာရင်းများဖြင့် စနစ်တကျ ထိန်းသိမ်းထားရှိကာ ဝန်ကြီးရုံးသို့ လစဉ်တင်ပြပါသည်။ ထုတ်လုပ်မှုနှင့်ရောင်းချမှုဆိုင်ရာအချက်အလက်များကို Computer Software ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

(ခ) ဌာန၏စာရင်းများသည် နှစ်စဉ်ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် လစဉ်ဌာနတွင်းနှင့် ဌာနအချင်းချင်း စာရင်းစစ်ဆေးမှုကို ခံယူရသည့် စာရင်းများ ဖြစ်ပါသည်။

# ၃၅ အစိုးရဌာနများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန

**၂၀၁၄-၂၀၁၅ နှင့်၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယ နှင့် တတိယအကြိမ် အစီရင်ခံစာများ**

## အကြံပြုချက်များ

**ကုမ္ပဏီများ၏ လူမှုပတ်ဝန်းကျင်ဆိုင်ရာ ကတိကဝတ်များအကြောင်း သတင်းအချက်အလက်များ အသင့်မရရှိနိုင်ခြင်းနှင့် အသုံးမပြုနိုင်ခြင်း**

ကုမ္ပဏီများနှင့်နိုင်ငံပိုင်လုပ်ငန်းများ၏နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းများတွင် (လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ကတိကဝတ်များအတွက်) မဖြစ်မနေ/ မိမိစိတ်ဆန္ဒအလျောက် အသုံးစရိတ်များနှင့် ရန်ပုံငွေများကို တိတိကျကျ ထည့်သွင်းပေးရန် သတ်မှတ်ထားသည့် စည်းမျဉ်းများ ယနေ့အထိ မရှိသေးကြောင်း သိရှိထားပါသည်။

**အကြံပြုချက်**

ကုမ္ပဏီများနှင့် နိုင်ငံပိုင်လုပ်ငန်းများသည် ၎င်းတို့၏ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကတိကဝတ်များနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှု အပြည့်ရှိကြောင်း ပြသနိုင်ရန် မဖြစ်မနေ/ဆန္ဒအလျောက် သုံးစွဲငွေများနှင့် ရန်ပုံငွေများကို ပြည်သူများသို့ ထုတ်ဖော်တင်ပြခြင်း ပြုလုပ်ရန် ထည့်သွင်းစဉ်းစားနိုင်ပါသည်။ ထိုသုံးစွဲငွေများနှင့် ရန်ပုံငွေများထဲမှ အားလုံးမဟုတ်သည့်တိုင် အများစုကို အစိုးရဌာနများသို့ ထုတ်ဖော်တင်ပြထားပြီးသောကြောင့် အများပြည်သူ သိရှိရန် ဆောင်ရွက်ရာတွင် ကြီးမားသော စိန်ခေါ်မှု မဖြစ်ပေါ်နိုင်ချေ။ နှစ်ပတ်လည် အစီရင်ခံစာများ၊ သတင်းထုတ်ပြန်ချက်များနှင့် ဘဏ္ဍာရေးရှင်းတမ်းများ စသည့် အများပြည်သူသိရှိနိုင်သော အဓိက စာရွက်စာတမ်းများတွင် ယခု သတင်းအချက်အလက်ကို ထည့်သွင်းခြင်းအားဖြင့် ထုတ်ဖော်ကြေညာချက်များအပေါ် အများယုံကြည်လက်ခံနိုင်စွမ်းနှင့် စိတ်ချယုံကြည်နိုင်စွမ်းများ နောက်တစ်လွှာ ထပ်တိုးလာပေသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ဒုတိယအကြိမ် နှင့် တတိယအကြိမ် အစီရင်ခံစာများတွင် ပါဝင်သည့် မှတ်ချက်များ**

**သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ**

ကုမ္ပဏီများနှင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းများတွင် (လူမှုရေးနှင့်သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကတိကဝတ်များအတွက်) မဖြစ်မနေ (သို့မဟုတ်) ဆန္ဒအလျောက်သုံးစွဲသည့် အသုံးစရိတ်များနှင့် ရန်ပုံငွေ၊ ဘဏ္ဍာငွေများကို ထည့်သွင်းဖော်ပြရန် သတ်မှတ်ထားသည့် စည်းမျဉ်းများ မရှိသေးပါ။

ကုမ္ပဏီများနှင့် နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများက သူတို့၏ လူမှုပတ်ဝန်းကျင် ကတိကဝတ်များနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှု အပြည့်ရှိကြောင်း ပြသနိုင်ရန် (လူမှုရေးနှင့်သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကတိကဝတ်များ အတွက်) မဖြစ်မနေ (သို့မဟုတ်) မိမိတို့၏ သဘောဆန္ဒအလျောက် အသုံးစရိတ်များနှင့် ရန်ပုံငွေ၊ ဘဏ္ဍာငွေများနှင့်လူထု သို့တင်ပြနိုင်ပါသည်။

နှစ်စဉ် အစီရင်ခံစာများ၊ သတင်းထုတ်ပြန်ချက်များ၊ ဘဏ္ဍာရေးရှင်းတမ်းများ စသည့် အများပြည်သူဆိုင်ရာစာ ရွက်စာတမ်းများတွင် ယခုအချက်အလက်များကို ထည့်သွင်းဖော်ပြသွားပါမည်။

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

**သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ**

၂၀၁၆ ခုနှစ်မှ စတင်၍ အကျိုးတူဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများ၏ ထုတ်လုပ်မှု အပေါ် အခြေခံ၍ ရောင်းချသည့် တန်ဖိုးအပေါ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး (၁) ရာခိုင်နှုန်း၊ CSR (၂) ရာခိုင်နှုန်းနှင့် Mine Closer Plan (၂) ရာခိုင်နှုန်း ထည့်ဝင်စေရန် သတ်မှတ်ထားပါသည်။ လုပ်ငန်း၊ ဌာနများနှင့်အကျိုးတူဆောင်ရွက်နေသည့် ဌာနများ၏ CSR ဆောင်ရွက်မှုများ၊ ပမာဏများအား မိမိတို့ဝန်ကြီးဌာန Website ဖြစ် သည့် www.mining.gov.mm တွင်ဖော်ပြဆောင်ရွက်ထားပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မှတ်ချက်များ**

MOGE အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်၍ အသားတင်အမြတ်၏ ၂၅% အား ဝင်ငွေခွန်အဖြစ် လည်းကောင်း၊ ၂၀% အား နိုင်ငံတော်ထည့်ဝင်ငွေအဖြစ်လည်းကောင်း၊ ပေးသွင်းရပြီး ကျန် ၅၅% မှ ၂% အား CSR အသုံးစရိတ်အဖြစ် နိုင်ငံတော်အစိုးရမှ Budget ချထားခွင့်ပြုပေးပါသည်။

ကုမ္ပဏီများအနေဖြင့် PSC စာချုပ်အရ CSR လုပ်ငန်းများဆောင်ရွက်ရန် Mandate ပြုလုပ်ထားပြီး ငွေကြေး ပမာဏအား သတ်မှတ်ထားခြင်းမရှိပါ။ ထိုသို့သတ်မှတ်မထားခြင်းမှာ နိုင်ငံတကာ ရေနံလုပ်ငန်း ကျင့်စဉ်များအရ လေ့လာရေးကာလမှစတင်၍ အဆိုပါ CSR လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသောကြောင့်ဖြစ်ပါ သည်။ သို့သော် ကုမ္ပဏီများအနေဖြင့် MOGE ၏ Guideline အတိုင်း နှစ်စဉ် Budget အလိုက်လျာထား၍ခွင့်ပြုချက် ရယူဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ CSR လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ Guideline နှင့် CSR Report Sample များအား MEITI ညှိနှိုင်းရေးမှူးရုံးသို့ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ၂၄-၁-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ဥညမ-၂/၁၁ (၀၀၄၇) ၂၀၁၉ ဖြင့် ပေးပို့ပြီးဖြစ်ပါသည်။

### အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
### (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

အကောင်အထည်မဖော်ရသေး

### လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မှတ်ချက်များ**

ဆောင်ရွက်ပြီးဖြစ်ပါသည်။

MOGE အနေဖြင့် ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်၍ အသားတင်အမြတ်၏ ၂၅% အား ဝင်ငွေခွန် အဖြစ်လည်းကောင်း၊ ၂၀% အား နိုင်ငံတော်ထည့်ဝင်ငွေအဖြစ်လည်းကောင်း၊ ပေးသွင်းရပြီး ကျန် ၅၅% မှ ၂% အား CSR အသုံး စရိတ်အဖြစ် နိုင်ငံတော်အစိုးရမှ Budget ချထားခွင့်ပြုပေးပါသည်။

ကုမ္ပဏီများအနေဖြင့် PSC စာချုပ်အရ CSR လုပ်ငန်းများဆောင်ရွက်ရန် Mandate ပြုလုပ်ထားပြီး ငွေကြေးပမာဏအား သတ်မှတ်ထားခြင်းမရှိပါ။ ထိုသို့သတ်မှတ်မထားခြင်းမှာ နိုင်ငံတကာ ရေနံလုပ်ငန်းကျင့်စဉ်များအရလေ့လာရေးကာလမှစတင်၍ အဆိုပါ CSR လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသောကြောင့်ဖြစ်ပါ သည်။ သို့သော် ကုမ္ပဏီများအနေဖြင့် MOGE ၏ Guideline အတိုင်း နှစ်စဉ် Budget အလိုက်လျာထား၍ခွင့်ပြုချက် ရယူဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ CSR လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ Guideline နှင့် CSR Report Sample များအား MEITI ညှိနှိုင်းရေးမှူးရုံးသို့ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ၂၄–၁–၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ဥညမ–၂/၁၁ (၀၀၄) ၂၀၁၉ ဖြင့် ပေးပို့ပြီးဖြစ်ပါသည်။

## ၃၆ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ် နှင့်စွမ်းအင်ဝန်ကြီးဌာန

၂၀၁၄–၂၀၁၅ နှင့်၂၀၁၅–၂၀၁၆ ခုနှစ် ဒုတိယ နှင့် တတိယအကြိမ် အစီရင်ခံစာများ

### အကြံပြုချက်များ

**သယံဇာတတူးဖော်ထုတ်ယူရေး ကုမ္ပဏီများမှ လှူဒါန်းသည့် စီမံကိန်းများ အကောင်ထည်ဖော်နေမှု ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း**

သယံဇာတ တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများမှ လှူဒါန်းမှုများနှင့်အဆောက်အအုံ စီမံကိန်းများကိုနောက်ဆုံးအကျိုးခံစားမည့်သူများအား တိုက်ရိုက်ပေးကြောင်း သိရှိထားပါသည်။ ယင်းတို့ကို အကျိုးခံစားသူရော၊ ကုမ္ပဏီကပါ သက်ဆိုင်ရာ တိုင်း၊ ပြည်နယ်များသို့ အမြဲတမ်း အကြောင်းကြားလေ့မရှိသည့်အတွက် သယံဇာတ ထုတ်ယူခံနေရသည့်

ဒေသများအတွက် ကုမ္ပဏီများမှ ပြန်လည် ဖြည့်ဆည်းပေးနေမှုများကို စည်ပင်သာယာရေးဌာနများ (ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ – municipalities)နှင့် ဒေသ(ဆိုင်ရာ)များက အပြည့်အဝ သတိမပြုမိကြပေ။

**အကြံပြုချက်**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနတို့သည် အဆိုပါစီမံကိန်းများ၏ တန်ဖိုးနှင့် ကူညီထောက်ပံ့၊ ထည့်ဝင်မှုများကို စနစ်တကျ စာရင်းအင်းများ ပြုစုမှတ်ထားနိုင်ရေး အတွက် ထိုစီမံကိန်းများကို မှတ်တမ်းတင်ထားရန် ဗဟိုအစိုးရမှ ဆောင်ရွက်နေသည့် (ဖွံ့ဖြိုးရေးဆိုင်ရာ) ကြိုးစားအား ထုတ်မှုများနှင့် လုပ်ပြီးသားကို မလိုအပ်ဘဲ ထပ်လုပ်ခြင်းမှ ရှောင်ရှားနိုင်ရေး ထိုစီမံကိန်းများကို တူးဖော်ထုတ်လုပ် ရေး ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွင် ထည့်သွင်းရန်အတွက် တိုင်းနှင့်ပြည်နယ်မှ ဌာနဆိုင်ရာအဖွဲ့အစည်း များနှင့် ညှိနှိုင်းပူးပေါင်းရေး အကြံပြုထားပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက် များ

**ဒုတိယအကြိမ် နှင့် တတိယအကြိမ် အစီရင်ခံစာများတွင် ပါဝင်သည့် မှတ်ချက်များ**

**သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ**

သယံဇာတ ကုမ္ပဏီများ၏ လှူဒါန်းမှုများနှင့် အဆောက်အဦ စီမံကိန်းများကို နောက်ဆုံးအကျိုးခံစားသူများထံ တိုက်ရိုက်ပေးကြောင်း သိရှိထားပါသည်။ ယင်းတို့ကို အကျိုးခံစားသူရော ကုမ္ပဏီကပါ သက်ဆိုင်ရာ တိုင်း/ ပြည်နယ် များသို့ အမြဲတမ်း အကြောင်းကြားလေ့ မရှိသည့်အတွက် သယံဇာတ ထုတ်ယူခံရသည့် ဒေသများအတွက် ကုမ္ပဏီများမှ ပြန်လည်ဖြည့်ဆည်းပေးနေမှုများကို စည်ပင်သာယာရေးဌာနများနှင့် ဒေသများက အပြည့်အဝ သတိမပြုမိကြပေ။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် တိုင်းနှင့်ပြည်နယ်မှ ဌာနများနှင့် ပူးပေါင်းကာ ထိုစီမံကိန်းများ၏ တန်ဖိုးပမာဏများကို သင့်တော်သည့် တွက်ချက်မှုများ ထည့်သွင်း မှတ်တမ်းတင်ထား စေပြီး ဗဟိုအစိုးရမှ ထိုသယံဇာတ ထုတ်ယူခံရသည့် ဒေသများတွင် ပြုလုပ်သည့် ဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့် သွင်းခြင်းအားဖြင့် လုပ်ငန်းများ ထပ်မှုကို ရှောင်ရှားနိုင်သည်။

သက်ဆိုင်ရာ ကုမ္ပဏီများသို့ သီးခြားတောင်းခံ၍ ဝဘ်ဆိုက် (Website)တွင် ဖော်ပြသွားပါမည်။

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

**အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၏ မှတ်ချက်များ**

သယံဇာတတူးဖော်ထုတ်ယူရေး ကုမ္ပဏီများမှ လှူဒါန်းသည့် စီမံကိန်းများ အကောင်အထည်ဖော်နေမှုပိုမို ကောင်းမွန်အောင် ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အမှတ် (၂) သတ္တုတွင်းလုပ်ငန်းနှင့် အကျိုးတူသတ္တုတူးဖော်ထုတ် လုပ်သည့် ကုမ္ပဏီများသည် သတ္တုတူးဖော်ထုတ်လုပ်ရေးဒေသရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကူညီထောက်ပံ့မှု များဆောင်ရွက် ပေးလျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ပေးမှုများကို အမှတ် (၂) သတ္တုတွင်းလုပ်ငန်းလက်အောက်ရှိ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများမှတဆင့် စုစည်း၍ စာရင်းကောက်ယူစေပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် များအလိုက် ဒေသဖွံ့ဖြိုးမှုဆောင်ရွက်ချက်စာရင်းများကို အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၏ Website တွင် ဖော်ပြပေး သွားပါမည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ မှတ်ချက်များ**

(က)သယံဇာတထုတ်ယူသည့် ကုမ္ပဏီများမှ ဒေသဖွံ့ဖြိုးရေးအတွက် လှူဒါန်းသည့် ဆေးရုံ၊ လမ်း၊ တံတားနှင့်ဘာသာရေးဆိုင်ရာအဆောက်အဦများ စသည့်စီမံကိန်း/ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများရှိပါသည်။

(ခ) အဆိုပါစီမံကိန်းများ/လုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ်အစိုးရ များသို့ အကြောင်းကြားခြင်း၊ စည်ပင်သာယာရေးဌာနများသို့ အသိပေးခြင်းနှင့် MONREC နှင့် MGE Website များတွင် ဖော်ပြခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မှတ်ချက်များ**

ဝန်ကြီးဌာနမှလည်းကောင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှလည်းကောင်းလက်ရှိဆောင်ရွက်လျက်ရှိသည့် CSR Program များသည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် ကြိုတင် ညှိနှိုင်းဆောင်ရွက်ပြီးမှသာ ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဆောင်ရွက်ထား ခြင်းမရှိသေးသော ဒေသအတွက် အမှန်တကယ်လိုအပ်သော Program များသာ ဖြစ်ပါသည်။

## အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည်ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

CSR နှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေတွင် ရင်းနှီးမြုပ်နှံမှု၏ ၂% သုံးစွဲရန် သတ်မှတ်ထားပြီး ကျောက်မျက်ရတနာနည်းဥပဒေတွင်လည်း ထည့်သွင်းရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မှတ်ချက်များ**

ဆောင်ရွက်ပြီးဖြစ်ပါသည်။

ဝန်ကြီးဌာနမှလည်းကောင်း၊အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ လည်းကောင်းလက်ရှိဆောင်ရွက်လျက်ရှိသည့် CSR Program များသည် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ပြီးမှသာ ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဆောင်ရွက်ထားခြင်းမရှိသေးသော ဒေသအတွက်အမှန်တကယ်လိုအပ်သော Program များသာ ဖြစ်ပါသည်။

# ၃၇ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ

၂၀၁၄-၂၀၁၅ နှင့်၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယ နှင့် တတိယအကြိမ် အစီရင်ခံစာများ

## အကြံပြုချက်များ

**စီမံကိန်းအဆင့်၌ အစီရင်ခံတင်ပြမှုမရှိခြင်း**

အခန်း(၄.၇)တွင် ဖော်ပြထားသည့်အတိုင်း EITI စံညွှန်းသည် အချို့သော အခြေအနေများတွင် စီမံကိန်းအဆင့် အစီရင်ခံတင်ပြခြင်း ဆောင်ရွက်ရန် လိုအပ်သည်။

အစိုးရဌာနများ၊ နိုင်ငံပိုင်လုပ်ငန်းများနှင့် ကုမ္ပဏီများသည် စီမံကိန်းများအကြား ဝင်ငွေစီးဆင်းမှုများကို မခွဲဝေ၊ မချထားသောကြောင့် MEITI အစီရင်ခံစာတွင် ဤအဆင့်အထိ စီမံကိန်းအလိုက် ခွဲခြားဖော်ပြထားခြင်း မပါဝင်ပေ။

**အကြံပြုချက်**

ထို့ကြောင့် အစိုးရဌာနများ၊ နိုင်ငံပိုင်လုပ်ငန်းများသာမက သယံဇာတ တူးဖော်ထုတ်ယူရေး ကုမ္ပဏီများပါ အခွန်ဘဏ္ဍာငွေ စီးဆင်းမှုများကို စီမံကိန်းတစ်ခုချင်းအဆင့်တွင် အစီရင်ခံတင်ပြနိုင်ရန် စီမံကိန်းများအကြား ဖြစ်နိုင်သည့်နေရာတိုင်းတွင် အခွန်ဘဏ္ဍာငွေ စီးဆင်းမှုများကို မည်သို့ခွဲခြားဖော်ပြနိုင်မည်ဖြစ်ကြောင်း ဆန်းစစ်လေ့လာရန် အကြံပြုပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ဒုတိယအကြိမ် နှင့် တတိယအကြိမ် အစီရင်ခံစာများတွင် ပါဝင်သည့် မှတ်ချက်များ**

**သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ**

အစိုးရဌာနများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီများသည် စီမံကိန်းအဆင့် ဘဏ္ဍာငွေများ (ဘဏ္ဍာရေးရာများ)ကို အစီရင်ခံလျက် ရှိပါသည်။

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

**အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၏ မှတ်ချက်များ**

စီမံကိန်းအဆင့်ဆင့် အစီရင်ခံတင်ပြမှုမရှိခြင်းနှင့်ပတ်သက်၍ ဌာနအနေဖြင့် စီမံကိန်းတစ်ခု ခြင်းအလိုက် ဝင်ငွေရရှိမှုဖော်ပြနိုင်သော်လည်း ကုမ္ပဏီမှ လုပ်ငန်းတစ်ခု/လုပ်ကွက် တစ်ကွက်ချင်းအလိုက် ဝင်ငွေရရှိမှု ခွဲခြားဖော်ပြနိုင်ခြင်းမရှိဘဲ နှစ်ချုပ်အစီရင်ခံစာစာရင်းတွင် လုပ်ငန်းအားလုံးပေါင်း၍ ဖော်ပြထားသဖြင့် ခွဲခြားဖော်ပြရန် ခက်ခဲမှုရှိနိုင်ပါသည်။

**သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ**

အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဦးစီးဌာနတို့ အနေဖြင့် စီမံကိန်းအဆင့် အစီရင်ခံတင်ပြရန် အခက်အခဲမရှိနိုင် သော်လည်း ကျောက်မျက်ကဏ္ဍတွင် ကုမ္ပဏီတစ်ခုမှ လုပ်ကွက်အများအပြား ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အခက်အခဲများရှိခဲ့သော်လည်း ယခုစတုတ္ထအကြိမ်အစီရင်ခံစာတွင် ကျောက်စိမ်း၊ ကျောက်မျက်ကဏ္ဍမှ ကုမ္ပဏီစုစုပေါင်း (၈၄) ခုကိုယ်စားပြုပါဝင်ခဲ့ပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

တစ်စိတ်တစ်ပိုင်းအကောင်အထည်ဖော်ပြီး

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

–

# ၃၈ သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့ဝင်များ

**၂၀၁၄–၂၀၁၅ နှင့်၂၀၁၅–၂၀၁၆ ခုနှစ် ဒုတိယ နှင့် တတိယအကြိမ် အစီရင်ခံစာများ**

## အကြံပြုချက်များ

**ကိန်းဂဏန်း အချက်အလက်များနှင့် သတင်း အချက်အလက်များ ထုတ်ယူရရှိခြင်း**

EITI အစီရင်ခံစာ ရေးသားပြုစုခြင်း၏ ရည်ရွယ်ချက်မှာ အများပြည်သူများအား ရည်ညွှန်းကိုးကားစရာ ပေးအပ်ရန်နှင့် စာရင်းတိုက်ဆိုင်ညှိနှိုင်းမှု လုပ်ငန်းစဉ် (reconciliation process)ကို နားလည်သိရှိမှု ပိုကောင်းစေရေးပံ့ပိုးပေးရန် ဖြစ်သည်။ ထိုကဲ့သို့ ရည်မှန်းလုပ်ဆောင်ရာတွင် သယံဇာတ တူးဖော်ထုတ်လုပ်ရေးဆိုင်ရာ စီမံအုပ်ချုပ်မှုတွင် တိုက်ရိုက် ပါဝင်ပတ်သက်နေသော ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများထံမှ သတင်းအချက် အလက်များနှင့် ရှင်းလင်းဖြေကြားချက်များကို ပြည်သူလူထုအနေနှင့် ရယူသိရှိနိုင်ရန်မှာ အလွန်အရေးကြီးလှသည်။

စာရင်းတိုက်ဆိုင်စစ်ဆေးသူများ (Reconcilers)အဖွဲ့သည် ကိန်းဂဏန်း အချက်အလက်များနှင့် အတည်ပြုချက်များရယူရာတွင် အောက်ပါတို့ကြောင့် များစွာသော အခက်အခဲများ ကြုံတွေ့ခဲ့ရသည် –

- ကိန်းဂဏန်း အချက်အလက်များ ကောက်ယူ စုဆောင်းခြင်းကို အဟန့်အတားဖြစ်စေသော ကြိုးနီစနစ်၊
- အစီရင်ခံစာတွင် ပါဝင်သောဌာနဆိုင်ရာများနှင့် ကုမ္ပဏီများမှ တင်ပြသော ကိန်းဂဏန်းများနှင့် သတင်းအချက်အလက်များသည် အစီရင်ခံရမည့် ပုံစံဖြင့် ရှေ့နောက်မညီညွတ်ခြင်း။

ရလဒ်အဖြစ် EITI အစီရင်ခံစာသည် မျှော်မှန်းထားသည့် အရည်အသွေးမရခဲ့ပါ။ ကြုံတွေ့နေရသော အခက်အခဲများကြောင့် ဤအစီရင်ခံစာကို အသုံးပြုသူများအတွက် အသိအမြင်ပေးနိုင်မည့် ကိန်းဂဏန်း အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုကို စနစ်တကျ ဆောင်ရွက်ရန် အချိန် အလုံအလောက် မရှိခဲ့ပေ။

**အကြံပြုချက်**

အစီရင်ခံတင်ပြသော ဌာနများနှင့် ကုမ္ပဏီများမှ အဓိကတာဝန်ရှိသူများကို ကိန်းဂဏန်းနှင့် သတင်းအချက်လက်များ ထုတ်ပေးရာတွင် ပိုမိုတက်ကြွသော အခန်းကဏ္ဍများမှ ဆောင်ရွက်ရန်သာမက EITI အစီရင်ခံစာတွင် ပိုမိုပြည့်စုံကျယ်ပြန့်သော ရှင်းလင်းချက်များပေးအပ်ရန်နှင့် အစီရင်ခံစာတွင် ပါဝင်သော အချက်အလက်များကို အတည်ပြုပေးနိုင်ရန် တိုက်တွန်းအားပေးသင့်ပါသည်။ လွတ်လပ်သော ကြီးကြပ်အုပ်ချုပ်သူ (Independent Administrator)မှ ကွင်းဆင်းလုပ်ငန်း မစတင်မီ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MSG)က အသုံးပြုရန် ရွေးချယ်ထားသော အစီရင်ခံစာပုံစံကို ကိန်းဂဏန်းအချက်အလက်များ ကောက်ယူခြင်း လုပ်ငန်းစဉ်ကို စတင်ရန် အသုံးပြုနိုင်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

**အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၏ မှတ်ချက်များ**

ကိန်းဂဏန်းအချက်အလက်နှင့် သတင်းအချက်အလက်များ ထုတ်ယူရရှိခြင်းနှင့်ပတ်သက်၍ သတင်းအချက်အလက်များကောက်ယူရာတွင် စံသတ်မှတ်ထားသည့်ပုံစံများရှိပါက ပိုမိုမြန်ဆန် လွယ်ကူမည်ဖြစ်ပါသည်။

သတ္တုတွင်းဦးစီးဌာန၏ မှတ်ချက်များ

အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ပုလဲ ထုတ် လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ် ငန်းများနှင့် သတ္တုတွင်းဦးစီးဌာနတို့မှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန နှင့် မြန်မာနိုင် ငံ EITI ညှိနှိုင်းရေးမှူးရုံးတို့မှ လိုအပ်သည့် အချက်အလက်များ တောင်းခံလာပါက ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ အချိန်မီပေးပို့ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ကဏ္ဍအလိုက်ထုတ်လုပ်မှုပမာဏများကို Website တွင်ဖော်ပြထားသကဲ့သို့ နောက်ပိုင်းတွင် ထုတ်လုပ်မှုကိန်းဂဏန်းများ ၊ နိုင်ငံခြားတင်ပို့မှု၊ အလုပ်အကိုင် အခွင့်အလမ်း၊ လူမှုထောက်ပံ့မှု စသည့် EITI Report တွင်ပါဝင်သည့် အချက်အလက်မှန်သမျှကို Template ဖြည့်စွက်သည့်ပုံစံသာမက အချိန်နှင့်တပြေးညီ တင်ပြနိုင်ရန် ဆောင်ရွက်သွားပါမည်။

## အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

–

# ၃၉ သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့ဝင်များ

၂၀၁၄–၂၀၁၅ နှင့်၂၀၁၅–၂၀၁၆ ခုနှစ် ဒုတိယ နှင့် တတိယအကြိမ် အစီရင်ခံစာများ

## အကြံပြုချက်များ

**အနာဂါတ် MEITIအစီရင်ခံစာ၏ နယ်ပယ်အတိုင်းအတာကို တိုးချဲ့ရေး သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ ထည့်သွင်းစဉ်းစားရန်။**

MEITI၏ ကနဦး အစီရင်ခံစာနှစ်စောင်မှာ Upstream entity ဟု ခေါ်သောလုပ်ငန်းများ (ဥပမာ – အမှန်စင်စစ် သတ္တုနှင့် အခြားတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီများ)နှင့်သာ သက်ဆိုင်နေပြီး တူးဖော်ထုတ်လုပ်ရေး စက်မှုကဏ္ဍတွင် အဓိက အချက်ဖြစ်သော တစ်ဆင့်ခံ ကန်ထရိုက်တာများ မပါဝင်ချေ။

ကျောက်မျက်ကဏ္ဍ၏ လွှမ်းခြုံမှုသည် ပြီးခဲ့သောအစီရင်ခံစာနှစ်စောင်တွင် တိုးချဲ့ထားသော်လည်း အလွန်ကြီးမား၍ များပြားသော တရားမဝင် မှောင်ခိုလုပ်ငန်းကြောင့် အစီရင်ခံစာများတွင် ပါဝင်မှုသည် ကဏ္ဍတစ်ခုလုံး၏ အနည်းငယ်မျှကိုသာ လွှမ်းခြုံထားနိုင်သေးသည်။

**အကြံပြုချက်**

နောင်အစီရင်ခံစာများတွင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရန် အကြံပြုပါသည်–

- သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍတွင် တူးဖော်ထုတ်လုပ်ရေးပိုင်း တစ်ဆင့်ခံ ကန်ထရိုက်တာများ (up-stream sub-contractors) ကို ထည့်သွင်းခြင်း။ ဤလုပ်ငန်းရှင်များကို ထည့်သွင်းရသည့် အဓိက ရည်ရွယ်ချက်မှာ ဤ စက်မှုကဏ္ဍများ၏ တန်ဖိုးကွင်းဆက်ကို ပိုမို ပြည့်စုံကျယ်ပြန့်စွာ ဆန်းစစ်ချက်နှင့် ယင်းတို့၏ စီးပွားရေးသို့ ထည့် ဝင်ပံ့ပိုးမှုတို့ကို ပိုမို ပြည့်စုံကျယ်ပြန့်စွာ ပေးအပ်ရန်ဖြစ်ပါသည်။
- ကျောက်မျက်ကဏ္ဍ ပြုပြင်ပြောင်းလဲရေး အစီအစဉ် (Gemstone Sector reform plan)အပေါ် အခြေခံ၍ လိုက်လျောညီထွေရှိအောင် ဆောင်ရွက်ထားသော အကောင်အထည်ဖော်ဆောင်မှု (Adapted Implementation)ကို ကျင့်သုံးခြင်းအားဖြင့် ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍ၏ လွှမ်းခြုံမှုကို ချဲ့ထွင်ခြင်းနှင့် စာရင်းတိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစဉ်တွင် ရောင်းဝယ်ရေး ကုမ္ပဏီများ (trading companies)ကို ထည့်သွင်းခြင်း။
- စစ်ဘက်ဦးပိုင်ကုမ္ပဏီများနှင့် ယင်းတို့၏ လုပ်ငန်းခွဲများသည် ဆုံးရှုံးနိုင်ခြေ၊ အန္တရာယ်ရှိသော လုပ်ငန်းများအတိ အကျဖြစ်နေသောကြောင့် စာရင်းစစ်များ၏ သေချာတိကျသော ထောက်ခံချက်၊ စနစ်တကျတွေ့ဆုံ မေးမြန်း

မှုများနှင့်/ (သို့မဟုတ်) ခွဲခြမ်းစိတ်ဖြာ သုံးသပ်များနှင့် ယင်းတို့ စာရင်းများထဲမှ သတ်မှတ်ထားသောအချို့ လုပ်ဆောင်ချက်များကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှုများနှင့် စာရင်းစစ်ခြင်းများ စသည်ဖြင့် ပို၍ မြင့်မားသော စစ်ဆေးမှု ခံယူသင့်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**စတုတ္ထအကြိမ်မြောက်အစီရင်ခံစာတွင်ပါဝင်သည့်မှတ်ချက်များ**

**သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဝင်များ၏မှတ်ချက်များ**

၁။ စတုတ္ထအကြိမ်မြောက်အစီရင်ခံစာတွင် သတ္တု၊ ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍများ၏ နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းသည် ဝင်ငွေစီးဆင်းမှုအပေါ် သာမက ခွင့်ပြုသည့်ဧရိယာ/ အရေအတွက်ပေါ်မူတည်၍ တိုးချဲ့ဆောင်ရွက်ခြင်းဖြစ်ပါသည်။ စာရင်းတိုက်ဆိုင်ညှိနှိုင်းခြင်းနယ်ပယ်အတိုင်းအတာတွင် သတ်မှတ်ခြင်းတွင်ပုလဲကဏ္ဍအတွက်လည်းလွှမ်းခြုံထားပါသည်။

၂။ တစ်ဆင့်ခံကန်ထရိုက်တာများ ပါဝင်စေရန်အတွက် အကျိုးစီးပွားခွဲဝေသည့်စာချုပ်(PSC) အားပြင်ဆင်သင့်သည်။ PSCအတွက် ဥပဒေမရှိသည့်အတွက်ကြောင့် သတ္တုတွင်းဦးစီးဌာန၏ ညွှန်ကြားချက်ပေးရန်လိုအပ်ပါသည်။ပြင်ဆင်ထားသည့် PSC စာချုပ်သည် ၂၀၁၉-၂၀၂၀ခုနှစ် အစီရင်ခံစာကာလအပေါ်တွင် လွှမ်းခြုံမည်ဖြစ်ပါသည်။

၃။ ကျောက်စိမ်းနှင့်ကျောက်မျက်ကဏ္ဍများ၏တရားမဝင်လုပ်ငန်းများအားလျော့ချရန်အတွက်အစိုးရသည် အသေးစားလုပ်ငန်းများအတွက်ဒေသအဆင့် ဈေးကွက်များထူထောင်သင့်သည်။

ကျောက်စိမ်း၏ခြေရာခံနိုင်မှုအား ထိန်းချုပ်နိုင်ရန်အတွက် အစိုးရသည် အလတ်စားသတ္တုလုပ်ငန်းများအားစည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းချုပ်သင့်သည်။

၄။ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သည် စစ်ဘက်ဦးပိုင် ကုမ္ပဏီများထံမှ သတ်မှတ်ချက်ပြည့်မီသော သတင်းအချက်အလက်များရရှိရန်နှင့် ရယူပိုင်ခွင့်ရရှိရန် ဦးဆောင်ကော်မတီအား တိုက်တွန်း သင့်သည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

-

# ၄၀ မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

၂၀၁၄-၂၀၁၅ နှင့်၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယ နှင့် တတိယအကြိမ် အစီရင်ခံစာများ

## အကြံပြုချက်များ

### နိုင်ငံတော်မှ ရရှိသည့် ထုတ်လုပ်မှုဝေစုကို ရောင်းချခြင်း

EITI စည်းကမ်းချက် (၄.၂) အရ "နိုင်ငံတော်မှရရှိသည့် ထုတ်လုပ်မှုဝေစု ရောင်းချခြင်းများ (သို့မဟုတ်) ကုန်စည် (in kind)အားဖြင့် ရရှိသော အခြားဝင်ငွေများ မြင့်မားသောအခါ နိုင်ငံပိုင်လုပ်ငန်းများအပါအဝင် အစိုးရကရောင်းချသည့်ပမာဏများနှင့်ရရှိသည့်ဝင်ငွေများကိုထုတ်ပြန်ကြေညာပေးရမည်။ထုတ်ပြန်သည့်ကိန်းဂဏန်းအချက်အလက်များကို ဝယ်ယူသည့် ကုမ္ပဏီတစ်ခုချင်းအလိုက် ခွဲခြားထားရမည်။ အစီရင်ခံတင်ပြခြင်းသည် ထုတ်ပြန် ကြေညာချက်များကို ထွက်ကုန်အမျိုးအစား၊ ဈေးနှုန်း၊ ဈေးကွက်နှင့် ရောင်းချသည့်ပမာဏအလိုက် ခွဲခြားထုတ်ပြန် ပေးနိုင်သည်။"

မြန်မာနိုင်ငံအတွက်ဆိုလျှင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုခွဲဝေယူသည့် စာချုပ်များ (PSCs) အရ လုပ်ကွက်မှ ထုတ်လုပ်သော စုစုပေါင်း ပမာဏကို အခြေခံပြီး နိုင်ငံတော်၏ ထုတ်လုပ်မှုအပေါ် နိုင်ငံတော်ဝေစုကို တွက်ချက်ကြောင်း သိရှိပါသည်။ ဖက်စပ်မိတ်ဖက်များသည် ရေရှည် သဘာဝဓာတ်ငွေ့ ရေရှည် အရောင်းစာချုပ်များနှင့်အညီ အားလုံးသော သဘာဝဓာတ်ငွေ့ဝင်ငွေများကို ရောင်းချပြီး ရရှိသောဝင်ငွေများကို ငွေသားအားဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် မိတ်ဖက်များသို့ ထုတ်လုပ်မှုခွဲဝေယူသည့် စာချုပ်ပါစည်းကမ်း ချက်များနှင့်အညီ ခွဲပေးပါသည်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ဝယ်ယူသည့် ကုမ္ပဏီတစ်ခုချင်း အလိုက် ရောင်းချသည့် ပမာဏနှင့် ရရှိသည့် ဝင်ငွေများကို ခွဲခြား မထုတ်ပြန်ပေးခဲ့ပေ။ ဈေးနှုန်းနှင့် နောက်ဆုံးရောက်ရှိမည့် ဈေးကွက်နှင့် ပတ်သက်သည့် အချက်အလက်များကိုလည်း မထုတ်ပြန်ပေးခဲ့ချေ။

### အကြံပြုချက်

နိုင်ငံတော်၏ ထုတ်လုပ်မှု ဝေစုနှင့် ပတ်သက်သည့် ပထမ ရောင်းဝယ်မှုနှင့်စပ်လျဉ်း၍ လိုအပ်သောသတင်းအချက်အလက်များ အားလုံးကို ထုတ်ပြန်ကြေညာရန် အကြံပြုလိုက်ပါသည်။ ဤသတင်း အချက်အလက်များတွင် အောက်ပါတို့ ပါဝင်ရမည် -

- အရောင်းတစ်ခုချင်း၏ ပမာဏနှင့် တန်ဖိုး၊
- ရက်စွဲ၊
- ရောင်းချသည့် တွင်းထွက်သယံဇာတ အမျိုးအစား၊
- ဝယ်ယူသည့် ကုမ္ပဏီ မည်သူမည်ဝါဖြစ်ကြောင်း၊
- နိုင်ငံတကာစီးပွားရေး ဆိုင်ရာ အသုံးအနှုန်းများ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး စကားအသုံးအနှုန်းများ (In-coterms)၊
- တစ်ဦးချင်း ရောင်းဈေးနှင့်

■ ရောင်းချသည့် ဈေးကွက်/ ရောင်းချကုန်များ နောက်ဆုံးရောက်မည့်နေရာ။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**စတုတ္ထအကြိမ် အစီရင်ခံစာတွင် ပါဝင်သည့် မှတ်ချက်များ**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မှတ်ချက်များ**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် Oil and Gas Company များထံမှ In-kind Payment ဖြင့် ရယူခြင်းမရှိပါ။ လက်ရှိတွင် PSC စာချုပ်ပါ Clause 14.1 နှင့် 14.4 မှ Domestic Market Obligation အရ MOGE အနေဖြင့် Contractor ၏ Share of Profit Petroleum မှ Crude Oil ၏ 20% ၊ Natural Gas ၏ 25% အား Fair Market Value ၏ ၁၀% Discount ဖြင့် ရရှိဝယ်ယူပါသည်။

ရောင်းချသည့် သယံဇာတအမျိုးအစားမှာ ရေနံစိမ်း (Crude Oil) နှင့် သဘာဝဓာတ်ငွေ့ Natural Gas တို့သာဖြစ်ပြီး စီမံကိန်းအလိုက်ဆောင်ရွက်သည့်ကုမ္ပဏီ၊ ထုတ်ကုန်အမျိုးအစား၊တင်ပို့ရောင်းချသည့်နိုင်ငံ၊ ရရှိသည့်ဝင်ငွေစသည့်အချက်အလက်များကိုလည်း တရားဝင်ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

## အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

၂၀၁၈ ခုနှစ်၊ (၅၅)ကြိမ်မြောက်ပြပွဲမှစ၍ နိုင်ငံပိုင်ကျောက်စိမ်းရိုင်းများကို ပြပွဲတွင် တင်ဒါစနစ်ဖြင့် ပွင့်လင်းမြင်သာစွာရောင်းချပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မှတ်ချက်များ**

ဆောင်ရွက်ပြီးဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် Oil and Gas Company များထံမှ In-kind Payment ဖြင့် ရယူခြင်းမရှိပါ။ လက်ရှိတွင် PSC စာချုပ်ပါ Clause 14.1 နှင့် 14.4 မှ Domestic Market Obligation အရ MOGE အနေဖြင့် Contractor ၏ Share of Profit Petroleum မှ Crude Oil ၏ 20% ၊ Natural Gas ၏ 25% အား Fair Market Value ၏ ၁၀% Discount ဖြင့် ရရှိဝယ်ယူပါသည်။

ရောင်းချသည့် သယံဇာတအမျိုးအစားမှာ ရေနံစိမ်း (Crude Oil) နှင့် သဘာဝဓာတ်ငွေ့ Natural Gas တို့သာဖြစ်ပြီး စီမံကိန်းအလိုက် ဆောင်ရွက်သည့်ကုမ္ပဏီ၊ ထုတ်ကုန်အမျိုးအစား၊ တင်ပို့ရောင်းချသည့်နိုင်ငံ၊ ရရှိသည့် ဝင်ငွေ စသည့် အချက်အလက်များကိုလည်း တရားဝင်ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

# ၄၁ သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ အစိုးရဌာနများ

၂၀၁၄-၂၀၁၅ နှင့်၂၀၁၅-၂၀၁၆ ခုနှစ် ဒုတိယ နှင့် တတိယအကြိမ် အစီရင်ခံစာများ

## အကြံပြုချက်များ

**ပထမအကြိမ် MEITI အစီရင်ခံစာမှ အကြံပြုချက်များကို အကောင်အထည် ဖော်ခြင်း**

ပထမအကြိမ် MEITI အစီရင်ခံစာပါ အကြံပြုချက်များသည် ဥပဒေများနှင့် တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကိုပြင်ဆင်ခြင်းများနှင့် ကိန်းဂဏန်းအချက်အလက်များ၏အရည်အသွေးကိုပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရာမှတစ်ဆင့် ပိုမိုကောင်းမွန်သော ပွင့်လင်းမြင်သာမှု မြင့်တင်ပေးရန် တည်ဆဲအစီရင်ခံသည့် ယန္တရားပုံစံများတွင် ပြုပြင်ပြောင်းလဲမှုများပြုရန်လိုအပ်ကြောင်း အလေးထားအကြံပြုထားသည်။

ပထမအကြိမ် MEITI အစီရင်ခံစာပါ အကြံပြုချက်များနှင့် တွေ့ရှိချက်များကို အကောင်ထည်ဖော်နိုင်ရန် စောင့်ကြည့်လေ့လာရေး လုပ်ငန်းစီမံချက်များ၏ လက်ရှိပုံစံဒီဇိုင်းကို ခိုင်မာအားကောင်းစေရန် လုပ်ဆောင်နေဆဲ ဖြစ်ကြောင်းသိရပါသည်။

**အကြံပြုချက်**

သို့ဖြစ်၍ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့(MSG)သည် အကောင်အထည်ဖော်ရမည့် အကြံပြုချက်များတွင် ပါဝင်သော လုပ်ငန်းများနှင့် အစိုးရဌာနများကို ပြန်လည်သုံးသပ်ဆွေးနွေးခြင်းကို မှတ်တမ်းတင်သည့် တရားဝင်ထုံးနည်းစံကျလုပ်ငန်းစဉ်တစ်ရပ် - ဥပမာ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ လစဉ်အစည်းအဝေးများ၏ အစီအစဉ်တွင် ထည့်သွင်းခြင်းကို အကောင်အထည်ဖော်ရန် အကြံပြုလိုက်ပါသည်။ ထို့အပြင် ပြန်လည်သုံးသပ်သည့် လုပ်ငန်းများကိုပို၍ စနစ်တကျခိုင်မာစွာ ဖွဲ့စည်းထားသော တာဝန်ခံမှုနှင့် အစီရင်ခံလမ်းကြောင်းများကို ဆောင်ရွက်ခြင်းသာမက အကောင်အထည်ဖော်ရန် အတိအကျ သတ်မှတ်ထားသည့် အချိန်ဇယားမှတစ်ဆင့်လည်း ယခုထက်ပို၍ ခိုင်မာအားကောင်းအောင်ဆောင်ရွက်နိုင်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**စတုတ္ထအကြိမ်အစီရင်ခံစာတွင်ပါဝင်သည့်မှတ်ချက်များ**

**သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင်များ၏မှတ်ချက်များ**

ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ် အစီရင်ခံစာများ၏ အကြံပြုချက်များအားအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်၍ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့များသည် အစည်းအဝေးများတွင် ဆွေးနွေးခဲ့ကြပြီး လုပ်ငန်းကော်မတီနှင့် ဦးဆောင်ကော်မတီအားအချိန်နှင့် တစ်ပြေးညီ တင်ပြဆောင်ရွက်ရပါသည်။ သက်ဆိုင်ရာအစိုးရဌာနများ၏လုပ်ငန်းများအားသဘောတူညီထားသည့်အချိန်သတ်မှတ်ချိန်ကာလအတွင်းရှိမရှိစောင့်ကြည့်စစ်ဆေး၍ထိုလုပ်ငန်းများအား သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏အစည်းအဝေးမှတ်တမ်းတွင် မှတ်တမ်းတင် ရမည်ဖြစ်ပါသည်။

**အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု**
**(ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)**

ဆက်လက်အကောင်အထည်ဖော်ဆဲ

**လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ**

-

# ၄၂ သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ အစိုးရဌာနများအားလုံး

**၂၀၁၆-၂၀၁၇ခုနှစ်၊ စတုတ္ထအကြိမ် အစီရင်ခံစာ**

## အကြံပြုချက်များ

**စာချုပ်စာတမ်းများဖွင့်ဟဖော်ထုတ်ခြင်း၊ ရှာဖွေတူးဖော်ခြင်းနှင့် ပို့ကုန်၊ အခွန်အခနှင့် ဝင်ငွေများ ပြည့်စုံစွာ ဖွင့်ဟဖော်ထုတ်ခြင်း၊ အချက်အလက်များအချိန်မီထုတ်ပြန်ခြင်း**

သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ဝင်များအနေဖြင့် EITI အကောင်အထည်ဖော်ဆောင်မှု အားကောင်းလာစေရေးအတွက် အစိုးရအေဂျင်စီများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် နှင့် အကောင်အထည်ဖော်ဆောင်မှုကို အထောက်အကူဖြစ်စေရေး အုပ်ချုပ်မှုဆိုင်ရာ ညွှန်ကြားချက် (သို့မဟုတ်)အမိန့်ကြော်ငြာစာထုတ်ပြန်ရန် စဉ်းစားသင့်ပါသည်။

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင်ပြုလုပ်သော ကမ္ဘာလုံးဆိုင်ရာ EITI ဘုတ်အဖွဲ့အစည်းအဝေးတွင် ပြောင်းလဲရန်အဆိုပြုထားသော EITI စံနှုန်းဆိုင်ရာ အောက်ဖော်ပြပါလိုအပ်ချက်များကို မှုအရသဘောတူခဲ့ပါသည်။

ပွင့်လင်းမြင်သာသောစာချုပ်နှင့် ထုတ်ဖော်မှု၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့နောက်ပိုင်းတွင် အစိုးရနှင့် ကုမ္ပဏီများအကြားချုပ်ဆိုထားသော စာချုပ်များ သို့မဟုတ် ပြင်ဆင်ချုပ်ဆိုသော စာချုပ်များကို မဖြစ်မနေထုတ်ဖော်တင်ပြရန်

ထုတ်ဖော်မှုလိုအပ်ချက် အားကောင်းစေရန်အတွက် နိုင်ငံတော်ပါဝင်မှု၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများသို့လွှဲပြောင်းပေးမှုနှင့် ဘဏ္ဍာရေးအသုံးစရိတ်များပါဝင်ပါသည်။ (Quasi-Fiscal Expenditures)

ပွင့်လင်းမြင်သာမှု - သယံဇာတနှင့်သက်ဆိုင်သောအချက်များကို EITI အစီရင်ခံစာတွင်ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဖော်ထားမှုအစား ယင်းသယံဇာတအချက်များကို အများပြည်သူနှင့်သက်ဆိုင်သောထုတ်ဖော်မှုစနစ်ကိုအားပေးရန်။

အပြည်ပြည်ဆိုင်ရာ EITI ဘုတ်အဖွဲ့သည်ကြားကာလ အစီအမံများကို စူးစမ်းလေ့လာမည်ဖြစ်ပြီး ၂၀၁၉ စံနှုန်းအသက်ဝင်ပြီး မကြာမီ ချဉ်းကပ် ဆောင်ရွက်မည့်ပုံစံနှင့် ဆွေးနွေးထားပြီးဖြစ်သော ဖြစ်နိုင်သည့် နည်းလမ်းများ ပါဝင်ပါသည်။ EITI အကောင်အထည်ဖော်ဆောင်ရေးကော်မတီသည် ၂၀၁၉ ခုနှစ် ဧပြီလတွင် ထောက်ခံချက်တစ်ခုကို ထုတ်ပြန်ရန်မျှော်လင့်ရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၁၈ ဖြင့်တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများပွင့် လင်းမြင်သာမှုဖော်ဆောင်ရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စာအဆင့် အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအကြားစဉ်ဆက်မပြတ်ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်နိုင် ရေးအတွက်အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ပါသည်။

စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန တစ်ခုတည်းသည် ရေနံနှင့်သဘာဝဓါတ်ငွေ့စီမံကိန်းများအတွက် Project Level Reporting နှင့်သက်ဆိုင်သောအချက်များကို ပေးပို့ခဲ့ပါ သည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့် Project Level အချက်များအဆင သင့်မဖြစ်ထားကြောင်းသိရှိရပါသည်။

EITI အကောင်အထည်ဖော်မှုကို ပိုမိုအားကောင်းစေရန်အတွက် သယံဇာတနှင့်သက်ဆိုင်သော အစိုးရဌာန များကအောက်ဖော်ပြပါအချက်များကို ဆောင်ရွက်ရန်သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အားတိုက်တွန်းထားပါသည် –

ရေတိုရည်ရွယ်ချက်နှင့် လာမည့် EITI အစီရင်ခံစာအတွက် ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍမှအပ အခြားသော ကဏ္ဍများအတွက် Project Level Reporting အချက်များရရှိနိုင်ရန် သက်ဆိုင်ရာအစိုးရဌာနများနှင့်ကြိုတင် ဆွေးနွေး မှုများ ပြုလုပ်ထားရန်နှင့် သယံဇာတထုတ်လုပ်သောကုမ္ပဏီများက အချက်အလက်များ ပံ့ပိုးပေးနိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်ရန်။

သယံဇာတဆိုင်ရာစာချုပ်များအား လုံခြုံရေးဆိုင်ရာကန့်သတ်ချက်များကို ပြန်လည်လေ့လာဆွေးနွေးရန်၊ PSC ပါ သတ်မှတ်ချက်များကို ပြောင်းလဲရန်၊ လုံခြုံရေးဆိုင်ရာကန့်သတ်ချက်များအား ချွင်းချက်အနေဖြင့်ထားရှိမှုကို EITI ရည်ရွယ်ချက်များအရထုတ်ဖော်ရန် လိုအပ်ပါသည်။ ဥပဒေများအား ပြင်ဆင်ဖြည့်စွက်ခြင်း စသည်တို့ကိုအကောင် အထည်ဖော်ခြင်းစတင်သည့် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့ မတိုင်မီဆောင်ရွက်ရန်။

၂၀၂၁ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့မတိုင်မီတွင် လုပ်ပိုင်ခွင့်ရရှိထားသော Operator များ၊ ကန်ထရိုက်တာ များစာရင်းနှင့် ယင်းတို့လုပ် ပိုင်ခွင့်ရရှိထားသည့် exploration, study, development, production စသည့်အခြေအနေ တို့အား သက်ဆိုင်ရာအစိုးရဌာနများ၏ အင်တာနက်စာမျက်နှာတွင် ပိုမိုပွင့်လင်းမြင်သာစေရန်အတွက် ဖော်ပြရန် တိုက်တွန်းသည်။

စာချုပ်ချုပ်ဆိုထားသော Operator များနှင့် ကန်ထရိုက်တာများစာရင်း၊ ယင်းတို့၏လက်ရှိဆောင်ရွက်လျက် ရှိသော လုပ်ငန်းအဆင့်များဖြစ်သည့် စမ်းသပ်တူးဖော်ခြင်း၊ လေ့လာခြင်း၊ တည်ဆောက်ပြုပြင်မှု (Development)၊ ထုတ်လုပ်ခြင်း စသည့်တို့ကို ပွင့်လင်းမြင်သာမှုအတွက် သက်ဆိုင်ရာ အစိုးရဌာနများ၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြခြင်းကိုစဉ်းစားသင့်ပါသည်။ ယင်းထုတ်ဖော်တင်ပြမှုတွင် အခွန်ကောက်ခံရရှိမှု၊ ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှု ကိန်းဂဏန်းအချက်အလက်များ၏ ဇာစ်မြစ်၊ တန်ဖိုးနှင့် ပမာဏ၊ အရေအတွက်ကို တွက်ချက်သည့်စနစ် စသည်တို့ပါ ဝင်ပြီး အချိန်မီတိုးတက်မှုကို ဖော်ပြခြင်းတို့ဖြစ်ပါသည်။

သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သည် အထက်ဖော်ပြပါ ထုတ်ဖော်မှုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် အုပ်ချုပ်မှုဆိုင်ရာ ညွှန်ကြားချက် (သို့မဟုတ်)အမိန့်ကြော်ငြာစာထုတ်ပြန်ရန်အတွက် အစိုးရဌာနများနှင့်ပူး

ပေါင်းဆောင်ရွက်ခြင်းကိုစဉ်းစားနိုင်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏မှတ်ချက်များ**

- Project-level Reporting များနှင့်ပတ်သက်၍ နောက်ကာလများတွင် တင်ပြနိုင်ရန်အတွက် စီမံကိန်းများကို ပူးပေါင်းဆောင်ရွက်နေသည့် Operator များနှင့် လည်းကောင်း၊ ဌာနဆိုင်ရာ လုပ်ငန်းဆက်စပ် ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများနှင့် လည်းကောင်း ဆွေးနွေးညှိနှိုင်းရန်ဖြစ်ပါသည်။
- ပွင့်လင်းမြင်သာဆောင်ရွက်နိုင်မှုအနေဖြင့် သယံဇာတနှင့် သက်ဆိုင်သော အချက်အလက်များကို EITI စီရင်ခံစာတွင် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဖော်ထားမှုအပြင် သယံဇာတ ဆိုင်ရာအချက်အလက်များကို အများပြည်သူသို့ ထုတ်ဖော် ဖြန့်ဝေပေးမှုစနစ် အားကောင်းစေရန်အတွက် နိုင်ငံတကာ၏ အတွေ့အကြုံ ကောင်းများကို Feasibility Study အဖြစ် ဆောင်ရွက်ရန် လိုအပ်နေပါသဖြင့် IA မှ ကူညီ ထောက်ပံ့ပေးစေလိုပါသည်။
- ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ Operator နှင့် Consortium များ၏ စာရင်းနှင့် လက်ရှိအခြေအနေများကို MOEE Website တွင် လွှင့်တင်နိုင်ရေးအတွက် အချိန်နှင့်တပြေးညီ စီစဉ်ဆောင်ရွက်လျက် ရှိနေပါသည်။
- Extractive Activities နှင့် Data များကို Website ပေါ်တွင် Update လွှင့်တင်နိုင်ရေးအတွက် CSO မှ အဆိုပါ စာရင်းများနှင့်ပတ်သက်၍ ဆောက်ရွက်နေပါကြောင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် CSO တို့မှလည်း Export Data များကို ဖော်ပြလျက်ရှိနေပါသည်။
- လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ Data များနှင့်ပတ်သက်၍ ထုတ်ပြန်ဆောင်ရွက်နိုင်ရေးအတွက် CSO ၏ သဘောထားမှတ်ချက်ကို ရယူ၍ ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။
- သတင်းအချက်အလက်များနှင့်ပတ်သက်၍ အချိန်နှင့်တပြေးညီ တင်ပြနိုင်ရန်မှာ အချိန်ကာလပေါ်မူတည်၍ တိကျ မှန်ကန်မှုကို စောင့်ကြည့်ရမည်ဖြစ်ပြီး၊ ဌာနအနေဖြင့် အချိန်နှင့်တပြေးညီ တင်ပြနိုင်ရန်မှာ သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။
- Quasi-Fiscal Expenditures များနှင့်ပတ်သက်၍ အဓိပ္ပာယ်ကို တိကျစွာသိရှိရန် လိုအပ်နေပါကြောင်း၊ IA အနေဖြင့် Quasi-Fiscal Expenditure ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သေချာစွာ ရှင်းလင်းပေး စေလိုပါကြောင်း၊ Quasi-Fiscal Expenditures ကို နားလည်မှုသာ စာရင်းများကို မည်သို့စီစဉ်ထားရှိရမည်ကို သိရှိဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန(ဘတ်ဂျက်ဌာန)နှင့် မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်းတို့ ပူးပေါင်းညှိနှိုင်း၍ အဖြေရှာဆောင်ရွက်ရန် လိုအပ်နေပါသည်။ ဌာနဆိုင်ရာများ အနေဖြင့် International Financial Regulations များကိုလည်း လေ့လာရန်လိုအပ်နေပါသဖြင့် IA အနေဖြင့် လိုအပ်သည်များကို ကူညီထောက်ပံ့ပေးစေလိုပါသည်။

**သတ္တုတွင်းဦးစီးဌာန၏မှတ်ချက်များ**

ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများမှ သဘောတူရန် လိုအပ်သဖြင့် သီးခြား အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်၍ ချုပ်ဆိုထားသည့် စာချုပ်များ ပြန်လည်ပြင်ဆင်ချုပ်ဆိုပြီးမှ ဖွင့်ဟနိုင်မည်ဖြစ်ပါသည်။ NCS ရုံးမှ နိုင်ငံတကာ EITI အတွင်းရေးမှူးချုပ်ရုံး၏ အကြံပြုချက်များနှင့် ၂၀၁၉ EITI စံနှုန်းအသစ်များအရ စာချုပ်များမဖြစ်မနေဖော်ပြရမည်

ကိုဝန်ကြီးဌာနများ သို့တရားဝင် စာရေးသားပေးပို့ရန်၊

- MEITI 5th Report စာတွင် Project level အလိုက်အချက်အလက်များပေးပို့နိုင်ရေး ဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စတုတ္ထအကြိမ်အစီရင်ခံစာ ရေးသားနိုင်ရေး Royalty အချက်အလက်များပေးပို့ခဲ့ရာတွင် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ Project အလိုက်ပေးပို့ခဲ့ပါသည်။ နောင်ထပ်မံရေးသားမည့်အစီရင်ခံစာများတွင် ကုမ္ပဏီတစ်ခုတည်းအောက်ရှိသတ္တုအမျိုးအစားအလိုက် ပေးနိုင်ရေးဆောင် ရွက်သွားမည်ဖြစ်ပါသည်။

  Project levelနှင့် စပ်လျဉ်း၍ အထူးအကြံပြုလိုသည်မှာ Template ပြုစုသည့် အစီရင်ခံစာရေးသားသူ IA ၏ Scoping တွင် ရှင်းရှင်း လင်းလင်းရှိရန် လိုအပ်ပြီး MSG အဖွဲ့ဝင်များနှင့် NCS ရုံးမှ Project Level သတ်မှတ်နိုင်ရန် ကူညီ ဆောင်ရွက်ပေးရန်၊

- ၂၀၁၇-၂၀၁၈ အစီရင်ခံစာတွင် Royalty ရရှိမှုအားလုံးပေါင်းဖြင့်မဟုတ်ဘဲ ကုမ္ပဏီတစ်ခုခြင်းအလိုက်ဖော်ပြနိုင်ရန် ဆောင်ရွက်သွား မည်ဖြစ်ပါသည်။

- သယံဇာတရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ တူးဖော်ထုတ်လုပ်ခြင်းစသည်တို့၏ အချက်အလက်များကိုပထမအကြိမ်အစီရင်ခံစာ ရေးသားပြီးသည့်(၁.၄.၂၀၁၆)ရက်နေ့ မှစ၍ ယနေ့အထိ ဝန်ကြီးဌာနWebsiteတွင် ဖော်ပြထားပါသည်။

- ဝန်ကြီးဌာနမှ တည်ဆဲဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများ၊ သတ်မှတ်ထားသည့် လုံခြုံမှု အဆင့်အတန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန်ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ချိတ်ဆက်ရန်လိုအပ်ပြီး ယခုအချိန်မှ စတင်ပြီး ကြိုတင်ညှိနှိုင်း ဆောင်ရွက်ထားရန် လိုအပ်ပါသည်။

  လိုအပ်သည့် အချက်အလက်များကို Template ဖြည့်သွင်းသည့်ချိန်တွင် ရှင်းရှင်းလင်းလင်း သတ်မှတ်ထားပါက ပေးနိုင်မည်ဖြစ်ပါသည်၊ Scoping အဆင့် ကတည်းက License Holder နှင့်ပတ်သက်၍ အသေးစိတ်တောင်းခံသင့်ပါသည်။

အနီးစပ်ဆုံး MSG အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်သင့်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

Project level reporting နှင့်ပတ်သက်၍ နည်းပညာ၊ နည်းလည်သဘောပေါက်မှုနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရန် လိုအပ်ပါသည်။ သို့မှသာ Project level reporting နှင့်ပတ်သက်၍ သက်ဆိုင်ရာ ဆုံးဖြတ်ပိုင်ခွင့် ရှိသူများထံ တင်ပြနိုင်မည်ဖြစ်ပါသည်။ MGE ၏ လုပ်ငန်းသဘောသဘာဝအရ Project level reporting သတ်မှတ်ရာတွင် အသေးစိတ်သတ်မှတ်၍ မရနိုင်ပါ။

စာချုပ်ထုတ်ဖော်မှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာကုမ္ပဏီများ၏ သဘောထားသည် စိန်ခေါ်မှုရှိလာနိုင်ပါသည်။

MGE အနေဖြင့် exploration ပြုလုပ်ရန် မလိုအပ်ပါသဖြင့် အချက်အလက်များမရှိပါ။

Mining Cadastre စနစ်တွင် အကြံပြုချက်များအတိုင်း ပါဝင်ပြီး စနစ်အသုံးပြုရန် MGE မှ ပူးပေါင်းပါဝင်လျက်ရှိပါသည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏မှတ်ချက်များ**

အကြံပြုချက် (၁) တွင် ဖော်ပြပါရှိသည့် Disclosure နှင့်စပ်လျဉ်း၍ EITI အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အခြားနိုင်ငံများတွင် မည်သို့ဆောင်ရွက်နေကြောင်း လေ့လာ၍ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ သက်ဆိုင်ရာဝန်ကြီးဌာနများ ပေါင်းစပ်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီ နှင့် ဦးဆောင်ကော်မတီသို့ တင်ပြရန်

**ပြည်တွင်းအခွန်များဦးစီးဌာန၏မှတ်ချက်များ**

ဤအကြံပြုချက်သည် MSG နှင့်လည်းကောင်း၊ သယံဇာတတူးဖော် ထုတ်လုပ်ရေးဆိုင်ရာ အစိုးရဌာန/ အဖွဲ့အစည်းများနှင့်လည်းကောင်း သက်ဆိုင်ပါသည်။

**ဘူမိဗေဒလေ့လာရေးနှင့် ဓါတ်သတ္တုတိုင်းတာရေး ဦးစီးဌာန (DGSE) ၏ သဘောထားမှတ်ချက်များ :**

- တွင်းထွက် သယံဇာတတူးဖော်ထုတ်လုပ်ရေး ဒေတာအ ချက်အလက်များအား ပြည်သူများထံ စနစ်တကျ ဖွင့်ဟထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍မူ DGSE မှ သဘောတူလက်ခံပါသည်။ စီမံကိန်းအဆင့်အစီရင်ခံခြင်းအတွက်မူ DGSE သည် စီမံကိန်းအဆင့်တွင်ဖော်ပြရန် မည်သည့် လုပ်ငန်းစဥ်များမှမရှိပါ။ ထုတ်လုပ်မှုအပေါ်ခွဲဝေသည့် စာချုပ် (PSC)သတ်မှတ် ချက်များပြောင်းလဲမည်ဆိုပါက မြန်မာနိုင်ငံသတ္တုတွင်းနည်း ဥပဒေများနှင့် ကိုက်ညီရန် လိုအပ်သည်။

ပွင့်လင်းမြင်သာမှုအပြည့်အဝရရှိစေရန်လုပ်ငန်းရှင်များ စာချုပ်ချုပ်ဆိုသူများစာရင်းနှင့် လုပ်ငန်းလုပ်ကိုင်မှု အခြေအနေများကို သက်ဆိုင်ရာ အစိုးရဌာနများ၏ ဝက်ဘ်ဆိုက်ပေါ်တွင် တင်ရန်နှင့်၊ မြန်မာနိုင်ငံသယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ဆောင်ချက်အသေးစိတ်များကို ဖွင့်ဟထုတ်ပြန်ရန်အတွက် Mining Cadaster ကိုအကောင်အထည်ဖော်နေပါသည်။

## အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ

- Project level Reporting နှင့်ပတ်သက်၍ နည်းပညာ၊ နားလည် သဘောပေါက်မှုနှင့် ဝန်ထမ်းများ၏စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်ပါသည်။ သို့မှသာ Project level Reporting နှင့်ပတ်သက်၍ သက်ဆိုင်ရာဆုံးဖြတ်ပိုင်ခွင့်ရှိသူများထံ တင်ပြနိုင်မည် ဖြစ်ပါသည်။ MGE ၏ လုပ်ငန်းသဘောသဘာဝအရ Project level Reporting သတ်မှတ်ရာတွင် အသေးစိတ်သတ်မှတ်၍ မရနိုင်ပါ။
- MGE အနေဖြင့် Exploration ပြုလုပ်ရန် မလိုအပ်ပါသဖြင့် အချက်အလက်များမရှိပါ။
- စာချုပ်ထုတ်ဖော်မှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကုမ္ပဏီများ ၏ သဘောထားသည် စိန်ခေါ်မှုရှိလာနိုင်ပါသည်။

■ Mining Cadastre စနစ်တွင် အကြံပြုချက်များအတိုင်း ပါဝင်ပြီး စနစ်အသုံးပြုရန် MGE မှ ပူးပေါင်းပါဝင်လျက်ရှိပါသည်။

**ဆောင်ရွက်ဆဲ**

◆ Project-level Reporting များနှင့်ပတ်သက်၍ နောက်ကာလများတွင် တင်ပြနိုင်ရန်အတွက် စီမံကိန်းများကို ပူးပေါင်းဆောင်ရွက်နေသည့် Operator များနှင့်လည်းကောင်း၊ ဌာနဆိုင်ရာ လုပ်ငန်းဆက်စပ်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများနှင့် လည်းကောင်း ဆွေးနွေးညှိနှိုင်းရန်ဖြစ်ပါသည်။

◆ ပွင့်လင်းမြင်သာဆောင်ရွက်နိုင်မှုအနေဖြင့် သယံဇာတနှင့် သက်ဆိုင်သော အချက်အလက်များကို EITI စီရင်ခံစာတွင် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဖော်ထားမှုအပြင် သယံဇာတဆိုင်ရာအချက်အလက်များကို အများပြည်သူသို့ ထုတ်ဖော် ဖြန့်ဝေပေးမှုစနစ် အားကောင်းစေရန်အတွက် နိုင်ငံတကာ၏ အတွေ့အကြုံကောင်းများကို Feasibility Study အဖြစ် ဆောင်ရွက်ရန် လိုအပ်နေပါသဖြင့် IA မှ ကူညီထောက်ပံ့ပေးစေလိုပါသည်။

◆ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ Operator နှင့် Consortium များ၏ စာရင်းနှင့် လက်ရှိအခြေအနေများကို MOEE Website တွင် လွှင့်တင်နိုင်ရေးအတွက် အချိန်နှင့်တပြေးညီ စီစဉ်ဆောင်ရွက်လျက် ရှိနေပါသည်။

◆ Extractive Activities နှင့် Data များကို Website ပေါ်တွင် Update လွှင့်တင်နိုင်ရေးအတွက် CSO မှ အဆိုပါစာရင်းများနှင့်ပတ်သက်၍ ဆောက်ရွက်နေပါကြောင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် CSO တို့မှလည်း Export Data များကို ဖော်ပြလျက်ရှိနေပါသည်။

◆ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ Data များနှင့်ပတ်သက်၍ ထုတ်ပြန်ဆောင်ရွက်နိုင်ရေးအတွက် CSO ၏ သဘောထားမှတ်ချက်ကိုရယူ၍ ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

◆ သတင်းအချက်အလက်များနှင့်ပတ်သက်၍အချိန်နှင့်တပြေးညီ တင်ပြနိုင်ရန်မှာ အချိန်ကာလပေါ်မူတည်၍တိကျမှန်ကန်မှုကို စောင့်ကြည့်ရမည်ဖြစ်ပြီး၊ ဌာနအနေဖြင့် အချိန်နှင့်တပြေးညီ တင်ပြနိုင်ရန်မှာ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

◆ Quasi-Fiscal Expenditures များနှင့်ပတ်သက်၍ အဓိပ္ပာယ်ကို တိကျစွာသိရှိရန် လိုအပ်နေပါကြောင်း၊ IA အနေဖြင့် Quasi-Fiscal Expenditure ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သေချာစွာ ရှင်းလင်းပေးစေလိုပါကြောင်း၊ Quasi-Fiscal Expenditures ကို နားလည်မှုသာ စာရင်းများကို မည်သို့စီစဉ်ထားရှိရမည်ကို သိရှိဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန(ဘတ်ဂျက်ဌာန)နှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ ပူးပေါင်းညှိနှိုင်း၍ အဖြေရှာဆောင်ရွက်ရန် လိုအပ်နေပါသည်။ ဌာနဆိုင်ရာများအနေဖြင့် International Financial Regulations များကိုလည်း လေ့လာရန်လိုအပ်နေပါသဖြင့် IA အနေ ဖြင့် လိုအပ်သည်များကို ကူညီထောက်ပံ့ပေးစေလိုပါသည်။

# ၄၃ သတ္တုတွင်းဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း ၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း

၂၀၁၆-၂၀၁၇ခုနှစ်၊ စတုတ္ထအကြိမ် အစီရင်ခံစာ

## အကြံပြုချက်များ

**ထုတ်လုပ်မှုများ**

ကျောက်စိမ်း၊ ကျောက်မျက်နှင့်အခြားသတ္တုများ၏ ထုတ်လုပ်မှုပမာဏအား စာရင်းတိုက်ဆိုင်စစ်ဆေးရာတွင် သိသာ ထင်ရှားသောကွဲပြားခြားနား မှုများကိုတွေ့ရှိခဲ့ရပါသည်။ သတ္တုတွင်းဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ အမှတ်(၁)၊(၂) သတ္တုတွင်းလုပ်ငန်းတို့သည် ကျောက်စိမ်း၊ကျောက်မျက် နှင့်သတ္တုလုပ်ကွက်များမှရရှိသော အခွန်အခများ၊ ထုတ်လုပ်မှုပမာဏဆိုင်ရာ အချက်အလက်များကို အရည်အသွေးမီ၍ ပြည့်စုံသော အချက်အလက်များဖြစ်စေရန် သေချာအောင်စိစစ်အတည်ပြုခြင်းအား စတင်ဆောင်ရွက်သင့်သည်။

အောက်ပါအချက်များကို ထည့်သွင်း၍ပြန်လည်သုံးသပ်ရန်အကြံပြုသည် -

- ကုမ္ပဏီများ၏အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုအား ဖော်ပြထားသော တစ်ဦးချင်း (သို့) အစုအဖွဲ့များသည် ဆုံးဖြတ်ပိုင်ခွင့်ရှိသူများ ဟုတ်မဟုတ်နှင့် ထိုပိုင်ဆိုင်မှုများသည် ဥပဒေအရပိုင်ဆိုင်သူများဟုတ်မဟုတ်ကို ဖော်ပြသင့်သည်။
- ထုတ်လုပ်မှုဆိုင်ရာအချက်အလက်များဖြစ်သည့် ထုတ်လုပ်မှု ပမာဏ၊ အရေအတွက်တို့ကို ရောင်းချမှု၊ တင်ပို့မှုဆိုင်ရာအချက်အလက်တို့အား စာရင်းတိုက်ဆိုင်စစ်ဆေးပြီးသောအချိန်တွင် ဖြစ်နိုင်သမျှလွတ်လပ်စွာပြန်လည်သုံးသပ်သင့်သည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏မှတ်ချက်များ**

အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ IA သို့ ပေးပို့သော ထုတ်လုပ်မှုစာရင်းနှင့် ကုမ္ပဏီများမှ IA သို့ ပေးပို့သော ထုတ်လုပ်မှုစာရင်းများကို တိုက်ဆိုင်စစ်ဆေးရာတွင် ကွဲပြားခြားနားမှုများ ဖြစ်ပေါ်နိုင်ပါသည်။ ထိုသို့ ကွဲပြားရခြင်းမှာ Cut-off error ကြောင့်ဖြစ်ပါသည်။

**သတ္တုတွင်းဦးစီးဌာန၏မှတ်ချက်များ**

- ကုမ္ပဏီနှင့် ဝန်ကြီးဌာနတို့ သတ်မှတ်သည့် ဘဏ္ဍာရေး ကာလ ကွဲပြားခြင်းကြောင့် စာရင်းတိုက်ဆိုင်စစ်ဆေးရာ ကွဲလွဲမှုများ ဖြစ်ခဲ့ရခြင်းသည် Cut off error ကြောင့်ဖြစ်ပါသည်။
- ၁.၁.၂၀၂၀ ရက်နေ့တွင် မဖြစ်မနေဖော်ပြရန် သတ်မှတ်ထားပါသဖြင့် B.O Task Force နှင့် MSG ၏အဆုံးအဖြတ်များဖြင့် စတုတ္ထအကြိမ် အစီရင်ခံစာ ရေးသားရာတွင် ပါဝင်ခဲ့သည့် ကုမ္ပဏီများဖြင့်ကနဦးလုပ်ဆောင်မည်ဖြစ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

ဘဏ္ဍာနှစ် (၁) နှစ်အတွင်း တူးဖော်ထုတ်လုပ်ရရှိသည့် ထုတ်လုပ်မှုပမာဏများကို အဆိုပါဘဏ္ဍာနှစ်အတွင်း ရတနာပြပွဲတွင် အားလုံးတင်ပြရောင်းချခြင်း မရရှိနိုင်ပါ။ ထုတ်လုပ်သည့် ကျောက်မျက်များအား သိုလှောင်သိမ်းဆည်းပြီး ဈေးကွက်လိုအပ်ချက်အပေါ်မူတည်၍ ဈေးကွက်တင်ရောင်းချခြင်းကြောင့် နှစ်စဉ်ထုတ်လုပ်မှုနှင့် ရောင်းချမှုစာရင်းကို တိုက်ဆိုင်စစ်ဆေးရန် မဖြစ်နိုင်ပါ။ ယခင်ဘဏ္ဍာနှစ်များမှ ရရှိသော ကျောက်မျက်များပါရှိနေခြင်း၊ ကျောက်မျက်အရိုင်းမှ ဖြတ်တောက်ခြင်း၊ အရောင်တင်ခြင်းများပြုလုပ်ရာတွင်လည်း ရတနာပြပွဲအဆင့်မမီသည့် ကျောက်များရှိခြင်း၊ အလေးချိန်လျော့နည်းမှုများရှိခြင်းတို့ကြောင့် ထုတ်လုပ်မှုပမာဏနှင့်ရောင်းချမှု ပမာဏကွာခြားရခြင်းဖြစ်ပါသည်။

ဌာန၏ စာရင်းများသည် နှစ်စဉ်ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် လစဉ်ဌာနတွင်းနှင့် ဌာနအချင်းချင်းစာရင်းစစ်ဆေးမှုကို ခံယူရသည့် စာရင်းများဖြစ်ပါသည်။

## အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏သဘောထားမှတ်ချက်များ**

ဘဏ္ဍာနှစ်(၁)နှစ်အတွင်း တူးဖော်ထုတ်လုပ်ရရှိသည့် ထုတ်လုပ်မှုပမာဏများကို အဆိုပါဘဏ္ဍာနှစ်အတွင်း ရတနာပြပွဲတွင် အားလုံးတင်ပြရောင်းချခြင်း မရရှိနိုင်ပါ။ ထုတ်လုပ်သည့် ကျောက်မျက်များအား သိုလှောင်သိမ်းဆည်းပြီး ဈေးကွက်လိုအပ်ချက်အပေါ်မူတည်၍ ဈေးကွက်တင်ရောင်းချခြင်းကြောင့် နှစ်စဉ်ထုတ်လုပ်မှုနှင့် ရောင်းချမှုစာရင်းကို တိုက်ဆိုင်စစ်ဆေးရန် မဖြစ်နိုင်ပါ။ ယခင်ဘဏ္ဍာနှစ်များမှရရှိသော ကျောက်မျက်များပါရှိနေခြင်း၊ ကျောက်မျက်အရိုင်းမှ ဖြတ်တောက်ခြင်း၊ အရောင်တင်ခြင်းများ ပြုလုပ်ရာတွင်လည်း ရတနာပြပွဲ အဆင့်မမီသည့် ကျောက်များရှိခြင်း၊ အလေးချိန်လျော့နည်းမှုများရှိခြင်းတို့ကြောင့် ထုတ်လုပ်မှုပမာဏနှင့် ရောင်းချမှုပမာဏကွာခြားရခြင်းဖြစ်ပါသည်။

ဌာန၏ စာရင်းများသည် နှစ်စဉ်ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် လစဉ်ဌာနတွင်းနှင့် ဌာနအချင်းချင်းစာရင်းစစ်ဆေးမှုကို ခံယူရသည့် စာရင်းများ ဖြစ်ပါသည်။

**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏မှတ်ချက်များ**

စာရင်းတိုက်ဆိုင်စစ်ဆေးမှုအား ၂၁.၁.၂၀၂၀ မှ ၂၄.၁.၂၀၂၀ ရက်နေ့ထိ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး၌ ဌာနနှင့် ကုမ္ပဏီများတို့သည် စာရင်းကွာဟမှုများအား တိုက်ဆိုင်စစ်ဆေး အတည်ပြုပြီးဖြစ်ပါသည်။

# ၄၄ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများအားလုံး

၂၀၁၆–၂၀၁၇ခုနှစ်၊ စတုတ္ထအကြိမ် အစီရင်ခံစာ

## အကြံပြုချက်များ

**စာချုပ်စာတမ်းများဖွင့်ဟထုတ်ပြန်ခြင်း**

သယံဇာတဆိုင်ရာစာချုပ်များအား စာချုပ်ပါလုံခြုံရေးဆိုင်ရာ သတ်မှတ်ချက်အရ သိမ်းဆည်းထားနိုင်သော်လည်းနောင်တွင် ချုပ်ဆိုမည့်စာချုပ်ပုံစံနှင့် သတ်မှတ်ချက်များရရှိခဲ့သည်။ စာချုပ်ပါ သတ်မှတ်ချက်များသည် အော်ပရေတာတစ်ဦးချင်းအလိုက် ကွဲပြားခြားနားကြောင်းတွေ့ရှိရသည်။ စာချုပ်နမူနာပုံစံအသစ်ကို သတ္တုတွင်းဦးစီးဌာန၏ အင်တာနက်စာမျက်နှာတွင်ဖော်ပြထားသည်။

မှတ်ပုံတင်စာရင်းတွင် သတ္တုလုပ်ငန်းပါမစ်များထပ်နေသည်ကို တွေ့ရှိခဲ့ရသော်လည်း စာရင်းတိုက်ဆိုင်စစ်ဆေးသည့် လုပ်ငန်းစဉ်တွင် ပြန်လည်ပြင်ဆင်နိုင်ခဲ့သည်။ ပါမစ်ရရှိသည့် ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များ၏ အမည်များအား သက်ဆိုင်ရာ ဌာနခွဲများ၏ မှတ်တမ်းများတွင် ကွဲပြားစွာရေးသားထားကြောင်းတွေ့ရှိရသည်။

ပါမစ်ရရှိသူများ၏အချက်အလက်အသေးစိတ်များကို ဖော်ပြရာတွင် အမည်များကို အသုံးပြုမည့်အစား ကုမ္ပဏီ (သို့) အသင်းအဖွဲ့ ၏ အခွန်ပေးဆောင်သည့်မှတ်ပုံတင်အမှတ် (TIN) နှင့် လူပုဂ္ဂိုလ်အနေဖြင့် အခွန်ပေးဆောင်ပါက TIN အမှတ် (သို့) မှတ်ပုံတင်အမှတ် ပါဝင်သင့်သည်။

အကောက်ခွန်ဦးစီးဌာနမှ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများအတွက် IE ကုဒ်နှင့် ကုန်ပစ္စည်းများအတွက် HS ကုဒ်ကို အသုံးပြုလျက်ရှိသည်။ အကယ်၍ IA မှ ကုမ္ပဏီများ၏ IE ကုဒ်များအား အကောက်ခွန်ဦးစီးဌာနသို့ပေးလျှင် နောင်နှစ်များတွင် အကောက်ခွန်ဦးစီးဌာနအနေဖြင့် အချက်အလက် စုဆောင်းရန်ပိုမိုလွယ်ကူလိမ့်မည်။ MACCS အားအသုံးပြုခြင်းမှတစ်ဆင့် အကောက်ခွန်ဦးစီးဌာနသည် နောင်နှစ်များတွင် ပို့ကုန်သွင်းကုန် ဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍ဖော်ပြပေးနိုင်လိမ့်မည်။

လျှို့ဝှက်ရန်ဟူသောအချက်အရ သယံဇာတဆိုင်ရာစာချုပ်များအားလုံးကို ဖွင့်ဟဖော်ထုတ်ရန်မဖြစ်နိုင်လျှင် ဝန်ကြီးဌာနများအားလုံးသည် ကနဦးအနေဖြင့် နောက်ဆုံးစာချုပ်ပုံစံကို သက်ဆိုင်ရာအင်တာနက်စာမျက်နှာပေါ်တွင် တင်ထားသင့်သည်။ EITI စံနှုန်းများအရ ပိုမိုပြည့်စုံ၍အဓိပ္ပါယ်ရှိသော စာရင်းတိုက်ဆိုင် စစ်ဆေးခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်၊စာချုပ်ပါအချက်များအရကုမ္ပဏီများမှ ပေးချေမှု ရှိမရှိစောင့်ကြည့်ရန်၊ စစ်ဆေးနိုင်ရန် အမှန်တစ်ကယ်ရရှိခြင်းရှိမရှိ သိရှိနိုင်ရန်အတွက် ဝန်ကြီးဌာနများ အားလုံးသည်နောင်တွင် သယံဇာတ ဆိုင်ရာစာချုပ်များအား ဖွင့်ဟဖော်ထုတ်သင့်သည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏မှတ်ချက်များ**

အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသည် ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုလုပ်ကိုင်ခြင်းဖြစ်ပါသည်။ ယခုအခါ ရင်းနှီး

မြုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်ခြင်းစနစ်အား Online မှတ်ပုံတင်ခြင်းစနစ်ဖြင့် ဆောင်ရွက်ပြီးဖြစ်သဖြင့် www. myco. dica. gov.mm တွင် ကုမ္ပဏီ၏ အချက်အလက်များကို ဝင်ရောက်စစ်ဆေး ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏မှတ်ချက်များ**

Model Contract ကို Website တွင် လွှင့်တင်မည်ဆိုပါက သက်ဆိုင်ရာဌာနများ၏ သဘောတူညီချက် ရယူ၍ တင်ပြမည်ဖြစ်ပါသည်။ Contract များကို Website တွင် တင်ပြနိုင်ရေးမှာ စီမံကိန်းများကို ပူးပေါင်းဆောင်ရွက် လျက်ရှိသည့် Operator နှင့် Consortium များ၏ သဘောထား မှတ်ချက်ရယူ၍လည်းကောင်း၊ သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများကို သဘောထားမှတ်ချက်များ ရယူ၍လည်းကောင်း ဆောင်ရွက်ရမည် ဖြစ်ပါသဖြင့် EITI Standard နှင့်အညီ လွှင့်တင်နိုင်ရေးကို ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ အလားတူကိစ္စများကို EITI အဖွဲ့ဝင်နိုင်ငံများမှ မည်သို့ ဆောင်ရွက်နေသည်ကို လေ့လာလိုပါသဖြင့် IA အနေဖြင့် အဖွဲ့ဝင်နိုင်ငံအချို့၏ ဆောင်ရွက်နေမှုအခြေအနေ များအား ကူညီထောက်ပံ့ပေးရန်ဖြစ်ပါသည်။

**သတ္တုတွင်းဦးစီးဌာန၏မှတ်ချက်များ**

- ဓာတ်သတ္တုအမျိုးအစား ခွင့်ပြုမိန့်အမျိုးအစားပေါ်မူတည်၍ ခွင့်ပြုမိန့် အမျိုးမျိုးရှိသဖြင့် ခွင့်ပြုမိန့် လိုင်စင်အမှတ် များထပ်နေပါသည်။ အဆိုပါကိစ္စရပ်အား Mining Cadastre လုပ်ငန်းများဆောင်ရွက်တွင် တိုင်းဒေသကြီး/ပြည် နယ်များအလိုက် ကောင်းမွန်သည့်ကုဒ်စနစ်အား ကျင့်သုံးဆောင်ရွက်နေပါသည်။ ကုမ္ပဏီများအမည် ဖော်ပြရာ တွင် ကွဲလွဲမှုအား ကုမ္ပဏီမှတ်ပုံတင်ပါ အမည်အားဌာနတစ်ခုနှင့် တစ်ခုတူညီစွာ သုံးစွဲမည်ဖြစ်ပါသည်။
- IRD ၏ TIN နံပါတ်များ အလွယ်တကူရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်သင့်ပြီး TIN နံပါတ်နှင့် လိုင်စင်နံပါတ်များ ချိတ် ဆက်ရန် လိုအပ်ပါသည်။
- ဝန်ကြီးဌာနနှင့် ချုပ်ဆိုမည့် စံစာချုပ်နမူနာများကို Website တွင်ဖော်ပြထားပါကြောင်းနှင့် ချုပ်ဆိုထားသည့် စာ ချုပ်ပါ အချက်များဖွင့်ချနိုင်ရေး ဝန်ကြီးဌာနတွင်ရှိ လုပ်ငန်းဌာနများ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့ဖြင့် ညှိနှိုင်း ပြီး ဆက်လက်ဆောင်ရွက်သွားပါမည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

စာချုပ်နမူနာပုံစံကို MGE website တွင် တင်ပြထားပါသည်။ လက်ရှိတွင် ၂၀၁၉ ခုနှစ် မြန်မာ့ကျောက်မျက် ရတနာဥပဒေအရ နည်းဥပဒေကို ပြင်ဆင်ရေးဆွဲလျက်ရှိပြီး စာချုပ်နမူနာပုံစံသစ်ထွက်ရှိပါက Website တွင်ဖော်ပြ ပါမည်။

စာချုပ်ထုတ်ဖော်မှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာကုမ္ပဏီများ၏ သဘောထားသည် စိန်ခေါ်မှုရှိလာနိုင်ပါ သည်။

## အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

စာချုပ်နမူနာပုံစံကို MGE Website တွင် တင်ပြထားပါသည်။ လက်ရှိတွင် ၂၀၁၉ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရနည်းဥပဒေကိုပြင်ဆင်ရေးဆွဲလျက်ရှိပြီး စာချုပ်နမူနာပုံစံသစ်ထွက်ရှိပါက Website တွင်ဖော်ပြပါမည်။ စာချုပ်ထုတ်ဖော်မှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကုမ္ပဏီများ ၏ သဘောထားသည် စိန်ခေါ်မှုရှိလာနိုင်ပါသည်။

**MOEE Comments:**

ဆောင်ရွက်ဆဲ

Model Contract ကို Website တွင် လွှင့်တင်မည်ဆိုပါက သက်ဆိုင်ရာဌာနများ၏ သဘောတူညီချက်ရယူ၍ တင်ပြမည်ဖြစ်ပါသည်။ Contract များကို Website တွင် တင်ပြနိုင်ရေးမှာ စီမံကိန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Operator နှင့် Consortium များ၏ သဘောထားမှတ်ချက်ရယူ၍လည်းကောင်း၊ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများကို သဘောထားမှတ်ချက်များ ရယူ၍လည်းကောင်း ဆောင်ရွက်ရမည် ဖြစ်ပါသဖြင့် EITI Standard နှင့်အညီ လွှင့်တင်နိုင်ရေးကို ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ အလားတူကိစ္စများကို EITI အဖွဲ့ဝင်နိုင်ငံများမှ မည်သို့ ဆောင်ရွက်နေသည်ကို လေ့လာလိုပါသဖြင့် IA အနေဖြင့် အဖွဲ့ဝင်နိုင်ငံအချို့၏ ဆောင်ရွက်နေမှုအခြေအနေများအား ကူညီထောက်ပံ့ပေးရန်ဖြစ်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

ဝန်ကြီးဌာန website ဖြစ်သော www.mining.gov.mm တွင်ဖော်ပြထားပြီးဖြစ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန၏မှတ်ချက်များ**

အကောက်ခွန်ဦးစီးဌာနမှ ကျင့်သုံးဆောင်ရွက်နေသော Myanmar Automatic Cargo Clearance System(MACCS) အားအသုံးပြုရန်အတွက် ထုတ်ကုန်၊ သွင်းကုန်ပြုလုပ်သည့် ကုမ္ပဏီများအား Import/Export Code (I/E Code)ထုတ်ပေးပါသည်။သို့ဖြစ်ပါ၍ EITIနှင့်ပတ်သက်သော ကုမ္ပဏီများသည် တင်သွင်းတင်ပို့မှုများရှိသည့်အခါတွင် အဆိုပါ I/E Code အားရယူထားမည်ဖြစ်ပါသည်။ သက်ဆိုင်ရာ EITI ကုမ္ပဏီများနှင့် ပတ်သက်သော I/E Code များအား အကောက်ခွန်ဦးစီးဌာနသို့ ပံ့ပိုးပေးလျှင်ပို၍တိကျစွာဖြင့် ထိုကုမ္ပဏီနှင့်ပတ်သက်သော အချက်အလက်များကို ရှာဖွေပေးနိုင်မည်ဖြစ်ပါသည်။ ယင်း I/E Code များအား MACCS စနစ် စတင်သည့် ၂၀၁၆ ခုနှစ် ကတည်းက စတင်ပေးဝေထားပြီးဖြစ်ပါသည်။ TIN အမှတ်နှင့် ချိတ်ဆက် အသုံးပြုနိုင်ရန်ဆက်လက်ဆောင်ရွက်ဆဲဖြစ်ပါသည်။

# ၄၅ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများအားလုံး

၂၀၁၆–၂၀၁၇ခုနှစ်၊ စတုတ္ထအကြိမ် အစီရင်ခံစာ

## အကြံပြုချက်များ

**တွင်းထွက်သယံဇာတကဏ္ဍမှ နိုင်ငံတော်စီးပွားရေးသို့ပါဝင်မှု**

သယံဇာတကဏ္ဍအားလုံးတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော ဝန်ထမ်းအင်အားစာရင်းမရရှိပါ။ ယခုအစီရင်ခံစာတွင် ဖော်ပြထားသော ဝန်ထမ်းအင်အားစာရင်းသည် အစီရင်ခံစာတွင်ပါဝင်သည့်သက်ဆိုင်ရာအစုအဖွဲ့များ၏ အချက်အလက်များအား အခြေခံ၍ဖော်ပြထားသည်။ သက်ဆိုင်ရာအစိုးရဌာနများသည် သယံဇာတကဏ္ဍတွင်ပါဝင်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ ဝန်ထမ်းအင်အားစာရင်းအားကာလပတ်(အနည်းဆုံးနှစ်စဉ်) အလိုက် အစီရင်ခံပြုစုထားသင့်ပြီး အစိုးရဌာနများအတွင်းတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဝန်ထမ်းအင်အားစာရင်းကို ပြုစုထားသင့်သည်။

သက်ဆိုင်ရာအစိုးရဌာနများအနေဖြင့်လည်း သယံဇာတကဏ္ဍတွင်ပါဝင်လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းအင်အားစာရင်းအားသက်ဆိုင်ရာဌာန များ၏အင်တာနက်စာမျက်နှာတွင် ပုံမှန်အမြဲစနစ်တကျ တင်ပြရန်တိုက်တွန်းသည်။ သတ္တုတွင်းဦးစီးဌာနမှ ယင်းအချက်အလက်နှင့်ပတ်သက်၍ ၎င်း၏အင်တာနက်စာမျက်နှာတွင် ဖော်ပြထားကြောင်းတွေ့ရှိရသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏မှတ်ချက်များ**

ME(2)နှင့် ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်အတွင်း သတ္တု တူးဖော်လုပ်ကိုင်ခဲ့သည့်ကုမ္ပဏီလုပ်ကွက်များ၏ ဝန်ထမ်းအင်အားစာရင်းအား ၂၂.၄.၂၀၁၉ ရက်နေ့တွင် ME(2)မှ MEITI ရုံးသို့ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏မှတ်ချက်များ**

- မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများ၏ဝန်ထမ်းအင်အားစာရင်းများ ရှိပါသည်။
- ကုမ္ပဏီများ၏ ဝန်ထမ်းအင်အား အချက်အလက်များမှာ ၎င်းတို့၏ Format ပုံစံများအတိုင်း ရှိနေပြီး၊ ဌာနတွင် EITI ၏ လိုအပ်ချက်နှင့်အညီ စနစ်တကျ ပြုစုထားရှိနိုင်ရေးနှင့် အင်တာနက်စာမျက်နှာတွင် Update တင်ပြနိုင်ရေးတို့အတွက် IA အနေဖြင့် Reporting Framework ကို ကူညီထောက်ပံ့ပေးရန်လိုအပ်ပါကြောင်းနှင့် ယင်း Frame–work နှင့်အညီ စနစ်တကျရှိစေရေး သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်မည်ဖြစ်ပါသည်။

**သတ္တုတွင်းဦးစီးဌာန၏မှတ်ချက်များ**

ညှိနှိုင်းရေးမှူးရုံးသို့ပေးပို့ပြီးဖြစ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

ကုမ္ပဏီများ၏ ဝန်ထမ်းအင်အားစာရင်းအား လစဉ်စာရင်းပြုစုထားရှိပြီး ဝန်ကြီးရုံးသို့ (၃) လ တစ်ကြိမ် ပေးပို့တင်ပြရသောကြောင့် နောင်တွင် (၃) လ တစ်ကြိမ် ဌာန၏ Website တွင်တင်ပြပါမည်။

## အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

ကုမ္ပဏီများ၏ ဝန်ထမ်းအင်အားစာရင်းအား လစဉ်စာရင်းပြုစုထားရှိပြီး ဝန်ကြီးရုံးသို့ (၃)လ (၁)ကြိမ် ပေးပို့တင်ပြရသောကြောင့် နောင်တွင် (၃)လ(၁)ကြိမ် ဌာန၏ Website တွင် တင်ပြပါမည်။

**MOEE Comments**

ဆောင်ရွက်ဆဲ

- မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများ၏ဝန်ထမ်းအင်အားစာရင်းများ ရှိပါသည်။
- ကုမ္ပဏီများ၏ ဝန်ထမ်းအင်အား အချက်အလက်များမှာ ၎င်းတို့၏ Format ပုံစံများအတိုင်းရှိနေပြီး၊ ဌာနတွင် EITI ၏ လိုအပ်ချက်နှင့်အညီ စနစ်တကျ ပြုစုထားရှိနိုင်ရေးနှင့် အင်တာနက်စာမျက်နှာတွင် Update တင်ပြနိုင်ရေးတို့အတွက် IA အနေဖြင့် Reporting Framework ကို ကူညီ ထောက်ပံ့ပေးရန်လိုအပ်ပါကြောင်းနှင့် ယင်း Frame-work နှင့်အညီ စနစ်တကျရှိစေရေး သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

ဝန်ကြီးဌာန website ဖြစ်သော www.mining.gov.mm တွင်ဖော်ပြထားပြီးဖြစ်ပါသည်။

**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏မှတ်ချက်များ**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း သတ္တုတူးဖော်လုပ်ကိုင်ခဲ့သည့် ကုမ္ပဏီလုပ်ကွက်များ၏ ဝန်ထမ်း အင်အားစာရင်းအား ၅.၁၂.၂၀၁၉ ရက်နေ့တွင် ME2 မှ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးသို့ ပေးပို့ ခဲ့ပြီးဖြစ်ပါသည်။

# ၄၆ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများအားလုံး

၂၀၁၆–၂၀၁၇ခုနှစ်၊ စတုတ္ထအကြိမ် အစီရင်ခံစာ

## အကြံပြုချက်များ

**ဒေတာအချက်အလက်အရည်အသွေးနှင့် ယုံကြည်စိတ်ချရမှု**

ပင်ရင်းမှ နှုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် (Withholding Tax) နှင့် တံဆိပ်ခေါင်းခွန် (Stamp Duty) များနှင့် စပ်လျဉ်း၍ စာရင်းတိုက် ဆိုင်စစ်ဆေးထားခြင်းမရှိသည့် ကွာဟချက်များတွေ့ရှိခဲ့သည်။ ယင်းကွာဟချက်များနှင့် ပတ်သက်၍ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ပေးဆောင်သူတစ်ဦးချင်းစီအလိုက် ယင်းကဲ့သို့သော အချက်အလက်များ အဆင်သင့် မရရှိနိုင်ခြင်း ကြောင့်အတည်ပြုပေးနိုင်ခြင်းမရှိခဲ့ပါ။

အကောက်ခွန်ဦးစီးဌာနသည် ဒေတာအချက်အလက်အရည်အသွေး ပိုမိုတိုးတက်စေသည့် Myanmar Automated Cargo Clearance System (MACCS) စနစ်အား ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလမှ စတင်၍ ရန်ကုန်ဧရိယာအတွင်း စတင်အသုံးပြုဆောင်ရွက်ခဲ့ပါသည်။ စာရင်း တိုက်ဆိုင်စစ်ဆေးထားခြင်းမရှိသည့် ကွာဟချက်များအား အထူးသဖြင့် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလမတိုင်မီ၌ ပိုမိုဖြစ်ပေါ်ခဲ့ပါသည်။

သတ္တုတွင်းဦးစီးဌာနအနေဖြင့် လုပ်ငန်းနယ်ပယ်အတွင်းမပါရှိသည့် ကုမ္ပဏီများအတွက် လွှမ်းခြုံထားသည့် စုစုပေါင်းဝင်ငွေဒေတာ အချက်အလက်အား အဆင်သင့်ပေးနိုင်ခဲ့ခြင်းမရှိပါ။

ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် မြန်မာနိုင်ငံ EITI အစီရင်ခံစာများ၌ ပြုပြင်ပြောင်းလဲခြင်းလုပ်ငန်းစဉ်အပါအဝင် အစိုးရဌာနများ၏ ဒေတာအချက်အလက် အရည်အသွေး တိုးတက်မြင့်မားစေရန် အတွက်လည်းကောင်း၊ အစိုးရ၏ စာရင်းအင်းစနစ်များအား ပိုမိုခိုင်မာစေရန်နှင့် ကွန်ပျူတာစနစ်ဖြင့် ပြောင်းလဲအသုံးပြုစေရန်အတွက် လည်းကောင်း၊ ကုမ္ပဏီများအတွက် မတူညီသည့် အခွန်ထမ်းမှတ်ပုံတင်အမှတ် (Taxpayer Identification Number – TIN) နှင့်ကိုက်ညီမည့် တစ်နိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံနိုင်မည့် Database စနစ်တစ်ခု တည်ထောင်ရန်အတွက် လည်းကောင်း အကြံပြုတိုက်တွန်းချက်များ ပါဝင်ပါသည်။

နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် အစိုးရဌာနများ (အထူးသဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန) အနေဖြင့် စာရင်းအင်းစနစ်နှင့် အခြားစနစ်ပြုပြင်ပြောင်းလဲခြင်းများအတွက် ယခင်နှစ်များမှ အကြံပြုတိုက်တွန်းချက်များအား ဆက်လက် အကောင်အထည် ဖော်ဆောင်သင့်ပါသည်။ အချက်အလက်များ မှတ်တမ်းတင်ရာတွင် စက်ကိရိယာအသုံးပြုမှုကို ပိုမိုဆောင်ရွက်ပြီး လက်ဖြင့်မှတ်တမ်းတင်ခြင်းကိုလျှော့ချခြင်းသည် ဒေတာအချက်အလက်များ၏အရည်အသွေးကို မြင့်မားတိုးတက်စေနိုင်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်၌ တိကျသေချာခြင်း အာမခံမှုအဆင့်အား မြင့်တက်စေနိုင်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏မှတ်ချက်များ**

နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် အစိုးရဌာနများအနေဖြင့် Data Quality မြင့်မားတိုးတက် စေရေး အတွက် လုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ရာ၌ IRD မှလည်းကောင်း၊ MOGE မှလည်းကောင်းပူး ပေါင်း ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ စာရင်းများ စနစ်တကျဖြစ်စေရေးအတွက် တိကျသော Software Programme တစ်ခုသတ်မှတ်၍ Computerized Accounting System တည်ထောင်ဆောင်ရွက်ပါက သင့်တော်မည်ဖြစ်ပါကြောင်း နှင့် ငွေကြေးနှင့် နည်းပညာ အထောက်အပံ့လိုအပ်လျက် ရှိနေပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန၏မှတ်ချက်များ**

ဤအကြံပြုချက်ကို ဖြည့်ဆည်းရန်အတွက် ပြည်တွင်းအခွန်များဦးစီးဌာနတွင် လတ်တလော အနေဖြင့် စွမ်း ဆောင်ရည် မရှိသေးပါ။ လစာဝင်ငွေအပေါ် နုတ်ယူပေးသွင်း အခွန်စုစုပေါင်းနှင့် ပတ်သက်သည့် အချက်အလက်များ ရှိထား သော်လည်း၊ လုပ်ငန်းကဏ္ဍအလိုက် ခွဲခြားနိုင်ခြင်းမရှိသေးပါ။ ပြည်တွင်းအခွန်များဦးစီးဌာနတွင် အကောင် အထည်ဖော် ဆောင်ရွက်နေသည့် IT စနစ် (ဘက်စုံ အခွန်စီမံခန့်ခွဲရေးစနစ် – ITAS)တွင် ဤအချက် အလက်များကို စုဆောင်း ပေးနိုင်မည့် လုပ်ဆောင်ချက်တစ်ခု အောင်မြင်စွာ ထည့်သွင်းတည်ဆောက်နိုင်ပါက ဤအချက် အလက်များ ကို ခွဲခြားစုဆောင်းပေးရန် ဖြစ်နိုင် ပါလိမ့်မည်။ ITAS စနစ် သည် ၂၀၂၀ မတိုင်မီ ပြီးစီးနိုင်မ ည်မဟုတ်ပါ။ တံဆိပ်ခေါင်းခွန် ပေးဆောင်ရာတွင် ယင်းဥပဒေအရ အခွန်ထမ်းမှတ်ပုံတင် အမှတ်များကို သတ်မှတ်ရန် မလိုအပ်ပါ။ သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ် သို့မဟုတ် နောက်ပိုင်းတွင် ပြည်တွင်းအခွန်များဦးစီးဌာနက အကောင်အထည်ဖော်နေသည့် ဘက်စုံအခွန်စီမံ ခန့်ခွဲရေးစနစ် (ITAS) ပြီးစီးပါက ဤအချက် အလက်များ စုဆောင်း ရန် ဖြစ်နိုင်ပါလိမ့်မည်။

ပြည်တွင်းအခွန်များဦးစီးဌာနသည် DICA နှင့်ပူးပေါင်း၍ ကုမ္ပဏီ အခွန်ထမ်းအားလုံးသို့ သီးသန့် အခွန်ထမ်း မှတ်ပုံတင်အမှတ်များ ထုတ်ပေးနေသည်။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ခေတ်မီအခွန်စီမံခန့်ခွဲရေး စနစ်သို့ အသွင်ကူး ပြောင်းနိုင်ရေးကို ကူညီပံ့ပိုးပေးမည့် IT စနစ် သစ်တစ်ရပ်ကို စတင်တပ်ဆင် ဆောင်ရွက်နေသည်။ သို့သော် အခွန်ထမ်းများအနေဖြင့် ထို IT စနစ်သစ်ကို ၂၀၂၀ ပြည့်နှစ်မတိုင်မီ အသုံးပြု နိုင်မည်မဟုတ်ပါ။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ဆိုင်ရာပြု ပြင်ပြောင်းလဲ ရေးအစီအစဉ်ကို ၂၀၁၇ မှ ၂၀၂၂ထိ ဆောင်ရွက်မည့် အစီအစဉ်တွင် သယံဇာတတူး ဖော်ထုတ်လုပ်ရေးလုပ်ငန်းများ သာမက အခြား သောလုပ်ငန်းများအပေါ် တိကျမှန်ကန်သော ကိန်းဂဏန်းများအပေါ် အခြေခံသည့် (ITAS) စနစ်ဖြင့် အခွန်ကောက်ခံ ရရှိနိုင်ရေးအတွက် Data Center တည်ထောင်ခြင်း လုပ်ငန်းများကို မြန်မာနိုင်ငံ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း (Myanmar Modernization for Public Financial Management Project– M– MPFMp) အရ နေပြည်တော်နှင့် ရန်ကုန်တို့တွင် Mini Data Centerများ ဝယ်ယူ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါ သည်။ ပြည်တွင်းအခွန်များဦးစီးဌာနတွင် စာရွက် စာတမ်းအခြေခံသည့်စနစ်မှ အခွန်ထမ်းကြီး များဆိုင်ရာအခွန်ရုံးတွင် ကွန်ပျူတာစနစ် ( Tax Revenue Management System– TRMS) တစ်ခုဖြင့် ဆောင်ရွက်နေပြီး၊ သယံဇာတတူးဖော် ထုတ်လုပ်ရေး ကဏ္ဍရှိ အဖွဲ့အစည်းများ အားလုံး ကို မှတ်တမ်းတင်ထားပါသည်။ လက်ရှိတွင် ဘက်စုံ အခွန်စီမံခန့်ခွဲရေး စနစ်ခေါ် Integrated Tax Administration System (ITAS)ကို အသုံးပြုနိုင်ရန် ဆောင်ရွက် လျက်ရှိပါသည်။ ဤစနစ်ကို တစ်နိုင်ငံလုံးတွင် အသုံးပြုနိုင်ရန် နှစ်အနည်းငယ်ကြာမြင့်မည်ဖြစ်သော်လည်း၊ မူဝါဒ ရည်ရွယ်ချက်များအတွက်အချက် အလက် စနစ် (data base) တစ်ခုကို ရေးဆွဲ၍ အသုံးပြုနိုင်မည်ဖြစ်ပါသည်။ ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် ယခင် MEITI အစီရင်ခံစာများတွင်ပါရှိသည့် အကြံပြုချက်များအနက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဆက်လက် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပြီး တိုးတက်မှု အခြေအနေအားလည်း မြန်မာနိုင်ငံ EITI ညှိနှိုင်း ရေးမှူးရုံးသို့ ပေးပို့ခဲ့ ပြီးဖြစ်ပါသည်။

**သတ္တုတွင်းဦးစီးဌာန၏မှတ်ချက်များ**

Project အလိုက် Ring Facing မရှိသဖြင့် သတ္တုကဏ္ဍနှင့် ပတ်သက်သည့် Ring Facing System တစ်ခုအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှ စနစ်တစ်ခုတည်ထောင်ပေးသင့်ပါသည်။

## အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**MOEE Comments:**

ဆောင်ရွက်ဆဲ

နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် အစိုးရဌာနများအနေဖြင့် Data Quality မြင့်မားတိုးတက်စေရေးအတွက် လုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ရာ၌ IRD မှလည်းကောင်း၊ MOGE မှလည်းကောင်းပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ စာရင်းများ စနစ်တကျဖြစ်စေရေးအတွက်တိကျသော Software Programme တစ်ခုသတ်မှတ်၍ Computerized Accounting System တည်ထောင်ဆောင်ရွက်ပါက သင့်တော်မည်ဖြစ်ပါကြောင်းနှင့် ငွေကြေးနှင့်နည်းပညာ အထောက်အပံ့လိုအပ်လျက်ရှိနေပါသည်။

**အကောက်ခွန်ဦးစီးဌာန၏မှတ်ချက်များ**

၂၀၁၆ခုနှစ် MACCS စနစ်စတင်ကျင့်သုံးပြီးနောက်ပိုင်း Data Quality အနေဖြင့်ယခင်နှစ်များထက် စာလျှင်ပိုမိုကောင်းမွန်လာပြီဖြစ်ပါသည်။ထို့အပြင် ရန်ကုန်ဧရိယာသာမက နယ်စပ်ဒေသများပါ လွှမ်းခြုံလာနိုင်ရေးအတွက် ၂၀၁၈ခုနှစ်၊ ဇွန်လတွင် မြန်မာ-ထိုင်းနယ်စပ် ဝင်ပေါက်ဖြစ်သော မြဝတီမြို့တွင်လည်း MACCS စနစ်ကို စတင်ကျင့်သုံးနိုင်မည်ဖြစ်ပါသည်။ ယခုအခါရှမ်းပြည်နယ် မူဆယ်မြို့၌ ၂၀၂၀ပြည့်နှစ်၊ ဧပြီလတွင် စတင်ကျင့်သုံးနိုင်ရန် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ် နေပြီဖြစ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန၏မှတ်ချက်များ**

၂၀၂၀ update :

IRD သည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများဦးစီးဌာန (DICA)၊ ကုန် သွယ်ရေးဦးစီးဌာန၊ အကောက်ခွန် ဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ယင်းဌာနများအတွင်းတူညီသော တစ်ကြိမ်တည်းမှတ်ပုံတင်ခြင်းကို လုပ်ဆောင်နိုင်ရန်အတွက် ကြိုးပမ်းခဲ့သည်။ ရလဒ်အနေဖြင့် ကုန်သွယ်ရေးဦးစီးဌာနသည် ၎င်း၏ မြန်မာနိုင်ငံကုန်သွယ်ရေးကွန်ယက် ၂ (Myanmar Trade Net 2.0) အော်နလိုင်းလိုင်စင်ချထား ပေးခြင်းစနစ်ကို ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီ လ ၅ ရက်နေ့တွင် စတင်လည်ပတ်ခဲ့ကတည်းက တင်သွင်းသူ/တင်ပို့သူ မှတ်ပုံတင်နံပါတ်အစား အခွန်ထမ်း နံပါတ် (TIN) များကို သီးသန့်ထူးခြားသော မှတ်ပုံတင်များအဖြစ် အသုံးပြု နေခဲ့ပြီးဖြစ်သည်။

IRD သည် တစ်သီးပုဂ္ဂလအခွန်ထမ်း ဆောင်သူများအတွက် TIN နံပါတ်များ ထုတ်ပေးနိုင်ရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လျှပ်စစ်အခြေပြုမှတ်ပုံတင်စနစ် လုပ်ငန်းအဖွဲ့ (e-ID system working group) နှင့် ကနဦးအစည်း အဝေးများစတင်လုပ် ဆောင်နေပြီဖြစ်သည်။ e-ID စနစ်သည် လူတစ်ဦးမှ အခြေချနေထိုင်သူအဖြစ် မှတ်ပုံတင်သွင်းသည်နှင့် သီးသန့်နံပါတ်တစ်ခုကို ထုတ်ပေးသည့် စနစ်ဖြစ်သည်။ ယင်း သီးသန့်နံပါတ်ကို အခွန်ကိစ္စရပ်များအတွက် တစ်သီးပုဂ္ဂလဆိုင်ရာ TIN နံပါတ်များ အဖြစ်အသုံးပြုမည်ဖြစ်သည်။

# ၄၇ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများအားလုံး

၂၀၁၆–၂၀၁၇ခုနှစ်၊ စတုတ္ထအကြိမ် အစီရင်ခံစာ

## အကြံပြုချက်များ

### ဥပဒေဆိုင်ရာမူဘောင်နှင့် ဘဏ္ဍာရေးဆိုင်ရာအုပ်ချုပ်မှု

သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဝက်ဘ်ဆိုဒ်များ၌ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့် အမိန့်ကြော်ငြာစာများအား အစဉ်အမြဲမတွေ့ရှိရပါ။

အစိုးရဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဥပဒေမူဘောင်အကျဉ်းချုပ်၊ စပ်လျဉ်းသည့် ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ထုတ်ပြန်ချက်များနှင့် အမိန့်ကြော်ငြာစာများအား မိမိတို့၏ ဝက်ဘ်ဆိုဒ်များတွင် ချိတ်ဆက်ဖော်ပြသင့်သည်။ ထို့အပြင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဝက်ဘ်ဆိုဒ်များအား စပ်လျဉ်းမှုရှိသည့် နေရာများတွင် ဖော်ပြသင့်သည်။ ဥပမာ – ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်အားဖော်ပြထားနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် ဆက်စပ်သည့် နောက်ဆုံး ထွက်ရှိထားသော ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ထုတ်ပြန်ချက်များနှင့် အမိန့်ကြော်ငြာစာများအားငင်းတို့ ဝက်ဘ်ဆိုဒ်တွင် လေ့လာနိုင်စေရန် ဆောင်ရွက်ထားသင့်သည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

### အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏မှတ်ချက်များ

သတ္တုတွင်းဦးစီးဌာနမှ ဥပဒေ၊ နည်းဥပဒေများအား www.mining.gov.mmတွင် ဖော်ပြထားပြီးဖြစ်ပါသည်။ အမိန့်ကြော်ငြာစာများဖော်ပြနိုင်ရန် ဆောင်ရွက်လျက်ရှိ သဖြင့် သီးခြားသဘောထားမှတ်ချက်ပြုရန် မရှိပါ။

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏မှတ်ချက်များ

ဌာနများနှင့်သက်ဆိုင်သည့် ဥပဒေများ၊ နည်းဥပဒေ များနှင့် အမိန့်ကြော်ငြာစာများကို ဝန်ကြီးဌာန Website တွင် တင်ပြထားပါကြောင်းနှင့် ရေနံနှင့်သဘာဝ ဓာတ်ငွေ့ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့် အမိန့်ကြော်ငြာစာများကို OGPD Website တွင် တင်ပြ နိုင်ရေးကိုလည်း စီစဉ်လျက်ရှိပါသည်။

**သတ္တုတွင်းဦးစီးဌာန၏မှတ်ချက်များ**

ဥပဒေနှင့် နည်းဥပဒေများကို မိမိတို့ဝန်ကြီးဌာန Website တွင် ဖော်ပြထားပြီးဖြစ်ပါကြောင်းနှင့် အမိန့်ကြော်ငြာစာများ ဖော်ပြနိုင်ရေး ဆက်လက် ဆောင်ရွက် ပေးမည်ဖြစ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

www.mining.gov.mm တွင် ၂၀၁၉ ခုနှစ်၊ ကျောက်မျက်ရတနာဥပဒေကို ဖော်ပြထားပါသည်။ လက်ရှိတွင် နည်းဥပဒေကို ပြင်ဆင်ရေးဆွဲလျက်ရှိပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန၏မှတ်ချက်များ**

ပြည်တွင်းအခွန်များဦးစီးဌာန၏ ကိုယ်ပိုင် ဝက်ဘ်ဆိုဒ်ကို ၂၀၁၀ ခုနှစ် ကတည်းက စတင် အသုံးပြုနိုင်ခဲ့သည်။ ယင်း ဝက်ဘ်ဆိုဒ်တွင် နောက်ဆုံးထုတ်ပြန်ထားသည့် ဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ လက်ကမ်းစာစောင်များ၊ ဌာန၏ နောက်ဆုံးရ သတင်းများ၊ အခွန်ထမ်းများသို့ ထုတ်ပြန်ကြေ ညာချက်များ၊ အခွန်ပြုပြင် ပြောင်းလဲရေးလုပ်ငန်းများကို ဖော်ပြထားသည် (www.irdmyanmar.gov.mm)။ ထို့အပြင် ပြည်တွင်းအခွန်များ ဦးစီးဌာန၏ နောက်ဆုံးရ အချက်အလက်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုဒ် (www.mopf.gov.mm) တွင်လည်း ပါဝင်ဖော်ပြထားသည်။ အစိုးရဝက်ဘ်ဆိုဒ်များ ဖြစ်သည့် www.Myanmartradeportal.gov.mm နှင့် www.myanmar.gov.mm တို့တွင်လည်း ပြည်တွင်းအခွန်များဦးစီးဌာန ဝက်ဘ်ဆိုဒ်သို့ အလွယ်တကူရောက်ရှိနိုင်သည့် links များပေးထားပြီး၊ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်း ဥပဒေ၊ စည်းမျဉ်းများကို ဖော်ပြ၍ အမြဲမွမ်းမံ တင်ပြနေသည်။

## အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

www.mining .gov.mm တွင် ၂၀၁၉ ခုနှစ်၊ ကျောက်မျက် ရတနာဥပဒေကို ဖော်ပြထားပါသည်။ လက်ရှိတွင် နည်းဥပဒေကို ပြင်ဆင်ရေးဆွဲလျက်ရှိပါသည်။

**ငွေတိုက်ဦးစီးဌာန**

အကြံပြုတိုက်တွန်းချက် 2.1 နှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၂ ဖြင့် ၅-၁-၂၀၁၆ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေအား ဝန်ကြီးဌာနဝက်ဘ်ဆိုဒ်တွင် တင်ပြလျက်ရှိပါသည်။

**MOEE Comments**

ဆောင်ရွက်ဆဲ

ဌာနများနှင့်သက်ဆိုင်သည့် ဥပဒေများ၊ နည်းဥပဒေများနှင့် အမိန့်ကြော်ငြာစာများကို ဝန်ကြီးဌာန Website www.energy.gov.mm နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး Website www.mlis.gov.mm တို့တွင် တင်ပြထားပါကြောင်း နှင့် ရေနံနှင့်သဘာဝ ဓာတ်ငွေ့ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့် အမိန့် ကြော်ငြာစာများကို OGPD Website တွင် တင်ပြ နိုင်ရေးကိုလည်း စီစဉ်လျက်ရှိပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

ဝန်ကြီးဌာန website ဖြစ်သော www.mining.gov.mm တွင်ဖော်ပြထားပြီးဖြစ်ပါသည်။

**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏မှတ်ချက်များ**

သတ္တုတွင်းဦးစီးဌာနမှ ဥပဒေ၊နည်းဥပဒေများအား www.mining.gov.mm တွင်ဖော်ပြထားပြီး ဖြစ်ပါသဖြင့် သီးခြားသဘောထား မှတ်ချက်ပြုရန်မရှိပါ။

# ၄၈ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

**၂၀၁၆-၂၀၁၇ခုနှစ်၊ စတုတ္ထအကြိမ် အစီရင်ခံစာ**

## အကြံပြုချက်များ

**လိုင်စင်များချထားပေးခြင်း**

ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍနှင့်သတ္တုကဏ္ဍများ၌လိုင်စင်နှင့်ပါမစ်ချထားရေးဆိုင်ရာနည်းပညာနှင့်ဘဏ္ဍာရေးစံသတ်မှတ်ချက်များ သည် အများပြည်သူများအကြား ထုတ်ပြန်ထားခြင်းမရှိပါ။ လျှောက်ထားသူများစာရင်းမှအပ ယခင်ချထားပေးသော လိုင်စင်များနှင့် ပါမစ်များအပေါ် အကဲဖြတ်ခြင်းအား ထုတ်ပြန်ထားခြင်းမရှိပါ။

သတ္တုကဏ္ဍအတွက် မှတ်ပုံတင်ထားသော ဦးစွာလျှောက်ထားသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ဦးစားပေး စိစစ်ရွေးချယ်သည့် first-come-first-serve စနစ်ဖြင့် သတ္တုလိုင်စင်များချထားပေးသည်ဟု မိမိတို့ နားလည်သဘော ပေါက်ထားပါသည်။ လုပ်ကွက် တစ်နေရာကို တစ်ဦး သို့မဟုတ် တစ်ဖွဲ့ထက်ပို၍ တစ်ချိန်တည်း လျှောက် ထားလာပါက လေလံပိုမြင့်သည့် လျှောက်ထားသည်အား လိုင်စင်ချထားပေးမည်ဖြစ်သည်။

ကျောက်မျက်ကျောက်စိမ်းကဏ္ဍအတွက် အစိုးရဌာနများမှ ရရှိသောသတင်းအချက်အလက်များအရ တူးဖော်ခွင့်ပါမစ်သည် လေလံအမြင့်ဆုံးလျှောက်ထားသူများအား လိုင်စင်ချထားပေးသည်ဟု မိမိတို့နားလည်သဘောပေါက်ပါသည်။

အစိုးရဌာနများအနေဖြင့် လိုင်စင်ချထားပေးခြင်းဆိုင်ရာလုပ်ငန်းစဉ် ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန် လိုင်စင်နှင့်ပါမစ်ချထားရေးဆိုင်ရာ နည်းပညာနှင့်ဘဏ္ဍာရေး စံသတ်မှတ်ချက်များနှင့် ထည့်သွင်းစဉ်းစားသည့် အချက်အလက်များအား လျှောက်ထားသူများ၊ ရင်းနှီးမြှုပ်နှံသူများထံသို့ ထုတ်ပြန်ထားသင့်သည်။

လိုင်စင်ချထားခြင်းဆိုင်ရာလုပ်ငန်းစဉ်အား စည်းမျဉ်း၊ စည်းကမ်းများဖြင့် တရားဝင်ဖြစ်စေရန် ပြုလုပ်ကာ

ထိုလုပ်ငန်းစဉ်အပေါ် လွတ်လပ်သော လေ့လာသုံးသပ်မှု/ စာရင်းစစ်ခြင်းအား ဆောင်ရွက်သင့်သည်။ (ဥပမာ – ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဆောင်ရွက်ခြင်း)

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏မှတ်ချက်များ**

သတ္တုကဏ္ဍနှင့်စပ်လျဉ်း၍ ဘဏ္ဍာငွေအရ အသုံးစာရင်းများကိုသာ ဦးစားပေးစစ်ဆေးခဲ့ပြီး ခွင့်ပြုမိန့်ချထားပေးခြင်းကိစ္စရပ်အတွက် ရငွေများစစ်ဆေးရာတွင် ဆက်စပ်စစ်ဆေးခဲ့သော်လည်း ၎င်းကိစ္စအတွက် အမှုတွဲတစ်ခုကိုသာကောက်နှုတ်စစ်ဆေးခဲ့ပါသည်။ နောင်စစ်ဆေးရေး ဝင်ရောက်ချိန်တွင် ၎င်းလုပ်ငန်းစဉ်အား စစ်ဆေးရန် လျာထားပါမည်။

ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍနှင့်စပ်လျဉ်း၍ လုပ်ငန်း လိုင်စင်ချထားပေးမှုအတွက် ၂၀၁၆–၂၀၁၇ နှင့် ၂၀၁၇–၂၀၁၈ဘဏ္ဍာရေးနှစ်တို့တွင် သီးခြားစစ်ဆေးခဲ့ခြင်းမရှိခဲ့ဘဲ ရငွေရရှိမှု၊ စာရင်းတွင်ဖော်ပြမှု မှန်/ မမှန်၊ ရသုံးမှန်းခြေငွေစာရင်းတွင် ပါဝင်ခြင်း ရှိ/ မရှိ စစ်ဆေးခဲ့ပါသည်။ လုပ်ငန်းလိုင်စင် ခွဲဝေချထားခြင်းလုပ်ငန်းစဉ်အား နောင်စစ်ဆေးရေးဝင်ရောက်ချိန်တွင် စစ်ဆေးရန် လျာထားပါမည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏မှတ်ချက်များ**

- ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ကွက်များနှင့်ပတ်သက်သည့် Awarded List များအတွက် Website တွင် တင်ပြပါကြောင်း၊ Terms and Conditions များ ကိုလည်း ဌာန၏ခွင့်ပြုချက်အရ တင်ပြထားပြီး ဖြစ်ပါကြောင်း၊
- Contract များနှင့် ပတ်သက်သည့် Detailed Marking System များကို လွှင့်တင်ရန်မှာ လုံခြုံမှု အခြေအနေများအရ လွှင့်တင်ရန် အခက်အခဲ ရှိနေ ပါကြောင်း၊ ဖြစ်နိုင်လျှင် အခြားနိုင်ငံများ၏ Practice ကို သိရှိလိုပါသဖြင့် IA အနေဖြင့် ကူညီထောက်ပံ့ ပေးပါရန် လိုအပ်ပါသည်။
- ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၊ အစိုးရအဖွဲ့ရုံးနှင့် အခြားဆက်စပ်အဖွဲ့အစည်းဌာနများ၏ သဘောထားမှတ်ချက်များနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ပါသည်။
- စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ OAG မှ Performance Audit များကို စစ်ဆေးလျက် ရှိနေပါသည်။

**သတ္တုတွင်းဦးစီးဌာန၏မှတ်ချက်များ**

မြန်မာ့သတ္တုတွင်းနည်းဥပဒေအသစ်တွင် ခွင့်ပြုမိန့်အမျိုးအစား၊ ဓာတ်သတ္တုအမျိုးအစားလိုက် နည်းပညာနှင့်ဘဏ္ဍာရေး စံသတ်မှတ်ချက်များကို ထည့်သွင်းဖော်ပြထားပြီးဖြစ်ပါကြောင်းနှင့် အဆိုပါကိစ္စရပ်များအပေါ် လွတ်လပ်သော လေ့လာသုံးသပ်မှု/ စာရင်း စစ်ဆေးခြင်းများ ဆောင်ရွက်မည်ဆိုပါက ဌာနအနေဖြင့် စစ်ဆေးခံယူရန် အသင့်ရှိပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

MGE မှ လိုင်စင်ချထားပေးသည့် လုပ်ငန်းစဉ်ကို ပြည်သူပိုင်သတင်းစာများတွင် ဖော်ပြ၍ဌာန၏ Website

တွင် တင်ပြထားပါသည်။

MGE အနေဖြင့် လိုင်စင်ချထားခြင်းဆိုင်ရာ လုပ်ငန်းစဉ်အား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးမည်ဆိုပါက အခက်အခဲမရှိပါ။

## အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

MGE မှ လိုင်စင်ချထားပေးသည့် လုပ်ငန်းစဉ်ကို ပြည်သူပိုင် သတင်းစာများတွင်ဖော်ပြ၍ ဌာန၏ Website တွင် တင်ပြထားပါသည်။MGE အနေဖြင့် လိုင်စင်ချထားခြင်းဆိုင်ရာလုပ်ငန်းစဉ်အား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးမည်ဆိုပါက အခက် အခဲမရှိပါ။

**MOEE Comments:**

ဆောင်ရွက်ပြီး

- ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ကွက်များနှင့်ပတ်သက်သည့် Awarded List များ၊ Selection Criteria များကို Website တွင် တင်ပြပြီးဖြစ်ပါကြောင်း၊ Terms and Conditions များကိုလည်း ဌာန၏ခွင့်ပြုချက်အရ တင်ပြထားပြီးဖြစ်ပါကြောင်း၊
- Contract များနှင့်ပတ်သက်သည့် Detailed Marking System များကို လွှင့်တင်ရန်မှာ လုံခြုံမှုအခြေအနေများအရ လွှင့်တင်ရန် အခက်အခဲရှိနေ ပါကြောင်း၊ ဖြစ်နိုင်လျှင် အခြားနိုင်ငံများ၏ Practice ကို သိရှိလိုပါသဖြင့် IA အနေဖြင့် ကူညီထောက်ပံ့ ပေးပါရန်လိုအပ်ပါသည်။
- ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၊ အစိုးရအဖွဲ့ရုံး နှင့် အခြားဆက်စပ်အဖွဲ့အစည်းဌာနများ၏ သဘောထားမှတ်ချက် များနှင့်အညီ ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။
- စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ OAG မှ Performance Audit များကို စစ်ဆေးလျက် ရှိနေပါသည်။

# ၄၉ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂၀၁၆-၂၀၁၇ခုနှစ်၊ စတုတ္ထအကြိမ် အစီရင်ခံစာ

## အကြံပြုချက်များ

### လိုင်စင်များမှတ်ပုံတင်ခြင်း

MOGE မှ ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ကွက်များ၏ ကိုဩဒီနိတ်များ (Coordinates) အားပေးခဲ့သော် လည်း ၎င်းတို့၏ ဝက်ဘ်ဆိုဒ်တွင် တင်ထားခြင်းမရှိပါ။ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍနှင့် သတ္တုကဏ္ဍရှိ ကိုဩဒီနိတ် အမျိုးအစားများသည် မတူညီကြပါ။ ကျောက်မျက်နှင့် ကျောက်စိမ်းပါမစ်များကို လျှောက်ထားသည့် ရက်စွဲများကို MGE ဝက်ဘ်ဆိုဒ်၌၂၀၁၆ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရက်စွဲဖြင့်ပါမစ်စာရင်းတွင် မတွေ့ရှိရပေ။ သို့သော် ထိုအချိန်က သတ္တုနည်းဥပဒေတွင်လည်း သတ္တုပါမစ်များ လျှောက်ထားသည့်ရက်စွဲများအား မှတ်တမ်းပြုစုရန် မလိုအပ်သောကြောင့် မှတ်တမ်းမတင်ခဲ့ခြင်းဖြစ်သည်။ စာချုပ်များနှင့်ပါမစ်များအား အများပြည်သူကြည့်ရှုရန် လက်လှမ်းမမီခဲ့ပါ။

DOM နှင့် အမှတ် (၁) နှင့် အမှတ် (၂) သတ္တုတွင်းလုပ်ငန်းများ၏ သတ္တုပါမစ်မှတ်ပုံတင်ထားမှုအချက်အလက်များသည် တစ်သမတ် တည်းဖြစ်မနေပါ။ ပါမစ်မှတ်ပုံတင်ထားမှုများအား အစိုးရဌာနအချင်းချင်း မျှဝေခြင်းမရှိဟုနားလည်သိရှိရသည်။

အမှတ် (၂) သတ္တုတွင်းလုပ်ငန်းမှ သတ္တုလုပ်ငန်းများအားလုံးအတွက် ကိုဩဒီနိတ်များအား အချိန်မီမပေးနိုင်ခဲ့ပါ။

ကျောက်မျက်နှင့်ကျောက်စိမ်းကဏ္ဍရှိ သတ္တုပါမစ်များပြန်အပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများမရှိပါ။

အစိုးရဌာနများနှင့်နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ (SOEs) အနေဖြင့် ၎င်းတို့ ၏အချက်အလက်များကို အများပြည်သူလက်လှမ်းမီ နိုင်ရန်အတွက် ဝက်ဘ်ဆိုဒ်များတွင်ကိုဩဒီနိတ်များပါရှိသည့် စာချုပ်များ (သို့မဟုတ်)ပါမစ်မှတ်တမ်းများအား စုစည်း၍ ထိန်းသိမ်းထားသင့်သည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏မှတ်ချက်များ

- ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၏ Coordinates များကို Website တွင် လွှင့်တင်ထားပြီးဖြစ်ပါကြောင်း၊ Tender ဆောင်ရွက်ပြီးသည့် လုပ်ကွက်များနှင့် ပတ်သက်၍ Awarded Date များမှာ သတင်းစာများတွင် ကြေငြာသည့် နေ့ရက်များဖြစ်ပါကြောင်း၊ နောင်ဆောင်ရွက်မည့် Tender လုပ်ငန်းစဉ်များ အတွက် Website တွင် Awarded Date များနှင့် စာချုပ်လက်မှတ်ရေးထိုးသည့် Date များကို ဖော်ပြပေးမည်ဖြစ်ပါသည်။
- PSC စာချုပ်သက်တမ်းမှာ ပုံမှန်အားဖြင့် နှစ် ၂၀ ဖြစ်ပြီး၊ သဘာဝဓာတ်ငွေ့ ထုတ်လုပ်/ဖြန့်ဖြူးနိုင်မှု အခြေအနေပေါ်မူတည်၍ သက်မှတ်ပါသည်။

**DOM Comments:**

- စတုတ္ထအကြိမ်အစီရင်ခံရေးသားမည့် ကာလတွင်ဖော်ပြနိုင်ခြင်း မရှိသော်လည်း ၂၀၁၈ခုနှစ် သတ္တုတွင်း နည်းဥပဒေအသစ်အရ ကနဦးမှတ်တင်ရေးအဖွဲ့များ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ခွင့်ပြုမိန့် ပြန်လည်အပ်နှံခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ နည်းဥပဒေအသစ်တွင် အသေးစိတ်ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။
- Website တွင် Coordinate ပါရှိသည့် စာချုပ်များ ဖော်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ပါမစ် မှတ်တမ်းများအား အခါအားလျော်စွာ Up to date စုစည်း ထိန်းသိမ်းဖော်ပြထားပါသည်။

**MGE Comments:**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ လုပ်ကွက်အသစ်ချထားပေးခြင်းမရှိပါ။ နောင်တွင် လုပ်ကွက်ချထားပေးမည်ဆိုပါက Website တွင် ဖော်ပြပါမည်။

(၃၀.၁.၂၀၁၉) ရက်နေ့ ထုတ်ပြန်သည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ နည်းဥပဒေအသစ်တွင် လုပ်ကွက် ပြန်လည်အပ်နှံခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအား ထည့်သွင်းရေးဆွဲလျက်ရှိပါသည်။ လက်ရှိတွင် လုပ်ကွက် ပိတ်သိမ်းပါက လုပ်ကွက်ပိတ်သိမ်းခြင်းဆိုင်ရာအစီအစဉ် ရေးဆွဲတင်ပြပြီး ဆောင်ရွက်ပြီးစီးမှသာ လက်ခံပါသည်။

Mining Cadastre လုပ်ငန်းစဉ်တွင် MGE အနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး Mining Cadastre စနစ် စတင် ဆောင်ရွက်ပါကအကြံပြုချက်အတိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှတ်ချက်များ**

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်မှစ၍ လုပ်ကွက်အသစ်ချထားပေးခြင်းမရှိပါ။ နောင်တွင် လုပ်ကွက်ချထားပေးမည်ဆိုပါက website တွင် ဖော်ပြပါမည်။ (၃၀.၁.၂၀၁၉)ရက်နေ့ထုတ်ပြန်သည့် မြန်မာ့ကျောက်မျက် ရတနာဥပဒေအရ နည်းဥပဒေသစ်တွင် လုပ်ကွက် ပြန်လည်အပ်နှံခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအား ထည့်သွင်းရေးဆွဲ လျက်ရှိပါသည်။ လက်ရှိတွင် အကျိုးတူလုပ်ကွက်များ ပိတ်သိမ်းပါက လုပ်ကွက်ပိတ်သိမ်းခြင်းဆိုင်ရာ အစီအစဉ် (mine closure plan) ရေးဆွဲတင်ပြပြီး ဆောင်ရွက်ပြီးစီးမှသာ လက်ခံပါသည်။

Mining Cadastre လုပ်ငန်းစဉ်တွင် MGE အနေဖြင့် ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိပြီး Mining Cadastre စနစ် စတင် ဆောင်ရွက်ပါက အကြံပြုချက်အတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**MOEE Comments:**

ဆောင်ရွက်ပြီး

- ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၏ Coordinates များကို Website တွင် လွှင့်တင်ထားပြီး ဖြစ်ပါကြောင်း၊ Tender ဆောင်ရွက်ပြီးသည့် လုပ်ကွက်များနှင့် ပတ်သက်၍ Awarded Date များမှာ သတင်းစာများတွင် ကြေငြာသည့် နေ့ရက်များဖြစ်ပါကြောင်း၊ နောင်ဆောင်ရွက်မည့် Tender လုပ်ငန်းစဉ်များအတွက် Website တွင် Awarded Date များနှင့် စာချုပ်လက်မှတ်ရေးထိုးသည့် Date များကိုဖော်ပြ ပေးမည်ဖြစ်ပါသည်။
- PSC စာချုပ်သက်တမ်းမှာ ပုံမှန်အားဖြင့် နှစ် ၂၀ ဖြစ်ပြီး၊ သဘာဝဓာတ်ငွေ့ ထုတ်လုပ်/ဖြန့်ဖြူးနိုင်မှု အခြေအနေပေါ်မူတည်၍ သက်မှတ်ပါသည်။

**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏မှတ်ချက်များ**

ME 2နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော သတ္တုလုပ်ငန်းများအားလုံးအတွက် ကိုဩဒီနိတ်များကို မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးသို့ ၂၈.၁၂.၂၀၁၉ ရက်နေ့တွင် ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

# ၅၀ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ

၂၀၁၆-၂၀၁၇ခုနှစ်၊ စတုတ္ထအကြိမ် အစီရင်ခံစာ

## အကြံပြုချက်များ

**နိုင်ငံတော်၏ပါဝင်မှု၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သည့်လွှဲပြောင်းမှုများ**

တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများတွင်ပါဝင်သည့် SOEs များသည် ( ဥပမာ MOGE) အစိုးရဝန်ကြီးဌာနအတွင်း၌ လည်ပတ်နေသည့်ယူနစ်များဖြစ်သည်။ ၎င်းတို့အနေဖြင့် ကော်ပိုရေးရှင်းအနေဖြင့် သီးသန့်ရပ်တည်နေခြင်းမဟုတ်ပါ။ ၎င်းတို့၏ လုပ်ငန်းများသည် တွင်းထွက်လုပ်ငန်းများဆောင်ရွက်သည့်ကုမ္ပဏီများမှ တိုက် ရိုက်ပေးချေမှုများအပါအဝင် ရုပ်ဝတ္ထုအခွန်ဘဏ္ဍာများကို မြင့်တက်စေသည်။ စီမံကိန်းများတွင်လည်း ကန်ထရိုက်တာများအနေဖြင့် ဆောင်ရွက်ကြသည်။

SOEsများမှ စာရင်းစစ်အစီရင်ခံစာများကို လွတ်လပ်သောစာရင်းတိုက်ဆိုင်စစ်ဆေးသူ (IA) ၏တောင်းခံမှုအရ ပေးခဲ့သော်လည်း ၎င်းတို့၏ ဝက်ဘ်ဆိုဒ်များနှင့် OAG ၏ ဝက်ဘ်ဆိုဒ်များတွင် ဖော်ပြထားခြင်းမရှိပါ။ ယခင်ကအများပြည်သူလက်လှမ်းမမီခဲ့သည့် SOE အကောင့်များကို IA သို့ ပေးခဲ့သော်လည်း ချေးငွေဆိုင်ရာအသေးစိတ်အချက်အလက်များနှင့် မည်သည့်ရှယ်ယာတန်ဖိုးမျှ ပွင့်လင်းမြင်သာမှုမရှိခဲ့ပါ။ SOE ဘဏ္ဍာငွေအချက်အလက်များအားလုံး (အာမခံများအပါအဝင်)နှင့် မည်သည့်ရှယ်ယာဆိုင်ရာ အတိုးနှုန်းများမဆို ဖွင့်ဟထုတ်ပြန်ရန်အကြံပြုတိုက်တွန်းအပ်ပါသည်။ SOEs များအနေဖြင့် အကျိုးအမြတ်ပတ်သက်စပ်ဆက်မှုဆိုင်ရာအငြင်းပွားမှု (Conflict of Interest ) ပဋိပက္ခများကို ရှောင်ဖယ်ရန်အတွက် စည်းမျဉ်းစည်းကမ်းများကို စောင့်ကြည့်ထိန်းသိမ်းခြင်း (သို့မဟုတ်) စည်းမျဉ်းများ ထုတ်ပြန်

ခြင်း ဆောင်ရွက်မှုရှိ၊ မရှိဆိုသည်ကို စည်းမျဉ်းစည်း ကမ်းထိန်းသိမ်းသည့်အခန်းကဏ္ဍ (Regulative Role) မရှိကြောင်း သရုပ်ပြနိုင်ရန် ဆောင်ရွက်သင့်သည်။ SOEs များသည် ဘဏ္ဍာငွေများနှင့်အသုံးစရိတ်များအား ရှင်းရှင်းလင်းလင်းဖော်ပြထားသည့် စာရင်းစစ်ဘဏ္ဍာရေးအချုပ်စာရင်းများအား အများပြည်သူသို့ထုတ်ပြန်ခြင်းကဲ့သို့ ဘဏ္ဍာငွေအစီရင်ခံခြင်းဆိုင်ရာပွင့်လင်းမြင်သာမှုနှင့် ကောင်းမွန်သောစီမံအုပ်ချုပ်မှုဆိုင်ရာမူ ဘောင်များနှင့်ပတ်သက်၍ တိုးတက်မှုအစီရင်ခံခြင်းကိစ္စရပ်များအား ဦးစားပေးသင့်သည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

### ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏မှတ်ချက်များ

ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၁ (က) အရ နိုင်ငံတော်၏အရအသုံးစာရင်းများစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ တစ်နှစ်လျှင်အနည်းဆုံးတစ်ကြိမ်တင်ပြခြင်း၊ ထူးခြားသော အခြေအနေများကို အခါအားလျော်စွာတင်ပြခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပုဒ်မ ၁၁(ဏ) အရ စစ်ဆေးဆောင်ရွက်ချက်များကို နိုင်ငံတော်သမ္မတ ထံသို့ အစီရင်ခံတင်ပြရပါသည်။ ဤရုံးအနေဖြင့် စစ်ဆေးတွေ့ ရှိချက်များကို ပြည်သူများသို့ တိုက်ရိုက် တင်ပြမှုမပြုသော်လည်း ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက ဤရုံးမှတင်ပြသောစစ်ဆေးတွေ့ရှိချက်ကို အခြေခံသည့် ပြည်ထောင်စုလွှတ်တော်ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်အစီရင်ခံစာတွင် စိစစ်သုံးသပ်ချက်၊ အကြံပြုချက်များနှင့်တကွ PAC website ဖြစ်သည့် https://pyidaungsu.hluttaw.mm/reports တွင် တင်ပြထားပါသည်။

တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်အစီရင်ခံစာများကို တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်နှင့် လွှတ်တော်သို့လည်း တင်ပြအစီရင်ခံပါသည်။

OAG အနေဖြင့် ထုတ်ပြန်ထားသည့်တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်လုပ်ထုံးလုပ်နည်းများကိုလည်း လိုက်နာလျက်ရှိပါသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ (၂၀၁၀) ကို ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ် နှင့် ဇန်နဝါရီ (၂၂) ရက်၊ ၂၀၁၈ ခုနှစ်များတွင် ပြင်ဆင်ခဲ့ပြီး ထိုစဉ်က ပုဒ်မ ၁၁ (က) နှင့် (ဏ)၊ ပုဒ်မ ၂၅ (က) နှင့် ၂၅ (ဃ) တို့အား ပြင်ဆင်ခဲ့သည်။

အခါအားလျော်စွာ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်အစီရင်ခံစာများကို တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်နှင့် လွှတ်တော်သို့လည်း တင်ပြအစီရင်ခံပါသည်။

OAG ရုံးသည် EITI လုပ်ငန်းစဉ်မှပါဝင်သည့် အစိုးရဌာနများနှင့် SOE များသို့ တွေ့ရှိချက်အစီရင်ခံစာများကို အစီရင်ခံပါသည်။ သို့သော်လည်း OAG အနေဖြင့် ပြည်သူလူထုသို့တိုက်ရိုက်ထုတ်ပြန်ခြင်းမပြုလုပ်ဘဲ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ (PAC) ထံသို့ သတင်းအချက်အလက်များအား ပုံမှန်အစီရင်ခံခြင်းပြုလုပ်ပြီး PAC မှ ၎င်း၏ ဝက်ဘ်ဆိုဒ်တွင် ထုတ်ပြန်ပါလိမ့်မည်။ ထို့အပြင် OAG အနေဖြင့် သတင်းစာရှင်းလင်းပွဲတွင်လည်း ပူးပေါင်းပါဝင်ပါသည်။

သတ္တုကဏ္ဍအနေဖြင့် ချေးငွေဖြင့်ဆောင်ရွက်ရသောလုပ်ငန်းများမရှိပါ။

ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍအနေဖြင့် ချေးငွေနှင့်ပတ်သက်၍ OAG ရုံးသို့ သီးခြားအဆိုပြုလွှာ (request) ပေးပို့၍ အစီရင်ခံစာထုတ်ပြန်ပေးရန် ညှိနှိုင်းခဲ့ခြင်းမရှိပါ။ ရသုံးမှန်းခြေငွေစာရင်းတွင် ပါဝင်သောခွန်ကောက်ခံရငွေ၊ ကြွေးမြီအပ်ငွေများကိုသာ ရရှိမှု၊ စာရင်းတွင်ဖော်ပြမှု မှန်၊ မမှန်သာစစ်ဆေးခဲ့ပါသည်။ World Bank ၊ ADB Loan များ

အတွက် request စာပေးပို့မှုများအား စစ်ဆေးအစီရင်ခံစာထုတ်ပြန်ပေးလျက်ရှိသဖြင့် OAG ရုံးအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ Request စာပေးပို့ပါက စစ်ဆေးဆောင်ရွက်သွားပါမည်။ နောင်စစ်ဆေးရေးဝင်ရောက် ချိန်တွင်၎င်း အခြေအနေများကို ထည့်သွင်းစစ်ဆေးသွားမည်ဖြစ်ပါသည်။

**ME-2 Comments:**

MSG မှ အချိန်ယူဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ပါသည်။ သဘောထားမှတ်ချက်ပြုရန် မရှိပါ။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏မှတ်ချက်များ**

- ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် OGPD သည် Regulatory Role ဖြင့်ဆောင်ရွက်လျက်ရှိနေပြီး၊ MOGE သည် Implamentation Role ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ OGPD အနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်များနှင့် ပတ်သက်သည့် စာချုပ်များအတွက် ဝန်ကြီးရုံး၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိနေပါသည်။
- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် Audited Financial Statement များနှင့် ပတ်သက်၍ OAG မှ ချမှတ်ထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက် နေခြင်းဖြစ်ပါသည်။ (49-b)

**သတ္တုတွင်းဦးစီးဌာန၏မှတ်ချက်များ**

နိုင်ငံပိုင် စီပွားရေးလုပ်ငန်းများ(SOE) အလုပ်ရုံ ဆွေးနွေးပွဲအား ၂၀၁၉ခုနှစ် ဖေဖော်ဝါရီလ (၂၁)ရက် နေ့မှ(၂၂)ရက်နေ့ထိ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ လုပ်ငန်းရှင်များနှင့် အရပ်ဖက်အဖွဲ့အစည်းများဖြင့် ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့သည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

SOE ကဏ္ဍ ပြုပြင်ပြောင်းလဲမှုအတွက် MGE မှ ပူးပေါင်းပါဝင်လျက်ရှိပါသည်။

## အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး(OAG)၏သဘောထားမှတ်ချက်များ**

ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ၁၁(က)အရ နိုင်ငံတော်၏ အရအသုံးစာရင်းများစစ်ဆေးခြင်းတို့နှင့် စပ်လျဥ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်တင်ပြခြင်း၊ ထူး ခြားသော အခြေအနေများကို အခါအားလျော်စွာ တင်ပြခြင်းများဆောင်ရွက်လျက်ရှိပြီး ပုဒ်မ(၁၁)ဏအရ စစ်ဆေးဆောင်ရွက်ချက်များကို နိုင်ငံတော်သမ္မတ ထံတင်ပြသည်နှင့်တစ်ပြိုင်တည်း ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာတင်ပြရပါသည်။၎င်း ရုံးအနေဖြင့် စစ်ဆေးတွေ့ရှိချက်များကို ပြည်သူများသို့ တိုက်ရိုက်တင်ပြမှု မပြုသော်လည်း ပြည်ထောင်စု

လွှတ်တော်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက ဤရုံးမှတင်ပြသော စစ်ဆေးတွေ့ရှိချက်ကို အခြေခံသည့် ပြည် ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာတွင် စိစစ်သုံးသပ်ချက်၊အကြံပြုချက် များနှင့်တကွ PAC website တွင်တင်ပြ ထားပါသည်။

ငင်းအပြင် ဤရုံးအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို မီဒီယာမှတစ်ဆင့် ပြည်သူများသို့ တင်ပြခြင်းများရှိပါကြောင်း ရှင်းလင်းတင်ပြပါသည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အနေဖြင့် EITI လုပ်ငန်းစဉ်တွင် ပါဝင်သော အစိုးရဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖြည့်သွင်းပေးပို့ လာသော EITI Template များကို ထပ်ချုပ်စိစစ်မှု(Verify)ပြုလုပ်၍ စာရင်းစစ်ထောက်ခံချက်များ ပေးပို့ခဲ့ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

SOE ကဏ္ဍ ပြုပြင်ပြောင်းလဲမှုအတွက် MGE မှ ပူးပေါင်း ပါဝင် လျက်ရှိပါသည်။

**MOEE Comments:**

ဆောင်ရွက်ပြီး

- ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် OGPD သည် Regulatory Role ဖြင့် ဆောင်ရွက် လျက်ရှိနေပြီး၊ MOGE သည် Implementation Role ဖြင့် ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ OGPD အနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ကွက်များနှင့် ပတ်သက်သည့် စာချုပ်များအတွက် ဝန်ကြီးရုံး၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိ နေပါသည်။
- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် Audited Financial Statement များနှင့် ပတ်သက်၍ OAG မှ ချမှတ် ထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ (49-b)

## ၅၁ မြန်မာ့ရေနံနှင့် ဘာသာဝဓါတ်ငွေ့လုပ်ငန်း ၊ ငွေတိုက်ဦးစီးဌာန

၂၀၁၆-၂၀၁၇ခုနှစ်၊ စတုတ္ထအကြိမ် အစီရင်ခံစာ

### အကြံပြုချက်များ

**နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းသို့လွှဲပြောင်းမှုများ**

ရွှေစီမံကိန်းသည် တရုတ်ဖွံ့ဖြိုးရေးဘဏ် (China Development Bank) မှ မြန်မာ့နိုင်ငံခြားကုန်သွယ်မှု ဘဏ် (MFTB) အမည်ဖြင့် ချေးငွေရယူဆောင်ရွက်ထားသည်ဟု သိရှိရသည်။ ရွှေစီမံကိန်းမှရရှိသည့်ဘဏ္ဍာငွေများအား ဂျာမဏီရှိ MFTB ယူရိုငွေအကောင့်သို့ ပေးချေခဲ့ပြီး MFTB ကလည်း အနည်းဆုံးချန်ထားရန် လိုအပ်သည့်ငွေပမာဏအား ဘဏ်တွင်ချန်ထားပြီး ရန်ပုံငွေများကို လွှဲ ပြောင်းပေးသည်။ သို့သော်လည်း ဘဏ်တွင်ချန်ထားရမည့်အနည်းဆုံးပမာ ဏအား မသိရှိရပါ။

အခန်း (၃.၅.၅) အရ MOGE မှ အစိုးရဌာနများနှင့် ပြည်ထောင်စုရန်ပုံငွေ (အခြားစာရင်းရှင်) သို့ ၂၀၁၆-၂၀၁၇

ဘဏ္ဍာရေးနှစ်တွင် လွှဲပြောင်းပေးခဲ့သည့်ဘဏ္ဍာငွေပမာဏသည့် MOGE မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်ရရှိခဲ့သည့် ပမာဏထက် များပြားနေသည်။ ထိုကိစ္စသည် MOGE က ဂျာမဏီရှိ MFTB ဘဏ်အကောင့်အတွင်း Posco Daewoo နှင့် SEAGP တို့ထံမှ ဘဏ္ဍာငွေရရှိပြီး OGPD သို့ မြန်မာ့စီးပွားရေးဘဏ်အကောင့်တွင် လက်ခံပြေစာနောက်ကျရက်စွဲဖြင့် လွှဲပြောင်းပေးသည့်ကိစ္စနှင့် သက်ဆိုင်နေသည်။

တွင်းထွက်ကုမ္ပဏီများမှ ပေးချေမှုအားလုံးအား အချိန်နှင့်တစ်ပြေးညီ OGPD သို့ လွှဲပြောင်းပေးသင့်သည်။ နိုင်ငံခြားဘဏ်အကောင့် များတွင်ရှိသောဘဏ္ဍာငွေပမာဏများအား OGPD သို့ လွှဲပြောင်းသည့်ပမာနှင့်လက်ခံရရှိသည့်ပမာဏများအား ရက်စွဲအလိုက် တိုက်ဆိုင်စစ်ဆေးသင့်သည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏မှတ်ချက်များ**

- ရွှေစီမံကိန်းမှ ဘဏ်တွင်ချန်ထားရမည့် အနည်းဆုံး ပမာဏမှာ ချေးငွေစာချုပ် သတ်မှတ်ချက်အရ ဖြစ်ပါသည်။
- တွင်းထွက်ကုမ္ပဏီများမှ ပေးချေမှုများနှင့် ပတ်သက်၍ OGPD နှင့် သက်ဆိုင်သည့် Royalty နှင့် Signature Bonus ရရှိမှုများကိုသာ OGPD မှ လက်ခံဆောင်ရွက် လျက်ရှိပါသည်။
- OGPD သို့ လွှဲပြောင်းပေးသည့်ပမာဏနှင့် လက်ခံ ရရှိသည့်ပမာဏများကိုရက်စွဲအလိုက် တိုက်ဆိုင်စစ်ဆေးခြင်း ကိစ္စများကိုလည်း OAG မှ နှစ်စဉ် စစ်ဆေးလျက်ရှိနေပါသည်။

**ငွေတိုက်ဦးစီးဌာန၏မှတ်ချက်များ**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ China Development Bank ချေးငွေဖြင့် ရွှေစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် CDB တို့အကြား ၃၀-၁၁-၂၀၁၀ ရက်နေ့တွင် EUR Facility Agreement ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါသဖြင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှသာ သိရှိနိုင်မည်ဖြစ်ပါကြောင်း ပြန်ကြားအပ်ပါသည်။

## အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ငွေတိုက်ဦးစီးဌာန**

အကြံပြုတိုက်တွန်းချက် 4.5 ပါ ရွှေစီမံကိန်းနှင့်စပ်လျဉ်း၍ ငွေတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း၊ မြန်မာ့ နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန နှင့် EITI

ညှိနှိုင်းရေးမှူးရုံးမှ ကိုယ်စားလှယ်တို့သည် ၄-၁၂-၂၀၁၉ ရက်နေ့တွင် ငွေတိုက်ဦးစီးဌာနၶ အစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါသည်။

စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာအရ ရွှေစီမံကိန်းနှင့်စပ်လျဥ်း၍ ကိန်းဂဏန်းများတိုက်ဆိုင်စစ်ဆေးရာတွင် ကွဲလွဲမှုများတွေ့ရှိခြင်းသည် ဈေးငွေနှင့် သက်ဆိုင်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းမှ စာရင်းကွဲလွဲမှုအား EITI ညှိနှိုင်းရေးမှူးရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ စာရင်းပြန်လည်တိုက်ဆိုင်စစ်ဆေး ရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာ၏ အကြံပြုတိုက်တွန်းချက် 4.5 ပါ ရွှေစီမံကိန်းနှင့်စပ်လျဥ်း၍ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းနှင့် EITI ညှိနှိုင်းရေးမှူးရုံးတို့မှ ညှိနှိုင်းပြီး ပဉ္စမအကြိမ်မြောက် EITI အစီရင်ခံစာတွင် update ထည့်သွင်းဖော်ပြရမည် ဖြစ်ပါသည်။

**MOEE Comments:**

ဆောင်ရွက်ဆဲ/ပြီး

- ရွှေစီမံကိန်းမှ ဘဏ်တွင်ချန်ထားရမည့် အနည်းဆုံး ပမာဏမှာဈေးငွေစာချုပ် သတ်မှတ်ချက်အရဖြစ်ပါသည်။
- တွင်းထွက်ကုမ္ပဏီများမှ ပေးချေမှုများနှင့် ပတ်သက်၍ OGPD နှင့် သက်ဆိုင်သည့် Royalty နှင့် Signature Bonus ရရှိမှုများကိုသာ OGPD မှ လက်ခံဆောင်ရွက် လျက်ရှိပါသည်။
- OGPD သို့ လွှဲပြောင်းပေးသည့်ပမာဏနှင့် လက်ခံရရှိသည့်ပမာဏများကို ရက်စွဲအလိုက် တိုက်ဆိုင်စစ်ဆေးခြင်းကိစ္စများကိုလည်း OAG မှ နှစ်စဥ် စစ်ဆေးလျက်ရှိနေပါသည်။
- မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းသည် မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်(MFTB)အမည်ဖြင့် တရုတ်ဖွံ့ ဖြိုးရေးဘဏ် (China Development Bank)ထံမှ ငွေချေးယူထားမှုများအတွက် စီမံကိန်းမှရရှိသည့် ဝင်ငွေများကို ဂျာမဏီနိုင်ငံရှိ MFTB အမည်ဖြင့် ဖွင့်လှစ်ထားသော ယူရိုအကောင့်သို့ ရောက်ရှိသွားပြီးနောက် MFTB သည် ထို EURO Collection Account မှ ထုတ်ယူသုံးစွဲခွင့်ရှိသည့် ငွေများကို Payment Orderဖြင့် မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း သို့ထုတ်ပေးလျက်ရှိပါသည်။ ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် MFTB မှ MOGE သို့ Payment Order ထုတ်ပေးမှုသည် ကုမ္ပဏီမှ ဂျာမဏီနိုင်ငံရှိ MFTB ယူရိုအကောင့်ထဲ သို့ပေးသွင်းသောပမာဏထက် နည်း၍ရရှိခဲ့ပါသည်။ထို့ကြောင့် ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီမှပေးသွင်းသော Royalty ပမာဏမှာ များ၍ MOGE သို့ MFTBမှ ထုတ်ပေးသော PO အရ နိုင်ငံတော်အစိုးရသို့ လွှဲပြောင်းပေးသော ကိန်းဂဏန်းပမာဏမှာ နည်းနေရခြင်းဖြစ်ပါသည်။ သို့ သော်၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ယခင်နှစ်များမှထုတ်ပေးရန်ကျန်ရှိသည့် PO လက်ကျန်များကို MFTB မှ MOGE သို့ PO ထုတ်ပေးသဖြင့် ယင်းနှစ်တွင် ကုမ္ပဏီမှ ဂျာမဏီနိုင်ငံရှိ MFTB ၏ ယူရိုအကောင့်ထဲသို့ ပေးသွင်းသောပမာဏထက် ပိုမိုလက်ခံရရှိခဲ့ပါသည်။ MOGE အနေဖြင့် MFTB မှ PO လက်ခံရရှိမှုပေါ်မူတည်၍ နိုင်ငံတော်အစိုးရသို့ လွှဲပြောင်းပေးပါသည်။ သို့ဖြစ်ပါ၍ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းအနေဖြင့် ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီမှရရှိသော Royalty စုစုပေါင်းနှင့် MOGE မှ နိုင်ငံတော်အစိုးရသို့ လွှဲပြောင်းပေးသော Royalty စုစုပေါင်းကိန်းဂဏန်းပမာဏ ကွဲလွဲရခြင်းဖြစ်ကြောင်း ပြန်ကြားအပ်ပါသည်။

**မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏မှတ်ချက်များ**

ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းမှ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးသို့ ပေးပို့လာသည့်စာတွင် ဝင်ငွေများ EURO Collection Account သို့ရောက်ရှိပြီးနောက် ထို Account တွင်ချန်ထားရမည့် ငွေပမာဏနှင့် Payment Orderထုတ်ပေး

သည့် ငွေပေးချေမှုလုပ်ငန်းစဉ်နှင့် ပတ်သက်၍ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ မေးမြန်းသင့်ကြောင်း အကြောင်းပြန်ကြားချက်အရ အချက်အလက်များပေးပို့ပါရန်နှင့်ပတ်သက်၍ အောက်ဖော်ပြပါအချက်အလက်များအား ပေးပို့အကြောင်းကြားအပ်ပါသည်။

(က)မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်သည် နိုင်ငံပိုင်ဌာနအဖွဲ့အစည်းအများစု၏ ပြည်ပမှ နိုင်ငံခြား ငွေလက်ခံရရှိခြင်း၊ ပြည်ပသို့ ငွေလွှဲပေးပို့ခြင်းတို့ကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်ပမှနိုင်ငံခြားငွေများ ရရှိသည့်အခါ ညီမျှသည့်ကျပ်ငွေဖြင့် Payment Order ထုတ်ပေးပြီး အဆိုပါဌာနများ၏ ကုန်သွယ်မှုနှင့် ကုန်သွယ်မှုမဟုတ်သော ကိစ္စရပ်များနှင့် ချေးငွေအတွက် အရင်း၊ အတိုးများ ပြည်ပသို့ပေးချေခြင်းတို့အတွက် အရအသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာန၏ နိုင်ငံခြားငွေခွင့်ပြုမိန့် ရယူလျက်ငွေလွှဲပေးပို့သည့် ကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

(ခ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Development Bankနှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှု ဘဏ် တို့ချုပ်ဆိုခဲ့သော ချေးငွေစာချုပ်အရ ငွေပြန်လည်ပေးဆပ်မှု ရင်းမြစ်စီမံကိန်း(Repayment Source Project)များ၏မြန်မာဘက်မှ ရငွေများကို Bank of china, Frankfurt ရှိ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ EURO Collection Account သို့ ထည့်သွင်းပေးလျက်ရှိပါသည်။EURO Collection Account တွင် ငွေဝင်ပါက မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းသို့ အကြောင်းကြား၍ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ မိတ္တူပေးပို့ အကြောင်းကြားလျက်ရှိပါသည်။ အဆိုပါ ရရှိငွေများအား Payment Order(PO)ထုတ်ပေးပြီး မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းနှင့်လည်း အချိန်နှင့်တစ်ပြေးညီ တိုက်ဆိုင်စစ်ဆေးအတည်ပြုလျက်ရှိပါသည်။ ယခုထိကွဲလွဲမှုမရှိသေးပါ။

(ဂ) အဆိုပါငွေစာရင်းမှာ ရင်းမြစ်စီမံကိန်းများ၏ ဝင်ငွေများအတွက်ငွေလက်ခံရရှိခြင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းသို့ Payment Order (PO)ထုတ်ပေးခြင်းစသည့် Transactions များစဉ်ဆက်မပြတ် ဖြစ်ပေါ်နေသည့် စာရင်းဖြစ်နေသောကြောင့် မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် စာရင်းအရ ဖယ်ချန်ခြင်း၊ ထိန်ချန်ထားခြင်းမပြုဘဲ ရငွေ၊(PO) ထုတ်ပေးပြီးငွေ၊ ထုတ်ပေးရန်လက်ကျန်ငွေ ဖြစ်ပေါ်နေမည်သာဖြစ်ပါသည်၊ အဆိုပါ ကျန်ငွေအားလည်း ဆက်လက် ထုတ်ပေးမည်ဖြစ်ပြီး မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းနှင့်လည်း စဉ်ဆက်မပြတ် တိုက်ဆိုင်စစ်ဆေးနေမည်ဖြစ်ပါသည်။

(ဃ) အဆိုပါ Repayment Source Projectမှရရှိလာသည့် ဝင်ငွေများမှာ မည်သည့်ရွေ့မည်မျှဝင်ငွေရှိမည်ကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်အနေဖြင့် သိရှိနိုင်ခြင်းမရှိပါ။ချေးငွေစာချုပ်တွင်လည်း မည်မျှဝင်ငွေရမည်ကို ဖော်ပြထားခြင်းမရှိပါ။ စီမံကိန်းအကောင်အထည်ဖော်သူ မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းအပါအဝင် အစုဝင်များသည့် Paying Parties များဖြစ်သော SEAGP(South East Asia Gas Pipeline Company Ltd) Daewoo International Cooperation နှင့် JV Agreement အရသိရှိနိုင်မည်ဖြစ်ပါသည်။EURO Collection Account သို့ ဝင်ရောက်သည့် ငွေစုစုပေါင်းကိုသာ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် အနေဖြင့် သိရှိနိုင်မည်ဖြစ်ပါသည်။

(င) CDB ချေးငွေစာချုပ်ဆိုင်ရာ မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းဝင်ငွေစာရင်းများနှင့် ပတ်သက်၍ EITI ညှိနှိုင်းရေးမှူးရုံးတွင် ကျင်းပသည့် အစည်းအဝေးများတွင်လည်း မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက် ဆွေးနွေးရှင်းလင်း ပေးပြီးလည်းဖြစ်ပါသည်။

(စ) မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း ဝင်ငွေစာရင်းသည် CDB ချေးငွေစာချုပ်အရ ဝင်ငွေတစ်ခုတည်း မဟုတ်သဖြင့် အခြားဝင်ငွေအရပ်ရပ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို သက်ဆိုင်ရာ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများနှင့်သာ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။

# ၁၂ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင်များ

၂၀၁၆–၂၀၁၇ခုနှစ်၊ စတုတ္ထအကြိမ် အစီရင်ခံစာ

## အကြံပြုချက်များ

### နိုင်ငံ၏ပါဝင်မှု

EITI စံနှုန်းလိုအပ်ချက် ၂.၆သည် EITI အစီရင်ခံစာတင်ပြရန် ရည်ရွယ်ချက်ကို ဖော်ပြထားသည်မှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခု သည် သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းကို အစိုးရကိုယ်စား အပြည့်အဝ (သို့) အများစုကို ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ပါသည်။ ယင်းအပေါ်တွင် အခြေခံ၍ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ အဓိပ္ပာယ်ဖော်ပြချက်ကို တည်ဆဲဥပဒေ နှင့် အစိုးရ၏ ဖွဲ့စည်းမှုများကို ထည့်သွင်းစဉ်းစား၍ ဆွေးနွေးရန်နှင့် မှတ်တမ်းတင်ရန် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ကို အားပေးတိုက်တွန်းပါသည်။

မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (MEHL) နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) တို့ကို လက်ရှိ EITI အစီရင်ခံစာအထိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအဖြစ် သတ်မှတ်ထားခြင်းမရှိပါ။ သို့သော် သတင်းအချက်အလက်များ ပိုမိုရရှိသင့်ပါသည်။ ဥပမာအားဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များကို ဖော်ထုတ်ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာထိန်းချုပ်မှု သို့မဟုတ် အစိုးရသို့ ပေးချေမှုများ၊ ယင်းအဖွဲ့အစည်းများသည် အစိုးရပိုင် သို့မဟုတ် ထိန်းချုပ်မှုရှိမရှိကို ကွဲကွဲပြားပြားရှိခြင်းတို့ဖြစ်ပါသည်။ ထို့အပြင် အဆိုပါကုမ္ပဏီများအား လိုင်စင်ပါမစ် ချထားပေးမှုအပေါ် ပွင့်လင်းမြင်သာမှုရှိသင့်ပါသည်။

MEHL သည် ရှေးဦးစွာ မြန်မာနိုင်ငံ၏ ၁၉၅၀ အထူးကုမ္ပဏီအက်ဥပဒေဖြင့် Union of Myanmar Economic Holding Limited (UMEHL) အဖြစ် အထူးကုမ္ပဏီကို ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုရန်ပုံငွေဖြင့် ရှယ်ယာ A ကို ကာကွယ်ရေးဝန်ကြီးဌာန နှင့် တပ်မတော် ထောက်ပံ့ရေးညွှန်ကြားရေးမှူးတို့က ပြည့်စုံပြီး ရှယ်ယာ B ကို တပ်မတော်အရာရှိအရာခံတပ်သားများ၊ အငြိမ်းစား တပ်မတော် တပ်သားများ၊ တိုင်းဒေသတပ်ဌာနချုပ်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့တို့ ပိုင်ဆိုင်ပါသည်။ ၁၉၉၇ ခုနှစ်၊ မြန်မာကုမ္ပဏီ အက်ဖြင့် ၂၀၁၅ ခုနှစ်တွင် MEHL ကို အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ရှယ်ယာ A မှ ရှယ်ယာ B သို့ ပြောင်းလဲခဲ့ပါသည်။

MEHL ကို လက်ရှိ EITI အစီရင်ခံစာအထိ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းအဖြစ် သတ်မှတ်ထားခြင်းမရှိပါ။ သို့သော် သတင်းအချက်အလက်များ ပိုမိုရရှိသင့်ပါသည်။ ဥပမာအားဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များကို ဖော်ထုတ်ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာထိန်းချုပ်မှု သို့မဟုတ် အစိုးရသို့ပေးချေမှုများ၊ ယင်းအဖွဲ့အစည်းများသည် အစိုးရပိုင် သို့မဟုတ် ထိန်းချုပ်မှုရှိမရှိကို ကွဲကွဲပြားပြားရှိခြင်းတို့ဖြစ်ပါသည်။ ထို့အပြင် အဆိုပါကုမ္ပဏီများအား လိုင်စင်ပါမစ်ချထားပေးမှုအပေါ် ပွင့်လင်းမြင်သာမှုရှိသင့်ပါသည်။

အကယ်၍ MEHL ကို နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းအဖြစ် သတ်မှတ်လျှင် EITI အစီရင်ခံစာလုပ်ငန်းစဉ်တွင် EITI စံနှုန်းလိုအပ်ချက် ၂.၆ နှင့်အညီ နိုင်ငံတော်၏ ပူးပေါင်းပါဝင်မှုအရ အချက်အလက်များကို အပြည့်အဝ ထုတ်ဖော်သင့်ပါသည်။ စတုတ္ထအကြိမ် MEITI အစီရင်ခံစာတွင် MEHL သည် သယံဇာတထုတ်လုပ်သော ကုမ္ပဏီတစ်ခုအဖြစ် ပါဝင်ခဲ့ပြီး စာရင်းတိုက်ဆိုင်စစ်ဆေးသောလုပ်ငန်းစဉ်တွင် ကုမ္ပဏီစာရင်းနှင့် အစိုးရစာရင်းအကြား သိသာသော တိုက်ဆိုင်စစ်ဆေးမရသည့် ခြားနားမှုများဖြင့် အဆုံးသတ်ခဲ့ရပါသည်။

အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံးမှ ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် အမိန့်ကြော်ငြာစာထုတ်ပြန်ရန် မျှော်မှန်းထားပါသဖြင့်သက်ဆိုင်ရာ ကုမ္ပဏီများက အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့် သက်ဆိုင်သော သတင်းအချက်အ လက်များကို ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာတွင် ထုတ်ဖော်တင်ပြရမည်ဖြစ်ပါသည်။ UEHL သည် ယင်းအစီရင်ခံစာပြုစုသည့် ကာလအတွက် ကာလအတွက် ရှယ်ယာပိုင်ဆိုင်မှုနှင့် ဘဏ္ဍာငွေစီမံခန့်ခွဲမှုအသေးစိတ်အချက်အလက်များကို တင်ပြပေးရန်လိုအပ်မည်ဖြစ်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏မှတ်ချက်များ**

၂၉-၁-၂၀၁၉ ရက်နေ့တွင် ကျင်းပခဲ့သော (၁၈) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့အစည်းအဝေးသို့ ME-HPCL မှ တာဝန်ရှိသူတက်ရောက်ခဲ့စဉ်က EITI အစီရင်ခံစာထုတ်ပြန်ရာတွင် MEHPCL မှ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ သို့ဖြစ်ပါ၍ အစီရင်ခံစာ ရေးသားရာတွင် လိုအပ်သည့် အချက်အလက်များ အပြည့်အဝရရှိနိုင်ရန် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ MEHPCL ၊ MEC တို့နှင့် ညှိနှိုင်း ဆောင်ရွက်ရန်။

**သတ္တုတွင်းဦးစီးဌာန၏မှတ်ချက်များ**

အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများအား ဖော်ထုတ်ခြင်းကို ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်သဖြင့် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့နှင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုလုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက်များအား စတုတ္ထအကြိမ်မြောက် အစီရင်ခံစာရေးသားရာတွင် ပါဝင်ခဲ့သည့် ကုမ္ပဏီများအနေဖြင့် BO ဖော်ထုတ်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

-

# ၁၃ သုံးသပ်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင်များ

၂၀၁၆-၂၀၁၇ခုနှစ်၊ စတုတ္ထအကြိမ် အစီရင်ခံစာ

## အကြံပြုချက်များ

**နိုင်ငံ၏ပါဝင်မှု**

EITI စံနှုန်းလိုအပ်ချက်၂.၆သည် EITI အစီရင်ခံစာတင်ပြရန်ရည်ရွယ်ချက်ကို ဖော်ပြထားသည်မှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုသည် သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းကို အစိုးရကိုယ်စား အပြည့်အဝ (သို့) အများစုကို ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ပါသည်။ ယင်းအပေါ်တွင် အခြေခံ၍ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ အဓိပ္ပာယ်ဖော်ပြချက်ကို တည်ဆဲဥပဒေနှင့် အစိုးရ၏ ဖွဲ့စည်းမှုများကို ထည့်သွင်းစဉ်းစား၍ ဆွေးနွေးရန်နှင့် မှတ်တမ်းတင်ရန် သုံးသပ်ဆိုင်ညွှန့်ပေါင်းအဖွဲ့ကို အားပေးတိုက်တွန်းပါသည်။

မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (UMEHL) နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) တို့ကို လက်ရှိ EITI အစီရင်ခံစာအထိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအဖြစ် သတ်မှတ်ထားခြင်းမရှိပါ။ သို့သော် သတင်းအချက်အလက်များ ပိုမိုရရှိသင့်ပါသည်။ ဥပမာအားဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များကို ဖော်ထုတ်ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာထိန်းချုပ်မှု သို့မဟုတ် အစိုးရသို့ ပေးချေမှုများ၊ ယင်းအဖွဲ့အစည်းများသည် အစိုးရပိုင် သို့မဟုတ် ထိန်းချုပ်မှုရှိမရှိကို ကွဲကွဲပြားပြားရှိခြင်းတို့ဖြစ်ပါသည်။ ထို့အပြင် အဆိုပါကုမ္ပဏီများအား လိုင်စင်ပါမစ်ချထားပေးမှုအပေါ် ပွင့်လင်းမြင်သာမှုရှိသင့်ပါသည်။

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) ၏ ရှယ်ယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ မည်သည့်သတင်းအချက်အလက်မျှ မရရှိပါ။

MEC ကို လက်ရှိ EITI အစီရင်ခံစာအထိ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းအဖြစ် သတ်မှတ်ထားခြင်းမရှိပါ။ သို့သော် သတင်းအချက်အလက်များ ပိုမိုရရှိသင့်ပါသည်။ ဥပမာအားဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များကို ဖော်ထုတ်ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာထိန်းချုပ်မှု သို့မဟုတ် အစိုးရသို့ ပေးချေမှုများ၊ ယင်းအဖွဲ့အစည်းများသည် အစိုးရပိုင် သို့မဟုတ် ထိန်းချုပ်မှုရှိမရှိကို ကွဲကွဲပြားပြားရှိခြင်းတို့ဖြစ်ပါသည်။ ထို့အပြင် အဆိုပါကုမ္ပဏီများအား လိုင်စင်ပါမစ်ချထားပေးမှုအပေါ် ပွင့်လင်းမြင်သာမှုရှိသင့်ပါသည်။

အကယ်၍ MEHL ကို နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းအဖြစ် သတ်မှတ်လျှင် EITI အစီရင်ခံစာလုပ်ငန်းစဉ်တွင် EITI စံနှုန်းလိုအပ်ချက် ၂.၆ နှင့်အညီ နိုင်ငံတော်၏ ပူးပေါင်းပါဝင်မှုအရ အချက်အလက်များကို အပြည့်အဝ ထုတ်ဖော်သင့်ပါသည်။ စတုတ္ထအကြိမ် MEITI အစီရင်ခံစာတွင် MEHL သည် သယံဇာတထုတ်လုပ်သော ကုမ္ပဏီတစ်ခုအဖြစ် ပါဝင်ခဲ့ပြီး စာရင်းတိုက်ဆိုင်စစ်ဆေးသောလုပ်ငန်းစဉ်တွင် ကုမ္ပဏီစာရင်းနှင့် အစိုးရစာရင်းအကြား သိသာသော တိုက်ဆိုင် စစ်ဆေးမရသည့် ခြားနားမှုများဖြင့် အဆုံးသတ်ခဲ့ရပါသည်။

အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုအတွက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံးမှ၂၀၁၉ခုနှစ်၊ ဇွန်လတွင် အမိန့်ကြော်ငြာစွာ ထုတ်ပြန်ရန် မျှော်မှန်းထားပါသဖြင့် သက်ဆိုင်ရာ ကုမ္ပဏီများက အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု နှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာတွင် ထုတ်ဖော်တင်ပြ ရမည်ဖြစ်ပါသည်။ MEC သည် ယင်းအစီရင်ခံစာ ပြုစုသည့် ကာလအတွက် ကာလအတွက် ရှယ်ယာပိုင်ဆိုင်မှုနှင့်

ဘဏ္ဍာငွေစီမံခန့်ခွဲမှုအသေးစိတ်အချက်အလက်များကို တင်ပြပေးရန် လိုအပ်မည်ဖြစ်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏မှတ်ချက်များ**

၂၉-၁-၂၀၁၉ ရက်နေ့တွင် ကျင်းပခဲ့သော (၁၈) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ အစည်းအဝေးသို့ MEHPCL မှ တာဝန်ရှိသူတက်ရောက်ခဲ့စဉ်က EITI အစီရင်ခံစာထုတ်ပြန်ရာတွင် MEHPCL မှ ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ သို့ဖြစ်ပါ၍ အစီရင်ခံစာ ရေးသားရာတွင် လိုအပ်သည့် အချက်အလက်များ အပြည့်အဝ ရရှိနိုင်ရန် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ MEHPCL ၊ MEC တို့နှင့် ညှိနှိုင်း ဆောင်ရွက်ရန်။

**သတ္တုတွင်းဦးစီးဌာန၏မှတ်ချက်များ**

အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများအား ဖော်ထုတ်ခြင်းကို ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်သဖြင့် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့နှင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုလုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက်များအား စတုတ္ထအကြိမ်မြောက် အစီရင်ခံစာ ရေးသားရာတွင် ပါဝင်ခဲ့သည့် ကုမ္ပဏီများအနေဖြင့် BO ဖော်ထုတ်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

-

# ၁၄ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများအားလုံး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂၀၁၆-၂၀၁၇ခုနှစ်၊ စတုတ္ထအကြိမ် အစီရင်ခံစာ

## အကြံပြုချက်များ

**တင်ပို့မှုများ**

ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်သော ၂၀၁၇ စာအုပ်တွင် (CSO Year Book 2017) ပေါင်းစည်းဖော်ပြထားသော

ပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအား ရရှိနိုင်သော်လည်း ပို့ကုန်ဆိုင်ရာ အချက်အလက်များကို တွင်းထွက် အမျိုးအစားအလိုက် ပမာဏနှင့် တန်ဖိုးကိုအများပြည်သူသိ ရှိနိုင်အောင် ဖော်ပြထားခြင်းမရှိပါ။

ပို့ကုန်ပမာဏနှင့် တန်ဘိုးများအား သက်ဆိုင်ရာ အစိုးရဌာနများသို့ တင်ပြရန်လိုအပ်သော်လည်း ပို့ကုန်ဆိုင်ရာ အချက်အလက်များအား သင့်တော်သော မှတ်တမ်းထားခြင်း (သို့) စောင့်ကြပ်ကြည့်ရှုသည့်စနစ်နှင့် တင်ပို့မှု အချက်အလက်များအား လွတ်လပ်စွာ အတည်ပြုစစ်ဆေးနိုင်ခြင်း မရှိသေးပါ။ ဥပမာ - ပို့ကုန်ဆိုင်ရာ အကြံပြုတင်ပြချက်များ နှင့်ပတ်သက်သည့် အချက်အလက်များအား တောင်းခံသော်လည်း (information on request) အမှန် တစ်ကယ်တင်ပို့သည့် ကိန်းဂဏန်းအချက်အလက်များကိုလည်း အစိုးရဌာနများသို့ တင်ပြခြင်းမရှိကြပါ။

ပို့ကုန်ဆိုင်ရာ အချက်အလက်များအား အလွယ်တကူ လက်လှမ်းမီစေရန်အတွက် အစိုးရအေဂျင်စီများ အနေဖြင့် သယံဇာတတူးဖော် ထုတ်လုပ်မှုကဏ္ဍရှိ ကုမ္ပဏီများ၏ တင်ပို့မှုများကို ပစ္စည်းအမျိုးအစားအလိုက် ပမာဏနှင့်တန်ဖိုးကို အကောက်ခွန်ဦးစီးဌာန၏ တရားဝင်ကြေညာသည့်ပုံစံ (Customs declaration forms) နှင့် ပူးတွဲတင် ပြနိုင်ရန် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဌာန်း သင့်သည်။

ကျောက်စိမ်းကျောက်မျက်ကဏ္ဍတွင် ထုတ်လုပ်မှုပမာဏနှင့် Emporium တွင်ရောင်းချသော ပမာဏတို့အကြား ကြီးမားသော ကွာခြားချက်ရှိကြောင်း တွေ့ရှိမှတ်သားရပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ကျောက်မျက်ရတနာပြပွဲ (Emporium) တွင် ရောင်းချခြင်း မဟုတ်သော ပြင်ပရှိတင်ပို့မှုများအား အစီရင်ခံတင်ပြခြင်းစနစ် (reporting system) မှ တဆင့်ဖော်ထုတ်တင်ပြနိုင်ရေး သေချာစေရန်မှာ အရေးကြီးပါသည်။

၎င်းအပြင် ဝန်ကြီးဌာနအနေဖြင့် ကုမ္ပဏီများ၏ ပစ္စည်းစာရင်းလက်ကျန်ပမာဏ (volume of inventory) ကို အစီရင်ခံတင်ပြခိုင်းရန်နှင့် ယင်းလက်ကျန်စာရင်းကို ပုံမှန်စစ်ဆေးရန် (periodic physical verification of the inventory) လိုအပ်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏မှတ်ချက်များ**

အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ Export ရောင်းချသည့် သတ္တုစာရင်းနှင့် ရရှိငွေများအား IA သို့ ပေးပို့ခဲ့ပြီး ဖြစ်ပါသည်။ Export Data များအား www.mining. gov.mm တွင် ဖော်ပြနိုင်ရန် သတ္တုတွင်းဦးစီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်သွားပါမည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏မှတ်ချက်များ**

MOGE တွင် ကုမ္ပဏီများ၏ နေ့စဉ်ထုတ်လုပ်မှု စာရင်းများ၊ ပို့ကုန်စာရင်းများရှိပါကြောင်း၊ ပို့ကုန်စာရင်းများနှင့်ပတ်သက်၍လည်း စာရင်းစိစစ်မှုများရှိပါကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် အကောက် ခွန်ဦးစီးဌာနတို့တွင် ပို့ကုန် စာရင်းများရှိပါကြောင်းနှင့် MOGE တွင် ကုမ္ပဏီများ၏ ပို့ကုန်စာရင်း အချက်အလက်များနှင့်အတူ Custom Declaration Form များကို စနစ်တကျ ထားရှိဆောင်ရွက်နေပါသည်။

**သတ္တုတွင်းဦးစီးဌာန၏မှတ်ချက်များ**

အဆိုပါ CSO Year Book 2017 အစီရင်ခံစာပါ Export Data များကိုပြန်လည်လေ့လာပြီး ဆောင်ရွက်ပေးပါမည်။

မိမိတို့ဝန်ကြီးဌာနများက ပို့ကုန်လိုင်စင်ထောက်ခံချက်ထုတ်ပေးထားသော်လည်း အမှန်တကယ်တင်ပို့ခြင်း ရှိ/မရှိဆိုသည့် အချက်အား ကုန်သွယ်ရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

ဘဏ္ဍာနှစ် (၁) နှစ်အတွင်း တူးဖော်ထုတ်လုပ်ရရှိသည့် ထုတ်လုပ်မှုပမာဏများကို အဆိုပါ ဘဏ္ဍာနှစ်အတွင်း ရတနာပြပွဲတွင် အားလုံးတင်ပြရောင်းချခြင်းမရှိပါ။ ယခင်ဘဏ္ဍာနှစ်များမှရရှိသော ကျောက်မျက်များပါရှိနေခြင်း၊ ကျောက်မျက်အရိုင်းမှ ဖြတ်တောက်ခြင်း၊ အရောင်းတင်ခြင်းများပြုလုပ်ရာတွင်လည်း ရတနာပြပွဲအဆင့်မမီသည့် ကျောက်များရှိခြင်း၊ အလေးချိန်လျော့နည်းမှုများရှိခြင်းတို့ကြောင့် ထုတ်လုပ်မှုပမာဏနှင့် ရောင်းချမှုပမာဏကွာခြားရခြင်းဖြစ်ပါသည်။

MGE မှရတနာဆိုင်လိုင်စင်ရယူပြီး ရောင်းချသော ကျောက်မျက်အချောထည်ဆိုင်များမှ ရောင်းချရရှိမှုများအတွက် ပြည်ပရောင်းချမှုကို Cash Memo ဖြင့် ရောင်းချပြီး Cash Memo အသစ်ပြန်လည်လဲလှယ်ချိန်တွင် အခွန်ငွေရရှိပါသည်။ ပြည်တွင်းရောင်းချမှုကို လိုင်စင်သက်တမ်းတိုးချိန်တွင် အခွန်ငွေပေးသွင်းထားမှုကို စိစစ်ရရှိပါသည်။ ရတနာဆိုင်များ၏ ရောင်းချရရှိမှုကို (၆) လ (၁) ကြိမ် စစ်ဆေးမှုပြုလုပ်ပါသည်။ သို့ဖြစ်ပါ၍ ဘဏ္ဍာနှစ်အလိုက်တင်ပြရန် ခက်ခဲပါသည်။

## အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏သဘောထားမှတ်ချက်များ**

ဘဏ္ဍာနှစ်(၁)နှစ်အတွင်း တူးဖော်ထုတ်လုပ်ရရှိသည့် ထုတ်လုပ်မှု ပမာဏများကို အဆိုပါဘဏ္ဍာနှစ်အတွင်း ရတနာပြပွဲတွင် အားလုံးတင်ပြရောင်းချခြင်းမရှိပါ။ ယခင်ဘဏ္ဍာနှစ်များမှ ရရှိသော ကျောက်မျက်များပါရှိနေခြင်း၊ ကျောက်မျက်အရိုင်းမှ ဖြတ်တောက်ခြင်း၊ အရောင်းတင်ခြင်းများပြုလုပ်ရာတွင်လည်း ရတနာပြပွဲအဆင့်မမီသည့် ကျောက်များရှိခြင်း၊ အလေးချိန်လျော့နည်းမှု များရှိခြင်းတို့ကြောင့် ထုတ်လုပ်မှု ပမာဏနှင့် ရောင်းချမှုပမာဏ ကွာခြားရခြင်းဖြစ်ပါသည်။ ထို့အပြင် ကျောက်မျက်ရတနာများ အချောထည်ပြုလုပ်၍ မန္တလေး၊ ရန်ကုန်၊ မြစ်ကြီး နားမြို့များမှ OSS စနစ်ဖြင့် တင်ပို့ရောင်းချခြင်း၊ နေပြည်တော်၊ မန္တလေး၊ ရန်ကုန်၊ မြစ်ကြီးနား၊ မိုးကုတ်မြို့များမှာ Gems Trading Center (GTC)များ ဖွင့်လှစ်၍ တင်ပို့ရောင်းချရန် ဆောင်ရွက်ခြင်း၊ နိုင်ငံတကာ Trade Fair များတွင် အချောထည်များ ပြသရောင်းချ ခြင်းတို့ကြောင့် ပြည်တွင်းတွင်ပြုလုပ်သော ကျောက်မျက်ပြပွဲများတွင် ရောင်းချမှုပမာဏနှင့် ထုတ်လုပ်မှု ပမာဏကွာခြားရ ခြင်းဖြစ်ပါသည်။

MGE မှ ရတနာဆိုင်လိုင်စင်ရယူပြီးရောင်းချသော ကျောက်မျက် အချောထည်ဆိုင်များမှ ရောင်းချရရှိမှုများအတွက် ပြည်ပရောင်းချမှုကို cash memo ဖြင့်ရောင်းချပြီး cash memo အသစ်ပြန်လည်လဲလှယ်ချိန်တွင် အခွန်ငွေရရှိပါသည်။ ပြည်တွင်းရောင်းချမှုကို လိုင်စင်သက်တမ်းတိုးချိန်တွင် အခွန်ငွေပေးသွင်းထားမှုကို စိစစ်ရရှိပါသည်။ ရတနာဆိုင်များ၏ ရောင်းချရရှိမှုကို (၆)လ (၁)ကြိမ် စစ်ဆေးမှုပြုလုပ်ပါသည်။ သို့ဖြစ်ပါ၍ ဘဏ္ဍာနှစ် အလိုက်

တင်ပြရန်ခက်ခဲပါသည်။

**MOEE Comments:**

ဆောင်ရွက်ပြီး

MOGE တွင် ကုမ္ပဏီများ၏ နေ့စဉ်ထုတ်လုပ်မှုစာရင်းများ၊ ပို့ကုန်စာရင်းများရှိပါကြောင်း၊ ပို့ကုန်စာရင်းများနှင့် ပတ်သက်၍လည်းစာရင်းစိစစ်မှုများရှိပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် အကောက်ခွန် ဦးစီးဌာနတို့တွင် ပို့ကုန်စာရင်းများရှိပါကြောင်းနှင့် MOGE တွင် ကုမ္ပဏီများ၏ ပို့ကုန်စာရင်း အချက်အလက်များနှင့် အတူ Custom Declaration Form များကို စနစ်တကျ ထားရှိဆောင်ရွက်နေပါသည်။

**ဗဟိုစာရင်းအဖွဲ့၏မှတ်ချက်များ**

စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံEITI အစီရင်ခံစာတွင် ပါဝင်သောပို့ကုန်စာရင်းအင်းနှင့်စပ် လျဉ်း၍ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် Myanmar Statistical Year Book တွင် တွင်းထွက်အမျိုး အစားအလိုက် ပမာဏနှင့်တန်ဖိုးကို အသေးစိတ် ဖော်ပြထားခြင်းမရှိသော်လည်း www.mmsis.gov.mm အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည့် မြန်မာနိုင်ငံ ပို့ကုန်/သွင်းကုန်အခြေအနေတင်ပြချက်စာစောင်၌ဖော်ပြထားရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

# ၁၅ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

**၂၀၁၆-၂၀၁၇ခုနှစ်၊ စတုတ္ထအကြိမ် အစီရင်ခံစာ**

## အကြံပြုချက်များ

**တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍမှ ဝင်ငွေများအားဖြန့်ဝေခြင်း**

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် ဝင်ငွေခွန်ကို လေးလတစ်ကြိမ် ပေးဆောင်ထားမှုမရှိကြောင်းတွေ့ ရှိရပါသည်။ ၎င်းတို့အနေဖြင့် ယင်းကိုလိုက်နာပြီး ပြည်တွင်းအခွန်များဦးစီးဌာနကို လေးလတစ်ကြိမ် ဝင်ငွေခွန်ပေး ဆောင်သင့်ပါသည်။

UFA (Other Accounts) မှ သုံးစွဲရမည့်မူဝါဒ နှင့် လုပ်ထုံးလုပ်နည်းများကို အများပြည်သူကြည့်ရှုနိုင်သော အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ (Citizen Budget) တွင်ဖော်ပြထားပါသည်။ တစ်နှစ် အတွင်း UFA (Other Accounts) ရှိ အပြောင်းအလဲများကို အစီရင်ခံတင်ပြမှု ပုံစံ (Reporting Template) တွင် ထည့် သွင်း ပေးပို့ခဲ့သည်။ UFA (Other Accounts) ၏ အသေးစိတ်စာရင်းများကို နောက်ပိုင်းတွင် SOEs များမှပေးပို့ခဲ့ပါသည်။ ယခင်က အင်တာနက်စာမျက်နှာပေါ် (online) မှ ရရှိခဲ့သော၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု ရသုံးမှန်းခြေငွေစာရင်း (Union Budget) ၏ စာရင်းစစ်အစီရင်ခံစာအရ SOEs များ၏ ဘဏ် အကောင့်များအားလုံးကို OAG မှ စာရင်းစစ်ထားခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ ဥပမာ - မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (MGE) တွင် ဘဏ်အကောင့် (၅) ခုရှိပြီး OAG မှ OA စာရင်းတစ်ခုကိုသာ စစ်ဆေးခဲ့ကြောင်း အစီရင်ခံထားပါသည်။

OAG အနေဖြင့် SOEs များအားလုံး၏ ဘဏ်အကောင့်များအပါအဝင် ဘဏ်အကောင့်များအားလုံးကို စာရင်း

စစ်ဆေးသင့်ပြီး ယင်းအစီရင်ခံစာများကို အများပြည်သူသိရှိနိုင်အောင် ဆောင်ရွက်ပေးရေး စဉ်းစားသင့်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

### ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏မှတ်ချက်များ

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စာရင်းတွင်ပါဝင်သော Bank Accounts များ (SEE & OA) များအားလုံးကို နှစ်စဉ်စစ်ဆေးခြင်း၊ Templates များအားလည်း verify ပြုလုပ်ထောက်ခံချက်ပေးခဲ့ရာတွင် အဆိုပါအချက်ကို ဖော်ပြခဲ့ပြီးဖြစ်ခြင်း၊ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေ အခြားစာရင်းရှင် UFA (OA) များအတွက် The Auditor General of the Union Law နှင့်အညီ စစ်ဆေးပေးပါရန် request စာပေးပို့လာပါက စစ်ဆေးပေးခြင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (MGE) အတွက် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေစာရင်းတွင်ပါဝင်သော SEE စာရင်း၊ OA စာရင်းနှင့် Request စာပေးပို့ခဲ့ သည့် OA စာရင်း (၁) ခုအားစစ်ဆေးခဲ့ပြီး ဖြစ်ပါသည်။

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏မှတ်ချက်များ

ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အခွန်များကို IRD ၏ သတ်မှတ်ချက်များနှင့်အညီ ကာလများအလိုက် ပေးဆောင်လျက်ရှိနေပါကြောင်း၊ အခွန်ဆိုင်ရာနှင့် ငွေပေး၊ ငွေယူကိစ္စများနှင့် ပတ်သက်၍ OAG မှ စာရင်းများကို တိုက်ဆိုင် စစ်ဆေးလျက် ရှိပါကြောင်းနှင့် MOGE နှင့် MOPF တို့၏ ဌာနများအတွင်းအခွန်နှင့် ငွေပေး၊ ငွေယူကိစ္စများကို စာရွက်စာတမ်းများနှင့် Soft Copy တို့ဖြင့် ဆောင်ရွက်နေပါကြောင်း၊ ယင်းဌာနများအတွင်း Paperless System ဖြင့် ဆောင်ရွက် မည်ဆိုပါက Software တစ်ခုကို တိကျစွာသတ်မှတ် ပေးရန်လိုအပ်ပါသည်။ အဆိုပါ Software အသုံးပြုမှုနှင့် ပတ်သက်၍ Capacity Building လိုအပ်ပါသည်။ ယင်းတို့အတွက် ငွေကြေးနှင့် နည်းပညာ အကူအညီ လိုအပ်နေပါသည်။ ဌာနဆိုင်ရာများအတွက် ဘဏ္ဍာရေးစာရင်း Degitalized System ဖြစ်စေရေးအတွက် IA မှ နည်းပညာများကို အထောက်အပံ့ ပေးရန် လိုအပ်နေပါသည်။

### မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ

MGE မှ (၃) လတစ်ကြိမ် ဘက်ဂျက်လျာထားချက်အတိုင်း ဝင်ငွေခွန်ကို ပေးဆောင်ပါသည်။

MGE ၏ နှစ်စဉ် OA နှင့် SEE Account များကို OAG မှ စစ်ဆေးပါသည်။

## အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏မှတ်ချက်များ**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာစာရင်းတွင်ပါဝင် သောBank Accounts (SEE &OA)အားလုံးကို နှစ်စဉ်စစ်ဆေးခြင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အခြားစာရင်းရှင် UFA OA များအတွက် ပြည်ထောင်စုစာရင်းစာချုပ်ဥပဒေနှင့်အညီ စစ်ဆေးပေးပါရန် Requestစာပေးပို့လာပါက စစ်ဆေးပေးခြင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈ Mini Budget ကာလတွင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း၏ နိုင်ငံတော်ဘဏ္ဍာရန် ပုံငွေစာရင်းတွင်ပါဝင်သော SEE စာရင်း၊ OA စာရင်းနှင့် Request စာပေးပို့ခဲ့သည့် OA စာရင်း တစ်ခုအား စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

MGE မှ ဘတ်ဂျက်လျာထားချက်အတိုင်း (၃)လ (၁)ကြိမ် ဝင်ငွေခွန်ပေးဆောင်ပါသည်။ နှစ်စဉ် MGE ၏ Financial statement ပါ OA Account နှင့် SEE Account များ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာ နှစ်မှစတင်၍ ပြပွဲဇဟိုကော်မတီရန်ပုံငွေစာရင်းများကို AGO မှ စစ်ဆေးပါသည်။ OA-011711 (ပြတိုက်ဝင်ကြေး)နှင့် OA-011782 (အကျိုးတူဆုကြေးစာရင်း)များ၏ နှစ်ချုပ်စာရင်းများကို နှစ်စဉ် AGO သို့ ပေးပို့ပါသည်။

**MOEE Comments:**

ဆောင်ရွက်ဆဲ

ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အခွန်များကို IRD ၏ သတ်မှတ်ချက်များနှင့်အညီ ကာလများအလိုက် ပေးဆောင်လျက်ရှိနေပါကြောင်း၊ အခွန်ဆိုင်ရာနှင့် ငွေပေး၊ ငွေယူကိစ္စများနှင့်ပတ်သက်၍ OAG မှ စာရင်းများကို တိုက်ဆိုင် စစ်ဆေးလျက် ရှိပါကြောင်းနှင့် MOGE နှင့် MOPF တို့၏ ဌာနများအတွင်း အခွန်နှင့် ငွေပေး၊ ငွေယူကိစ္စများကို စာရွက်စာတမ်းများနှင့် Soft Copy တို့ဖြင့် ဆောင်ရွက်နေပါကြောင်း၊ ယင်းဌာနများအတွင်း Paperless System ဖြင့် ဆောင်ရွက်မည်ဆိုပါက Software တစ်ခုကို တိကျစွာသတ်မှတ်ပေးရန်လိုအပ်ပါသည်။ အဆိုပါ Software အသုံးပြုမှုနှင့် ပတ်သက်၍ Capacity Building လိုအပ်ပါသည်။ ယင်းတို့အတွက် ငွေကြေးနှင့် နည်းပညာအကူအညီလိုအပ်နေပါသည်။ ဌာနဆိုင်ရာများအတွက် ဘဏ္ဍာရေးစာရင်း Degitalized System ဖြစ်စေရေးအတွက် IA မှ နည်းပညာများကို အထောက်အပံ့ပေးရန် လိုအပ်နေပါသည်။

## ၅၆ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန

၂၀၁၆-၂၀၁၇ခုနှစ်၊ စတုတ္ထအကြိမ် အစီရင်ခံစာ

### အကြံပြုချက်များ

**တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီ၏ လူမှုရေးအသုံးစရိတ်များ**

MOGE သည် လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီများ၏ လိုအပ်လျှင်လိုအပ်သလို ဆောင်ရွက်ပေးရသော CSR အသုံးစရိတ်များကို ၎င်းတို့၏အင်တာနက်စာမျက်နှာတွင် ထုတ်ပြန်ထားပြီးဖြစ်သည်။ သို့သော် တင်ပြလာသည့် အစီရင်ခံစာများသည် တင်ပြမှုပုံစံများ၊ ငွေကြေးယူနစ်များနှင့် အစီရင်ခံကာလများ မတူညီသည်ကို တွေ့ရသည်။အခြား

တွင်းထွက်ကဏ္ဍများတွင် ကုမ္ပဏီများ၏ CSR အသုံးစရိတ်များကို ထုတ်ပြန်ထားခြင်းမရှိပါ။ လက်ရှိတွင် မဖြစ်မနေ သုံးစွဲပေးသည့် လူမှုရေးအသုံးစရိတ်များ (mandatory CSR) တွင် မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) မှသုံး စွဲသည့် ၂ ရာခိုင်နှုန်း မှလွဲ၍ အခြားသော mandatory CSR အသုံးစရိတ်များ မရှိပါ။

အစီရင်ခံစာအတွက် တသမတ်တည်း ကိုက်ညီသည့် အချက်အလက်များ ရရှိနိုင်ရန်အတွက် အစိုးရအဖွဲ့ အစည်းများသည် ကုမ္ပဏီများအတွက် အစီရင်ခံစာမူဘောင် (reporting framework) တစ်ခုကို သတ်မှတ်ပေး သင့်ပါသည်။

ကုမ္ပဏီများ (သို့) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ (SOEs) အနေဖြင့် EITI စံနှုန်း ၆.၁ အရ mandatory CSR အသုံးစရိတ်များ၏ အကျိုးခံစားခွင့်ရှိသူများ (beneficiaries) နှင့်စပ်လျဉ်း၍ ပြည့်စုံစွာထုတ်ဖော်ပေးရန် လိုအပ်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏မှတ်ချက်များ

လက်ရှိအစီရင်ခံစာ ပြုစုသည့်အချိန်အထိ ကုမ္ပဏီများမှ CSR အသုံးပြုသည့် လုပ်ငန်းများကိုတင်ပြခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော မြန်မာ့သတ္တုတွင်းနည်းဥပဒေအရ ကုမ္ပဏီလုပ်ကွက်များအား စာချုပ်ချုပ်ဆိုပြီးပါက ကုမ္ပဏီများမှ စာရင်းဇယားများ ပိုမိုတိကျစွာ ပေးပို့နိုင် မည် ဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏မှတ်ချက်များ**

- ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းဆောင်ရွက်နေသည့် စီမံကိန်းများအတွက် CSR လုပ်ငန်းများကို ကုမ္ပဏီများမှ ဆောင်ရွက်ပေးလျက် ရှိနေပြီး၊ MOGE ၏ Guideline နှင့်အညီ ဆောင်ရွက်နေပါသည်။ ကုမ္ပဏီများမှ ဆောင်ရွက်နေသည့် CSR လုပ်ငန်း အစီအစဉ်များကို ၎င်းတို့၏ နှစ်ပတ်လည် အစီရင်ခံစာများတွင်လည်း ထုတ်ပြန်ဆောင်ရွက်လျက် ရှိနေပါသည်။
- ကုမ္ပဏီများနှင့် MOGE တို့၏ CSR ဆောင်ရွက် ပေးမှုအစီအစဉ်များကို ပုံစံများဖြင့် စနစ်တကျရေးသွင်း ဆောင်ရွက်နိုင်ရေးအတွက် IA မှ Reporting Framework တစ်ခု သတ်မှတ်ပေးပါရန်နှင့် ယင်း Framework ဖြင့် တပြေးညီဖြစ်စေရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ ညှိနှိုင်းဆောင်ရွက် ရမည်ဖြစ်ပါသည်။

**သတ္တုတွင်းဦးစီးဌာန၏မှတ်ချက်များ**

ယခင်ရေးသားခဲ့သည့် EITI အစီရင်ခံစာများတွင် ကုမ္ပဏီမှတင်ပြခဲ့သည့် ပမာဏအတိုင်းဖော်ပြခဲ့ပြီး စာချုပ်များချုပ်ဆို ဆောင်ရွက်မည့် ဆိုပါက CSR အသုံးစရိတ်များစနစ်တကျ စီမံခန့်ခွဲရန် ၂၀၁၈ ခုနှစ်တွင် အသစ်ပြဌာန်းခဲ့သည့် သတ္တုတွင်း နည်းဥပဒေအသစ်အရ ပြဌာန်းပြီးဖြစ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

CSR နှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် ရင်းနှီးမြှပ်နှံမှု၏ ၂% သုံးစွဲရန် သတ်မှတ်ထားပြီး ကျောက်မျက်ရတနာနည်းဥပဒေတွင်လည်း ထည့်သွင်းရေးဆွဲရန် ဆောင်ရွက်လျက်ရှိပါသည်။

## အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

## လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မှတ်ချက်များ**

CSR နှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေတွင် ရင်းနှီးမြုပ်နှံမှု၏ ၂% သုံးစွဲရန် သတ်မှတ်ထားပြီး ကျောက်မျက်ရတနာနည်းဥပဒေတွင်လည်း ထည့်သွင်းရေးဆွဲရန် ဆောင်ရွက်လျက်ရှိပါသည်။

**MOEE Comments:**

ဆောင်ရွက်ပြီး

- ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းဆောင်ရွက်နေသည့် စီမံကိန်းများအတွက် CSR လုပ်ငန်းများကို ကုမ္ပဏီများမှ ဆောင်ရွက် ပေးလျက်ရှိနေပြီး၊ MOGE ၏ Guideline နှင့်အညီ ဆောင်ရွက်နေပါသည်။ ကုမ္ပဏီများမှ ဆောင်ရွက်နေသည့် CSR လုပ်ငန်း အစီအစဉ်များကို ၎င်းတို့၏ နှစ်ပတ်လည် အစီရင်ခံစာများတွင်လည်း ထုတ်ပြန်ဆောင်ရွက်လျက် ရှိနေပါသည်။

# ၅၇ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ဝင်များ

**၂၀၁၆-၂၀၁၇ခုနှစ်၊ စတုတ္ထအကြိမ် အစီရင်ခံစာ**

## အကြံပြုချက်များ

**EITI အစီရင်ခံစာထုတ်ပြန်ရမည့်အချိန်ကာလ**

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် အစိုးရမှ မြန်မာဘဏ္ဍာရေးနှစ်ဖြစ်သည့် ၁၂ လကို အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့ဟု ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် စတင်အသက်ဝင်လာသော ပြည်ထောင်စု အခွန်အကောက်ဥပဒေ ၂၀၁၈ ("UTL 2018") တွင် ဖော်ပြချက်အရ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SOEs) မှလွဲ၍ အခွန်ထမ်းများ အားလုံးအနေဖြင့် ဘဏ္ဍာရေးနှစ်များကို၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ မတ်လ (၃၁) ကာလနှင့် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ကာလအထိသတ်မှတ်ပြီးနောက် အစိုးရ၏ဘဏ္ဍာရေးနှစ်ကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင် ၍ ကျင့်သုံးမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးကာလ အပြောင်းအလဲဖြစ်ခြင်းနှင့် ယင်းအပြောင်းအလဲကာလ (အစိုးရ၏ ဘဏ္ဍာရေးကာလသည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ နှင့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့) အတွင်း ပုဂ္ဂလိကကုမ္ပဏီများနှင့် အစိုးရဘဏ္ဍာရေးနှစ်များအကြား ကွာခြားချက်များရှိခြင်းကြောင့် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ဝင်များအနေဖြင့် အနာဂတ် EITI အစီရင်ခံစာများတွင် ကိန်းဂဏန်းအချက်အလက်များ တိုက်ဆိုင်စစ်ဆေးရာတွင်ပါဝင်မည့် ကာလများအတွက် စတင်ဆွေးနွေး သင့်ပြီဖြစ်ပါသည်။

## ယခင်နှစ် နောက်ဆုံးအခြေအနေ/တိုးတက်မှု/သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

### သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ဆုံးဖြတ်ချက်များ

၂၀ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက် နံပါတ်(၁၃)အရ ပဥ္စမအကြိမ်မြောက် မြန်မာနိုင်ငံEITIအစီရင်ခံစာအတွက် အစီရင်ခံသည့်ကာလသည် ဘဏ္ဍာရေးနှစ်ပြောင်းလဲမှုကြောင့် ၁၂လမှ ၁၈လထိ လွှမ်းခြုံမည်ဖြစ်ပါသည်။ နိုင်ငံတကာEITI အတွင်းရေးမှူးရုံးဖြင့် ညှိနှိုင်းတိုင်ပင်ရန်နှင့် တိုးချဲ့ခြင်းကိစ္စများကြောင့် ၁၂လအဖြစ်ထားရှိရန် အတွက်ဆွေးနွေးရန်ဆုံးဖြတ်ခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံEITI ညှိနှိုင်းရေးမှူးရုံးသည် နိုင်ငံတကာEITIညှိနှိုင်းရေးမှူးရုံးဖြင့် ဆွေးနွေးတင်ပြခဲ့ရာ ၎င်းတို့မှာအောက်ပါအတိုင်းကြောင်းပြန်ခဲ့ပါသည်။

နိုင်ငံတကာEITIညှိနှိုင်းရေးမှူးရုံးမှအကြံပြုသည်မှာ ပဥ္စမအကြိမ်မြောက်မြန်မာနိုင်ငံEITI အစီရင်ခံစာသည် ၂၀၁၇ဧပြီလမှ ၂၀၁၈ခုနှစ်မတ်လထိ ၁၂ လတာ လွှမ်းခြုံသင့်ပါသည်။ အစီရင်ခံစာနောက်ဆုံးတင်ပြရမည့်အချိန်မှာ ၂၀၂၀ မတ်လ ၃၁ ရက်နေ့နောက်ဆုံးဖြစ်ပါသည်။ ထို့နောက် ရွေးချယ်စရာ(၂)ခုရွေးချယ်နိုင်ပြီး အစီရင်ခံစာ(၁)ခုအား ၆ လတာ ကာလအဖြစ်ဆောင်ရွက်၍ နောက်အစီရင်ခံစာများအား ပြက္ခဒိန်အသစ်သို့ပြောင်းရွှေ့ဆောင်ရွက်နိုင်ပါသည်။ နောက်ထပ်စဉ်းစားနိုင်သည်မှာ ၁၈ လ တာကာလအတွက်လွှမ်းခြုံသည့် အစီရင်ခံစာ(၁)စောင်ထုတ်ပြန်နိုင်ပါသည်။ ထို သို့ထုတ်ပြန်မည်ဆိုပါက အစီရင်ခံတင်ပြမည့် သတင်းအချက်အလက်များသည် ၂ နှစ်ထက်ပို၍ သက်တမ်းမရှိသင့်ကြောင်းကို ဆွေးနွေးရန်လိုပါသည်။ ထို့ကြောင့်ကျွန်ုပ်တို့အနေဖြင့် ၆ လတာကာလလွှမ်းခြုံမည့် ဆဋ္ဌမအကြိမ်မြောက် EITI အစီရင်ခံစာအား ပထမရွေး ချယ်စရာနည်းလမ်းအဖြစ်ဆောင်ရွက်သင့်ကြောင်း အကြံပြုပါသည်။ သို့သော်လည်း ဆဋ္ဌမအကြိမ်မြောက်အစီရင်ခံစာအား ၆ လတာကာလ လွှမ်းခြုံမှုအဖြစ်စဉ်းစားမည်ဆိုပါက နောက်ထပ်ငှားရမ်းမည့် လွတ်လပ်သောစာရင်းတိုက်ဆိုင်စစ်ဆေးသူ(လုပ်ငန်းတာဝန်) ငှားရမ်းရာတွင် ပဥ္စမအကြိမ်နှင့် ဆဋ္ဌမအကြိမ်မြောက်အစီရင်ခံစာအတွက်ပါ ထည့်သွင်းသင့်ပါသည်။ ထို့ကြောင့် ပဥ္စမအကြိမ်မြောက် အစီရင်ခံစာသည် ၂၀၁၇ ဧပြီ မှ ၂၀၁၈ မတ်လ(၃၁)ရက်ထိ ၁၂ လတာလွှမ်းခြုံရမည်ဖြစ်ပြီး နောက်ပြုလုပ်မည့်သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေးတွင် အတည် ပြုရယူရန်လိုအပ်ပါသည်။

### စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏မှတ်ချက်များ

အကြံပြုချက်(၁၄)နှင့်ပတ်သက်၍၂၀၁၉ခုနှစ်၊အောက်တိုဘာလ ၁ရက်နေ့မှစတင်၍အခွန်ထမ်း

အားလုံး အခွန်စည်းကြပ်နှစ်တပြေးညီဖြစ်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း

## အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု
## (ပြီးသည်၊ မပြီးပါ၊ အကောင်ထည် ဖော်ဆဲ၊ တစ်စိတ် တစ်ပိုင်း အကောင်ထည်ဖော်ပြီး)

ဆက်လက်အကောင်အထည်ဖော်ဆဲ

### လက်ရှိနှစ် နောက်ဆုံးအခြေ အနေ/တိုးတက်မှု/ သက်ဆိုင်ရာအစိုးရဌာနများမှ သဘောထားမှတ်ချက်များ

-

ယခုအစီရင်ခံစာအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ထွက်ရှိခြင်းဖြစ်ပါသည်။

MOPFI Ministry of Planning Finance and Industry    MONREC    MOEE

ဤအစီရင်ခံစာအား ကမ္ဘာ့ဘဏ်မှစီမံခန့်ခွဲသော Myanmar Partnership Multi-Donor Trust Fund (MDTF) မှတဆင့် အင်္ဂလန်နိုင်ငံ၊ Department for International Development (DFID) နှင့် ဩစတေးလျနိုင်ငံ Department for Foreign Affairs and Trade (DFAT) မှ ရံပုံငွေထောက်ပံ့မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤအစီရင်ခံစာတွင်ဖော်ပြထားသော တွေ့ရှိချက်များ၊ အနက်ကောက်ယူမှုများနှင့် ကောက်ချက်များသည် စာရေးသူ၏အမြင်များသာဖြစ်ပြီး အထက်တွင် ဖော်ပြထားသော အဖွဲ့အစည်းများ သို့မဟုတ် ယင်းတို့ကိုယ်စားပြုသော အစိုးရများ၏အမြင်ကို ထင်ဟပ်ခြင်းမရှိပါ။

UKaid from the British people    WORLD BANK GROUP    Australian Aid